# မင်္ဂလသုတ်လင်္ကာဘွဲ့

(ဆရာ့ဝင်ပျို့ဝတ်ရေးပိုး)

(အရှင်ဝဏ္ဏိတာဓောရိ)

၀၂

# မင်္ဂလာသုတ်လက်စွဲ


အရှင်ပဏ္ဍိတထေရ်

စီစဉ်ရေးသားသည်


ဝိုင် အမ်

ဘီ အေ

ဝိုင် အမ် ဘီ အေ၊ မင်္ဂလာတရားတော်

စာမေးပွဲများအတွက်

ပြဋ္ဌာန်းသည်


[illegible]တက္ကသိုလ်

စာကြည့်တိုက်

ကန္တာသေး



သလဝတီပုံနှိပ်တိုက်—ရန်ကုန်မြို့

၁၉၆၁


A.

| | | |
|---|---|---|
| ၁၉၅၀ | ပဌမနှိပ်ခြင်း | ၅၅၀၀ |
| ၁၉၅၁ | ဒုတိယနှိပ်ခြင်း | ၅၀၀၀ |
| ၁၉၅၂ | တတိယနှိပ်ခြင်း | ၃၀၀၀ |
| ၁၉၅၃ | စတုတ္ထနှိပ်ခြင်း | ၃၀၀၀ |
| ၁၉၅၅ | ပဥ္စမနှိပ်ခြင်း | ၃၀၀၀ |
| ၁၉၆၁ | ဆဋ္ဌမနှိပ်ခြင်း | ၃၀၀၀ |

# မာတိကာ


| | | |
|---|---|---|
| | | စာမျက်နှာ |
| ဒါန်း | .... .... | ၇ |
| ထာမ | .... .... | ၁ |

## ၁-အာသေဝနာဝစ ဗာလာနံ

| | | |
|---|---|---|
| ပ္ပမိုက်ဟူသည် | .... .... | ၂ |
| ုဒ္ဓဘာသာ တရား | .... .... | ၄ |

## ၂-ပဏ္ဍိတာနဥ္စ သေဝနာ

| | | |
|---|---|---|
| ညာရှိဆိုသည် | .... .... | ၁၄ |
| ညာရှိခေါင်းဆောင်ကြောင့် ချမ်းသာကြပုံ | .... | ၁၅ |

## ၃-ပူဇာစ ပူဇနေယျာနံ

| | | |
|---|---|---|
| ဇော်ထိုက်သူ | .... .... | ၂၀ |
| ဇော်နည်း | .... .... | ၂၁ |
| နှောင်ရထာမင်း | .... .... | ၂၁ |
| ဇော်ခံထိုက်သူရှိရာအရပ် | .... .... | ၂၂ |

## ၄-ပတိရူပဒေသဝါသော စ

| | | |
|---|---|---|
| ဒေသကောင်း | .... .... | ၂၄ |

## ၅-ပုဗ္ဗေစ ကတပုညတာ

| | | |
|---|---|---|
| ကြီးမားထူးချွန်သူများ | .... .... | ၂၀ |
| | .... .... | ၂၈ |
| လိုသလား | .... .... | ၃၀ |

## ၆-အတ္တသမ္မာ ပဏိဓိစ

| | | |
|---|---|---|
| ပ်ခ္ဓိမြောက်သည် | .... .... | ၃၂ |
| မင်္ဂလာရှိသောရှေဟန်းငယ် | .... | ၃၄ |


A

စာမျက်နှာ

## ၇-ဗာဟုသစ္စဉ္စ


| | | | |
|---|---|---|---|
| စကားလေးပါ | .... | .... | ၃၅ |
| ဗဟုသုတနှစ်ပါး | .... | .... | ၃၆ |
| ဗဟုသုတမင်္ဂလာနှင့်အရှင်အာနန္ဒာ | .... | .... | ၃၇ |
| ဗဟုသုတမင်္ဂလာနှင့် ဘို့ရာဇော | .... | .... | ၃၇ |


## ၈-သိပ္ပဉ္စ


| | | | |
|---|---|---|---|
| ပညာရေးပြဿနာ | .... | .... | ၃၉ |


## ၉-ဝိနယော စ သုသိက္ခိတော


| | | | |
|---|---|---|---|
| ဝိနည်းဆိုတာဘာလဲ | .... | .... | ၄၅ |
| ဒုစရိုက်ဆယ်ပါး | .... | .... | ၄၆ |
| အဆိုးရန့်မင်္ဂလာ | .... | .... | ၄၉ |
| ဗုဒ္ဓဘာသာသည်ချုပ်ချယ်သလော | .... | .... | ၅၀ |


## ၁၀-သုဘာသိတာ စ ယာ ဝါစာ


| | | | |
|---|---|---|---|
| နှုတ်ကောင်းလျှင်ပြည်စိုး | .... | .... | ၅၅ |
| သုဘာသိတမင်္ဂလာဝဏ္ဏ | .... | .... | ၅၆ |
| စကားကောင်း ၄-မျိုး | .... | .... | ၅၈ |
| တက္ကသိုလ် ၄-မျိုး ခံရမည် | .... | .... | ၅၉ |


## ၁၁-၁၂-မာတာပိတု ဥပဋ္ဌာနံ


| | | | |
|---|---|---|---|
| မိဘဂုဏ် | .... | .... | ၆၂ |
| မိဘမေတ္တာ | .... | .... | ၆၃ |


## ၁၃-ပုတ္တဒါရဿ သင်္ဂဟော


| | | | |
|---|---|---|---|
| အထူးသတိပြုရန် | .... | .... | ၇၂ |


## ၁၄-အနာကုလာ စ ကမ္မန္တာ


| | | | |
|---|---|---|---|
| စီးပွားရေးပြဿနာ | .... | .... | ၇၅ |

စာမျက်နှာ

## ၁၅-ဒါနဋ္ဌ

လောဘ သတ်နည်း .... .... ၈၁
အမြွတ်ဆုံးဒါန .... .... ၈၄
လူတိုင်းကို တရားမဟောနှင့် .... .... ၈၄

## ၁၆-ဓမ္မစရိယာဝစ

ကုသလကမ္မပထသယ်ပါ .... .... ၈၆

## ၁၇-ဥဒ္ဒတကာနဋ္ဌ သင်္ဂဟော

တကိုယ်ကောင်းမကြံသင့် .... .... ၉၃

## ၁၈-အနဝဇ္ဇာနိကမ္မာနိ

အများ၏ကောင်းကျိုးဆောင် .... .... ၉၆
လူယုတ်တို့၏စိတ်ထား .... .... ၉၈
စေတနာ ကောင်း ရှိ သူ တိုင်း ကောင်း ကျိုး မဖြစ် ၉၉

## ၁၉-အာရတိ ဝိရတိ ပါပါ

ယုတ်မာမှုရှောင်ကြဉ်နည်း .... .... ၁၀၁
ရှောင်ကြဉ်ရကျိုး .... .... ၁၀၂
ကာမဂုဏ် ဖေါက်ပြန်လျှင် .... .... ၁၀၃
မုသားပြောခြင်းအပြစ် .... .... ၁၀၄
ယုတ်မာမှုမျိုးကို သတ်ဖြတ်ညှင်းဆဲ၍မနိုင် .... ၁၀၆

## ၂၀-မဇ္ဇပါနာဝစ သံယမော

အရက် တန်ခိုး .... .... ၁၀၉

## ၂၁-အပ္ပမာဒေါစဓမ္မေသု

ဖဲတ်ဆောင်ဆေးကောင်း .... .... ၁၁၂
မရှိမပြီးသော လက်နက် .... .... ၁၁၃

စာမျက်နှာ

## ၂၂-ဂါရဝေါ စ


ဂါရဝ ဆယ်မျိုး .... .... ၁၁၆
ဂါရဝတရား အရေးကြီးပုံ .... .... ၁၂၅


## ၂၃-နိဝါတော စ


ခေါင်းဆောင်ဖြစ်လိုလျှင် နိဝါတရှိရမည် .... ၁၂၆


## ၂၄-သန္တုဋ္ဌီ စ


ချမ်းသာရှာနည်း .... .... ၁၂၉
ကျီးနှင့်ငုံး .... .... ၁၃၀
စစ်နှင့် မင်္ဂလာ .... .... ၁၃၁
အမြင်မှားနှင့်အမြင်မှန် .... .... ၁၃၂
စားမှုနှင့် မင်္ဂလာ .... .... ၁၃၃
တုပထိုက်သောဆရာဝန်ကြီး .... .... ၁၃၃
အဝတ်နှင့် မင်္ဂလာ .... .... ၁၃၄


## ၂၅-ကတညုတာ


သူတော်ကောင်းနှင့် သူယုတ်မာ .... .... ၁၃၆
ကျေးဇူးရှင် ရှာနည်း .... .... ၁၃၇
သူတော်ကောင်း လက္ခဏာ .... .... ၁၄၀
ကျေးဇူး သိ .... .... ၁၄၀


## ၂၆-ကာလေန ဓမ္မဿဝနံ


မုဆိုးနားနီး မုဆိုး .... .... ၁၄၄
တရားနာနည်း .... .... ၁၄၅
တရားနာရခြင်း ကောင်းကျိုးငါးပါး .... ၁၄၆
ကျေးသားနှင့်မင်္ဂလာတရား .... .... ၁၄၇
ဗြဟ္မာနှင့် မင်္ဂလာ .... .... ၁၄၈

စာမျက်နှာ

## ၂၇-ခန္တီစ


အောင်ခြင်းမင်္ဂလာ ၄ မျိုး .... .... ၁၄၉
သိကြားနှင့် မင်္ဂလာ .... .... ၁၅၀
သိကြားဖြစ်ကြောင်းကျင့်ဝတ် ၇ မျိုး .... ၁၅၁
ခန္တီမင်္ဂလာနှင့် အာရုံငါးပါး .... .... ၁၅၂
ခံတပ်နှစ်မျိုး .... .... ၁၅၃


## ၂၈-သောဝစဿတာ


ကဿပ တိတ္ထိနှင့် မင်္ဂလာ .... .... ၁၅၅
ရဟန်းသုံးပါးနှင့် မင်္ဂလာ .... .... ၁၅၅


## ၂၉-သမဏာနဉ္စဒဿနံ


မင်္ဂလာရဟန်း .... .... ၁၅၈
မင်္ဂလာအမေ့ာတ်ကျူးစက်ပုံ .... .... ၁၆၀


## ၃၀-ကာလေန ဓမ္မသာကစ္ဆာ


အပရိဟာနိယ ၇ ပါး .... .... ၁၆၃


## ၃၁-တပေါစ


ဣန္ဒြေကိုစောင့်ထိန်းမှု .... .... ၁၇၂
ဣန္ဒြေကိုမနိုင်နင်းလျှင် .... .... ၁၇၄
လူပျင်းကို သိကြားမမနိုင် .... .... ၁၇၄
ငွေ ၂ သိန်းရှင်ဝဏ္ဏု .... .... ၁၇၆


## ၃၂-ဗြဟ္မစရိယဉ္စ


ဘုရားလောင်းနှင့် မင်္ဂလာ .... .... ၁၇၉
ကာမဂုဏ်သမားနှင့် မင်္ဂလာ .... .... ၁၈၁
မင်္ဂလသုတ်နှင့် ရဟန်းအလုပ် .... .... ၁၈၂
ဗြဟ္မစရိယကို လူများ ကျင့်သုံးနိုင်၏ .... ၁၈၃

စာမျက်နှာ

## ၃၃-အရိယသစ္စာနုဒဿနံ


| | | | |
|---|---|---|---|
| သစ္စာနှင့် မင်္ဂလာ | .... | .... | ၁၈၆ |
| မဂ္ဂင်ရှစ်ပါး | .... | .... | ၁၉၁ |


## ၃၄-နိဗ္ဗာနသစ္ဆိကိရိယာစ


| | | | |
|---|---|---|---|
| အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟု ခေါ်ရကြောင်း | | .... | ၁၉၄ |
| နိဗ္ဗာန်၏သဘောကိုပြခြင်း | .... | .... | ၁၉၆ |


## ၃၅-ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ


| | | | |
|---|---|---|---|
| အရှင်ဘဒ္ဒိယထေရ်၏ ဥဒါန်းကျူးရင့်နိုင်ပုံ | | .... | ၂၀၉ |


## ၃၆-အသောကံ


| | | | |
|---|---|---|---|
| ရဟန္တာတို့၏ စိုးရိမ်မှုကင်းကြောင်း | | .... | ၂၁၅ |


## ၃၇-ဝိရဇံ


| | | | |
|---|---|---|---|
| မဂ် ၄ ပါးတို့ပယ်အပ်သောတရားများ | | .... | ၂၁၇ |


## ၃၈-ခေမံ


| | | | |
|---|---|---|---|
| လောကခေမ်ရှစ်ပါး | .... | .... | ၂၂၁ |
| လူသာမန်နှင့်လောကခေမ် | .... | .... | ၂၂၃ |
| မင်္ဂလသုတ်လက်စွဲနိဂုံး | .... | .... | ၂၂၈ |
| မင်္ဂလသုတ္တန်ပါဠိတော်နှင့် မြန်မာပြန် | | .... | ၂၂၉ |

# နိဒါန်း

၈၄၂

သတ္တလောက ဖြစ်သော ကပ္ပါ လောကကြီးသည် ရံခါ ဆုတ်ယုတ် ပျက်စီး၍ ရံခါ တိုးတတ် စည်ပင်ခြင်း ဖြစ်၏၊ အကြောင်းကို ရှာဖွေလျှင် လူတို့၏ ကျင့်ဝတ်တရားများကို တွေ့ရလေသည်။

၁။ လူတို့၌ လူ့ကျင့်ဝတ်တရား မှေးမှိန် တိမ်ကော ကင်းမဲ့သော ခေတ်ကာလတို့၌ ကပ္ပါ လောကကြီးသည် ဆုတ်ယုတ် ပျက်စီး၍ သတ္တဝါ တို့သည်လည်း ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲ မျိုးစုံနှင့် တွေ့ကြုံကြရလေသည်။

၂။ လူတို့၌ လူ့ကျင့်ဝတ်တရား တည်ရှိသောခေတ်ကာလတို့၌ ကပ္ပါ လောကကြီးသည် တိုးတက် စည်ပင် သာယာ၍ သတ္တဝါတို့သည်လည်း ငြိမ်းချမ်းသာခွင့်ကို ရရှိကြလေသည်။

သို့ဖြစ်ရာ မိမိနှင့်တကွ ကပ္ပါလောကကြီး၏ ငြိမ်းချမ်းသာခြင်းကို လိုလားသော ပုဂ္ဂိုလ်မှန်သမျှသည် ငြိမ်း ချမ်းသာကြောင်းဖြစ်သော လူတို့၏ ကျင့်ဝတ် တရားကောင်းများကိုရှာကြံကြရပေသည်၊ ဒုက္ခကို မြင်သောသူ၊ ဒုက္ခနှင့် တွေ့ကြုံသောသူသည် ဒုက္ခမှ လွတ်မြောက်ကြောင်းကို ကြံစည် ဆင်ခြင် ရှာဖွေမြဲ ဖြစ်သကဲ့သို့၊ လောကကြီး ဆုတ်ယုတ်ပျက်ပြား၍ ဒုက္ခဆင်းရဲမျိုးစုံတို့နှင့် တွေ့ကြုံကြရသော သူတို့သည်လည်းထိုဒုက္ခဆင်းရဲတို့မှ လွတ်ကင်းစေကြောင်း ချမ်းသာကြောင်း ကြီးပွါးကြောင်းတို့ကို ရှာဖွေကြရလေသည်။

ဆုတ်ကပ် ကာလနှင့် ကြုံကြိုက်သော သတ္တလောကကြီးသည်လည်း မသိမသာ တစတစ အားဖြင့် ဆင်းရဲဒုက္ခတို့သည်

တိုးပွါး ထွေးယှက်ပေါ်များလျက် လာသည် ဖြစ်သောကြောင့် ယင်း ဆင်းရဲဒုက္ခတို့မှ ကင်းလွတ်ကြောင်း ချမ်းသာ ကြီးပွါး ကြောင်းတို့ကို လူတို့သည် ရှာဖွေကြ၊ ကြံစည်ကြ၊ ဆွေးနွေးကြ ကုန်၏၊ အချင်းချင်း မေးမြန်းကြကုန်၏၊ ထိုသူတို့ အလိုရှိသော ချမ်းသာကြောင်း ကြီးပွားကြောင်း သည်ကား မင်္ဂလာမည် သော တရားပင် ဖြစ်၏။

မင်္ဂလာသဒ္ဒါသည် ချမ်းသာ ကြီးပွါးကြောင်း အနက်၌၏၊ တနည်းလည်း မကောင်းကြောင်းနှင့် မကောင်းကျိုးကို သုတ် သင်ရှင်းလင်း ဖြတ်တောက် တတ်သော အနက်သည် မင်္ဂလ သဒ္ဒါ၏ အနက်ဖြစ်၏၊ ထိုကြောင့် ထိုအခါက လူတို့သည် ကြီးပွါးချမ်းသာကြောင်း, မကောင်းမှု မကောင်းကျိုး ကင်း ရှင်းကြောင်းဖြစ်သော မင်္ဂလာကို ကြံစည်ကြ, ရှာဖွေကြ, မေး မြန်းကြ, ဆွေးနွေးကြကုန်၏၊ လိုလားကြကုန်၏၊ သို့လိုလား တောင့်တ၍ ရှာကြံ ဆွေးနွေးကြသော်လည်း တထစ်ချ အား ဖြင့် ခိုင်းဖြတ်၍ လက်ခံနိုင်သော မင်္ဂလာအစစ်ကို မတွေ့နိုင်ကြပဲ၊ အချို့က ကောင်းသော အမြင်အာရုံသည် မင်္ဂလာဟူ၍ ၎င်း, အချို့က ကောင်းသော အကြားအာရုံသည် မင်္ဂလာဟူ၍၎င်း အချို့က ကောင်းသော အနံ့အာရုံ, ကောင်းသော အရသာ အာရုံ, ကောင်းသော အတွေ့အာရုံသည် မင်္ဂလာဟူ၍၎င်း, ဤဤတို့ စသည်ကို မင်္ဂလာအဖြစ်ဖြင့် ပြောဆိုကြသော်လည်း အကြိုက်ညီစွာ လက်ခံနိုင်သော အဆုံးအဖြတ်အရ မင်္ဂလာ မဖြစ်ကြမူ၍ ဖိုဝါဒတို့သည် မနိုင်မြဲ ပျောက်ကွယ် တိမ် ကော၍ သွားကြကုန်၏။

မင်္ဂလာကို လူတွေက ရှာဖွေကြ, ကြံစည်ကြ, ဆွေးနွေးကြ, မေးမြန်းကြသည်ကို လူတို့၏ အစောင့် အရှောက် ဖြစ်သော

နတ်တွေကကြား၍ ဆက်ကာဆက်ကာ ကြံစည် ဆွေးနွေးကြကုန်၏၊ အစောင့်အရှောက် နတ်များ မှအဆင့်ဆင့် အားဖြင့် ဘုမ္မဋ္ဌနတ်, အာကာသဋ္ဌနတ်, စာတုမဟာရာဇ်နတ်, တာဝတိံသာ နတ်နှင့်တကွ ကာမခြောက်ဘုံရှိ နတ်တို့သည် ၎င်း,အကနိဋ္ဌ တိုင်အောင် ဗြဟ္မာတို့သည်၎င်း မင်္ဂလာကို ကြံစည်ဆွေးနွေးကြကုန်၏၊အရိယာဖြစ်သော လူ,နတ်,ဗြဟ္မာတို့မှတပါး မင်္ဂလာကို ဆွေးနွေး ကြံစည်ကြကုန်သော လူ,နတ်,ဗြဟ္မာ တို့သည် ဒိဋ္ဌမင်္ဂလိက ဝါဒသမား, သုတမင်္ဂလိကဝါဒသမား, မုတ မင်္ဂလိက ဝါဒသမား ဟူ၍ သုံးစုကွဲလျက် သည်ဟာမင်္ဂလာ ပဲ ဟူ၍ ဟုတ်မှန်တိုင်း ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်ကြ၍ မင်္ဂလာ စကား ပြီးဆုံးခြင်းသို့မရောက်ပဲ တဆဲ့နှစ်နှစ်ကြာခဲ့လေသည်၊ လူတို့၏ အကြံကိုသိသော သုဒ္ဓါဝါသ ဗြဟ္မာတို့သည် တဆဲ့နှစ်နှစ် လွန်လျှင် မြတ်စွာဘုရားသည် မင်္ဂလာ တရားတော်ကိုဟောကြားတော် မူလိမ့်မည်ဟု လူ့ပြည်သို လှည့်လည်၍ ကြွေးကြော်ကြကုန်၏၊ တို့ကြောင့် တဆဲ့နှစ်နှစ် တိုင်တိုင် မင်္ဂလာ ဟူသည်ကား ဘယ်ဟာပဲဟူ၍ အစုအစု ဝိုင်းဖွဲ့၍ ကြံစည်ကြ, ဆွေးနွေးကြ, ပြောဆိုကြသည်ကို "မင်္ဂလ ကောဟလ" ဟုဆိုလေသည်။

ယင်းသို့လျှင် လူတို့သည်၎င်း, နတ်တို့သည်၎င်း, လောကကြီး ချမ်းသာ ကြီးပွားခြင်းကို လိုလားတောင့်တကြ၍ချမ်းသာ ကြီးပွားကြောင်းမင်္ဂလာကို ရှာဖွေကြ, ကြံစည်ကြ သော်လည်း မင်္ဂလာစစ် မင်္ဂလာမှန်ကို မရကြသဖြင့် တာဝတိံသာ နတ်တို့သည်စည်းဝေးတိုင်ပင်၍နတ်တို့၏ ဘုရင် သိကြားမင်း အား မင်္ဂလာတရားကို မေးရန်ဆုံးဖြတ်ကြ၍ သိကြားမင်းထံ စုဝေးသွားရောက်လျက် မေးမြန်းကြရာ ပကတိအားဖြင့် ပညာရှိသော

သိကြားမင်းသည် မိမိဖြေဆိုခြင်းငှါ မစွမ်းနိုင်သော်လည်းဉာဏ် ရှိ သောကြောင့် အချင်း နတ်တို့.... ဤမင်္ဂလာ စကားသည် ဘယ်ကစ၍ ဖြစ်ပေါ်သနည်းဟု မေး၏၊ လူ့ပြည်က စ၍ဖြစ် ပေါ်လာပါသည်ဟု ဖြေကြ၏၊ ယခုအခါ မြတ်စွာဘုရားကော အဘယ်မှာ သီတင်းသုံးတော် မူပါသလဲ၊ လူ့ပြည်မှာ သီတင်း သုံးတော်မူပါသည်၊ သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက် ကြဘူးခဲ့လား၊ မမေးကြဘူးပါ၊ အချင်း နတ်တို့....အဘယ် ကြောင့် မီးတောက်ကိုပစ်၍ ဗိုးမြည်မြိုးကို ဒိုးရအောင်မှတ်နေ ကြသနည်း၊ ကဲလာကြ၊ ဤ အမေးအလျှောက်နှင့် ဘုရားသခင် ထံတော်သို့ သွား၍ မင်္ဂလာအစစ် ကြီးပွား ချမ်းသာကြောင်း ဖြစ်သော တရားကို လျှောက် ထားကြလေဟု မှာ ထား၍ တယောက်သော နတ်သားကို သိကြားမင်း ကိုယ်စား ရွေးချယ် စေလွှတ် လျှောက်ထားသော အခါမှ မြတ်စွာဘုရားက သတ္တ လောက ဖြစ်သော ကမ္ဘာ့ လောကကြီး၏ ချမ်းသာကြောင်း ကြီးပွားကြောင်း တရား ၃၈ ပါးသော မင်္ဂလာ တရားကို "အသေဝနာ စ ဗာလာနံ" မှစ၍ နတ်သားအား ဟောကြား တော်မူလိုက်၏။

နတ်သား တယောက်သာလျှင် မေးလျှောက် သော်လည်း နတ်ဗြဟ္မာ များစွာပင်လျှင် မြတ်စွာဘုရား၏ အဖြေစကား မင်္ဂလာ တရားတော်ကို ကြားနာလျက် ရှိကြကုန်၏၊ နံနက် မိုး သောက်အခါ အရှင် အာနန္ဒာအား နတ်သားကို ဟောကြား တော်မူသည်အတိုင်း တဖန် ဟောကြားတော် မူလေသည်၊ ပထမ သင်္ဂါယနာတင်သောအခါ၌ သုတ္တန်ပိဋကတော်များကို အရှင်အာနန္ဒာ ဖြေဆိုရာ ဤမင်္ဂလသုတ္တန်သည်လည်းပါဝင်၍

ပဋိသမ္ဘိဒါပတ္တ ရဟန္တာမြတ် ငါးရာလုံး စုပေါင်းသရဇ္ဈာယ် မှတ်တမ်း တင်တော်မူခဲ့ကြသော မင်္ဂလသုတ္တန် ဖြစ်လေသည်။

အရှင်အာနန္ဒာနှင့်တကွသော အရှင်မြတ်တို့မှ အဆင့်ဆင့်အားဖြင့် ကပ္ပါလောကသို့ ပြန့်နှံ့တန်သမျှ ပြန့်နှံ့၍ လူတို့၏ ချမ်းသာကြီးပွားကြောင်း ကျင့်ဝတ္တရား ၃၈-ပါး အနေနှင့် လူတို့ သည် လည်း လိုက် နာ ပြုလုပ် ကြ သဖြင့် မင်္ဂလာ တရားတော်များကိုလိုက်နာပြုလုပ်၊အားထုတ်သောတိုင်းပြည်, မြို့ရွာ, ရပ်ကွက်,နေအိမ်ရှိ လူများသည် မိမိတို့၏ စေတနာ အားလျော်စွာ ကောင်းကျိုးချမ်းသာကို ရရှိကြကုန်၏၊ တရား တော်ဟူသည် မျက်နှာကြီးငယ် မလိုက်, ကျား,မ,ကြီး,ငယ်, မရွေး ကောင်းကျိုးချမ်းသာကို ပေးမြဲဖြစ်လေသည်။

မြန်မာနိုင်ငံ၌ပင်လျှင် မင်္ဂလာ တရားတော်နှင့် များများ ပြည့်စုံကြသော ရှေးခေတ်က လူများသည် ယခုခေတ်ထက် ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကိုရရှိကြလေသည်၊ ရောဂါဝေဒနာ နည်းပါးကြသည်၊ ကင်းရှင်းကြသည်၊ အသက် ရှည်ကြသည်၊ သက်ရှယ် ကြီးရင့် အိုမင်း၍ သေဆုံးသူတို့ကို တခါအရံမှ တွေ့ ကြရသည်၊ လူဆိုး သူခိုး ဘေးအန္တရာယ်တို့မှ ကင်းလွတ်ကြ၍ အိမ်တံခါးကို မပိတ်ပဲ အိပ်နိုင် နေနိုင်ကြသည်၊ ငယ်သူက ကြီးသူကို ရိုသေလေးစား၍ ကြီးသူက ငယ်သူကိုညှာတာငဲ့ကွက် ကြသည်၊ အခွင့်အရေးပေးသင့်သလောက် ပေးကြသည်၊ အိမ် တအိမ်၌ မိဘ နှစ်ဦး ရှာဖွေလျှင် တအိမ်လုံး မငြိုမငြင် စား နိုင်နေနိုင်ကြသည်၊ မိမိတို့ အိမ်သို့ ဧည့်သည် ရောက်လာလျှင် တာဝန် မလေးကြပဲ တနှစ်ကိုးလ ကျွေးမွေး နိုင်ကြသည်၊ သီတင်းသီလ မှန်မှန်ဆောက်တည်နိုင်ကြသည်၊ အသင်းအပင်း

မကွဲရပဲ ညီညွတ်ကြသည်၊ စည်းလုံး စုပေါင်း၍ ရပ်ရွာ ကျေး ငူး ရပ်ရွာကိစ္စနှင့်တကွ ကောင်းမှုကုသိုလ်ရေးကိုလည်းပြုလုပ် နိုင်ကြသည်၊ ဤသို့ စသော လက်ငင်းကောင်းကျိုး ကျေးဇူး ချမ်းသာတို့သည် မင်္ဂလာ တရားတော်ကို လိုက်နာ ကြသော ကြောင့်ပင်လျှင် ရရှိကြပေသည်၊ အမှန်အားဖြင့် ဤမျှသာ မဟုတ်ချေ၊ သံသရာ ကောင်းကျိုးနှင့် တကွ မဂ်, ဖိုလ်,နိဗ္ဗာန် တိုင်အောင်သော ကောင်းကျိုး ချမ်းသာ ကိုလည်း ပေးတတ် ရစေတတ်သော ချမ်းသာ ကြီးပွါးကြောင်း မင်္ဂလာတရားတော် ဖြစ်သည်ကို တထစ်ချ ယုံကြည် အားကိုး မြတ်နိုးကြရာသည်။

မင်္ဂလသုတ် ဆိုသည်မှာ ကျောင်းသား သူငယ် လူမမယ် တို့ သင်ကြားရသော စာမျှသာ ဖြစ်သည်ဟု အထင်အမြင်သေး၍ မ[illegible]လေးစားမပြုရာ၊ သူငယ် လူရွယ် မှစ၍ လူကြီးများတိုင် အောင် လေ့လာလိုက်နာသင့်သော အထက် တန်းစား အဘိုး တန်စာပေ ဖြစ်ပေသည်၊ သို့ဖြစ်၍ ၃၈ ပါးသော မင်္ဂလာ တရားတို့အနက် မိမိတို့နှင့် သက်ဆိုင်ရာ မင်္ဂလာတို့ကို အခါ ကာလ အားလျော်စွာ လိုက်နာအားထုတ် နိုင်ကြစေသတည်း။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခ မာဝဟတိ။ ။

တရားကို စောင့်သူကို တရားက စောင့်၏၊ ကောင်းစွာ စောင့်အပ်သော တရားသည် ချမ်းသာကို ပေးဆောင်တတ်၏။

ဤသို့ မြတ်စွာ ဘုရား ဟောတော် မူသည်မှာ မျက်မြင် လက်တွေ့နှင့် ကိုက်ညီလှသဖြင့် ခေတ်မှီသော ဒေသနာတော် ပင်ဖြစ်လေသည်။

မင်္ဂလာ တရားတော် ဟူသော ကျင့်ဝတ်ကို လိုက်နာပြုလုပ် အားထုတ်သောသူသည် ဘာသာမရွေး, လူမျိုးမရွေး, ကလေး, လူကြီး, မိန်းမ, ယောကျ်ား မရွေး လိုက်နာသူ မှန်သမျှသည် ကောင်းကျိုး ချမ်းသာကို ရမည် ဧကန် ဖြစ်သော ကြောင့် ငါလိုက်နာလျှင် ငါသည်ပင် ကောင်းကျိုး ချမ်းသာကို ဧကန် ရတော့မည်ဟု ဝမ်းသာရွှင်လန်းစွာ လိုက်နာကြရန် ညွှန်ကြား တိုက်တွန်း လိုက်ရပေသည်၊ ယခုအခါ၌ ၂-ပြားတန် စာအုပ် ငယ်ထဲသို့ ရောက်၍ နေရာတိုင်း၌ တွေ့မြင်ရသော မင်္ဂလသုတ် အပေါစား အခြေသို့ ရောက်နေရ သော်လည်း ၃၁ ဘုံနယ် အတွင်း သတ္တလောက တရပ်လုံး၌ ဂေါတမဗုဒ္ဓ ဖြစ်သော မြတ်စွာဘုရား မှ တပါး ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ တယောက်မှ ကြားအံ မရ၊ ရှာဖွေ၍မရ၊ ဘွေးနွေး၍ မရကြ သည်ကို သတိပြုကြ၍ ရခဲ ကြုံခဲ တွေ့ခဲ ကြားနာရခဲ သိရခဲ သယောက် ကြီးပွားချမ်းသာကို လိုကြသော်လည်း မင်္ဂလာစစ် မင်္ဂလာမှန် အဖြစ်နှင့် လိုက်နာရခဲ အားထုတ်ရခဲသော တန် ဘိုးမဖြတ်နိုင်သော မင်္ဂလာ တရားတော်မြတ်ကြီးကို လိုက်နာ အားထုတ်ကြရန် ထပ်မံ တိုက်တွန်းလိုက်ပြန်သတည်း။

အရှင်ပဏ္ဍိတထေရ်

# မင်္ဂလသုတ်လက်စွဲ

---

နမော မင်္ဂလသုတ္တန္တ ဒေသကဿ မဟာမင်္ဂလိကဿ
တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တာဝတိံသာနတ်ပြည် သိကြားမင်းထံမှ သိကြားမင်း၏ ကိုယ်စား စေလွှတ်လိုက်သော တမန်တော်နတ်သားသည် လူအပေါင်းတို့၏ မင်္ဂလာနှင့် စပ်လျဉ်းသော အလိုဆန္ဒ ပြည့်ဝစေခြင်းငှါ၎င်း၊ နတ်ဗြဟ္မာတို့၏ ယုံမှားသံသယကို ပယ်ဖျောက်စေခြင်းငှါ၎င်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍.... ဘုန်းတော်ကြီးသော မြတ်စွာဘုရား....မိမိတို့ ချမ်းသာ ကြီးပွါးကြောင်းကို အလိုရှိကြကုန်သော လူနတ်ဗြဟ္မာတို့သည် ချမ်းသာကြီးပွါးကြောင်းမင်္ဂလာကို ကြံစည်ကြကုန်ပါပြီ၊ ယင်းသို့ပင် ကြံစည် ကြပါသော်လည်း အစစ် အမှန် ဖြစ်သော မင်္ဂလာတရားကို မသိမမြင်ကြပါ၊ သို့ဖြစ်ပါ၍ ထိုသို့သဘောရှိသော ကောင်းမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဟု တောင်းပန်လျှောက်ထားသည့်အားလျော်စွာ သတ္တဝါတို့အား အလွန် သနား ကြင်နာတော် မူ၍ အကျိုးစီးပွါးကို လိုလား တောင့်တ တော် မူသော မဟာ ကရုဏာတော်ရှင် ဘုရားသခင်သည် အရေးကြီး၍ ရှေဦးစွာ လိုက်နာသင့်သော မင်္ဂလာကို အစအဦးပြု၍....“အသေဝနာစ ဗာလာနံ”မှ စ၍ ဟောကြားတော်မူလေသည်။

## ၁။ အသေဝနာစဗာလာနံ

လူဆိုး လူမိုက် လူ့ဒုစရိုက်တို့ကို ဆရာမတောင် အပေါင်း အသင်း အဆက်အဆံမပြုခြင်းသည် ကောင်းသော ချမ်းသာ ကြီးပွါးကြောင်း မင်္ဂလာဖြစ်သည်ဟု မိန့်ကြားတော်မူသည်။

### လူမိုက်ဟူသည်

အဘယ်ကဲ့သို့သော သူကို လူဆိုး လူမိုက် လူ့ဒုစရိုက် ဆိုသနည်း။

(၁) ပညာဉာဏ် အမြော်အမြင်မရှိ တွက်သက် ဝင်သက်မျှဖြင့် အသက်ရှင်နေသောသူကို လူမိုက်ဟု ဆိုသည်၊

(၂) မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွါးမဲ့ကို ပြုတတ်သောသူကိုလည်း လူမိုက်ဟု ဆိုသည်။

(၃) သတ္တဝါတို့အား ဘေးဥပါဒ် အန္တရာယ်ကို ဖြစ်စေတတ်သောသူကိုလည်း လူမိုက်ဟု ဆိုသည်။

(၄) မိမိနှင့်အတူတကွနေသော တိုင်းသူပြည်သားတို့အား ဖြစ်စေ၊ မြို့ရွာနေ သူတို့အား ဖြစ်စေ၊ ဆွေသား မျိုးသား အိမ်သူ အိမ်သားတို့အား ဖြစ်စေ၊ အတူတကွ လုပ်ဖေါ်ကိုင်ဘက်၊ ရောင်းဝယ်ဘက်၊ ခရီး သွားဘက်တို့အားဖြစ်စေ တစုံတခုသောဘေးဥပါဒ် အန္တရာယ်ကို ဖြစ်စေအောင် ပြုမူ ဆောင်ရွက်တတ် သောသူသည် စင်စစ်အားဖြင့် လူမိုက်ဖြစ်ပေသည်။

အပဏ္ဏကဇာတ်၌ ဒေဝဒတ်အလောင်း ရှေ့ဆောင်သော လှည်းကုန်သည်ငါးရာတို့သည် တောလမ်းခရီးရေကင်းမဲ့သော

ကန္တာရကြီး၌ ဘီလူးတို့က ရေရှိပါသည် မိုယ်းရွာပါသည် ကြာနှင့်တကွသော ရေအိုင်ကြီးတွေ ရှိပါသည် ဟု လှည့်ပတ် ပြောဆိုသည်ကို ဆင်ခြင် ရှုစမ်းတတ်သော ၀ိဇာရဏဉာဏ် နည်းပါးသည်အတွက် လှည်းပေါ်၌ယူဆောင်ခဲ့သောရေတွေကို သွန်လောင်း စွန့်ပစ် မိ၍ လူငါးရာနှင့် တကွ နွားတထောင် တို့သည် ဘီလူးစာဖြစ်၍ သေဘေးကြီး တွေ့ကြရဘူးလေ၏။

အဇာတသတ်မင်းသည် ဤဘ၀၌ အရိယာဖြစ်ထိုက်သော အကြောင်းရှိပါလျက် ဒေ၀ဒတ်နှင့်ပေါင်းသင်းမိသည်အတွက် အရိယာအဖြစ်မှ ဆုံးရှုံးရရုံသာမက လောဟကုမ္ဘီငရဲသို့လည်း ကျရောက်ရပေသေးသည်။

ဒေ၀ဒတ်သည် ဉာဏ်ပညာ လုံး၀ ကင်းမဲ့သူ မဟုတ်၊ လောကီ အဘိညာဏ် ကိုပင် ရဘူး သော သူ ဖြစ်သည်၊ သို့ရ သော်လည်း မြတ်စွာဘုရားကို အနှိပ်၊ ရန်ပြု ဘက်ပြိုင် ချက် မကောင်းမှု များစွာတို့ကို အားထုတ်လေသောကြောင့် မိမိ နှင့် တကွ နောက်လိုက် နောက်ပါတို့သည် ယခုမျက်မှောက် ပစ္စုပ္ပန်ဘ၀၌လည်း မကောင်းကျိုးကို ရရှိကြ၍ သေသည်မှ နောက်ဘ၀၌လည်း အောက်ငရဲသို့ ကျရောက်လျက် ဆင်းရဲ ကြီးစွာကို ခံစားရကြောင်း၊ မကောင်းမှုကို ရှောင်ဆောင်တတ်၍ လူမိုက်ဟုပင် ဆိုရပေမည်။

သို့ဖြစ်၍ လူမိုက်ကို ဆရာတင်မိ ဆက်ဆံမိပေါင်းသင်းမိသူဟူသည် ဘုမသိ ဘမသိ ဒုက္ခနှင့် လက် ငင်း တွေ့ ရ တတ် သည့်ပြင် သံသရာ တစ်ခုလုံး မှားတတ်သောကြောင့် အခြားသော မင်္ဂလာတို့ကိုရှေ့ဦးစွာ လူမိုက်နှင့် မပေါင်းသင်း မဆက်ဆံခြင်းသည် ကောင်းမြတ်၍ ချမ်းသာ

ကြီးပွါးကြောင်း မင်္ဂလာအဖြစ်ဖြင့် "**အသေဝနာစ ဗာလာနံ**" ဟူ၍ သဗ္ဗညုဘုရားဟောကြားတော်မူသတည်း။

## ဗုဒ္ဓဘာသာတရား

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည် သာမန် လေ့ လာ သော သူ တို့ ၌ သာ မန် မျှ သာ အနက် အဓိပ္ပါယ်ကို သိမြင်ကြ၏၊ ဉာဏ်မှီသမျှ နက်နက်နဲနဲ တွေးတွေး ဆဆ စဉ်း စား လျှင် လည်း စဉ်း စား သ လောက် အနက် အဓိပ္ပါယ်တွေ ပေါ် ထွက် ၍ လာတတ်၏၊ တရား တော်ကို အယုံအကြည်နည်းပါးစွာနှင့် သမံကာရှ ကာ တော်ရုံလျော်ရုံ လေ့လာ ကြည့်ရှု နာကြားသူတို့မှာကား တရား၏ အရသာ ပေါ်အောင် ဉာဏ်သွားနှင့် မကြိတ်မဝါးမိတတ်ပေ၊ သဘော ဉာဏ် တည်း ဟူ သော အံသွား ကင်း မဲ့ ကြ သော သူတို့သည် ဗု ဒ္ဓ ဘာ သာ ဖြစ် ရုံ မျှ အ ည တ ရ တို့ ကို မ ဆို ထား နှင့် ဦး၊ သာသနာတော်ထမ်း ရဟန်း ဘ ဝ သို့ ရောက်ဘူး စေကာမူ ဗုဒ္ဓဘာသာကို စွန့်ပစ်၍ ပရိယေသနအတွက်နှင့် ဘာသာခြား တပည့် ဖြစ်နိုင်ကြပေသည်၊ ဗုဒ္ဓဘာသာတရားကို လေးလေး စားစား ဆင်ဆင် ခြင်ခြင် စူးစူး စမ်းစမ်း ဆွေးနွေး လေ့လာ ကြည့်ရှုမိသူ တို့သည်ကား အသက် သေသော်သာ သေရာ၏၊ ဗုဒ္ဓဘာသာကိုကား မစွန့်နိုင်ကြပေ၊ နောက် ဆုံး အား ဖြင့် မိမိသည် မတတ်သာ၍ မကောင်းမှုကို ပြုလုပ် နေရ စေကာမူ ဗုဒ္ဓဘာသာ တရားတော်သည် မှန်ကန်၍ ကောင်းမြတ်သော တရား ဖြစ်ပါသည်၊ မိမိသာလျှင် မကောင်းမှုကို ပြုလုပ်နေ ကြောင်းကို ဝန်ခံကြပေသည်။

ဤစကားနှင့် ဆက်၍ ဗုဒ္ဓဘာသာ အယူဝါဒရှိသူ ဖြစ်စေ, မရှိသူဖြစ်စေ, သတိပြု၍ ဆင်ခြင်သင့်သော အကြောင်းတရပ် ရှိ၏၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် အချို့သည် ဘာသာတရားကို မလိုက်နာ မူ၍ ကျူးလွန် ကျော်နင်းလျက် မကောင်းမှုကို ပြုလုပ်သည်ကို တွေ့မြင် ကြားသိလျှင် ဗုဒ္ဓဘာသာကို အပြစ် တင် ဆိုကြကုန်၏၊ ဗုဒ္ဓဘာသာ မကောင်းဟူ၍ ရှုတ်ချကြ ကုန်၏၊ အချို့ကား ဗုဒ္ဓဘာသာကိုပင် စွန့်ပစ်ကြ ကုန်၏၊ ထိုသူတို့သည် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်ကိုဉာဏ်ဖြင့် ခွဲခြား၍ မသိ မမြင်ခြင်းကြောင့် ပုဂ္ဂိုလ် မကောင်းသည်ကို ဘာသာ၌ ပြစ်တင် ရှုတ်ချ ကဲ့ရဲ့စွန့်ပစ်ကြ လေသည်၊ ဘာသာ တရားကို မလိုက်နာသော ပုဂ္ဂိုလ်သာလျှင် မကောင်းဖြစ်သည်၊ ဗုဒ္ဓဘာသာ တည်းဟူသော တရားတော်သည်ကား ''သွာက္ခာတ ဂုဏ်တော်'' မပျက်ပေ၊ စင်ကြယ် ကောင်းမြတ် လျက်ပင် ရှိသည်၊ ဗုဒ္ဓဘာသာတခြား, ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တခြား ဖြစ်သည်ကို သတိပြုရသည်၊ ပုဂ္ဂိုလ် မကောင်းကာမျှ နှင့် ဘာသာ မကောင်းသည် မဟုတ်၊ ဘာသာတရား ကောင်း မကောင်းကို မိမိဉာဏ်နှင့် ဆင်ခြင်၍ ဆုံးဖြတ်ရမည်။

ဗုဒ္ဓဘာသာသည် အချို့သော ဘာသာကဲ့သို့ ဆင်ခြင်စဉ်းစားဉာဏ် မပြည့်သေးသော ကလေးသူငယ်နှင့် ပညာမဲ့ လူပြိန်းတို့ကို ချော့မြှူ ဖြားယောင်းသွေးဆောင်၍ ခေါ်ယူရသည့် တရားမျိုးမဟုတ်၊ ဉာဏ် ရှိသူများကို ကိုယ်ပိုင် ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်စေပြီးမှ သာလျှင်မိမိဆန္ဒ အလျောက် သက်ဝင်ယုံကြည်ကာ ဘာသာဝင်ဖြစ်စေသော ဘာသာ တရားဖြစ်သည်။

နာဠန္ဒမြို့ အိမ်ပိုင်ရှင် သဌေးကြီး ဥပါလိသည် နာဋပုတ္တ နိဂဏ္ဌ တိတ္ထိ ဆရာကြီး၏ တကာရင်း ဖြစ်၏၊ နိဂဏ္ဌ တိတ္ထိ

တို့၏ ဝါဒ၌ ကာယကမ်, ဝစီကမ်, မနောကမ်တို့ကို ကာယ ဒဏ်, ဝစီဒဏ်, မနောဒဏ် ဟူ၍ သုံးစွဲ၏။ ထိုဒဏ် ဟူသော ကမ်သုံးမျိုးတို့တွင် ကာယကမ်သည် မနောကမ်ထက် အပြစ် ကြီးသည်ဟု ယူကြ၏၊ မြတ်စွာဘုရားက မနောကမ် အပြစ်ကြီးသည်ဟု ဟောတော်မူ၏၊ သို့ကြောင့် ကာယကမ် သာလျှင် အပြစ်ကြီးကြောင်းကို ပြောဆိုဝါဒတင်ရန် ဘုရားကို အငိုက် ဖမ်းရန် ဥပါလိ ဒကာသည် ဘုရားထံတော်သို့ ရောက်လာ၏၊ ဘုရား ရှေ့တော် မှောက် သို့ ရောက် လျှင် ရှင်ဂေါတမ…. ရှင်ဂေါတမက မနောကမ်သာ အပြစ်ကြီးသည်ဆိုသည်မှာ မှန်ပါသလားဟု မေး၏၊ ဥပါလိ….မနောကမ်သာ အပြစ်ကြီးသည်ဟု ဒီဃတပဿီကို ငါဘုရား ပြောလိုက်သည်မှာ ဟုတ်မှန်ပေသည်ဟု ဖြေတော်မူ၏။

ဒီဃတပဿီကား နာဋပုတ္တ နိဂဏ္ဌ တိတ္ထိ ဆရာကြီး၏ တပည့်နိဂဏ္ဌတည်း။

ကြမ်းထမ်းသော ကိုယ်မှုကို ထောက်လျှင် ကာယကမ်သာလျှင် အပြစ် ကြီးသည် မဟုတ်ပါလော-ဟု ဥပါလိ က ဆိုပြန်၏၊ အိမ်ပိုင်ရှင်သဌေး ဥပါလိ….သင်သည် အကယ်၍ မှန်ကန်သော စကား၌ တည်၍ ဆွေးနွေးခဲ့လျှင် ငါနှင့်သင် တရားစကား ပြောဆို ဆွေးနွေး မည်ဟု မိန့်တော်မူရာ၊ မှန်သော စကား၌ တည်ရှိပါမည်ဟု ဝန်ခံလျှောက်ထား သဖြင့် မနောကမ် သာလျှင် အပြစ် ကြီးကြောင်း တန်ခိုးကြီးကြောင်းကို သာဓက ပုံစံ အမျိုးမျိုးထုတ်၍ ရှင်းလင်းတော်မူ၏၊ ဤ၌ သိသာရုံ သာဓက တချက်မျှသာ ပြလိုသည်။

အိမ်ပိုင်ရှင် သဌေး….ဤနာဠန္ဒ မြို့သည် ပြည့်စုံ စည်ပင်၍ လူမျိုးစုံတို့ဖြင့် ပြွမ်းသိပ်ပေါများသည် မဟုတ်လော၊ ဟုတ်ပါ

သည်ဘုရား၊ ဓားသန်လျက် လက်စွဲသော ခွန်အားဗလ နှင့် ပြည့်စုံသော ယောကျာ်းတယောက် လာရောက်၍ ငါသည် တခဏတမုဟုတ်မျှဖြင့် နာဠန္ဒတမြို့လုံးရှိ လူများကိုခုတ်သတ်၍ အသားတစ် တလင်းပြင် အသားတစ်ပုံ ဖြစ်စေမည်ဟု ဆိုခဲ့ သည်ဖြစ်အံ့၊ ထိုသူ ပြောဆိုသလို ပြုလုပ်နိုင် ပါမည်လော၊ အရှင်ဘုရားလူတယောက်သာမက ၁၀-ယောက် ၂၀,၃၀, ၄၀,၅၀-တို့သည် ခုတ်ထစ်ကြစေကာမူ နာဠန္ဒမြို့ကို တပုဟုတ် ချင်းဖြင့် အသားစု အသားပုံ တလင်းပြင် ဖြစ်အောင် မပြုလုပ် နိုင်ပါ၊ အိမ်ပိုင်ရှင် သဌေး····အကယ်၍ တန်ခိုးရှိသော, စိတ် ကို မိမိအလိုသို့ ပါအောင် ပြုနိုင်သော ရသေ့ ရဟန်းဖြစ်စေ, ပြာဟ္မဏဖြစ်စေ, မနော ပဒေါသဖြင့် ဤနာဠန္ဒမြို့ကို တခဏ ချင်းနှင့် ပြာဖြစ်အောင် ပြုမည်ဆိုလျှင် ဖြစ်နိုင်ပါမည်လော၊ အရှင်ဘုရား····နာဠန္ဒ တမြို့မက နာဠန္ဒ ကဲ့သို့သော မြို့ပေါင်း ၁၀, ၂၀, ၃၀, ၄၀, ၅၀-ကိုလည်း တခဏချင်းနှင့် ပြာဖြစ် စေနိုင်ပါသည်ဟု လျှောက်၏။

မနောပဒေါသ-ဟူသည် စိတ်ဖြင့် ပြစ်မှားခြင်း, စိတ်ဖြင့်ဖျက်ဆီး ခြင်းတည်း။

အိမ်ပိုင်ရှင် သဌေး သတိထား ဆင်ခြင်၍ ပြောလော၊ သတိထားဆင်ခြင်၍ ဖြေကြားလော့၊ သင့်စကားသည် ရှေ့ နောက်မညီခဲ့ပြီတကား၊ ယခင်က ကာယကမ်သာ အပြစ်ကြီး သည် ခရီးရောက်သည်ဟုဆိုခဲ့၏၊ ယခုကား မနောကမ်အပြစ် ကြီး၍ ခရီးရောက်ကြောင်း ဝန်ခံ ပြောဆို ဖြေကြား နေပေ ပြီ-ဟု မြတ်စွာဘုရားက မိန့်တော်မူလျှင်၊ မြတ်စွာဘုရား···· ရှေးဦးစွာ မိန့်ကြားတော် မူသော ဥပမာ သာမက တချက်မျှ

ဖြင့် နှစ်သက် ဝမ်းမြောက် ကြေနပ်ပါပြီ၊ မြတ်စွာဘုရား.... မှောက်၍ ထားသော ဝတ္ထု၊ ပစ္စည်းကို လှန်၍ ပြသကဲ့သို့၊ ဖုံးကွယ်ထားသော ပစ္စည်းကို ဖွင့်လှစ် ပြသကဲ့သို့၊ လမ်းမှား မျက်စိလည်သောသူကို လမ်းမှန်ကို ညွှန်ပြသကဲ့သို့၊ အမိုက်မှောင်၌ မီးထွန်းပေးသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားသည် တရားသဘောမှန်ကို ပြသ ညွှန်ကြားတော်မူပါ ပေသည်၊ မြတ်စွာဘုရား ယနေ့မှစ၍ အသက်ထက်ဆုံး မြတ်စွာဘုရားကိုရင်း, တရားတော်ကိုရင်း, တပည့် သံဃာတော်ကို ရင်း, ကိုးကွယ် ဆည်းကပ်သော တပည့်ဒကာဟူ၍ မှတ်တော်မူပါ ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားက အိမ်ပိုင်ရှင် သဌေး ဆင်ခြင် စဉ်းစား၍ ပြုလော့၊ ဆင်ခြင်၍ လျှောက်လော့၊ သင်တို့ကဲ့သို့ ထင်ရှားသောပုဂ္ဂိုလ်တို့သည် ဆင်ခြင်စဉ်းစား၍ ပြုလုပ်ခြင်းသည်သာလျှင် သင့်တော် ကောင်းမွန်ပေသည် ဟု သတိပေးတော်မူ၏၊ အလိုအလျှောက် တရားမှန်သဘောမှန်ကို သိမြင်၍ သဘောပေါက်၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ တယောက် အဖြစ်နှင့် လျှောက်ထား သည်ကိုပင် ဆင်ခြင် စဉ်းစား၍ ပြုရန် မိန့်တော် မူချေသေး၏၊ အဘယ်မှာလျှင် ဖြားယောင်း သွေးဆောင်တုံအံ့နည်း။

အိမ်ပိုင်ရှင်သဌေး ဥပါလိ ဒကာက၊ ဥပါလိဒကာ ဆင်ခြင် စဉ်စား၍ ပြုလေဟု မိန့်တော် မူခြင်းဖြင့်လည်း မြတ်စွာ ဘုရားအပေါ်၌ အတိုင်းထက်အလွန် ကြည်ညို ဝမ်းမြောက် ဖြစ်ရပြန်ပါသည် မြတ်စွာဘုရား၊ မြတ်စွာဘုရား····တပည့် တော်ကဲ့သို့သောသူကို တပည့်ဒကာ အဖြစ်ဖြင့် တိတ္ထိဆရာများ ရရှိပါလျှင် နာဠန္ဒ တမြို့လုံးကို အောင်လံထူလွှင့်၍ ဥပါလို

သဌေးသည် ငါတို့၏ တပည့် ဒကာ အဖြစ်သို့ ရောက်ပြီဟု
အောင်ပွဲ ခံကြပါလိမ့်မည်၊ မြတ်စွာဘုရားမှာမူကား ဉပါလိ
ဆင် ခြင် စဉ်း စား ၍ ပြုလေ ဟု မိန့်ဆိုတော် မူပါသည်၊
ထို့ ကြောင့် လည်း၊ ၃-ကြိမ်မြောက် ရတနာ သုံးပါး အား
ကိုးကွယ် ဆည်းကပ်သော တပည့် ဒကာ အဖြစ် မှတ်တော်
မူပါမည့်အကြောင်းလျှောက်ထားရပြန်ပါသည်ဟု လျှောက်၏။
အိမ်ပိုင်ရှင်သဌေး····သင်၏ အိမ်သည် ရှည်မြင့်စွာသော
ကာလပတ်လုံး နိဂဏ္ဍတိတ္ထိ တို့၏ ရေတွင်းသဖွယ် ဖြစ်၏၊
သို့ဖြစ်၍ သင်၏အိမ်သို့ လာရောက်ကြသော နိဂဏ္ဍတို့အား
ပေးလှူမြဲ ပေးလှူလေ-ဟု မိန့်တော်မူရာ၊ မြတ်စွာဘုရား····
ဤသို့ မိန့်မှာတော် မူခြင်းကြောင့်လည်း မြတ်စွာဘုရားအား
ပို၍ကြည်ညိုဝမ်းသာ ဖြစ်ပါသည်၊ မြတ်စွာဘုရား····ရှေးကာ
ဘုရားတပည့်တော် ကြားရဘူး သည်မှာ ရှင်ဂေါတမ သည်
ငါ့ကိုသာလျှင် ပေးလှူကြ၊ အညတိတ္ထိယတို့ကို မပေးမလှူကြနှင့်၊
ငါ့ တပည့် သား သံဃာ များ ကို သာ ပေး လှူ ကြ၊ တိတ္ထိ
တပည့်များကို မပေးလှူကြနှင့်၊ ငါ့ကို လှူတာမှ အကျိုးကြီး
သည်၊ သူတပါးကို လှူတာအကျိုးမကြီးဘူး၊ ငါ့တပည့်များကို
လှူမှ အ ကျိုး ကြီး သည်၊ သူ တ ပါး တ ပည့် ကို လှူ တာ
အကျိုးမကြီးဘူးဟု ပြောဟောသည်ဟု ဖြစ်ပါသည်၊ ယခုကား
ကြားသလို မဟုတ်ပဲ နိဂဏ္ဍ တို့ကိုပင် လှူစေ ပါပေသည်ဟု
အားရ ဝမ်းသာ တပည့် ဒကာ အဖြစ်ကို အကြိမ်ကြိမ်
လျှောက်ထားပြီး ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ရောက်ဘူးခဲ့ပြီ၊
သီဟ အမည်ရှိ သော ဝေသာလီ ပြည် စစ်သူကြီး သည်လည်း
ဉပါလိ သဌေးကဲ့သို့ပင် ၃-ကြိမ် တိုင်တိုင် လျှောက်ထား၍
ဉပါသကာ တပည့်ဒကာအဖြစ်သို့ ရောက်ဘူးခဲ့ပြီး၊ သို့ကြောင့်

ဗုဒ္ဓ ဘာသာသည် မှန်ကန်သော တရား, နတ်ရွာ နိဗ္ဗာန် ရောက်ကြောင်း တရားစစ်တရားကောင်း လမ်းစစ်လမ်းကောင်း တို့ကို ညွှန်ပြသော တရားဖြစ်၍ အသိဉာဏ် ရှိသော သူတို့ သည် အလို အလျောက် ကြည်ညိုနှစ် သက် စွာ ဝင် ရောက် လာသည်ကိုသာလျှင် လက်ခံသော ဘာသာ ဖြစ်ကြောင်းကို သိကြရသည်။

ဘာသာနှင့် ဘာသာဝင် ပုဂ္ဂိုလ်ကို ညှက်၍ မကွဲပြား ကြသော အကြားအမြင်နည်းပါးသူ အချို့တို့သည် ဘာသာ တရား ဝိနည်းတရားကို မ ခသ မလိုက်နာကြသော ရဟန်းညံ့ များကို သည်းကာ ကိုးကွယ်မိ၍ စိတ်ပျက်ကြ ီး လျှင် ဘာသာကို စွန့်ပစ်မှားသည်ကို ကြား သိရဘူး ပေသည်၊ ပုဂ္ဂိုလ် မကောင်းက ပုဂ္ဂိုလ်၏ အပြစ်သာ ဖြစ်သည်၊ ၎င်းပုဂ္ဂိုလ်မကောင်းက ကောင်းရာရာပုဂ္ဂိုလ်ကို ရှာ ဆည်း ကပ် နိုင်ပေ သည်၊ ရှင်လူ မကြား ဗုဒ္ဓ ဘာ သာ ဝင် များက လည်း ဘာသာတရားကို လေးစား လိုက်ကြ ပေသည်၊ ဒိမိ တို့ကြောင့် ဘာသာ တရား၏ ဂုဏ်ကို မထိခိုက် စေ သင့်ပေ၊ ပုထုဇန်ပင် စစ်စေကာမူ ဘာသာတရားကို ညှက်၍သမျှ ဆင်ခြင် လိုက်ပေသည်၊ ဆင်ခြင်၍ သိသင့် သလောက် သိမှ သာလျှင် ကောင်းလျှင် ကောင်း သလောက် လေးစား တတ် ပေသည်။ အကြမ်းဖျင်းသိကာမျှနှင့် သူပြောလူပြောသိကာမျှနှင့်, အဝေး မြင် အမြင်မျိုး ဆိုကာမျှနှင့် ဗုဒ္ဓဘာသာကို အထင် အမြင် မသေးကောင်းပေ၊ ကာလာမသုတ်၌ ကာလာမမင်းမျိုးတို့ကို လည်း မြတ် စွာ ဘု ရား ကိုယ် တော် တိုင် မိန့်တော် မူဘူး သည်မှာ....

ဒို-ကာလာမ မင်းမျိုးတို့.... တဆင့် ကြားကာမျှနှင့်လည်း
သည် ဘာ သာ တ ရား ကောင်း ပြီ ဟု မ မှတ် ယူ ကြ နှင့် ဦး၊
တယောက်မှ တယောက် ပြောဆိုခြင်းဖြင့်လည်း ကောင်းပြီဟု
မမှတ်ယူကြနှင့်ဦး၊ ဤဘာသာ ဤတရားဟာ ဤသို့ဟုတ်သတဲ့
ဟု ပြောကာမျှ နှင့်လည်း ကောင်းပြီ ဟု မမှတ်ယူကြနှင့်ဦး၊
ငါတို့၏ ပိဋက စာပေ နှင့် ကျမ်းဂန် နှင့် ကိုက်ညီသည်
ဟူ၍လည်း ကောင်းပြီဟု မမှတ်ယူကြနှင့်ဦး၊ ကြံစည်၍ယူကာ
မျှနှင့်လည်း ကောင်းပြီဟု မမှတ်ယူကြနှင့်ဦး၊ နည်းခံယူခြင်းမျှ
ဖြင့်လည်း ကောင်းပြီဟု မမှတ်ယူကြနှင့်ဦး၊ ဤ အကြောင်း
သည်ကား ကောင်းလေပြီဟု အခြင်းအရာကိုကြံကာမျှနှင့်လည်း
ကောင်းပြီဟု မမှတ်ယူကြနှင့်ဦး၊ ငါတို့ နှစ်သက်ယုတ်ခံသော
အယူ ဝါဒနှင့် တူညီသည် ဟူ၍လည်း ကောင်းပြီဟု မမှတ်ယူ
ကြနှင့်ဦး၊ ဤရဟန်းကား ယုံကြည် တန် သော သ ဘော ရှိ ၏၊
ကောင်းမြတ်သောသဘောရှိ၏၊ ဤရဟန်း၏တရားစကားဖြစ်၍
လက်ခံခြင်းငှါ သင့်တော်၏ဟူ၍လည်း ကောင်းပြီဟု မမှတ်ယူ
ကြနှင့်ဦး၊ ရဟန်း ဆိုသည်မှာ ငါတို့က အလေး အမြတ်
ပြုအပ်သောပုဂ္ဂိုလ်ဖြစ်ပေသည်၊ ထိုရဟန်း၏ တရားစကားကို
ခံယူသင့်ပေသည်ဟူ၍လည်း ကောင်းပြီဟု မမှတ်ယူကြနှင့်ဦး၊
ကာလာမ မင်းမျိုးတို့.... အသင်တို့ ကြားနာ ရသမျှသော
ဘာသာစကား တရားစကားတို့ကို သင်တို့ကိုယ်တိုင် ကိုယ်ပိုင်
အသိဉာဏ်နှင့် ဆင်ခြင်၍ ဤသဘောတရားတို့သည် ကောင်းမှု
ကောင်းလုပ်တို့ပေ တကား၊ ဤ သ ဘော တ ရား တို့ သည်
မကောင်းမှု မကောင်းလုပ် တို့ဖြစ်ပေသည်တကား၊ ဤသဘော
တရားတို့သည် သူတော်ကောင်းပညာရှိများ ချီးမွမ်းအပ်သော
သဘောတရားတို့ ဖြစ်ပေသည် တကား၊ ဤသဘောတရားတို့

သည်ကား သူတော်ကောင်း ပညာရှိတို့ ကဲ့ရဲ့အပ်သောသဘော တရားတို့ဖြစ်ပေသည်တကား ဟု ခွဲခြားသိကြလေဟု မိန့်တော်မူဘူးပြီ။

ခေတ်ပညာတတ် ခေတ်လူငယ်လူလတ်တို့သည် ပဋိသန္ဓေဉာဏ် ရှိခဲ့ကြသူများ ဖြစ်သောကြောင့် မိမိတို့၏ ဘိုး, ဘွား, မိ, ဘ, ဆွေမျိုး, သားချင်းတို့ အဆက်ဆက် သက်ဝင်ယုံကြည်ကိုးကွယ်လာကြသော ဗုဒ္ဓဘာသာဖြစ်သည်ဟူ၍ ကောင်းလှပြီဟု မယူကြသေးပဲ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်စူးစမ်းပြီးနောက် တရားမှန် ဘာသာမှန်ဟူ၍ သဘောကျမှ ယူကြ ကိုးကွယ်ကြစေလို၏၊ ဤကဲ့သို့ ဆင်ခြင်စဉ်းစား ဆုံးဖြတ်နိုင်အောင် ဗုဒ္ဓဘာသာတရားကို လေးလေးစားစား လိုက်စားကြည့်ရှု ဆွေးနွေး လေ့လာကြဘို့ရန် တိုက်တွန်းလိုက်ပါသည်၊ သောတာပန်စသော အရိယာ ပုဂ္ဂိုလ် တို့သည် သရဏဂုမ်သီလမှစ၍ ဗုဒ္ဓဘာသာတရားကိုသော်၎င်း၊ ဘုရားကိုသော်၎င်း၊ တပည့်သား အရိယာသံဃာကိုသော်၎င်း၊ အဘယ်နည်းနှင့်မှ မစွန့်နိုင်ကြ၍ အနည သတ္တာရ- ဆရာတပါးမရှိ ဖြစ်သည်ကား ယုံမှားဖွယ်ရာမဟုတ်တော့ပေ၊ သစ္စာတရားတို့ကို အမှန်အကန် ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ပြီးကြသောပုဂ္ဂိုလ်တို့ဖြစ်ကြပေသည်၊ ရတနသုတ်အဋ္ဌကထာ၌ အရိယာပုဂ္ဂိုလ်တို့တွင် အောက်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ်ကိုပင် မိမိကိုယ်တိုင် အမှန်သိမြင် ပြီးသော သစ္စာလေးပါး အမှန်တရားမှ ဖေါက်ပြန်လှုပ် ရှားအောင် ပြုခြင်းငှါ အဘယ်သူမှ မတတ်နိုင်ဟု ဆိုသည်။

မင်္ဂလာတရားတော် (၃၈) ပါးအနက် လူမိုက်ကို ဆရာမတင်ခြင်း, မပေါင်းသင်း မဆက်ဆံခြင်းသည် မင်္ဂလာဖြစ်ပေ

သည်ဟု မြတ်စွာဘုရား ရှေးဦးစွာ ဟောတော်မူခြင်းသည် မည်မျှလောက် မြင်တော်မူ၍ ဟောတော်မူသည်ကို ဉာဏ်မှီသလောက် ဆက်လက် ကြံဆစေလို၍ ဘုရားတရားတော်၏ ဂုဏ်တော်နှင့် ဘုရားရှင်၏ အမြင်ဉာဏ်တော်ကို အနည်းငယ် ထုတ်ဖော်ပြခြင်းဖြစ်သည်။

ရဟန်းတို့.... ပေါ်ပေါက်လာသမျှသော ဘေးအန္တရာယ်တို့သည် လူမိုက်ကြောင့် သာလျှင် ဖြစ်ပေါ်ကုန်၏၊ သူတော်ကောင်း ပညာရှိ တို့ကြောင့် မဟုတ်ကုန် ဟု မိန့်တော်မူသည်၊ ဘုရားဟောဖြစ်သော ဘုရား၌ယုံကြည်၍သော ဟုတ်မှန်ပေရာ၏ဟု မယူဆကြသေးလျှင် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်နှင့်လည်း စူးစမ်း ဆင်ခြင်ကြရာသည်၊ ယနေ့လောကမျက်မြင်အားဖြင့်လည်း သူမိုက်နှင့်ပေါင်းသင်းသူသည် ကိုယ်တိုင်သူမိုက်ဖြစ်၍ တနေ့ကျရာဇဝတ် အပြစ်ဒဏ်ကိုခံရသောဒုက္ခနှင့် တွေ့ရတတ်လေသည်၊ ဓါးပြနှင့် ပေါင်းသင်းသော သူသည်လည်း ဓါးပြဖြစ်၍ ပြင်းထန်သော မင်းပြစ်မင်းဒဏ်ကို ခံရတတ်လေသည်၊ သို့ဖြစ် လူမိုက်နှင့် မပေါင်းသင်းခြင်းသည် မင်္ဂလာကြီးဖြစ်သည်ဟု ဟောတော်မူသည်၊ လူမိုက်သည်မင်္ဂလာနှင့်ဆန့်ကျင်ဘက်ဖြစ်သောအမင်္ဂလာ အမှု အကုသိုလ် ကိုသာ ပြုလုပ် တတ်သောကြောင့် လူမိုက်နှင့် ဆက်ဆံ ပေါင်းသင်းမှုကို ရှေးဦးစွာ ရှောင်ကြဉ်မှ သာလျှင် နောက်နောက်သောမင်္ဂလာတွေ ဖြစ်ပေါ်ခွင့်ရနိုင်သောကြောင့် လူမိုက်နှင့် မပေါင်းသင်း မဆက်ဆံ ဘို့ရန် ရှေးဦးစွာ ပိတ်ပင် တားမြစ်တော်မူသတည်း။

ဤမင်္ဂလာ၌ "ဗာလ" ပုဒ်အရ လူမိုက်,လူဆိုး,လူယုတ်,လူနု, လူအ စသော အားဖြင့် အားလုံးပါဝင်နိုင်သော်လည်း ဘယ်နည်းနှင့်မဆို

သတ္တဝါများအား ဆင်းရဲဒုက္ခကို ပေးစေတတ်သော၊ ပေစွမ်းနိုင်သော မိစ္ဆာသတ္တိရှိသောသူကို အထူးဂရုပြု၍ ရှောင်ကြဉ်ရာသည်ဟု ဥပဒေသ ပေးလိုရင်းဖြစ်သတည်း။

## ၂။ ပဏ္ဍိတာနဉ္စ သေဝနာ

လူမိုက်ကို ဆရာမတင်ရမပေါင်းသင်းမဆက်ဆံရဟုဆိုလျှင် အဘယ်သူကို ဆရာတင်ရ ပေါင်းသင်း ဆက်ဆံရမည်နည်း ဟု မေးဖွယ်ရှိ၍ ဆရာတင်ထိုက် ပေါင်းသင်း ဆက်ဆံထိုက်သော ပုဂ္ဂိုလ်ကို ထုတ် ဖေါ် ပြ သ လို သော မြတ် စွာ ဘု ရား သည် ....''ပဏ္ဍိတာနဉ္စ သေဝနာ''ကို ဟောတော်မူသည်။

## ပညာရှိဆိုသည်

မျက်မှောက် သံသရာ နှစ်ဌာနဉ်ပင် ကောင်းကျိုးချမ်းသာ ရှိရာရှိကြောင်းကို ပြောပြ ညွှန်ကြား တတ်သော နည်းပေး လမ်းထွင် တတ်သော ဆိုးမပဲ့ပြင် သွန်သင် တတ်သော ဉာဏ် ရှိသော ပုဂ္ဂိုလ်ကို ရန် သူ ပင် ဖြစ် စေ ဆရာ တင် ထိုက် ၏၊ ပေါင်းသင်းထိုက်၏၊ ဆက်ဆံထိုက်၏။

ဘာကြောင့်နည်း၊ပညာရှိသည် မိမိနှင့်တကွ မိမိ၏အပေါင်းအသင်း တို့၌ဘေးအန္တရာယ်ကို မဖြစ်စေတတ် လွတ်ကင်းစေတတ်၏၊ ဘေးရန် အန္တရာယ်မှ ကာကွာစောင့်ရှောက်တတ်၏၊ ကောင်းကျိုးချမ်းသာကို သာလျှင် ရရှိစေတတ်၏၊ ဤအကြောင်းတို့ကြောင့်တည်း။

ရန်သူမဟုတ်သော ပညာရှိကို ပေါင်းသင်း ဆက်ဆံခြင်း ၌ကား အဘယ်မှာပြောဖွယ်ရှိအံ့နည်း။ ဝိဒေဟမင်းကြီးသည် မဟောသဓ ပညာရှိနှင့် ပေါင်းသင်း ဆက်ဆံရ သောကြောင့်

အသက် ဘေးအန္တရာယ်, နိုင်ငံရှုံးအံ့သော အန္တရာယ်တို့မှကင်းလွတ်သည့်ပြင် ဗြဟ္မဒတ်မင်းကြီး၏ သမီးတော်နှင့်တကွ များစွာသော ပစ္စည်း လာဘ်လာဘတို့ကို ရရှိပေသေးသည်၊ ဗြဟ္မဒတ် မင်းကြီးသည်လည်း မဟောသဓ ပညာ ရှိကြောင့် အသက်မသေ ထီးနန်းစည်းစိမ်မပျက် ချမ်းသာကြီးပွားရေးကို ဆက်လက် ရရှိပေသည်၊ ပညာရှိ လှည်းကုန်သည် ခေါင်းဆောင်အပ်သော လှည်းကုန်သည် ငါးရာတို့သည် ဘီလူးစာအဖြစ်မှ လွတ်ကင်းကြရသည့်ပြင် နိုင်ငံရပ်ခြားဌ် ကုန်များကို ဈေး ကောင်းကောင်း နှင့် ရောင်းခဲ့ရ၍ ကြွယ်ဝ ချမ်းသာကြရဘူးလေပြီ။

ပညာရှိ လှည်းကုန်သည် ခေါင်းဆောင်၏ အဆင် အခြင်ဝိစာရဏာဉာဏ်ရှိပုံကို ဗဟုသုတအဖြစ် မှတ်သူလိုက်၏။

## ပညာရှိခေါင်းဆောင်ကြောင့် ချမ်းသာကြရပုံ

နိုင်ငံတခုနှင့် တခု အကြားဌ် နက်စွာသော တောကြီးသည်ရှိ၏၊ ကိုဒတာကြီးအတွင်းမှ လှည်းကုန်သည်များ ဖြတ်သန်းသွားလာ ကြရမည်ဖြစ်၏၊ တောကြီး အတွင်းဌ်လည်း ရေအချဉ်းမရှိ၊ ဘီလူးတို့နေရာဖြစ်၏၊ ထို့ကြောင့် ကန္တာရ ခရီးဟူသည်မှာ ဆင်းရဲ ပင်ပန်းစွာ ရေများကို ယူဆောင်၍လွန်မြောက်အောင် သွားရခက်သော ခရီးလမ်းဟု ဆိုသည်၊လှည်းကုန်သည်များသည် မြို့မှထွက်၍ တောလမ်း ကန္တာရခရီးဝသို့ရောက်လျှင် ခေါင်းဆောင် လှည်းကုန်သည်သည် အားလုံးသော လှည်း ကုန်သည်တို့ကို စည်းဝေးစေ၍ ဤသို့ တင်ကြိုမှာထားလေ၏၊ အဆွေတို့ ရေအိုးကြီးများ ပြည့်အောင် ရေထည့်ကြ၊ ငါ့ကိုမပန်ကြားပဲ တလက်ခုပ်မျှသော ရေကိုမှမသုံး

ကြနှင့်၊ တောကြီးထဲ၌ အဆိပ်ပင်များသည်လည်းရှိတတ်သည်၊ အသင်တို့ ရှေးက မစားဘူးသော အရွက် အပွင့် အသီးတို့ကို တွေ့လျှင် ငါ့ကို မမေး မမြန်းပဲ မစားကြနှင့်ဟု ဩဝါဒ ပေးပြီးမှ တောလမ်းခရီးသို့ ဆက်လက် သွားကြ၏၊ တောကြီး အတွင်းသို့ ရောက်လျှင် ဘီလူးတို့သည် လူ့အသွင် သဏ္ဌာန် ပြုပြင်ကြ၍ ခရီးသွားဟန်ဆောင်လျက် လှည်းယာဉ်နှင့် ခရီး ရင်ဆိုင်လာကြကုန်၏၊ သူတို့၌ ကြာညို ကြာဖြူတို့ကို ပန်ဆင်၍ အဝတ်နှင့် ဆံပင်များကိုလည်း ရေစွတ်စိုနေ သကဲ့သို့ ရင်း, လှည်းဘီးတို့၌လည်း ရွှံ့ညွန်များ လိမ်းကျံ ပေရေ သကဲ့သို့ရင်း မြင်စေ၍ အကြီးအမှူးဖြစ်သော ဘီလူးက အသင်တို့ အဘယ် အရပ်သို့ သွားကြမည်နည်း၊ ဘာကုန်တွေများ ပါကြသနည်း၊ နောက်လှည်း၌ ဝန်လေးလှသည်၊ အိုးကြီးတွေနှင့် ဘာတွေများ လဲဟု လူတို့ကိုမေး၏၊ရေများဖြစ်သည်ဟု ဖြေကြားရာ၊ မိတ်ဆွေ တို့....မိုယ်းကြီးစွာ ရွာ၍ ဟိုရှေ့ တောတန်းညို့ညို့က စ၍ ရေအိုင်တွေမှာ ရေအပြည့်ရှိ၏၊ ကြာတွေလည်းရှိ၏။ အလေး ခံ၍ ဘယ့်ကြောင့် သယ်ဆောင်ကြသလဲ၊ ရေတွေကို သွန်ပြီး ပေါ့ပေါ့သာ သွားကြပါဟု ဘီလူးတို့က ပြော၏၊ လှည်းကုန် သည် ခေါင်းဆောင်သည် အကဲခတ်ရုံနှင့် ဤ သတ္တဝါတွေ သည် လူမဟုတ်ကြကုန်ဟု အတပ်သိ၏၊ သိပုံကား သူတို့သည် ကြောက်ရွံ့ခြင်း မရှိကြကုန်၊ မျက်စိလည်းနီကြကုန်၏၊ အရိပ် လည်း မထွက်ကြ၊ ထို့ကြောင့် ဘီလူးတို့ သာတည်းဟု သိ၏၊ ဤအရပ်၌ ရေလည်းမရှိ၊ ကြာကားဝေးစွ၊ သူတို့သည် ရှေးက သွား ကြ သော လှည်း ကုန် သည် တွေ ကို ဤ နည်း ပြော ၍ ရေများကိုသွန်စေပြီး အစာရေစာမရှိ ပင်ပန်း ဆင်းရဲသော အခါ၌ ဖမ်းယူ စားသောက် ကြပြီးဟန် ရှိသည်ဟု ပြေး၍

ကြည့်သကဲ့သို့ ရိပ်မိ၍ အသင်တို့သာ သွားကြပါ၊ ကျွန်ုပ်တို့ ကုန်သည် ဆိုတာ တခြားက ရေအသစ်ကို ကိုယ်တိုင် မတွေ့ မမြင်ကြလျှင် သယ်ယူခဲ့သော ရေကို လွန်းလောင်းပစ်ရိုးမရှိကြဘူး၊ ရေသစ်ကိုမြင်မှ ရေဟောင်းကိုသွန်၍ ဝန်ကိုပေါ့စေရသည်ဟု ပြော၍ ခရီး ဆက်လက် သွားကြ၏၊ ဘီလူးတို့သည်သည်း အတန်ငယ်သွားဟန်ပြု၍ ကွယ်ပျောက်ကြကုန်၏။

လှည်းကုန်သည် ခေါင်းဆောင်သည် လှည်းများကို ရပ်စေ၍ လူများကို စုဝေးစေပြီးလျှင်၊ အဆွေတို့....ဤတောသွကန်များ ရေအိုင်များ ရှိသည်ဟု ကြားဘူး ကြပါ ရဲ့လား၊ မကြားဘူးကြပါ၊ မိုယ်းသက် လေသည် ဘယ် နှစ် ယူ ဇ နာ လောက် တိုက် ခတ် တတ်ပါ သလဲ၊ တယူဇနာလောက် တိုက်ခတ်တတ်ပါသည်၊ သင်တို့ ကိုယ်မှာ မိုယ်းသက်လေများ ထိပါး တိုက်ခတ်လာပါရဲ့လား၊ မလာပါ၊ မိုယ်းတိမ်ကို ဘယ်လောက်က မြင်ရတတ်ပါသလဲ၊ သုံးယူဇနာ လောက်က မြင်ရတတ်ပါသည်၊ သို့ သင်တို့အထဲ၌ ယခု မြင်ရသူ ရှိပါသလား၊ မမြင်ကြရပါ၊ လျှပ်စစ်ကို ဘယ်လောက်က မြင်ရတတ်ပါသလဲ၊ လေးငါးယူဇနာ လောက်က မြင်ရတတ်ပါတယ်၊ ယခု မြင်ကြရပါသလား၊ မမြင်ကြရပါ၊ မိုယ်းသံကို ဘယ်လောက်က ကြားရ တတ်ပါသလဲ၊ တယူဇနာ နှစ်ယူဇနာလောက်က ကြားရတတ်ပါတယ်၊ ယခု ကြားလိုက်ကြရဲ့လား၊ မကြားကြရပါ၊ အဆွေတို့....ရှေ့၌ ရေ လည်း မရှိ မိုယ်းလည်း မရွာသည်ကား ကေန်ပင်တည်း၊ ထိုသတ္တဝါတို့သည် လူမဟုတ်၊ ဘီလူးတို့ပေတည်း၊ ငါတို့၏ ရေတွေကိုသွန်စေ၍ အစာရေစာမရှိ၊ အားနည်းသော အခါ ဖမ်းယူစား

သောက်လို၍ လှည့်စားကြတာပဲ၊ သို့ကြောင့် တလက်ခုပ်မျှ လောက်သောရေကိုမှ မပစ်ကြနှင့်၊ မြန်မြန်သာ မောင်းကြ-ဟု ပြော၍ သွားကြရာ ဘီလူး ဘေးမှ လွတ်မြောက် ကြကုန်၏၊ လိုအပ်သော ရောင်းဝယ်မှုပြီးစီး၍ စီးပွား ချမ်းသာကိုလည်း ရရှိကြကုန်၏။

ဤလှည်းကုန် သည် ခေါင်းဆောင်၏ ပညာရှိပုံ၊ ဆင်ခြင်တတ်သော ဝိစာရဏ ဉာဏ်ရှိပုံ၊ ရေဆောင် ကောင်းပုံကြောင့် လိုသူနှင့်ပေါင်းသင်းသူများသော လှည်းကုန်သည် ငါးရာလှည်းအကြိုက် ဘေးဝေးယောင်ပါ ချမ်းသာ ရကြ လေသည်၊ ဤပုဂ္ဂိုလ် မျိုးကိုသာလျှင် "ပညာရှိ ခေါင်းဆောင်ကောင်း" ဟု မှတ်ယူ၍ ခေါင်းဆောင် တင်မြှောက် လိုက်ကြသည်၊ "ဘယ်သူသားသေ ခေတမာလျှင် ငြိမ်းရော" ဆိုသကဲ့သို့ နှလုံးသွင်းတတ်သော ခေါင်းဆောင်မျိုး ရှိကား ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာကို အလိုရှိသူ မှန်သမျှသည် ဝေးဝေးက ရှောင်ကြဉ်အပ်လှပေသည်။

(၁) ယုတ်ညံ့သူနှင့်ပေါင်းလျှင် မိမိပါ ယုတ်ညံ့တတ်သည်။

(၂) မိမိနှင့် သီလ စသော ဂုဏ်ရည်တူကို ပေါင်းလျှင် ဆုတ်ယုတ် ပျက်စီးခြင်းမရှိ။

(၃) မိမိထက် မြင့်မြတ်သော ပညာရှိ သူတော်ကောင်း နှင့် ပေါင်းသင်းမှုကား မြန်စွာတိုးတတ်ကြီးပွား၏။

(၄) ထို့ကြောင့် မိမိထက် မြင့်မြတ်သော ပုဂ္ဂိုလ် နှင့် ပေါင်းသင်းရာသည်။

# ၃။ ပူဇာစ ပူဇနေယျာနံ

ပညာရှိ သူတော်ကောင်း များကို ဆက်ဆံ ပေါင်းသင်း မှီဝဲ ဆည်းကပ် ခြင်းသည် မင်္ဂလာ ဖြစ်သော်လည်း ပညာရှိ သူတော်ကောင်းနှင့် တွေ့ကြုံ ရရှိဘို့, မှီဝဲ ဆည်းကပ်သည်ကို ကြေနပ် နှစ်သက် လက်ခံဘို့ရာ မိမိ ကိုယ်တိုင်က ဦးသူသည် ဆည်းကပ်ထိုက်သော သူတည်း ပူဇော်ထိုက်သောသူတည်း ဟု ရိပ်မိသိရှိ၍ သိရှိသည် အားလျော်စွာ နှိမ့်ချသော မာနဖြင့် ရှိသေ ကျိုးနွံစွာ တတ်အား သမျှသော ဝတ္ထု ပစ္စည်းဖြင့် ပေးကမ်းခြင်း, ပူဇော်ခြင်း, ပညာရှိ သူ တော် ကောင်း ၏ ဩဝါဒကို မြတ်နိုး လေးစားစွာ မှတ်သား လိုက်နာသော အားဖြင့် ပူဇော်ခြင်းကို ပြုသော်မှသာလျှင် ပညာရှိသူတော် ကောင်းကို တွေ့ကြုံ မှီဝဲဆည်းကပ်နိုင်မည်ဖြစ်သောကြောင့်.... ''ပူဇာစပူဇနေယျာနံ''ဟူ၍ တတိယမြောက် မင်္ဂလာ တရား တော်ကို ဟောတော်မူသည်။

တနည်းတုံလည်း။ ။ပညာရှိကို ဆရာတင်မြှောက်မိသော သူများ, ခေါင်းဆောင် တင်မြှောက် မိသော သူများသည် သာလျှင် ပူဇော်ထိုက်သူ,မပူဇော်ထိုက်သူ, ချီးမြှောက်ထိုက်သူ, မချီးမြှောက်ထိုက်သူ, ရွေးကောက်ထိုက်သူ, မရွေးကောက် ထိုက်သူ ဟု ခွဲခြားသိရှိနိုင်မည်ဖြစ်သောကြောင့် ''ပဏ္ဍိတာနဉ္စ သေဝနာ'' မင်္ဂလာ၏ အခြားမဲ့၌ ''ပူဇာစ ပူဇနေယျာနံ'' မင်္ဂလာကို ဟောတော်မူသည်ဟု ယူဆနိုင်သေး၏။

ပူဇော် ထိုက်သော ပုဂ္ဂိုလ်ကို ပူဇော်ခြင်း, ချီးမြှောက် ထိုက်သောပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်း,တင်မြှောက်ရွေးကောက်

ထိုက်သော ပုဂ္ဂိုလ်ကို တင်မြှောက် ရွေးကောက် ခြင်းသည် ချမ်းသာကြီးပွားကြောင်း ကောင်းမြတ်သောမင်္ဂလာ ဖြစ်သည် ဟု ဟောတော်မူသည်။

ပူဇော် ထိုက်သော ပုဂ္ဂိုလ်သည် အဘယ် ပုဂ္ဂိုလ်မျိုး ပေနည်း။

ပူဇော်ခြင်း ဟူသည် အဘယ်ကဲ့သို့ ပြုလုပ်ခြင်းကို ဆိုလို သနည်း၊ ဤနှစ်ရပ်ကို ရှေးဦးစွာ သိအပ်၏။

## ပူဇော်ထိုက်သူ

ပူဇော်ထိုက်သောပုဂ္ဂိုလ်ဟူသည် အနည်းနည်းရှိ၏၊ ဘုရား ပစ္စေကဗုဒ္ဓါ, ဘုရားတပည့် အရိယာ သံဃာ, ဤပုဂ္ဂိုလ် တို့သည် သတ္တဝါအများတို့၏ ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ ပေတည်း၊ ပညာရှိ သူတော်ကောင်း တို့သည်လည်း ပူဇော် ထိုက်သော ပုဂ္ဂိုလ်တို့သာတည်း၊ သီးခြားအားဖြင့် အစ်ကိုကြီး အစ်မကြီး တို့သည်၊ ညီငယ် ညီမငယ်တို့၏ ပူဇော် ထိုက်သော သူတို့ပေတည်း၊ မိဘတို့သည် သားသမီးတို့၏ ပူဇော်ထိုက်သော သူတို့ ပေတည်း၊ ယောက္ခမ တို့သည် ချွေးမတို့၏ ပူဇော် ထိုက်သော သူတို့ပေတည်း၊ဆရာတို့သည် တပည့်တို့၏ ပူဇော် ထိုက်သော သူတို့ပေတည်း ဟု၍ မှတ်ရမည်။

အတိုချုပ်အားဖြင့်——

(၁) ကျေးဇူးရှင် ရတနာသုံးပါး, ဆရာသမား, မိဘများ။

(၂) ကိုယ်ကျင့်သီလ စာရိတ္တဗလနှင့် ပြည့်စုံသူများ။

(၃) ကိုယ်ကျင့်တရားနှင့် ကိုယ်တိုင်ပြည့်စုံ၍ သတ္တဝါ အများကို ချမ်းသာစေနိုင်သော ထူးချွန်သောပညာ ရှိသူများသည် ပူဇော်ထိုက်, ချီးမြှောက်ထိုက်, ရွေးကောက်ထိုက်သောပုဂ္ဂိုလ်များပေတည်း။

## ပူဇော်နည်း

''ပူဇော်''ဟူသည် ဝတ္ထုပစ္စည်းဖြင့်ပူဇော်ခြင်း, ကျင့်ဝတ် တရားဖြင့် ပူဇော်ခြင်း ဟူ၍ နှစ်မျိုး ရှိ၏၊ သင့် လျော် သော ပစ္စည်းဝတ္ထုဖြင့် ပေးကမ်း ချီးမြှင့် လှူဒါန်းထောက်ပံ့ခြင်းသည် ပစ္စည်းဖြင့် ပူဇော်ခြင်း မည်၏၊ ပူဇော် ထိုက်သော ပုဂ္ဂိုလ်၏ နည်းသမ်းညွှန်ပြသြဝါဒပေးသည်ကိုပေးသည့်အတိုင်းရိုသေစွာ နာခံပြုလုပ်ခြင်း,ကျင့်ကြံအားထုတ်ခြင်းသည်ကျင့်ဝတ်တရားဖြင့် ပူဇော်ခြင်း မည်၏၊ ဤ ပူဇော်ခြင်း နှစ်မျိုးကိုပင် အရာဌာန အားလျော်စွာ ထိုက်သည်အလျောက် ပြုရမည်ပင်ဖြစ်ပေသည်၊ ပူဇော်ထိုက်သောသူကို ပူဇော်ခြင်း, မပူဇော်ထိုက်သောသူကို မပူဇော်ခြင်းသည် ချမ်းသာ ကြီးပွါးကြောင်း မင်္ဂလာ ဖြစ်၏၊ ပူဇော်ထိုက်သောသူကို မပူဇော်ခြင်း, မပူဇော်ထိုက်သောသူကို ပူဇော်မိခြင်းသည် မျက်မှောက် တမလွန် နှစ်တန်သောဘဝတို့၌ နစ်မွန်းဆင်းရဲကြောင်း, ပျက်စီး ဆုတ်ယုတ်ကြောင်း အမင်္ဂလာ သာလျှင် ဖြစ်လေတော့သည်။

စာနာ၃ရုဇဏကဏ္ဍသိမ်း
ဝေကြည့်တိုက်
ဇာနာသော၊

## အနော်ရထာမင်း

သီဟိုဠ် ကျွန်း၌ ဒေဝါနံ ပိယ တိဿ မင်းသည် ဆည်းကပ် ပူဇော်ထိုက်သော အရှင် မဟာမဟိန္ဒကို ဆည်းကပ် ပူဇော်

ခဲ့သောကြောင့် ထိုမင်းမှစ၍ ယနေ့တိုင်အောင် သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့သည် ဘာသာမှန်ကိုရရှိ၍ ကောင်းကျိုး မင်္ဂလာကိုရရှိကြလေသည်၊ အရှင်အရဟံဟူ၍ ထင်ရှားသော အရှင်ဓမ္မဒဿီအား ပူဇော်ချီးမြှောက်ခဲ့သော အနော်ရထာ ပေါ် အရှုမြင်သည်လည်း ကိုယ်တိုင် ဘာသာ သာသနာ မှန်နှင့် ပြည့်စုံ ကောင်းကျိုး မင်္ဂလာကို ရသည့်ပြင် ယနေ့ တိုင်အောင်သော မြန်မာတိုင်းရင်းသားတို့သည် ဘာသာမှန်နှင့် ကောင်းကျိုးမင်္ဂလာတို့ကို ရရှိကြလေသည်။

တိုင်းသူ ပြည်သား ရပ်သူ ရွာသား တို့အား ကျေးဇူးများသော တနည်းတခုသောပညာ၌ ပေါက်ပေါက်ရောက်ရောက် တတ်မြောက်သော သူကိုလည်း ပူဇော်ရမည်သာဖြစ်၏။

ဥပမာ- တတ်ကျွမ်းနားလည်သောဆေးဆရာကို ရပ်ရွာက ပူဇော် ချီးမြှောက်အားပေးထောက်ပံ့ကြမှ ရွာတွင်းရပ်တွင်း၌ မကျန်းမမာမှုကင်းရှင်း၍ စီးပွါး ချမ်းသာရေးကို ဆောင်ရွက် နိုင်ပေမည်၊ ရပ်ရွာ၌ကောင်းရာကောင်းကြောင်းကို အကြံဉာဏ် ပေးနိုင်သူ, နည်းကောင်း နိဿယကောင်းကို ကြံစည် ညွှန်ပြ နိုင်သူကို ပူဇော်ချီးမြှောက်မှ ထိုရပ်ရွာ၌ အကြောင်းရှိက ဘေးဥပါဒ်အန္တရာယ် လွတ်ကင်း၍ ကြီးပွါး ချမ်းသာ ခြင်းကို ရကြပေမည်၊ သို့ကြောင့် ပူဇော်လိုက်သူကို ပူဇော်ကြရာသည်၊ ပူဇော်ခြင်း မရှိသောသူတို့၏အထံ၌ ပူဇော်ခံထိုက်သောသူတို့ တည်နေခြင်းငှါ မဖြစ်နိုင်ကြပေ။

## ပူဇော်ခံထိုက်သူရှိရာအရပ်

ကြားနာတတ်သော ဉာဏ် တည်း ဟူ သော နား မရှိသော သူတို့၏အထံ၌ ပြောဆို ဆုံးမ တတ် သော ပညာ ရှိ တို့သည်

အလုပ် လုပ်ဖွယ် မရှိကြကုန်၊ အဝတ် မဝတ်သော သူတို့၏ ဒေသ, အလွန်ဆင်းရဲသော သူတို့၏ဒေသ၌ အဝတ် ဖွပ်လျှော်သော ခဝါသည်တို့သည် အလုပ်လုပ်ဖွယ် မရှိကြကုန်သကဲ့သို့၊ ထို့အတူ ပူဇော်သူ မရှိသော အရပ်ဒေသ၌ အပူဇော် ခံထိုက်သော ပညာရှိ သူတော်ကောင်းတို့ မရှိနိုင် ကြ ကုန်၊ ပူဇော်သူ ရှိရာ အရပ်၌ သာလျှင် အပူဇော် ခံထိုက် သောသူတို့သည် တည်ရှိ တတ်ကြ သည်ကိုလည်း သတိပြု၍ မိမိတို့ သန္တာန်၌ "ပူဇာစ ပူဇနေယျာနံ" မင်္ဂလာ တရားတော်ကြီး တည်ရှိအောင် အားထုတ်ကြရမည်။

ဤပထမ ဂါထာဖြင့် ဟောကြားတော် မူခဲ့သော တရား သုံးမျိုးသည် ကောင်းမြတ်၍ချမ်းသာကြီးပွားကြောင်း မင်္ဂလာ အဖြစ်ဖြင့် အသင် နတ်သား မှတ် ထား ပေ တော့ ဟူ ၍ "ဧတံ မင်္ဂလ မုတ္တမံ"ကို မိန့်တော် မူသည်၊ နောက်နောက် ဂါထာတို့၌ ပါရှိသော "ဧတံမင်္ဂလ မုတ္တမံ"ကိုလည်းဤနည်း တူမှတ်လေ။

## ၄။ ပတိရူပဒေသဝါသောစ

ပူဇော်ထိုက် ပူဇော်အပ်သော သူတို့ကို ချီးမြှောက်ကော် ရော်ပူဇော်၍ ကောင်းမှုကုသိုလ် ဖြစ်စေနိုင်ရန် ဌာနကောင်း ကို ညွှန်ကြားတော် မူလိုသည်ဖြစ်၍ "ပတိရူပ ဒေသဝါ သောစ" ကို ဟောတော်မူသည်။

တနည်း။ ။ပူဇော်ထိုက်သူ ကိုသာ ပူဇော် တတ်သော ချီးမြှောက်ထိုက်သူကိုသာ ချီးမြှောက်တတ်သော ရွေးကောက် တင်မြှောက် ထိုက်သူကိုသာ ရွေးကောက် တင်မြှောက် တတ်

သော ''ပူဇာစ ပူဇနေယျာနံ'' မင်္ဂလာ နှင့် ပြည့်စုံသော သူတို့၏ နေရာ တိုင်းပြည် မြို့ရွာ ဒေသ သည်သာ ပတိရူပ ဒေသဝါသ မင်္ဂလာဖြစ်နိုင်သည်ကို ပြတော် မူလိုသောကြောင့် ''ပူဇာစ ပူဇနေယျာနံ'' မင်္ဂလာ၏ အခြားမဲ့၌ ''ပတိရူပ ဒေသဝါသ'' မင်္ဂလာကို ဆက်၍ ဟောကြားတော် မူသည် ဟူ၍လည်းဖြစ်၏။

## ဒေသကောင်း

ကောင်းကျိုး ချမ်းသာကို ရစေ တတ်သော ကောင်းမှု ကုသိုလ်တည်းဟူသော အကြောင်း တရားတို့ကို လွယ်ကူစွာ ပြုလုပ်နိုင်သော နိုင်ငံမြို့ရွာရပ်ကွက်၌ နေရခြင်းသည် ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာ ဖြစ်သည်ဟု မိန့်တော် မူသည်။ ပတိရူပဒေသအရ သင့်လျော်လျောက်ပတ်သောအရပ်ဟူသည် အရာကျယ်လှ၏။

(၁) ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိမဏ္ဍပ္ဌာန။

(၂) ဓမ္မစကြာတရားကို ဟောတော်မူရာဌာန။

(၃) အစုံအစုံသော တန်ခိုးတော်ကို ပြရာဌာန။

(၄) တာဝတိံသာမှ ဆင်းသက်တော်မူရာ ဌာန ···· တို့သည်ရင်း၊

(၅) မဇ္ဈိမဒေသသည်ရင်း ပတိရူပဒေသဟူ၍ ရှေးအခါ က ရေးကြ ဆိုကြ၏၊ ကာလအားလျော်စွာ ထိုအရပ်တို့သည် ထိုအခါက ပတိရူပ ဒေသဖြစ်ခဲ့သည်ကားမှန်ပေ၏၊ ယခုကား ပတိရူပ ဒေသ ဟူ၍ မဆိုနိုင်တော့ပေ၊ ထိုအရပ် တို့ သို့

ရောက်သော်လည်း ကုသိုလ်ဖြစ်ရန် နည်းပါးလှသောကြောင့် တည်း။

စင်စစ် မှတ်သားထိုက်သော ပတိရူပ ဒေသ သည်ကား မည်သည့် အရပ်ဒေသမဆို ပဏ္ဍိတာနဉ္စ သေဝနာ စသော မင်္ဂလာ တို့ကို ရရှိ၍ ကောင်းကျိုး ချမ်းသာကို ပေးနိုင်ရာ အရပ်သည် ပတိရူပ ဒေသ ဖြစ်သည်ဟု မှတ်ရာ၏၊ ဘုရား စသော သူတော်ကောင်းတို့ တည်ရှိရာ အရပ်, စကြာမင်း တည်ရှိရာ အရပ် တို့သည် နေသင့် နေအပ် နေထိုက်သော အရပ်ဒေသတို့ ဖြစ်ကုန်၏၊ ဘုရားစသော အရိယာ သူတော် ကောင်းတို့ မှီတင်း တည်ရှိရာ ဘုံ, ကျွန်း, မြို့, ရွာတို့၌ နေရ သော သူတို့သည် ထိုဘုရားစသော သူတော်ကောင်းတို့ ထံမှ သူတော်ကောင်းတရားကို ကြားနာရ၍ ဘဝသံသရာက ရိုင်းစိုင်း ကြမ်းထမ်း လာသော စိတ်သည် ယဉ်ကျေး သိမ်မွေ့မှုကို ရရှိ၍ လောဘစသောအယုတ်တရားတို့ ခေါင်းပါး အားနည်း ကြကုန်၏၊ ကင်းစင် ပပျောက် ကြကုန်၏၊ ယုတ်မာသော လောဘ, မာန, ဒိဋ္ဌိ, နယ်ချဲ့လိုသော လောဘ, မာန, ဒိဋ္ဌိတို့ ခေါင်းပါး အားနည်း ကင်းစင်ခြင်းကြောင့် သူတော်ကောင်း တရားကို ကြားနာရသော သူတို့သန္တာန်၌ ယုတ်မာသောစိတ်, နယ်ချဲ့လိုသောစိတ်, သံသရာ၌ ရှည်သောစိတ်, မရောင့်ရဲနိုင် သော စိတ်တို့ သည်လည်း ခေါင်းပါး အားနည်း ကင်းစင်၍ ဘေး ရန် ကင်းရှင်း ချမ်းသာခြင်း စသော ပွန်မြတ်သော ကောင်းကျိုး ကျေးဇူးတို့ကို ရရှိကြကုန်၏။

မဟာ သုဒဿန စကြာမင်းကြီး လက်ထက် ကုသဝတီ နေပြည်တော်၌ နေကြရသော သူတို့သည် ''ပတိရူပ ဒေသ

ဝါသ'' မင်္ဂလာကို ရရှိကြသော သူတို့ပေဟု ဆိုရမည်၊တရား မင်းဖြစ်သော မဟာသုဒဿန စကြာမင်းကြီးသည် မိမိကိုယ်တိုင် တရားလက်ကိုင်ရှိလျက် တိုင်းသား ပြည်သူတို့ကိုလည်း တရား သဖြင့်အုပ်ချုပ်၍—

(၁) သူတပါးအသက်ကို သတ်ခြင်း။

(၂) သူတပါးပစ္စည်းကို အရှင်မပေးပဲ ယူခြင်း။

(၃) မပြစ်မှား ထိုက်သော မိန်းမ တို့၌ ကျူးလွန်စော်ကားခြင်း။

(၄) မဟုတ်မမှန်ပြောဆိုခြင်း။

(၅) အရက်သေစာသောက်စားခြင်းတို့မှကင်းလွတ်ကြသူများ၍ တရားရှိသော သူတို့သာလျှင် များသော ကြောင့် လူဆိုး, သူဆိုး, သူခိုး, ဓားပြ တို့၏ ဘေး အန္တရာယ် မရှိ၊ မိုးလေဝသ မှန်ကန်, ဆန်ရေစပါး ပေါများ, အခွန်အကောက်နည်းပါး၍ အလွန်ချမ်းသာ မြေစွာ နေကြကုန်၏၊ ထို့ကြောင့် သင့်လျော် လျောက်ပတ်သော အရပ်၌ နေရခြင်းသည် ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာ အဖြစ်ဖြင့် ဟောတော်မူသည်ကို ဉာဏ်ရှိသမျှ စဉ်းစား ဆင်ခြင်၍ မိမိ ကိုယ်တိုင် ပတိရူပဒေသဝါသ မင်္ဂလာ ရှိအောင် သတိပြုကြရာသည်။

မှတ်သင့်သေးသော ပတိရူပဒေသဝါသမင်္ဂလာကို အနည်းငယ်ဆက်လက်၍ ဆိုဦးမည်၊ စာပေပညာသင်ကြားဘို့ အရွယ်ရောက်သော သူငယ်သည် စာပေပညာကို ရရှိရာ စာသင်ကျောင်း, သိပ္ပံကျောင်း တခုခု၌ နေလျှင် ပတိရူပဒေသဝါသ

ဖြစ်သည်၊ ရောင်းဝယ်လိုသော ကုန်သည် သည် ဈေးရုံ စသော ဌာန, ရောင်းဝယ်ရန် ကောင်းသော ရပ်ကွက် မြို့ရွာ၌ နေလျှင် ပတိရူပ ဒေသဝါသ ဖြစ်သည်၊ လောကုတ္တရာ တရားကို အားထုတ်လိုသူသည် ရဟန်းစသော တရားပြသနိုင်သောပုဂ္ဂိုလ်ရှိရာ အရပ်, ဆိပ်ငြိမ်ရာအရပ်၌ နေလျှင် ပတိရူပ ဒေသဝါသဖြစ်သည်၊ စာသင်ကျောင်း၌, သိပ္ပံကျောင်း၌ မနေရသော သူငယ်သည် ပဋိသန္ဓေဉာဏ် လျင်မြန် ထက်မြက်စေကာမူ ပညာတတ် မဖြစ်နိုင်ချေ၊ ဈေးရောင်း၍ အမြတ်အစွန်း ရလိုသော ကုန်သည်သည် ဝယ်သူနည်းပါးသောအစွန့်အဖျားအရပ်၌နေလျှင် အမြတ်အစွန်းမရနိုင်ချေ၊ လောကုတ္တရာ တရားကို အားထုတ်လိုသော သူသည် တရားကို မကြားနာရ နည်း နိဿယ မရ ဆိပ်ငြိမ်ရာကို မရလျှင် တရားထူး ဝိသေသကို မရနိုင်ချေ၊ ဤသို့ စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာ အလုပ် အကိုင် အရောင်း အဝယ် အတတ်ပညာ လောကီ လောကုတ္တရာ အကျိုးကျေးဇူးတို့ကို ရရှိလိုသော သူတို့သည် ဆိုင်ရာ ဆိုင်ရာ ပတိရူပဒေသ ဟူသော လိုအပ်သော ကောင်းကျိုး မင်္ဂလာ တို့ကို ရရှိရာ လျောက်ပတ်သော အရပ်ဒေသ မြို့ရွာ တို့၌ နေကြ ရမည်ကို ဆင်ခြင် သိထား ကြရမည်။

## ၅။ ပုဗ္ဗေစ ကတပုညတာ

ပတိရူပ ဒေသဝါသောစ မင်္ဂလာကိုရရှိ၍ ရှေးရှေးဘဝ, ရှေးရှေး နေ့ရက် ကာလ တို့က ပြုလုပ် အားထုတ်ခဲ့ ဘူးသော ကောင်းမှု ရှိခြင်းသည် ''ပုဗ္ဗေစ ကတပုညတာ'' မင်္ဂလာ ဖြစ်သည်ဟု ဟောတော်မူသည်။

တနည်း။ ။ပူဇော်ထိုက်သူကိုသာ ပူဇော်ခြင်း, ချီးမြှောက်ထိုက်သူကိုသာ ချီးမြှောက်ခြင်း စသော ပတိ ရူပ ဒေသ ဝါသ မင်္ဂလာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် တို့၏ နေရာ တိုင်းပြည် မြို့ရွာ ဒေသ တို့၌ နေထိုင် ရကုန်သော ပုဂ္ဂိုလ် တို့သည်သာ ရှေးဘုန်း ရှေးကံ တည်းဟူသော ထူးချွန်သော "ပုဗ္ဗေစ ကတ ပုညတာ" မင်္ဂလာနှင့် ပြည့်စုံနိုင် မည်ကို ပြတော်မူလို သောကြောင့် "ပတိရူပ ဒေသဝါသ" မင်္ဂလာ၏ အခြားမဲ့၌ "ပုဗ္ဗေစ ကတပုညတာ" မင်္ဂလာကို ဆက်လက် ဟောကြား တော်မူသည်ဟု မှတ်ရာသည်။

သာသနာတော် ကျမ်းတို့၌ အတိတ် ဘဝကံကို ကိုက်ရိုက် ဖွင့်ဆိုလျက် လွန်လေပြီးသောအတိတ်ဘဝတို့က ဘုရားတဆူဆူ ထံတော်၌ ဖြစ်စေ, ပစ္စေကဗုဒ္ဓါ တဆူဆူ ထံတော်၌ ဖြစ်စေ, ဘုရား၏ တပည့် သားတော် ရဟန္တာ တဆူဆူ ထံတော်၌ ဖြစ်စေ, ဒါန စသော ကောင်းမှု မျိုးစေ့ကို စိုက်ပျိုး ကြဲချခဲ့ ဘူးသော သူသည် "ပုဗ္ဗေစ ကတပုညတာ" မင်္ဂလာရှိသောသူ ဖြစ်သည် ဆိုသည်။

ဤပစ္စုပ္ပန် ဘဝ၌ပင်လျှင် လွန်ခဲ့သော နှစ်, လ, နေ့ရက်, နာရီတို့က ပြုလုပ်ခဲ့သမျှသောကောင်းမှုရှိသော သူသည်လည်း "ပုဗ္ဗေစ ကတပုညတာ" မင်္ဂလာ ရှိသောသူ ဟူ၍ ဆိုသင့် ပါသေး၏။

## ဘုန်းကံကြီးမား ထူးချွန်သူများ

ဆက်ဦးအံ့-ကျောင်းသား အရွယ် ငယ်စဉ် ကာလ အပြစ် မရှိသော နှုတ်မှု ပညာ, လက်မှု ပညာ, စက်မှု ပညာ တို့ကို

ကောင်းစွာ သင်ယူ အားထုတ် ဆည်းပူး ခဲ့သော ကောင်းမှု ရှိသောကြောင့် စီးပွား ရှာဖွေရန် အချိန်အရွယ်, မိမိကိုယ်ကို မိမိမွေးမြူရန် အချိန် အရွယ်သို့ ရောက်သောအခါ မိမိသင်ယူ အားထုတ် ခဲ့သော ပညာ တည်းဟူသော ကောင်း မှု အား လျော်စွာ အရာရှိ အရာခံသော်ငြားင်း, ကုန်သည်ကြီး သော်ငြားင်း, လက်မှုပညာ ဆရာကြီး သော်ငြားင်း, စက်မှုပညာ အင်ဂျင်နီယာ ဆရာကြီး သော်ငြားင်း ဖြစ်နိုင်၍ ချမ်းသာ ကြီး ပွား ကြောင်း မင်္ဂလာကို ရကြပေသည်။

နှုတ်မှုပညာ, လက်မှုပညာ, စက်မှုပညာ, တို့ကိုသင်ယူခြင်း သည် ကောင်းမှုကမ် ဖြစ်သည်၊ ကောင်းမှုကမ် ဆိုသည်မှာ လည်း ကောင်းသော အလုပ်ကိုပင်ဆိုသည်၊ ကောင်းသော အလုပ်တည်း ဟူသော ကောင်းမှုကမ် ရှိခဲ့သူ၌ ကမ်အား လျော်စွာ ကောင်းကျိုး ချမ်းသာ မင်္ဂလာကို ရရှိ ကြလေ တော့သည်။

## ကမ်ဆိုတာ

ပါဠိဉ်၌ များစွာ မကျွမ်းကျင်သူ အချို့တို့က ကမ်ဆိုလျှင် အတိတ်က ပြုခဲ့သမျှသော ဒါန, သီလ စသော ကုသိုလ်ဟူ၍ သာ မှတ်ယူတတ်ကြ၏။

ကမ်-ဟူသည် "ကမ္မ"၊ ကမ္မ-ဟူသည် "အလုပ်" ကိုပင် ခေါ်သည်၊ ထိုအလုပ်သည် ကောင်းကျိုး ချမ်းသာကိုကို ပေးနိုင် သော ကောင်းသောအလုပ်, မကောင်းကျိုးကို ပေးနိုင်သော မကောင်းသော အလုပ်ဟူ၍ ၂-မျိုး ၂-စား ရှိ၏၊ ထိုတွင် ကောင်းသောအလုပ်ကိုစာသုံး-ရှေးသုံးအားဖြင့် "ကောင်းမှု"

ဟူ၍၎င်း, ''ကုသိုလ်'' ဟူ၍၎င်း ပညတ် ခေါ်ဝေါ်ကြသည်၊ မကောင်းသော အလုပ်ကို ''မကောင်းမှု'' ဟူ၍၎င်း၊ ''အကုသိုလ်'' ဟူ၍၎င်း ပညတ်ခေါ်ဝေါ်ကြသည်၊ ''ကောင်းမှု'' မကောင်းမှု ဟူသော စကား၌ ''ကောင်း,မကောင်း'' အနက်မှာ ထင်ရှားပြီ၊ မှုသဒ္ဒါ၏ အနက်ကား ''အလုပ်'' ပင်ဖြစ်၏၊ ''အ'' သဒ္ဒါကို ဖျောက်၍ ''မှု'' ဟူ၍ သုံးစွဲခြင်း ဖြစ်၏၊ သို့ဖြစ်၍ ''မှု-အမှု-အလုပ်'' ဤစကားတို့သည် အဓိပ္ပါယ်တူ ဖြစ်ကြကုန်၏၊ ''ကုသလ'' ဖြစ်၏၊ ကုသလသည် အပြစ် အနာ မရှိ ဒေါသကင်းစင်သော အလုပ်ကောင်း အမှုကောင်းအနက်ကိုပင်ဟော၏၊ သို့ကြောင့် ကောင်းမှုနှင့် ကုသိုလ်သည်လည်း အနက်အဓိပ္ပါယ်ချင်း သဘောတူဟုပင် မှတ်ရာသည်။

## ကမ်ကောင်းလိုသလား

ထိုသို့ဖြစ်၍ ကမ်ရှိသည် ကမ်ကောင်းသည် ကုသိုလ်ရှိသည် ဆိုလျှင် အလုပ်ရှိသည် အလုပ်ကောင်းသည် အပြစ်ကင်းသော အလုပ်ရှိသည်ဟူ၍ဆိုသည်ကို သဘောမိရာ၏၊ ဤသို့ ဟုတ်မှန်တိုင်း သဘောသက်ဝင်မိ ဆင်ခြင်စဉ်းစားဒိပါက ထိုသူသည် ကမ်ကို သဘောမကျပဲ မယုံကြည်ပဲ ရှိနိုင်တော့မည်မဟုတ်ချေ၊ ယုံကြည်လက်ခံရတော့မည်သာဖြစ်၏၊ ကမ်ကိုယုံကြည်၍မိမိနှင့် သက်ဆိုင်ရာ မိဒ်ဝါသနာပါရာ မိမိ နားလည် ကျွမ်းကျင်ရာ အလုပ်ကို တာဝန်ကျေပြန်အောင် ရိုသေလေးစား၍ ကောင်းမွန်စွာ ပြုလုပ်လျှင် ထိုအလုပ်ရှင်သည် မိမိ၏ အလုပ်အားသျှော်စွာ သက်ဆိုင်ရာအလုပ်ဌာနဘက်၌ တိုးတက် ကြီးပွါးချမ်းသာခြင်းကို မုချ ရရှိတော့မည်သာ ဖြစ်သည်၊ သို့ကြောင့် အတိတ်ကမ်ကိုချည်း လွှဲချ အားကိုး၍ ပေါ့လျော့ အေးဆေး

မနေကြပဲ၊ အတိတ်ကမ်ကို ကူညီအားပေးသော အထောက်အပံ့ ပစ္စုပ္ပန်ကမ်အများအပြားလိုကြောင်းကို ရိပ်မိသိရှိကြ၍ ဉာဏ် ဝီရိယ အစွမ်းဖြင့် ပစ္စုပ္ပန်၌ပြုလုပ်ရန် လက်ငင်းကမ်ကိုလည်း အားသွန်ပြုလုပ်ကြရာသည်၊ ပစ္စုပ္ပန်ကမ်ဖြစ်ပေါ်မှုသည် ဝီရိယပေါ်၌တည်၏၊ ဝီရိယရှိမှ အလုပ်ဖြစ်နိုင်၏၊ ပျင်းရိတွန့်တိုနေလျှင် အလုပ် မပေါ်ပေါက်နိုင်၊ အလုပ်ပင် ပေါ်ပေါက်ဦးတော့၊ ဉာဏ်မဖက်သော ဝီရိယကြောင့် ဖြစ်ပေါ်သော အလုပ်သည် အလုပ်ကောင်းမဖြစ်နိုင်၊ ဉာဏ်ပါမှ,ဉာဏ်ဖက်မှ, ဉာဏ်နှင့် ယှဉ်တွဲသော ဝီရိယနှင့် ထူထောင် အားပေးသော အလုပ်ဖြစ်မှသာလျှင် အလုပ်ကောင်းဖြစ်၍ကမ်ကောင်းနိုင်သည်၊ ကမ်ကောင်းဖြစ်မှ ကောင်းကျိုးချမ်းသာမင်္ဂလာကိုပေးနိုင်သည်၊ သို့ဖြစ်၍ ကောင်းကျိုး ချမ်းသာမှု, ကြီးပွါးမှုကို ဖြစ်ပေါ်စေနိုင်သော ''ပုဗ္ဗေစ ကတပုညတာ'' မင်္ဂလာ တည်းဟူသော ကောင်းမှု ကောင်းလုပ်, ကောင်းသော ပညာ သင်ယူခြင်း, ကောင်းစွာ နေခြင်း, ကောင်းစွာပြောဆိုခြင်း, ကောင်းသော စိတ်ထားခြင်းတို့ကို ဉာဏ် ဝီရိယနှင့်ယှဉ်၍ ထပ်တုံ တလဲလဲ အသစ် အသစ် မိမိတို့သန္တာန်၌ ဖြစ်ပေါ်စေအောင် သတိပြု၍ ကြိုးစားကြရာသည်။

## ၆။ အတ္တသမ္မာ ပဏိဓိစ

''ပုဗ္ဗေစ ကတပုညတာ'' မင်္ဂလာနှင့် ပြည့်စုံခဲ့သောပုဂ္ဂိုလ်သည်သာ မိမိ၏စိတ်ကိုပြုပြင်၍ ကောင်းသောအရာ၌ တည်ထားနိုင်သည်ဖြစ်၍ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ၏ အခြားမဲ့၌.... ''အတ္တ သမ္မာ ပဏိဓိ'' မင်္ဂလာကို ဟော တော် မူ သည် ဟု ယူရပေမည်၊ မိမိကိုယ်ကို ကောင်းသောအရာ၌ ကျေးဇူးရှိရာ

အမှုကိစ္စ၌ ချထားနိုင်ခြင်း, ရပ်တည်စေနိုင်ခြင်းသည် ''အတ္တသမ္မာ ပဏိဓိ'' မင်္ဂလာ မည်သည် ဟု ဟောတော်မူလိုရင်းဖြစ်သည်။

ဘုန်းကမ်ထူးချွန်သူများသာစိတ်ကို နိုင်နင်းနိုင်သည်၊စိတ်ကို နိုင်နင်းသူများသာ ဘုန်းကမ်ထူးချွန်သူဖြစ်နိုင်သည် ဟု အနုလုံ ပဋိလုံ အပြန်အလှန်အညမညပစ္စည်း ကျေးဇူးပြုပုံနည်း အားဖြင့် ပြတော်မူလိုသောကြောင့် ''အတ္တသမ္မာပဏိဓိ''မင်္ဂလာကို ဆက်လက် ဟောတော်မူသည်ဟုလည်း ဆိုရပေမည်။

## စိတ်ကိုနိုင်လျှင် သိဒ္ဓိမြောက်သည်

မိမိကိုယ်ဟူ၍ ဆိုရသော်လည်း စင်စစ်အားဖြင့် စိတ်တည်းဟူသော နာမ်တရားစုကိုသာလျှင် ဤအရာ၌ မိန့်ဆိုတော်မူလိုသည်၊ စိတ်ကိုဆိုသဖြင့် စိတ်နှင့်မကင်းသော ကြွင်းနာမ်တရားစုနှင့်တကွ ရုပ်တရားစုလည်း ပါဝင်တော့သည်။

(၁) ကိုယ်ကျင့်တရားမရှိသေးသော မိမိကိုယ်ကို ကိုယ်ကျင့်တရား ရှိ လာ အောင် ပြု ပြင် ခြင်း သည် အတ္တ သမ္မာ ပဏိဓိ ဖြစ်၏။

ဟိံသကအမည်ရှိသော အင်္ဂုလိမာလသည် ကိုယ်ကျင့်တရား ပျက်နေသော မိမိကိုယ်ကို ကိုယ်ကျင့်တရားကောင်း၌ တည်စေနိုင်သောကြောင့် အရိယာ သူတော်ကောင်း စာရင်းဝင် ဖြစ်ရလေပြီ။

(၂) ရတနာသုံးပါး၌ သဒ္ဓါ ယုံကြည်မှု မရှိသေးသော မိမိကိုယ်ကို သဒ္ဓါယုံကြည်မှုဖြစ်စေခြင်းသည်လည်း အတ္တသမ္မာ ပဏိဓိ ဖြစ်၏။

(၃) ပြေးလွှားလွင့်ပါးနေသော မိမိစိတ်ကို ထိန်းသိမ်း၍ တစုံတခုသောကမ္မဋ္ဌာန်းအာရုံ၌ တည်ထားနိုင်ခြင်းသည်လည်း အတ္တသမ္မာပဏိဓိဖြစ်၏၊ သံဃရက္ခိတရဟန်းငယ်သည် ဦးကြီး ဖြစ်သော သံဃရက္ခိတထေရ် အနီး၌ ယပ်လေ ခပ်နေစဉ် စိတ်အာရုံလွင့်ပါး၍ ဆရာမထေရ်၏ ဦးခေါင်းကို ယပ်နှင့် ရိုက်မိမှ အရှက်ရ၍ စိတ်ကိုထိန်းသိမ်းရာ အရဟာအဖြစ်သို့ ရောက်ရှိခဲ့လေပြီ။

(၄) စာပေမသင်ကြားလိုသော စာသင်သားသည် စာပေ ထဲ၌ စိတ်ကို ပြောင်းလွှဲ၍ ပျော်မွေ့စေနိုင်လျှင် အတ္တသမ္မာ ပဏိဓိ ဖြစ်၏။

စာပေပညာ သင်ကြားချိန်၌ ကျောင်းပြေးနေတတ်သော ကျောင်းသားနှင့် ကျောင်းသားအလုပ်မဟုတ်သော နိုင်ငံရေး၌ စိတ်လေလွင့်နေသော ကျောင်းသားတို့သည် စိတ်ကို ပြန်လည် ထိန်းသိမ်း၍ စာပေပညာကို သင်ကြားလျှင် အဘိုးတန်သော ပညာရှိလူကောင်းတယောက် ဖြစ်လာတတ်သည်။

(၅) မိမိပြုလုပ်သင့်သောအလုပ်အကိုင်ကို မလုပ်ကိုင်လိုပဲ စိတ်လေလွင့်ပြေးသွားနေသောသူသည် မိမိ၏စိတ်ကို အလုပ်၌ မွေ့လျော် ပျော်ပိုက်စေ၍ သိမ်းဆည်း ဆွဲဆောင် ထားနိုင် လျှင်လည်း အတ္တသမ္မာပဏိဓိ ဖြစ်၏၊ အလုပ်ကိစ္စ၌ စိတ်ကို မွေ့ လျော် ပျော် ပိုက် စေ၍ တည် ထား နိုင်ပါက အလုပ် တွင်ကျယ်၏၊ အလုပ်ကောင်း၏၊ ခရီးရောက်၏၊ အဘိုးတန်သော အလုပ်ဖြစ်၏၊ ထို့ကြောင့် ကောင်းကျိုး ချမ်းသာကို ရနိုင်၏၊ အတ္တသမ္မာပဏိဓိ မင်္ဂလာသည် အရာကျယ်၍ သိမ်မွေ့သော တရားဖြစ်၏။

# အတ္တသမ္မာပဏိဓိမင်္ဂလာရှိသောရဟန်းငယ်

မြတ်စွာဘုရား လက်ထက်တော်က မာတိကာရွာ၌ ရွာသူကြီး၏မိခင် မာတိကာမာတာမည်သော ဥပါသိကာမကြီးသည် မာတိကာရွာ၌ ဝေါစရဂါမ်ပြု၍ သီတင်းသုံးတော် မူကြသော ရဟန်းတော် များအား လျောက်ပတ် သင့်လျော်မည့် ဆွမ်းဘောဇဉ် တို့ဖြင့် လှူဒါန်း ပြုစု ခြင်းကြောင့် ရဟန်းတော် ခြောက်ကျိပ်တို့သည် သင့်တင့်လျောက်ပတ်သော နေရာကောင်း အာဝါသ သပ္ပါယစသည် များညီညွတ်၍ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်၏၊ မာတိကာမာတာ ဥပသိကာမကြီးသည်ကား ရဟန်းတော်တို့၏ အလျင်အနာဂါမ် အဖြစ်သို့ရောက်၍ အဘိညာဏ်ကိုလည်းရရှိလေ၏၊ ဥပသိကာမကြီး၏စေတနာနှင့် ဆွမ်း ဟွမ်းသပ္ပါယ များသော သတင်းကို ဇေတဝန်ကျောင်းတော်မှ ရဟန်းငယ်တပါး ကြားသည့်ကာလ မာတိကာရွာသို့ သွား၍ နေ၏၊ မိမိနှင့် သပ္ပါယ ဖြစ်သော အချိုအချဉ်ခဲဘွယ်ဘောဇန် ဆွမ်းဟွမ်းတို့ကို သုံးဆောင်ရ၏၊ စိတ်အလိုရှိတိုင်း စားသောက် ဘဉ်းပေး ရသဖြင့် ငါသည် ပုထုဇန်များသာ ရှိသေး၏၊ ကြံမိကြံရာ ကြံမိသည်ကို ဥပသိကာမကြီး အဘိညာဏ်ဖြင့်သိရှိပါက ရှက်ဖွယ်ရာဖြစ်ပေဘော့မည်ဟု သတိရ၍ စိတ်ကို ပြုပြင်ထိန်းသိမ်း ဆောက်တည်လျက် အတ္တသမ္မာပဏိဓိမင်္ဂလာနှင့် ပြည့်စုံစေရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်သွားလေသတည်း၊ သို့ဖြစ်၍ မိမိ၏လောကီလောကုတ္တရာ ချမ်းသာကြီးပွါးရေးကိုလိုလားသောပုဂ္ဂိုလ်တိုင်း မိမိသန္တာန်၌ အတ္တသမ္မာပဏိဓိမင်္ဂလာကို တည်ရှိစေရာသည်။

# ၇။ ဗာဟုသစ္စဥ္စ

အတ္တသမ္မာပဏိဓိမင်္ဂလာရှိသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ ထိန်းသိမ်း ဆောက်တည် နိုင်သော ကြောင့် လောကီ လောကုတ္တရာ အကြားအမြင် ဗဟုသုတကို ရှာမှီး ဆည်းပူး နိုင်သည်ဖြစ်ရကား…."ဗာဟုသစ္စဥ္စ"မင်္ဂလာကိုဆက်၍ဟော တော်မူသည်ဟုမှတ်ရာသည်။

**စက်လေးပါး**

နောက်က ပြဆိုခဲ့ပြီးသော မင်္ဂလာများကို အတိုချုပ်လျှင် လောက လူသားသတ္တဝါအများတို့ နေ့ရှိသမျှ ပြုလုပ်ဆောင် ရွက်အင်သော အမှုကိစ္စ အမျိုးမျိုးတို့၌—

(၁) ပဏ္ဍိတာနဉ္စသေဝနာ၌ ဆိုခဲ့ပြီးသော ပညာရှိမျိုးကို ဆရာတင်မြောက်ခြင်း=သပ္ပုရိသုပနိဿယစက်၊

(၂) ပတိရူပ ဒေသဝါသ- မိမိတို့၏ အလုပ် အကိုင်နှင့် သင့်လျော်မည့်နေရာဌာနကို ရွေးချယ်ခြင်း=ပတိရူပ ဒေသဝါသစက်။

(၃) အတ္တသမ္မာပဏိဓိ-မိမိ၏ စိတ်ကို မိမိ အလို ရှိရာ အလုပ်အကိုင်၌ လိုသလို အသုံးချနိုင်အောင် ပြုပြင် တည်ထားပေးနိုင်ခြင်း=အတ္တသမ္မာ ပဏိဓိ စက်။

(၄) ပုဗ္ဗေစကတပုညတာ-မိမိတို့ အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်ခဲ့သော လုပ်ငန်းစဉ် အမျိုးမျိုးတို့၏ အကျိုး ဖြစ်ထွန်း၍ ထူးချွန်သည့် အခါသို့ ရောက်ခြင်း= ပုဗ္ဗေစ ကတပုညတာ စက်။

ဤမင်္ဂလာတရား စက်လေးပါးနှင့် ပြည့်စုံလျှင် ပညာရေး, စီးပွားရေး, နိုင်ငံရေး, ဘာသာရေးစသော မည်သည့် အရေးကိစ္စမဆို ပြီးစီးနိုင်ပြီဖြစ်သောကြောင့် လောကလူသားမှန်သမျှ ပထမဆုံး ဆောင်ရွက်ရမည်ဖြစ်သော ပညာရေး ပြဿနာကို ဖြေရှင်းတော်မူလိုသော မြတ်စွာဘုရားသည် ''ဗာဟုသစ္စဉ္စ'' စသော မင်္ဂလာ လေးပါးကို ဆက်လက်၍ ဟောကြားတော်မူသည်ဟုလည်း ဆိုရပေမည်။

## ဗဟုဿုတနှစ်ပါး

လောကီ ဗဟုဿုတဖြစ်စေ, လောကုတ္တရာ ဗဟုဿုတဖြစ်စေ, ဗဟုဿုတရှိသူသည် မင်္ဂလာရှိသူပင်ဟု ဟောတော်မူသည်၊ သို့ရာတွင် ပဓာနမှာမူကား လောကုတ္တရာ ဗဟုဿုတဟူသည် သာသနာတော်နှင့်စပ်လျှင် လိုရင်းပဓာန ဿုတဗဟုဖြစ်သည်၊ လောကုတ္တရာ ဗာဟုဿုတရှိသော ပုဂ္ဂိုလ်သည် မိမိ၌ရှိသော ဗဟုဿုတကို အကြောင်းပြု၍ ဆောင်ယူ မှတ်သားအပ်သော ဗဟုဿုတဖြင့် တရားတော်ကို ဆင်ခြင် လေ့လာပွားများအပ်သည်ရှိသော်၊ ပရမတ္ထသစ္စာကို ကိုယ်တိုင်အားဖြင့် မျက်မှောက်ပြုနိုင်၏၊ ပညာဖြင့် ထိုးထွင်း၍ သိ၏၊ဤသို့ ကျေးဇူး များသောကြောင့် လောကုတ္တရာ ဗဟုဿုတသည် ပဓာန ဗဟုဿုတ ဖြစ်လေသည်၊ အပြစ် လွတ်ကင်းသော လောကီလူတို့၏ ဗဟုဿုတ သည်လည်း ပစ္စုပ္ပန်လောက တမလွန်လောကတို့၌ ကျေးဇူး များသောကြောင့် မင်္ဂလာပင် ဖြစ်ပေသည်၊ သို့ဖြစ်၍ တတ်နိုင်လျှင် လောကုတ္တရာ ဗဟုဿုတ မင်္ဂလာရှိရမည်၊ လောကုတ္တရာ ဗဟုဿုတ မင်္ဂလာကို မရစေကာမူ လောကီ ဗဟုဿုတ မင်္ဂလာကို ရရှိစေ ကြရမည်၊

လောကုတ္တရာ ဗဟုသုတ, သောကုတ္တရာ အကျိုးကျေးဇူးတို့ကို ရရှိရန်မှာလည်း ရှေးဦးစွာ လောကီ ဗဟုသုတ, လောကီ အကျိုးကျေးဇူးတို့ပြည့်စုံရမည်ဖြစ်၏။ မြတ်စွာဘုရားကိုယ်တော် တိုင်လည်း လောကီ အကြားအမြင် ဗဟုသုတ, လောကီ ကြီးပွားချမ်းသာရမှုတို့ကို ညွှန်ကြားတော်မူ၏၊ လိုလားတော်မူ၏၊ ဗျဂ္ဃပဇ္ဇသုတ္တကာကို ဟောတော်မူသော သမ္ပဒါရှစ်ပါးတွင် လောကီ သမ္ပဒါ လေးပါး, လောကုတ္တရာ သမ္ပဒါ လေးပါး ဟောတော်မူ၏၊ အပြစ်မရှိသော လောကီပညာရေး, စီးပွား ရေး, ကျန်းမာရေးတို့ကို ထိုထို အရာတို့၌ များစွာပင် ဟော တော်မူ၏၊သို့ဖြစ်၍ လောကီဗဟုသုတသည်လည်း အပြစ်လွတ် ကင်းပါမူ မင်္ဂလာထိုက်သော ဗဟုသုတ ဖြစ်သလျှင်ကတည်း။

## ဗဟုသုတ မင်္ဂလာ နှင့် အရှင် အာနန္ဒာ

အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသော အခါ တိုင် အောင် သောတာပန် မျှ သာ ဖြစ် သော် လည်း လောကုတ္တရာဗဟုသုတ လောက်ငှ ပြည့်စုံတော်မူသောကြောင့် ပထမ သင်္ဂါယနာတင်ပွဲသို့ ဝင်ရအံ့ဆဲဆဲ ဖြစ်သော ညဉ့်၌ ရရှိပြီး ဗဟုသုတကို အခြေပြု၍ ရဟန်းတရားကို အားထုတ် တော်မူရာ နံနက် မလင်းမီ ပဋိသမ္ဘိဒါပတ္တ အဂ္ဂဒက္ခိဏေယျ ရဟန္တာကြီးဖြစ်၍ သင်္ဂါယနာ တင်ပွဲသို့ ရဟန္တာ အဖြစ်ဖြင့် ပါဝင်၍ ဆောင်ရွက်တော်မူနိုင်လေသည်။

## ဗဟုသုတ မင်္ဂလာနှင့် ဘိုးရာဇာ

မိတ္ထီလာနယ် ဝင်းစင်းရွာသား မောင်ရာဇာသည်ငယ်စဉ်က စ၍ လောကီ ဗဟုသုတ ရှာမှီး ဆည်းပူးခဲ့လျက် ဗာဟုသစ္စ မင်္ဂလာကို ဖြစ်စေခဲ့ရာ မြန်မာ သက္ကရာဇ် ၇၃၀-ပြည့်နှစ်၌

မိတ္ထိလာကန်တော် ကျိုးပေါက်၍ အင်းဝဘုရင် မင်းကြီးစွာစော်ကဲ ကိုယ်တိုင် စီမံအုပ်ချုပ်၍ ကန်ကို ဆည်ဖို့ ပြုပြင်စဉ့် ကန်ရိုးပေါ်၌ မိန်းမရုပ်နှင့် အဆောက်အဦ တခုကို တွေ့၍ သိမှိလောက်သော သူတို့အား မေးမြန်းလေရာ မဖြေကြားနိုင် ရှိကြသည်တွင် ဝင်းစင်းရွာသူကြီး၏ သားမက်သည် အမှတ်အသား အကြားအမြင် များပါသည်၊ သိတန်ကောင်းပါသည်ဟု တင်လျှောက်ကြ၍ ခေါ်ယူ စုံစမ်းကာလ ဤမိန်းမရုပ်သည်လည်း နတ်ရုပ်မဟုတ်ပါ၊ အဆောက်အဦ သည်လည်း နတ်ကွန်းမဟုတ်ပါ၊ အနော်ရထာမင်းစောသည် ဤကန်တော်ကြီးကို ဆည်ဖို့ပြုပြင်တော်မူဆဲအခါ စော်ဘွားကဆက်သသည့် မြတ်နိုးတော်မူလှသော မိဘုရားသည် လတ်တလောချောင်ါနှင့်သေဆုံးသည်တွင် အလောင်းကို မစွန့်ရက်ရှိသဖြင့် ဘုရင်မင်းမြတ် စိတ်သက်သာတော် မူ၍ အလောင်းကို သဂြိုဟ်မှုပြုနိုင်စေရန် အမတ်များက ရွှေသားရုပ်တု ပြုလုပ်ပေးရာ အပြန်တွင် ပုဂံ နေပြည်တော်သို့ ဆောင်ယူတော် မူလိုသော်လည်း အမတ်များက မသင့်တော်ကြောင်း သံတော်ဦးတင်ကြသဖြင့် ရွှေသားရုပ်တုကို ကန်ရိုးအောက်၌ ကျောက်တိုက်,ကျောက်ခန်း ပြုလုပ် သွင်းထားစေ၍ ရွှေသား ရုပ်တုနှင့် အလားတူ သစ်သားရုပ်ကိုကန်ရိုးပေါ်တွင် အဆောက်အဦနှင့် ကောင်းစွာထားခဲ့ခြင်း ဖြစ်ပါ ကြောင်းကို တင်လျှောက် လေသည်၊ တင်လျှောက်သည့်အတိုင်း တူးဖေါ်စေရာ ရွှေရုပ်ကိုရရှိ၍ဘုရင်မင်းကြီးစွာစော်ကဲ သည် နှစ်သက် အားရ၍ ဤသို့သော ဗဟုဿုတရှိသူသည် တောအရပ်နှင့်မတန်ချေ၊နေပြည်တော်သို့ ခေါ်ယူချီးမြှောက် ထားသင့်ပေသည်ဟု ပညာရှိမင်းဖြစ်သည့် အားလျော်စွာ ခေါ်ယူပူဇော် ချီးမြှောက်လေရာ အဆင့်ဆင့်

ရာထူး ဂုဏ်ထူး တိုးတက် ကြီးပွါး ချမ်းသာ၍ ယနေ့တိုင် အောင်ပင် မင်းတိုင်ပင်အမတ်ကြီး ဘိုးရာဇာဘဟူ၍ ကျော်စော သတင်း ထင်လင်းလျက် ရှိခြင်းသည် ဗဟုဿုတ မင်္ဂလာကို မိမိသန္တာန်၌ တည်ရှိစေခြင်း၏ ကျေးဇူး ဥပကာရကြောင့်သာ ဖြစ်လေသည်၊ ထို့ကြောင့် ''ဗာဟုသစ္စ'' မင်္ဂလာကို သူရော ကိုယ်ပါ အားထုတ်ဆည်းပူးအပ်လှပေသတည်း။

## ၈။ သိပ္ပ

''ဗာဟုသစ္စ'' မင်္ဂလာ ရှိသော ပုဂ္ဂိုလ်အား လျော်သော လက်မှု စက်မှုပညာကို တတ်မြောက်နားလည်ခြင်းသည်လည်း မင်္ဂလာဖြစ်သည်ကို ပြတော်မူလိုသောကြောင့် ''သိပ္ပ'' ကို ဆက်လက်ဟောတော်မူသည်။

တနည်းတုံ။ ။ဗာဟုသစ္စ မင်္ဂလာနှင့် ပြည့်စုံပြီးသော အသင်တို့၏ မျက်စိနှင့်နားသည် မည်မျှလောက် အမြင်အကြား နှင့်ပြည့်စုံစေကာမူ အသင်တို့၏မျက်စိဖြင့်မြင်ခဲ့သော အကြောင်း အရာများ, ကြား၍မှတ်သားခဲ့သော အကြောင်းအရာများကို လုပ်ငန်းစဉ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်၍ ကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်မှသာလျှင် အသင်တို့ကြည့်ခဲ့သမျှ ကြားခဲ့ သမျှ ဗာဟုသစ္စ မင်္ဂလာသည် ကောန်စင်စစ် အကျိုးဖြစ်ပေါ် နိုင်သည်ကိုပြလိုသောကြောင့်''သိပ္ပ''မင်္ဂလာကို ဆက်လက်၍ ဟောတော်မူသည်ဟုလည်း ယူနိုင်ပေသည်။

### ပညာရေးပြဿနာ

မင်္ဂလာတပါးဖြစ်သော သိပ္ပသည် လက်မှု စက်မှု ပညာ ပင်တည်း၊ ထိုပညာသည် လူတို့၏ဆိုင်ရာလက်မှု စက်မှုပညာ,

ရဟန်း သာမဏေတို့ ဆိုင်ရာ လက်မှုပညာဟူ၍ နှစ်မျိုး ရှိ၏။ ထိုတွင် အပြစ်ကင်းစင်၍ အများလူတို့ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်သော လက်သမား, ပန်းပု, ပန်းဘဲ, ပန်းတိမ်, ကျောက်သွေး, ယက်ကန်း, အိုးခွက် ပန်းကန်စသည်ဖြင့် များလှစွာသော လက်မှုစက်မှုအတတ်တို့သည် လူဘိုနှင့်ဆိုင်ရာသိပ္ပတို့ ဖြစ်ကုန်၏။

ယခုခေတ် နိုင်ငံတွင်း နိုင်ငံခြားတက္ကသိုလ်ကျောင်းကြီးများ၌ သင်ယူရသော ဆေးဘက်, စက်ဘက်, သစ်တော, သတ္တုတွင်း, ရေနံတွင်း, ရာသီဥတုဘက် စသည်ဖြင့် အရေ အတွက် များစွာသော အတတ်ပညာ တို့သည်လည်း လူတို့နှင့် ဆိုင်ရာ သိပ္ပတို့ ဖြစ်ကုန်၏။

သင်္ကန်းချုပ်ခြင်း, သပိတ်ဖုတ်ခြင်း, သပိတ်အိတ်ချုပ်ခြင်း စသော အတတ်ပညာတို့သည် ရဟန်းတော်တို့နှင့်ဆိုင်ရာ လိမ္မာနားလည်ရမည့် လက်မှုပညာတို့ ဖြစ်ကုန်၏၊ လူတို့သည်ရင်း, ရဟန်း တို့သည်ရင်း ထိုထို ဆိုင်ရာ သိပ္ပ တို့ကို စွမ်းနိုင်သမျှ တတ်သင့်သလောက် တတ်ထိုက်ကြပေသည်။

ဆိုင်ရာ ဆိုင်ရာ အတတ်ပညာတို့ကို တတ်သိ နားလည်လျှင် သိပ္ပမင်္ဂလာရှိသောဂုဏ်ကို ရကြပေတော့သည်၊ ယခုခေတ်၌ စက်မှု လက်မှုသိပ္ပ ထွန်းကားသော ထိုထိုနိုင်ငံခြားတို့၌ နိုင်ငံခြားသားတို့သည် သိပ္ပမင်္ဂလာနှင့် ပိုမိုပြည့်စုံကြ၍ အကျိုးကျေးဇူး ခံစားကြရသည်ကား ထင်ရှားသော သက်သေသာဓက ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ သိပ္ပမင်္ဂလာများစွာရှိကြသော နိုင် ငံ ခြား တို့ မှ အ ထည် ကောင်း အ ဝတ် ကောင်း များ,

အိုးခွက်ပန်းကန် စသော မရှိလျှင်မဖြစ်သော အသုံး အဆောင် ပစ္စည်းများ မရောက်လာ နိုင်ကြ သောကြောင့် သိပ္ပံ မင်္ဂလာ အားနည်းသော မြန်မာ တိုင်းရင်းသား တို့သည် ကြမ်းထမ်း လှစွာသော အဝတ်အထည်များကို ဆင်ယင်သုံးစွဲ ကြရကုန်၏၊ မြေအိုး, မြေခွက်, ဝါးခွက်, သံခွက်, သေတ္တာခွက် တို့ကို သုံးစွဲ ကြရကုန်၏၊ မြန်မာပြည် အောက်ပိုင်း၌ကား အဝတ်အထည် အတွက် ပိုမို၍ ဆင်းရဲကြရကုန်၏၊ သူတပါး၏ သိပ္ပံကိုသာလျှင် အားထား ကိုးစားခဲ့ကြ၍ သိပ္ပံမင်္ဂလာ ခေါင်းပါးကြ သဖြင့် အဝတ် အထည်နှင့် တကွ အချို့ အချို့သော လူတို့၏ အသုံး အဆောင်များအတွက် ဆင်းရဲကြရကုန်၏၊အထူး သတိပြုထိုက် ကြသည်၊ သတိရသင့်ကြသည်။

နိုင်ငံခြားသားတို့၏ သိပ္ပံတို့ဘွင် သိပ္ပံ ဆိုရကာမျှ ကိုလည်း မချီးကျူးနိုင်ပေ၊ သတ္တဝါ တို့၏ ကောင်းရာကောင်းကြောင်း, ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်သော သိပ္ပံမျိုး ကိုသာလျှင် ချီးမွမ်း နှမော သာဓုခေါ်ကြရပေမည်၊ သတ္တဝါတွေသေကြေ ပြုန်းတီး ပျက်စီးစေ၍ ဒုက္ခဆင်းရဲကို ဖြစ်စေတတ်သော လက် နက်အမျိုးမျိုးကို လုပ်ကိုင်တတ်သော သိပ္ပံအစားမျိုးကို မူကား ဘုရားစသော သူတော်ကောင်းတို့သည် မချီးကျူးရုံသာ မကပဲ ကဲ့ရဲ့ရှုတ်ချ စက်ဆုတ်တော်မူကြသည်သာဖြစ်သည်၊ ထိုသိပ္ပံမျိုး သည်ကား သိပ္ပံသာမညသာ ဖြစ်၏၊ မင်္ဂလာ မဆိုထိုက်ပေ၊ ထို့ကြောင့် အပြစ် ကင်းစင်၍ သတ္တဝါတို့၌ ချမ်းသာကြောင်း ဖြစ်သော စက်မှု,လက်မှုပညာ သိပ္ပံမင်္ဂလာနှင့် မိမိတို့သန္တာန်၌ ပြည့်စုံအောင်သာလျှင် သတိပြု၍ သင်ကြားကြရမည်၊ သင်ယူ ပြီးသည်ကို လုပ်ငန်းစဉ် အဖြစ်သို့ ရောက်အောင် ဆက်လက် ဆောင်ရွက်ကြရမည်။

နိုင်ငံနှင့် အမျိုးသား တိုင်းရင်းသား များကို ချစ်မြတ်နိုး ကြသောအသင်တို့သည် မိမိတို့ဝါသနာပါရှိရာ စက်မှု, လက်မှု ပညာရပ်များကို ယင်ယူလေ့လာကြ၍ တတ်မြောက် ပြီးသော ပညာဖြင့် နိုင်ငံနှင့် တိုင်းရင်းသား အမျိုးသားတို့ ကြီးပွါးရာ ကြီးပွါး ကြောင်းကို စွမ်းနိုင်သည့်ဘက် စွမ်းနိုင်သည့် ဌာန တစ္စန်းတစ တထောင့် တနားကနေ၍ သည်ပိုး ထမ်း ရွက် သင့်ကြပေသည်၊ နိုင်ငံတခု အမျိုးသားတရပ်ကြီးပွားချမ်းသာ ရေးသည် တဦးတယောက်တည်းနှင့် မပြီးနိုင်,မအောင်မြင်နိုင်, မပြည့်စုံ နိုင်ချေ၊ ပညာ အမျိုးမျိုး တတ်သော တိုင်းရင်းသား အမြောက်အမြား တို့သည် တတ်ရာ ပညာဘက်က အားထုတ် ဆောင်ရွက်သော်မှသာလျှင် ပြည့်စုံနိုင်ပေသည်၊နိုင်ငံရေးသမား အနေနှင့် ပစပ်ပြော အလုပ်လောက်နှင့် မကြီးပွါး နိုင်ချေ။ အမျိုးသားတို့၏ အိတ်ထဲက နှိုက်ယူစားတတ်ကာမျှ နှင့်လည်း အများအကျိုး နိုင်ငံတော်အကျိုး အမျိုးသားတို့၏ အကျိုးကို သည်ပိုးရာမရောက်ပေ၊ အကြားအမြင် ဗဟုသုတ နည်းပါး ကြသော တိုင်းရင်းသား တောင်သူလယ်သမားများကိုမြောက် ပင့်သွေးဆောင်ဆွဲယူကာ မိမိအတွက် အသုံးချခြင်းဖြင့်လည်း နိုင်ငံအကျိုးကို သည်ပိုး ဆောင်ရွက်သည် မဆိုနိုင်ပေ၊ နိုင်ငံနှင့် တိုင်းရင်းသား တို့၏ အကျိုးကျေးဇူးကို အမှန်အစစ် အလို ရှိသော သင်တို့သည် တိုင်းရင်းသား တောင်သူ လယ်သမား များကို ခေတ်မှီသော စိုက်ပျိုးနည်း, ထွန်ယက်နည်း, ရောင်း ဝယ်နည်း, ဆန်စပါး, ဝါ, ပြောင်း, ပဲ စသည် အမျိုးကောင်း ထွက်ရှိစေရန် နည်းနိဿယ သိပ္ပပညာတို့ကို ညွှန်ကြားပြသ ကြရမည်၊ ဗဟုသုတနှင့် သိပ္ပ မင်္ဂလာ အားနည်းသော တောင်သူလယ်သမား အလုပ်ကြမ်းသမားများကို ရတန်သမျှ

ဗဟုသုတနှင့် သိပ္ပံမဂ်လာကို ရရှိကြအောင် စီမံဆောင်ရွက် ပေးကြရမည်၊ တောလက်ကျေးရွာတို့၌ စာသင်ကျောင်းခေတ်မှီစွာ ရှိအောင် တည်တံ့သော စာကြည့်တိုက် ရှိအောင် စီမံဆောင်ရွက်ပေးကြရမည်။ ကျန်းမာရေးအတွက်လည်း တတ်နိုင်သမျှ နေတတ်စားတတ် ပြုပြင်တတ်အောင် စီမံ ပေးရမည်။ ဆေးဆရာကောင်း အရပ်တိုင်း၌ ရှိအောင် စီမံပေး ရမည်။ ယင်းသို့ အသင်တို့က စီမံဆောင်ရွက် ပေးကြပါလျှင် မြန်မာပြည်၏ သိပ္ပံမဂ်လာသည် ဒီရေအလား တိုးပွားလာပေမည်၊ သိပ္ပံမဂ်လာတိုးပွား၊ ဆန်းရေစပါးစသော ကောက်ပဲသီးနှံတို့ ပိုမိုထွက်ရှိပြီးကျန်းမာရေးနှင့်လည်းပြည့်စုံကြပါလျှင်အသင်တို့ တွေ့လိုမြင်လိုသော ချမ်းသာယာ မွေ့လျော်ဘွယ်ရာကောင်းသော မြန်မာပြည်ကြီးသည် စည်ပင် ဝပြောစွာနှင့် တွေ့မြင်ကြရပေလိမ့်မည်၊ ထိုအခါ၌ တောင်သူလယ်သမား၊ အလုပ်သမားတို့သည် အလိုအလျောက် အသင်တို့ကို ကျေးဇူးတင်လာကြ ပေလိမ့်မည်၊ ကြည်ညို လာကြပေလိမ့်မည်၊ ကျွေးမွေးပေးကမ်းချင်လာကြပေလိမ့်မည်၊ ကျန်းမာ၍ အသက်ရာကျော်ရှည်စေကြောင်း ဆုတောင်း မေတ္တာ ပြုလာကြ ပေလိမ့်မည်၊ အသင်တို့သည်လည်း ရေမြှင့် ကြာမြင့် ဆိုသကဲ့သို့ ထိုသူတို့က ပူဇော် ချီးမြှောက်ကြသဖြင့် တင့်တင့် တယ်တယ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြေနပ်စွာ နေကြရ ပေလိမ့်မည်၊ သို့ဖြစ်၍ အသင်တို့ကိုယ်တိုင် ရှေးဦးစွာ သိပ္ပံမဂ်လာနှင့် ပြည့်စုံပြီးလျှင် တိုင်းရင်းသားတို့ကိုလည်း ညွှန်ပြပြီးသည့်အတိုင်း သိပ္ပံမဂ်လာ ဗဟုသုတ မဂ်လာတို့နှင့် ပြည့်စုံအောင် မိမိအကျိုးကျေးဇူး တိုင်း ရင်း သား တို့၏ အကျိုး ကျေးဇူး တို့ကို မြော်ရှု၍ စိတ်စေတနာ သန့်ရှင်းစွာနှင့် ဆောင်ရွက်ကြိုးစားကြရာသည်။

## ၉။ ဝိနယောစသုသိက္ခိတော

အထိန်းမရှိသော ချည်ခင်သည် ရှုပ်ထွေး၍ အသုံး မဝင် သကဲ့သို့ရင်း, အကွပ် မရှိသောကြမ်းသည်ပရမ်း ပတာဖြစ်၍ ပျက်စီး တတ်သကဲ့သို့ရင်း, လူတို့၌ သင်ယူ မှတ်သားအပ်, လိုက်နာကျင့်သုံးအပ်သော ဝိနည်းမရှိလျှင် လေလွင့် ဖျင်းပေါ့ ဟော့ဟော့ရမ်းရမ်း နှုတ်ကြမ်း ကိုယ်ဆိုး အဘိုးမတန် အသုံး မဝင်သော လူညံ့စားဖြစ်ဖွယ်ရှိ၍ အထိန်းအကွပ်နှင့် တူသော ဝိနည်းတရား ရှိသော်မှ သာလျှင် လိမ္မာယဉ်ကျေး လူရေးလူရာ ဝင်လျက် လူ့အဘိုးတန် ဖြစ်ရာသောကြောင့် ''ဝိနယောစ သုသိက္ခိတော'' မင်္ဂလာကိုဟောကြားတော်မူသည်။

တနည်းသော်။ ။အသင်တို့၏မျက်စိသည်တမိနစ်အတွင်း တကပ္ပါလုံး၌ ရှိသော ရေမြေ တောတောင် ကောင်းကင်နှင့် တကွသော အဝိညာဏကနှင့် တကွ သဝိညာဏက သတ္တဝါ ဟူသမျှကို ဖေါက်ထွင်း သိမြင် နိုင် သော ဘူမိ ဗေ ဒ, ရုက္ခ ဗေဒ, အာကာသဗေဒ, သတ္တဗေဒ စသော ပညာရပ်တို့၌ မြင်စွမ်းနိုင်စေကာမူ အသင်တို့၏ နားသည် တမိနစ် အတွင်း တကပ္ပါလုံး၌ ရှိသော အသံများကို ကြားစွမ်း နိုင်စေကာမူ အသင်တို့၏လက်သည် မျက်စိဖြင့် မြင်စွမ်းနိုင်သလောက် နား ဖြင့် ကြားစွမ်းနိုင်သလောက် ကပ္ပါသူ ကပ္ပါသား သတ္တဝါ အများတို့အား လက်ဖျစ်တီး ရုံမျှဖြင့် ငိုစွမ်းနိုင် ရယ်စွမ်းနိုင် သော လက်မှုပညာကို တတ်စေကာမူ, စိတ်ဓါတ်ကို ယဉ်ကျေး စေတတ်, လိမ္မာစေတတ်သော ''သုသိက္ခိတဝိနယ'' မင်္ဂလာနှင့် မတွဲမိ မဒပေါင်းစပ်မိပါက အသင်တို့၏ ဗာဟုသစ္စမင်္ဂလာ,

သိပ္ပမင်္ဂလာ တို့သည် အသင် တို့၌ တည်ရှိကြ သော်လည်း အသင်တို့ အပါအဝင် ဖြစ်သော ကပ္ပါသူ ကပ္ပါသား တို့၏ ချမ်းသာ ကြီးပွားရေးကို ဆောင်ရွက် နိုင်ကြမည် မဟုတ်ပေ၊ အမှန်စင်စစ်မှာ အသင်တို့နှင့် တကွသော ကပ္ပါသူ ကပ္ပါသား တို့၏ ဆင်းရဲဒုက္ခများဘို့ရာ, ပျက်စီးဘို့ရာသာ ဖြစ်ပေလိမ့်မည်၊ ကောင်းစွာ သင်ကြားနာယူ လိုက်နာ အပ်သော ''သုသိက္ခိတ ဝိနယ''မင်္ဂလာနှင့်ယှဉ်၍ ယဉ်ကျေးစေမှသာလျှင် အသင်တို့နှင့် ကပ္ပါသူ ကပ္ပါသား အပေါင်း ချမ်းသာကြောင်း၊ တိုးတက် ကြီးပွားကြောင်း ဖြစ်ပေမည် ဟု ဉာဏ်အမြင် ရှိတော် မူသော မြတ်စွာဘုရားသည် ''ဝိနယောစ သုသိက္ခိတော'' မင်္ဂလာကို ဆက်၍ဟောတော်မူသည် ဟု မှတ်ရမည်။

## ဝိနည်းဆိုတာ ဘာလဲ

ဝိနည်းဟူသည် လူကို ယဉ်ကျေးအောင်၊ ငြိမ်သက်အောင်၊ အဘိုးတန်အောင်၊ လောက၌ အသုံးဝင်အောင်၊ လောကုတ္တရာ တရားထူးကို ရအောင် ပြုပြင် ပို့ဆောင် ဆုံးမ ပဲ့ပြင် သွန်သင်ကြောင်း တရားစည်းမျဉ်းဥပဒေသပင်ဖြစ်သည်၊''စည်းမျဉ်း ဥပဒေသ''ကို ဝိနည်းဟု ဆိုသည်၊ ထိုဝိနည်းသည် လူတို့ဆိုင်ရာ ဝိနည်း, ရဟန်းတော်တို့ ဆိုင်ရာ ဝိနည်း ဟူ၍ ၂ မျိုး ရှိ၏၊ အကုသလ ကမ္မပထဟူသော ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်မှု စသည်သည် လူတို့ဆိုင်ရာ ဝိနည်း ဖြစ်၏၊ ဒုစရိုက် တို့ကို ရှောင်ကြဉ်ခြင်း, သုစရိုက်တို့ကို ဖြစ်စေခြင်းသည်ဂုဏ်း မိဘဝတ်, သားသမီးဝတ်, ဆရာ့ဝတ်,တပည့်ဝတ်,လင့်ဝတ်,မယားဝတ်, အရှင့် ဝတ်, အမှုလုပ် ဝတ်, ရဟန်း ဝတ်, ဒကာ ဝတ်, ခေါင်းဆောင် ရှေ့ဆောင် လူကြီးဝတ်, နောက်လိုက်ငယ်သား

ဝတ်တို့တွင် ဆိုင်ရာ ဆိုင်ရာ တာဝန် ဝတ်တရား တို့ကို ဆောင်ရွက်ခြင်း, ပြည့်စုံစေခြင်းသည်၎င်း, သေစာ သောက်စားခြင်း, လောင်းကစားခြင်း, အချည်းနှီး လည်ပတ်ခြင်း, အခါမဲ့ လည်ပတ်ခြင်း, အပျော် အပါး လိုက်စားခြင်း တို့မှ ရှောင်ကြဉ် ခြင်း သည် ၎င်း, လူ့ဘို ဆိုင် ရာ ဝိနည်း တို့ ပေတည်း။ထိုနည်းတို့ဖြင့် လူတို့သည် မိမိကိုယ်ကို မိမိ ထိန်းသိမ်း ဆင်ခြင် ပြုပြင်၍ ယဉ်ကျေးစေရမည်။

**ဒုစရိုက်ဆယ်ပါး**

## ကာယဒုစရိုက်သုံးပါး

(၁) ပါဏာတိပါတ=သတ္တဝါကိုသတ်ခြင်း။
(၂) အဒိန္နာဒါန=သူ့ဥစ္စာပစ္စည်းကိုမပေးပဲယူခြင်း။
(၃) ကာမေသုမိစ္ဆာစာရ=မလွန်ကျူး အပ်သော မိန်းမ ယောကျ်ား တို့၌ လွန်ကျူးခြင်း။

## ဝစီဒုစရိုက်လေးပါး

(၁) မုသာဝါဒ=မမှန်စကား ပြောကြားခြင်း။
(၂) ပိသုဏာဝါစာ=ကုံးချောခြင်း။
(၃) ဖရုသဝါစာ=ကြမ်းထမ်းစွာပြောခြင်း။
(၄) သမ္ဖပ္ပလာပ=အဖျင်းပြောခြင်း။

အဖျင်းဆိုသည်မှာ အနှစ်အသားမပါ၊ အကျိုးကျေးဇူးမရှိ မဟုတ်မမှန်သောစကားမျိုး၊ မှန်သော်လည်း ကျေးဇူး အသားမရှိ အကာ အတိဖြစ်သော စကားမျိုးကို ဆိုသည်။

## မနောဒုစရိုက်သုံးပါး

(၁) အဘိဇ္ဈာ=သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်စေလို၍ကြံခြင်း။
(၂) ဗျာပါဒ=သူတပါးကို ပျက်စီးစေလိုခြင်း။
(၃) မိစ္ဆာဒိဋ္ဌိ=အယူအမြင်မှားခြင်း။

ဤသို့လျှင် ဒုစရိုက် ဆယ်ပါး ဖြစ်သည်၊ ဒုစရိုက် ဆယ်ပါးကို—

(၁) ကိုယ်တိုင်ပြုလုပ်ခြင်း။
(၂) သူတပါး ပြုလုပ်ရန် တိုက်တွန်း နှိုးဆော်ခြင်း။
(၃) သူတပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း။
(၄) သူတပါးနှင့် အတူတကွ တွဲဖက် ပြုလုပ်ခြင်း။

ဤလေးမျိုးနှင့် မြှောက်လျှင် ၁၀×၄=၄၀၊ ဒုစရိုက်ပေါင်း ၄၀-ဖြစ်သည်။

### ဆောင်ပုဒ်

ကိုယ်တိုင်, နှိုးဆော်, မြွက်ဖေါ် ချီးကျူး, ဆည်းပူး တူကွ,မြှောက်ပွားက, မှတ်ကြ လေးဆယ်တည်း။

ဝါရိတ္တ ဝိနည်း ဖြစ်သော ဒုစရိုက် လူ့ဝိနည်း သည်ပင် လေးဆယ် ရှိခဲ့ပြီ၊ ဝါရိတ္တ ဆိုသည်မှာ ရှောင်ကြဉ် ရမည့် တားမြစ် ပိတ်ပင်သော ဥပဒေသ ဝိနည်းကို ဆိုသည်၊လိုက်နာ ပြုလုပ်ကြရမည့် ဝိနည်းကို စာရိတ္တ ဝိနည်းဆိုသည်၊ ယခု လူများ၌ များသောအားဖြင့် ဖြစ်ပေါ် နေကြသည်မှာကား လိုက်နာပြုလုပ်ရမည့် ကျင့်ဝတ် စာရိတ္တ ဝိနည်းတွေ လစ်ဟင်း ယိုယွင်း၍ ရှောင်ကျဉ် ကြရမည့် ဝါရိတ္တ ဝိနည်းတွေကိုကျော် နင်း လွန်ကျူး နေကြသည်၊ လူတွေက ပြောင်းပြန် ပြုမူနေကြ

သော်လည်း ကောင်းကျိုး မကောင်းကျိုးတို့က ပြောင်းပြန် မလိုက်ကြ၊ စာရိတ္တကျင့်ဝတ်နှင့် ပြည့်စုံသူကို ကောင်းကျိုး ချမ်းသာကို ဖြစ်စေမည်၊ ရစေသည်၊ စာရိတ္တ ကျင့်ဝတ် ဖေါက် ပြန်လျှင် ဆိုးကျိုး ဆင်းရဲ ကျိုးကိုဖြစ်စေမည် ရစေမည်သာ ဖြစ်သည်၊ သဘာဝ တရားကား ဖြောင့်ဖြောင့် စင်းစင်း လမ်း မှန် သွားမည်သာ ဖြစ်သည်၊ မျက်နှာ ကြီးငယ်မလိုက် ခေတ် မလိုက်ကြချေ။

လူတို့ကို ယဉ်ကျေး စေကြောင်း ကြီးပွါး စေကြောင်း လူတို့ ဝိနည်း ရှိသည်ကို သတိမမူမိ မသိရှိကြသော လူတို့သည် ငါတို့၌ ဝိနည်း ဟူသည်မရှိ၊ ရဟန်း သာမဏေတို့၌သာဝိနည်း ရှိသည်ဟု ထင်မြင်ယူဆ၍ ပေါက်ကရသဘောဖြင့် ကိုယ်နှုတ် နှစ်အင်ကို ပြုပြင် စောင့်ရှောက် ထိန်းသိမ်း ဆုံးမ ယဉ်ကျေး စေမှု မရှိပဲ ထင်သလို ကြဲနေတတ်ကြ သောကြောင့် အချို့ အချို့ လူတို့သည် လောကသံသရာ နှစ်ဌာန၌ပင် ပျက်စီး ဆုံး ရှုံး လူညွန့်တုံး ကြရလေသည်၊ ဒုက္ခအပူကြီးနှင့် တွေ့ကြရ လေသည်။

မီးဖုတ်ထားသော ပူလောင်လှစွာသော သံတွေခဲကိုပူသည် ဟု မသိ၍ ကိုင်မိသူမှာ သိ၍ ကိုင်မိသူထက် ပူလောင်သော ဒုက္ခကို ခံရတတ် သကဲ့သို့ လူ့ဝိနည်း မရှိဟူ၍ ကိုယ်နှုတ်ကို မစောင့်စည်း မထိန်းသိမ်းပဲ ထင်တိုင်း စိုင်းနေသော လူတို့ သည်လည်း ဒုက္ခအပူကြီး ပြင်းထန်စွာနှင့် ကြုံတွေ့၍ ပျက်စီး နစ်မွန်း တတ်ကြလေသည်။

မင်းသော, အစိုးရသော, သဌေးသော, ဆင်းရဲသား သော,ရဟန်းသော, လူသော,မည်သူမဆို မိမိဆိုင်ရာ ဝိနည်းကို

မရှိသေ မလိုက်နာလျှင် မလိုက်နာ မရှိသေသော သူသည် ပျက်စီး ဆင်းရဲ၍ ဒုက္ခတွင်းသို့ ကျရောက်မြဲ ဖြစ်လေသည်။

ဘာသာတရားအနေဖြင့် တည်ရှိပြီးသော ဝိနည်းဥပဒေသကို မရှိသေ မလိုက်နာဘတ်သူတို့အတွက် ပြည်ပိုင်အစိုးရမင်းတို့က ဥပဒေသ အမျိုးမျိုး တို့ကို ပညတ် တည် ထား ကြရလေ သည်၊ ထို ဥပဒေသ တို့သည် စင်စစ် အားဖြင့် ပကတိသဘာဝအတိုင်း လူတို့ လိုက်နာပြုလုပ်အပ်, ကျင့်ဆောင်အပ်, ရှောင်ကြဉ်အပ်သော ဝိနည်းတို့သာဖြစ်ကုန်၏၊ ပကတိသဘာဝအတိုင်းမလိုက်နာသူတို့အား လိုက်နာကြစေရန်ပြည်ပိုင်အစိုးရမင်းများကမင်းအာဏာဖြင့် ထပ်မံဖော်ပြ ပညတ်ကြရသည်ပင် ဖြစ်ပေသည်။

## အစိုးရနှင့်မင်္ဂလာ

လူတို့ ဆိုင် ရာ ဝိနည်း ဥပဒေသ စည်းမျဉ်းကို မနာမယူ ကျူးကျော် ပြုကျင့်လျက် သူတပါးအသက်ကို သတ်ဖြတ်သော သူများ, ညှဉ်းဆဲသူများ, သူတပါးပစ္စည်းကို ခိုးဝှက် လုယူ သူများ, မိစ္ဆာစာရ ကျူးလွန်သူများ, မုသားပြောဆိုသူများ, သေစာ သောက်စား မူးယစ် ရမ်းကား သူများ စသည် ဖြင့် လူ့ ဝိနည်း လူ့ စည်းကမ်းကို မရှိသေ မလိုက်နာသူ တို့ကို ပြည်ပိုင်မင်းများက တိုင်းပြည် ဒေသအားလျော်စွာ ရာဇဝတ် အပြစ်ဒဏ် ပေးကြရပေသည်၊ ကျူးလွန်မိသူများသည်လည်း အပြစ်အမျိုးမျိုးကို ခံကြရသည်တို့ကို အမြင်အကြားပင် ဖြစ်ကြသောကြောင့် ထုံးပုံသာဓကဖော်ပြရန် မလိုတော့ပေ။

မကောင်းမှုတို့သည် ကေန်မကောင်းကြသည့်အဖြစ်ကို သိရှိကြသောကြောင့်သာလျှင်ဗုဒ္ဓဘာသာမဟုတ်သော ပြည်ပိုင်မင်း

တို့သည်လည်း မိမိတို့၏ တိုင်းပြည်၌ သူတပါး အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းစသောမကောင်းမှုဒုစရိုက်တို့ကို ကျူးလွန်ကျော်နင်းသူတို့ အတွက် ရာဇဝတ် ဥပဒေ စည်းမျဉ်း များကို ပြုလုပ်ထားကြရသည်ကို သတိပြုကြရာသည်။

## ဗုဒ္ဓဘာသာသည် ချုတ်ချယ်သလော

အထူးသတိပြုရန်ရှိသေးသည်ကား လူတို့အတွက်စည်းမျဉ်း ဥပဒေသဟူသော ဝိနည်းကို ဂေါတမဗုဒ္ဓက ဖန်ဆင်းပေးသည် မဟုတ်၊ အပြစ်ရှိသူကိုလည်း ဂေါတမဗုဒ္ဓက အပြစ်ပေးသည် မဟုတ်၊ အပြစ်မရှိသူကိုလည်း ဂေါတမဗုဒ္ဓက ကယ်တင်တော်မူသည် မဟုတ်၊ ဂေါတမဘုရားက ဘယ်အရာကိုမှလည်း ဖန်ဆင်း၍ပေးတော်မူသည်မဟုတ်၊ ဘယ်သူ့ကိုမှလည်း ကယ်တင်သည်, အပြစ်ဒဏ်ပေးသည် မဟုတ်၊ ထိုထိုသတ္တဝါတို့၏ အလုပ်သဘောအလျောက် အကြောင်းအားလျော်စွာ အကျိုးတရားတို့အနေနှင့် ဖြစ်ပေါ်လာသော အကျိုး အပြစ် တို့သာ ဖြစ်လေသည်၊ ဂေါတမဗုဒ္ဓက ဟောတော်မူခဲ့သည်မှာကား သဘာဝ ဓမ္မတာ အလျောက် ရှိကြရမည့် လူကျင့်ဝတ်တရား, ရဟန်းကျင့်ဝတ် တရား တို့ကို သာလျှင် အကြောင်းအတွက်ပြုတ် ပေါ်ပေါက်သည့်အခါ၌ ထုတ်ဖော်ပြသညွှန်ကြားတော်မူခြင်း မျှသာ ဖြစ်လေသည်၊ လူတို့၌ လူ့ကျင့်ဝတ်ရှိကြသည်၊ ရဟန်းတို့၌ ရဟန်းကျင့်ဝတ်ရှိကြသည်၊ ဆိုင်ရာကျင့်ဝတ်တို့ကို ကျင့်သုံးသောပုဂ္ဂိုလ်တို့သည် အကြောင်းဖြစ်သော အလုပ်အမှုအား လျော်စွာ ကောင်းကျိုးချမ်းသာကိုရနိုင်သည်၊ မကောင်းသော အပြစ်ဒဏ်ကိုခံရသည်ဟူ၍သာ သတ္တဝါတို့၌ ချမ်းသာကြီးပွါးမှုကို အလွန် လိုလား တောင့်တတော်မူသော မဟာကရုဏာ

တော်ကြီးဖြင့် ဘုရားစည်းစိမ်ခံ၍ လျစ်လျူ ရှုနေတော် မမူပဲ ညွှန်ကြား မိန့်မြွက် တော် မူခဲ့ ပေ သည်၊ ဤစကား သည် မှန်၏။

ငါဘုရားတို့၏ တာဝန်ကား သဘာဝအလျောက် ချမ်းသာကြောင်း တရားတို့ကို သတ္တဝါများ သိမြင်စေရန် ထုတ်ဖော်ညွှန်ကြားရုံသာလျှင်တတ်နိုင်ကြသည်၊ ကြိုးပွားချမ်းသာအောင် အားထုတ်ဘို့မှာမူကား သင်တို့ တာဝန်သာလျှင် ဖြစ်ပေသည် ဟု ကိုယ်တော်တိုင်မိန့်ကြားတော်မူခဲ့လေပြီ။

မြတ်စွာဘုရားသည်ကား ကိုယ်တော်တိုင် ပါမိသုံးဆယ်၊ စရိယသုံးပါး တို့ကို အသက်နှင့် ကိုယ်ကို ပဓါန မထား မငဲ့ မကွက်ပဲ ကြိုးစား အားထုတ်တော် မူခဲ့ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူရပေပြီ၊ ဆင်းရဲလမ်း, ချမ်းသာလမ်း, ဆင်းရဲကြောင်း, ချမ်းသာကြောင်း တို့ကို ကိုယ်တော်တိုင် ကြုံခဲ့ပြီ, တွေ့ခဲ့ပြီ, သဗ္ဗညုတဉာဏ်တော်ဖြင့်မြင်တော်မူပြီ၊ သူတပါးသည် မိမိ၏ အားထားရာမဟုတ်၊ အားကိုးရာမဟုတ်၊ သူတပါး အလုပ်သည် မိမိ၌အကျိုးအပြစ်မခံစားရ၊ မိမိအလုပ်သာလျှင် မိမိ၌ အကျိုး အပြစ် ရှိသော ကြောင့် အပြစ် ရရှိကြောင်း မကောင်းသော ကိုယ်ကျင့်ဝိနည်းများကို ရှောင်ကြဉ်၍ အကျိုး ကျေးဇူးရရှိကြောင်း ကောင်းသော ကိုယ်ကျင့် ဝိနည်းများကို လိုက်နာပြုလုပ်ပါလေဟု မိန့်မှာတော်မူခဲ့သည်။

ရဟန်းတော်များသည်လည်း ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံညီညွတ်သော်မှသာလျှင် လောကသံသရာ ချမ်းသာခွင့်ကို ရနိုင်ကြလေသည်၊ ဤဂေါတမ ဘုရားသခင် လက်ထက်တော်၌ဂုဏ်း, ကဿပဘုရားသခင် လက်ထက်တော်၌ဂုဏ်း, ဝိနည်းနှင့်မညီခဲ့

သောရဟန်းတော်တို့သည် ဆင်းရဲဒုက္ခနှင့် တွေ့ကြုံနေကြသော သာဓကတို့ ရှိပေသည်၊ "သူ့ဆန်စားလျှင် ရဲမှ" ဆိုသကဲ့သို့ ဘုရားပေးသော ပစ္စည်းလေးပါးကို သုံးဆောင်၍ ဘုရားတပည့်သား ပြုလုပ်နေကြလျှင် ဘုရားစကားကို နာယူ, ဘုရားဝိနည်းကို အလေးပြု, ဓုရ နှစ်ပါးကို အားထုတ်ကြရပေမည်၊ ဝိနည်းရှိရုံ ဆောင်ထားရုံနှင့်မပြီး၊ မလိုက်နာက နှစ်ဘဝလုံး ဆုံးရှုံး တတ်သည်၊ လိုက်နာမှ အမြတ်ရကြမည်ကို အမြဲသတိရှိကြရာသည်၊ "ပရိယတ်၌ ဘွဲ့ထူး ဂုဏ်ထူး ရ ရှိသည် တိုင်အောင်" အဘိုးတန်သော ရဟန်းတော်အချို့ လမ်းလွဲတော်မူနေကြသည်မှာ နှမြောဖွယ်ရာ ကောင်းလှပေသည်၊ အညစ်အကြေးကို ဆေးကြော၍ သန့်စင်သော ရတနာ ဖြစ်သင့်ပေသည်၊ နွံ၌နစ်သောပတ္တမြားရတနာနှင့်တူသော အရှင်တို့သည်၊ နွံမှ တက်၍ အနဂ္ဃ အဘိုး တန်အောင် ပြုပြင်တော်မူကြပါကုန်ဟု တိုက်တွန်းအပ်ပါသည်။

ဤဝိနယောစသုသိက္ခိတောမင်္ဂလာနှင့် စပ်၍ ပြဆိုအပ်ခဲ့ပြီးသည်တို့ကို ဆင်ခြင် စဥ်းစား၍ လူကားလူ့ဝိနည်းကို ရှိသေစွာလိုက်နာ၍ ရဟန်းသည်လည်း ရဟန်း ဝိနည်းကို ရှိသေစွာလိုက်နာ၍ မိမိတို့၏ကြီးပွါးချမ်းသာကြောင်း မင်္ဂလာကိုရရှိကြစေကုန်သတည်း။

---

## ၁၀။ သုဘာသိတာစယာဝါစာ

ကောင်းစွာ နာယူသင်ကြား မှတ်သားကျင့်သုံးအပ်သော ဝိနည်းတရားရှိသော ပုဂ္ဂိုလ်၏ သုဘာသိတ ဝါစာဖြစ်မှုကား

လွယ်ကူတော့သည် ဖြစ်သောကြောင့် "သုဘာသိတာဝါစာ မင်္ဂလာ" ကို ဆက်၍ ဟောကြားတော်မူသည်။

**တနည်း**

မျက်စိ နှင့် နားကို ပညာ သင်ပေးသော ဗာဟုသစ္စ တက္ကသိုလ်, စက်မှု လက်မှု ပညာ သင်ကြားပေးသော သိပ္ပ တက္ကသိုလ်, ကိုယ်နှုတ် စိတ်ဓါတ်ကို ပြုပြင် သင်ကြား ပေးသော ဝိနယောစ သုသိက္ခိတော တက္ကသိုလ်,၌ တက္ကသိုလ်ကြီး ၃-ရပ်၌ အဆင့်အတန်းကုန်လျှင်ပညာသင်ကြားရေး ပြဿနာ ကုန်ပြီဟု မမှတ်ကြလေ နှင့် ဦး၊ ဗာဟုသစ္စ မင်္ဂလာ, သိပ္ပ မင်္ဂလာ, ဝိနယသိက္ခာ မင်္ဂလာ, တို့နှင့် ပြည့်စုံပြီးသော အမျိုးသား အမျိုးသမီးတို့သည် နှုတ်မှုပညာကို သီးသန့် သင်ကြားပေးသော "သုဘာသိတဝါစာ" တက္ကသိုလ်ကြီး၌ ဆက် လက် ပညာ သင်ကြား တတ်မြောက် အောင်မြင်မှ သာလျှင်လူးချွန်သော ပညာရှိကြီးများ ဖြစ်နိုင်သည် ဟု သိစေတော် မူလိုသော ဗုဒ္ဓ ရှင်တော် ဘုရားသည် "သုဘာသိတာစ ယာဝါစာ" ဟူသော နှုတ်မှုမင်္ဂလာ တရားတော်ကို ဆက်လက်၍ ဟောတော်မူသည် ဟူ၍လည်း မှတ်ယူ ထိုက်ပေသည်။

(၁) မုသားပြောခြင်း၊ (၂) ဂုံးချော စကား ပြောခြင်း၊ (၃) ကြမ်းထမ်း ရုန့်ရင်းသော အနက်အဓိပ္ပါယ် ရှိသော စကားကို ပြောဆိုခြင်း၊ (၄) အနှစ်အသား မရှိသော စကား ကို ပြောဆိုခြင်း တို့မှ ရှောင်ကြဉ်၍....

(၁) မှန်ကန်ခြင်း၊ (၂) ဂုံးမချောခြင်း၊ (၃) သိမ်မွေ့ သာယာခြင်း၊ (၄) အနှစ် အသားရှိ၍ လေးနက်ခြင်း ၌

အင်္ဂါလေးပါးတို့နှင့်ပြည့်စုံစေလျက် ကောင်းစွာ ပြောဆိုအပ်သော စကားသည် သုဘာသိတ ဝါစာ မင်္ဂလာ ဖြစ်သည်ဟု မိန့်တော်မူသည်။

## တနည်းမှတ်ရန်

(၁) မဟုတ်မမှန်, အကျိုးမရှိ; ကြားရသူ မနှစ်သက်သော စကားကို မပြောရ။

(၂) ဟုတ်မှန်၏, အကျိုးမရှိ, ကြားရသူ မနှစ်သက်သော စကားကို မပြောရ။

(၃) ဟုတ်မှန်၏, အကျိုးရှိ၏, ကြားရသူ မနှစ်သက်သောစကားကို အခါအားလျော်စွာ ပြောရ၏။

(၄) မဟုတ်မမှန်, အကျိုးမရှိ, ကြားရသူ နှစ်သက်သော စကားကို မပြောရ။

(၅) ဟုတ်မှန်၏, အကျိုးမရှိ ကြားရသူ နှစ်သက်သော စကားကို မပြောရ။

(၆) ဟုတ်မှန်၏,အကျိုးရှိ၏,ကြားရသူနှစ်သက်သော စကားကို အခါအားလျော်စွာ ပြောရ၏။

အထက် ဖေါ်ပြရာပါ စကား ခြောက်ခွန်း ထဲက သုံးခုမြောက်စကားနှင့် ခြောက်ခုမြောက် စကား ဤနှစ်မျိုးကိုသာ ပြောသင့်သော အခါအားလျော်စွာပြောဆိုရမည်၊ ကျန်စကား ၄-မျိုးကို အချင်းခပ်သိမ်း မပြောအပ်ဟူ၍ ဗုဒ္ဓရှင်စော ဟောကြားတော် မူသည်၊ ဘုရားဟောတော် မူသည်ကို ရည်ရွယ်၍ .... စကားခြောက်ခွန်း၊ လူ့ဒွ ထွန်း၊ လေးခွန်းကို မျှော၊ နှစ်ခွန်းပြော .... ဟူ၍ စပ်ဆိုရိုး ရှိခဲ့သည်။

# နှုတ်ကောင်းလျှင် ပြည်စိုး

သုဘာသိတဝါစာမင်္ဂလာရှိမှုသည်လည်း အရေးကြီးသော အချက်ပင်ဖြစ်၏၊ အကြောင်းအားလျော်စွာ မှန်ကန် ပြေပြစ် အနှစ်အသားပြည့်ဝသောစကားကို ပြောဆိုတတ်သောလူသည် သူတပါးထက် ထူးကဲ ကြီးမြတ်သော ကောင်းကျိုး စီးပွါး ကိုလည်း ရရှိတတ်၏၊ သူတပါးတို့၏ယုံကြည်ကိုးစား အားထား ခြင်းကိုလည်း ခံယူရတတ်၏၊ ဩဇာ အာဏာ တည်၏၊ မိမိ ပြောကြားသောစကားသည် အရာရောက်၏၊ စာရေးပြန်လျှင် ကလောင်ထက်သည်, လက်ပြောင်သည်, စကားလုံးလှသည်, လေးနက်သည်, တကြိမ်ဖတ်ရှုကာမျှနှင့် မပစ်ရ သိမ်းဆည်း သိုမှီး၍ အကြိမ်ကြိမ် ကြည့်ရှုထိုက်သော စာအဖြစ်သို့ ရောက် တတ်၏၊ လူပေါ် လူဇော်လုပ်လိုသူတို့သည် သုဘာသိတဝါစာ မင်္ဂလာဖြစ်စေရန် အထူးသတိပြုအပ်လှပေသည်၊ ကမ္ဘာပေါ်၌ ကျော်ကြားထင်ရှားသောခေါင်းဆောင်လူကြီးများသည်သုဘာသိတ ဝါစာမင်္ဂလာနှင့်ပြည့်စုံသူတို့ များကြပေသည်။

ဗုဒ္ဓရှင်ဂေါတမ၏ တရားစကားတော်များသည် ယခုအထိ နှစ်ပေါင်း ၂၅၀၀ပြည့်လုနီးပါးရောက်သည်တိုင်အောင်မပျောက် မပျက် တည်ရှိနေရုံသာမက တကမ္ဘာလုံးက ပညာရှိကြီးများ လေးစားလောက်အောင် ထင်ရှားစွာ ပေါ်လွင်ထွန်းတောက်၍ နေသည်မှာလည်း သုဘာသိတဝါစာမင်္ဂလာအင်္ဂါတို့နှင့်ပြည့်စုံ ဆုံးသောစကားတော် ဖြစ်သောကြောင့်ပင်တည်း၊ ထိုထိုပညာရှိ တို့၏ စကားသည်လည်း သုဘာသိတ အင်္ဂါ လက္ခဏာနှင့်လျှင် ရှိသလောက် အခွန့်ရှည်စွာ လူအများ လေးစား ကိုးကား

လိုက်နာသုံးစွဲကြ၏၊ လက်ငင်းချက်ခြင်း ကောင်းကျိုး ကျေးဇူးကိုလည်း ရရှိတတ်၏။

## သုဘာသိတ မင်္ဂလာ ဝ ၉၊

သဗ္ဗမိသလာဘ ဇာတ်တော်၌ သဋ္ဌေးသား သူငယ်ချင်းလေးယောက်တို့သည် မုဆိုးတယောက်ထံ၌ ဟင်းလျာအသားတောင်းကြရာ တယောက်က ဟေ့မုဆိုး ငါ့ကို အသားတုံးပေးလော့ဟု ဖရုသဝါစာဖြင့် ကြမ်းထမ်းရုန့်ရင်းစွာစကားကိုသုံးနှုန်း တောင်းရမ်းသောကြောင့် ဖရုသဝါစာအားလျော်စွာအသားမပါသော အရွတ်အကာကိုသာရ၏၊ တယောက်ကအစ်ကိုကြီး အကျွန်ုပ်ကို အသားပေးပါဟု တောင်း၍ အစိတ်အပိုင်းဖြစ်သောအသားကိုရ၏၊ တယောက်က ဘခင် အကျွန်ုပ်အား အသား ပေးပါ ဟု တောင်း၍ နှလုံးသားကို ရ၏၊ နောက်ဆုံးလူကမူကား အဆွေ အကျွန်ုပ်အား အသားပေးပါဟု တောင်းသဖြင့် သုဘာသိတဝါစာဖြစ်ရကား ပါရှိသမျှသောအသား အားလုံးကို ပေး၍ အိမ် အ ရောက် လိုက်ပို့သောဟူ၏။

ဤ သူငယ်ချင်း လေးယောက်တို့၏ စကားတို့တွင် ပထမတောင်းသော သူ၏ စကားသည် သုဘာသိတ ဝါစာ အင်္ဂါလက္ခဏာ လေးပါးအနက် တပါးတလေနှင့်မျှ မညီသောဒုဗ္ဘာသိတဝါစာဖြစ်၍ အရွတ်ကိုသာ ရ၏၊ ဒုတိယ တတိယလူတို့၏စကားသည် ပိယဝါစာ, သစ္စဝါစာ ဖြစ်သော်လည်းသစ္စဝါစာ မဟုတ်၍ သုဘာသိတဝါစာ မဖြစ်သောကြောင့်စကားအားလျော်သလောက်သာလျှင် ရကြ၏၊ စတုတ္ထလူ၏စကား သည်ကား သုဘာသိတ အင်္ဂါလေးဖြာနှင့် ပြည့်စုံ၍

အသားကို အကုန် ရရှိလေသည်၊ ဤသဌေးသား သူငယ်ချင်း လေးယောက်တို့၏ စကားလေးမျိုးကို ဆင်ခြင်၍ မိမိတို့ပြောဆို သောစကားသည် သုဘာသိတ ဝါစာဖြစ်စေ၍ မိမိတို့၏ အလို ဆန္ဒ ရည်ရွယ်ချက် ထမြောက် အောင်မြင် စေရန် မင်္ဂလာ ထိုက်သော စကားကောင်းကိုသာ ရွေးချယ်၍ ပြောဆိုသင့်ကြ သည်၊ လူကြီးလူကောင်းများ ခေါင်းဆောင် လူကြီးများသည် သုဘာသိတ ဝါစာ ဖြစ်အောင် စကား ပြောဆိုရန် အလွန် အရေးကြီးပေသည်၊ သုဘာသိတ ဝါစာ အင်္ဂါနှင့် ညီညွတ် သလောက် နောက်လူငယ်သားတို့၏ ကြာရှည်လေးမြင့်ယုံကြည် လေးစား အားထား ချီးမြှောက် ခြင်းကို ခံရမည် ဖြစ်သည် စင်စစ်မှာမူ လူကြီးလူကောင်းများ ရှေ့ဆောင် ခေါင်းဆောင် များသာမဟုတ်၊ လူတိုင်း လူတိုင်းသည် ပြောရေးပြောခွင့် ဆိုက်ရောက်သော အခါ သုဘာသိတ ဝါစာဖြစ်အောင် ပြော ဆိုကြရမည်ပင်ဖြစ်၏၊ ဤသို့သာလျှင် သူရော ကိုယ်ပါ သုဘာ သိတ ဝါစာဖြစ်အောင် ပြောကြရမည်ဆိုလျှင် ကပ္ပါလောက ကြီးသည်ရေနှင့်သွန်းလောင်းထားသော မီးကဲ့သို့ဆူပူလောင် ကျွမ်းခြင်း မရှိပဲ အမြဲ ငြိမ်း၍ ချမ်းသာသုခ ကို ရရှိ ကြပေ လိမ့်မည်၊ ဒုဗ္ဘာသိတ ဝါစာ–စကားမျိုးကို ပြောဆိုကြမည့် အစား စကား မပြောပဲ ဆိတ်ဆိတ် နေခြင်းသည် အလွန် ကောင်း၏၊ စကား မပြောပဲ ဆိတ်ဆိတ် နေလိုက် ခြင်းသည် ဤအရာ၌ အပြစ်ကင်းလွတ်၍ ဒုဗ္ဘာသိတ ဝါစာ–စကားမျိုး ကိုပြောမိလျှင် စကားအဓိပ္ပါယ် ပေါ်ထွက်သလောက် အပြစ် ကိုရတတ်၏၊.... သန္နိပတိတာနံဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီဝါကထာ၊ တုဏှီဘာဝေါဝါ။....ရဟန်းတို့ စုဝေးပေါင်း ဆုံကြသော သင်တို့သည် ပြုဖွယ် နှစ်မျိုးရှိကြ၏၊ မှန်ကန်သော

သဘော တရားရှိသော စကားကိုမူလည်းပြောရမည်၊သို့တည်း မဟုတ် ဆိတ်ဆိတ်သော်လည်း နေကြရမည်ဟု မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ဩဝါဒပေးတော် မူခဲ့သေး၏၊ မိမိကိုယ် တိုင်၏ ကောင်းကျိုးကျေးဇူးနှင့်တကွ လောကအကျိုးကျေးဇူး ဖြစ်မှုကို လိုလားကြသော အသင်တို့သည် သုဘာသိတဝါစာ မင်္ဂလာကို လေးစားစွာလိုက်နာကြရာသည်။

## စကားကောင်း ၄-မျိုး

အကျဉ်းသင့်၍ မှတ်သားထိုက်သော စကား လေးမျိုးကို ပြဦးအံ့။

လေးမျိုးကား—

(၁) သုဘာသိတဝါစာ။ (၂) ပိယဝါစာ။
(၃) သစ္စဝါစာ။ (၄) ဥတ္တမ ဝါစာ။

(၁) သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်မရှိ၊ ပူပန်စေခြင်း မရှိ၊ နစ်နာစေခြင်း မရှိသော စကားသည် သုဘာသိတဝါစာ မည်၏။

(၂) ကြားနာရသူတို့က ဟုတ်လောက်ပါပေသည်၊ ကြေ နပ်လောက် ပါပေသည်ဟု ပြန်၍ထောက်ခံ ပြောကြားအပ်, နှစ်သက်အပ်သော စကားသည် ပိယဝါစာမည်၏။

(၃) မှန်ကန်သော စကားသည် သစ္စဝါစာမည်၏။

(၄) ဘေးအန္တရာယ်လွတ်ကင်းရာ ဒုက္ခတို့မှ လွတ်မြောက် ကုန်ဆုံးရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း တရားစကား သည် စကားတို့တွင် အမြတ်ဆုံး ဖြစ်၍ ဥတ္တမ ဝါစာ မည်၏။

ဤစကား လေးမျိုးတို့တွင် တမျိုးမျိုးသော စကားအဖြစ်သို့ ရောက်အောင် မူလည်း ပြောကြ ဟောကြ ရာသည်၊ နဖူး လက်တင် ဆင်ခြင်စဉ်းစားကြမူ မင်္ဂလာဂုဏ် နှင့် ပြည့်စုံနိုင် သမျှ ပြည့်စုံစွာ ပြုမူပြောဆိုကြသော သူတို့သည် မျက်မှောက်, တမလွန် နှစ်တန်သော ဘဝတို့၌ ကြီးပွား ချမ်းသာခြင်းကို ရရှိကြမည်သာ ဖြစ်၍ မင်္ဂလာတရား မိမိသန္တာန်၌ တည်ရှိ စေရန် အလွန် သဘောသက်ဝင် နှစ်သက်၍ လိုက်နာလိုကြ မည်သာ ဖြစ်ပေသည်၊ တနေ့သောအခါ၌ လူကြီးလူကောင်း တယောက်, ခေါင်းဆောင်, ရှေ့ဆောင် လူကြီး တယောက် ဖြစ်ကြမည့် ကျောင်းသူ ကျောင်းသား လူ့အညွန့်အဖူးကလေး တို့သည် မင်္ဂလာတရားတော်ကို များများလေးစား လိုက်နာ ကြရမည်။

## တက္ကသိုလ် ၄-မျိုးစုံရမည်

မင်္ဂလာတရားတော်အရ ပညာရေးစံနစ်၌ တက္ကသိုလ်ကြီး ၄-မျိုးစုံမှ ကျောင်းထွက်ရန် ညွှန်ကြားခဲ့၏၊ ယခုအခါ ကပ္ပါ ကြီး၌ ဗာဟုသစ္စနှင့် သိပ္ပတက္ကသိုလ် နှစ်မျိုးမှ ထွက်၍ ပညာ တတ်တွေ ပြုလုပ် နေကြ၏၊ အရေး ကြီးလှသော ဝိနယ တက္ကသိုလ်နှင့် သုဘာသိတ ဝါစာ တက္ကသိုလ်ကြီးနှစ်ရပ်တည် ထောင်ဘို့ကိုကား သတိမရှိပဲ မေ့လျော့နေကြ၏။

တက္ကသိုလ် မျိုးစုံအောင် မနေခဲ့ရ မသင်ကြား ခဲ့ရသော ကျောင်းသူ ကျောင်းသားတွေ များလျက် ထိုသူတို့ ရှေ့ဆောင် နေသော ဤကပ္ပါ လောကကြီးသည် မီးဟုန်းဟုန်း တောက် လောင် နေခြင်းကို အံ့သြစရာ မဟုတ်တော့ချေ၊ ဤနည်း အတိုင်းသာ ဖြစ်ဘို့လမ်းရှိပေသည်၊ ယခုအတိုင်းသာ ထား၍

ပညာရေးစံနစ်ကို ပြုပြင်ပေးမှုမရှိလျှင် တစထက်တစ ဆိုးဝါးဘိုသာ ရှိပေသည်၊ အတိတ်က ဖြစ်ခဲ့ပုံနှင့် ယခု ပစ္စုပ္ပန် ဖြစ်ဆဲနှင့် နှိုင်းယှဉ်ကြည့်ပါမူ နောက်အခါ အနာဂတ်၌ ဘယ်သို့ ဖြစ်နိုင်သည်ကို ပြေးကြည့်သကဲ့သို့ သိလောက်ရာသည်။

ယခု နောက်ခေတ် လူအမျိုးမျိုး၌ များသော အားဖြင့် ဉာဏ်မျက်စိ သကျည်း လွဲနေကြ၏၊ ဝိနယောစ သုသိက္ခိတ မင်္ဂလာ, သုဘာသိတမင်္ဂလာတို့ကို လိုက်နာလျှင် မိမိအကျိုး ကျေးဇူး ဆုတ်ယုတ် ကြမည်၊ မလိုက်နာပဲ လုပ် ချင် သ လို လုပ်၍ ပြောချင်သလို ပြောမှ အကျိုးကျေးဇူးရှိမည်ဟု ထင် မြင်ကြသည်၊ အဝိဇ္ဇာ ဖုံးကွယ် ၍ တဏှာ လောဘ တိမ် သလာ မှေးယှက်၍ အမြင်မှန်ကို မမြင်ကြရပဲ ဖြစ်နေကြပေ သည်၊ သို့ရာတွင် လမ်းမှန် ကမ်းမှန်ရောက်၍ အကျိုးကျေးဇူး ရလို ပြည့်စုံလိုသော အသင်တို့ သတိထားရန်မှာ ပကတိမံသ မျက်စိ အလင်းမရသောသူသည် မိမိကပင် လမ်းမှန်ကို မမြင် သော်လည်း ကျင်းချိုင့် ခလုတ်ကန်သင်းကို မမြင် သော်လည်း ရှေ့က တုတ်ဆွဲ၍ လမ်းညွှန် လမ်းပြသော လူ၏ နောက်သို့ ဖြောင့်ဖြောင့် မတ်မတ် ကောင်းမွန်စွာ လိုက်လျှင် လိုရာအရပ် သို့ ရောက်၍ ချမ်းသာသုခကို ရသကဲ့သို့ ထို့အတူ အသင်တို့ သည်လည်း ရှေ့က လမ်းညွှန် လမ်းပြကောင်းနှင့်တူသော ဗုဒ္ဓ ဘုရားနှင့် ပညာရှိ သူတော်ကောင်းများ, မိဘကောင်းများ, ဆရာကောင်း များ၏ ညွှန်ကြားချက် စကားတည်း ဟူသော တောင်ဝှေးကို စွဲကိုင်၍ ဖြောင့်မတ်စွာ လိုက် နာ ကြ လျှင် ကြီးပွားလမ်း ချမ်းသာလမ်းမှန်၍အသင်တို့ အလိုရှိအပ်သော ချမ်းသာမှန် စည်းစိမ်မှန်ကို ရရှိကြပေလိမ့်မည်ကို ကြပ်ကြပ် ကြီး သတိပြုရာသည်။

# ၁၁-၁၂။ မာတာပိတုဥပဋ္ဌာန်

တက္ကသိုလ်ကြီး လေးရပ်မှ ကျောင်းထွက်လက်မှတ် ဒီဂရီဘွဲ့ တို့ကို ရရှိလာကြသော ကျောင်းသူ ကျောင်းသား တို့သည် သာလျှင် မိဘဝတ္တရားကိုကျေပွန်အောင် ဆောင်ရွက်နိုင်, ပြုစု လုပ်ကျွေးနိုင်ကြမည်ဖြစ်သောကြောင့် "မာတာပိတု ဥပဋ္ဌာန်" မင်္ဂလာကို ဤ၌ဆက်၍ ဟောတော်မူသည်။

တနည်းသော်။ ။တက္ကသိုလ်ကြီးများက အဆင့်ဆင့်ပညာ ပြည့်စုံလာကြသော ကျောင်းသား ကျောင်းသူများသည် ပညာ စုံလျှင် အနန္တကျေးဇူးဂုဏ်ရှိသော မိဘများကိုသာ ပထမဆုံး ဂရုပြု၍ ကြည့်ရှုစောင့်ရှောက်ရမည်ဟူ၍ ပြလိုသောကြောင့် "မာတာပိတု ဥပဋ္ဌာန်"မင်္ဂလာကို ဆက်၍ဟောတော်မူသည်ဟု ယူရမည်။

မိဘတို့အား ကျေးဇူးတုံ့ပြန်၍ လုပ်ကျွေး မွေးမြူ စောင့် ရှောက် ပြုစုခြင်းသည် လူတို့ပြုကျင့်အပ်သော ဝိနည်းကျင့်ဝတ် ဖြစ်သည်လည်း တကြောင်း၊ ဟုတ်မှန် လေးနက်၍ ချိုသာ နာပျော်ဖွယ်သောစကားတို့ဖြင့် မိဘတို့အား နှစ်သိမ့်ချမ်းသာ စေတတ်သောကြောင့် တကြောင်း ထိုမင်္ဂလာတို့၏ အခြားမဲ့၌ "မာတာပိတု ဥပဋ္ဌာန်" မင်္ဂလာကို ဟောတော်မူသည်ဟု ယူလျှင်လည်း လိုက်လျောသည်ပင်ဖြစ်၏၊ မိခင် ဘခင် ကျေးဇူး ရှင်တို့အား သားသမီးတို့က စွမ်းနိုင်သမျှ ကျွေးမွေး ပြုစု စောင့် ရှောက်ခြင်းသည် ဘုရားစသော သူတော်ကောင်းမှန်သမျှ နတ် လူမခြား ချီးမွမ်းအပ် သာဓုခေါ်အပ်သော မင်္ဂလာဖြစ်သည်ဟု ဟောတော်မူသည်။

ခေတ်ပညာတတ်၍ ဉာဏ်အမြော်အမြင်ရှိသော ကျောင်းသူ ကျောင်းသားများသည် မိဘဂုဏ်,မိဘကျေးဇူးပြ စာပိုဒ်တို့ကို ဉာဏ်စိုက်၍ ဖတ်ရှုစေချင်၏။

## မိဘဂုဏ်

မိဘတို့ကို သားသမီးတို့က အဘယ့်ကြောင့် စောင့်ရှောက် ပြုစုယုယ ကျွေးမွေးထိုက်သည်ကို အသိဉာဏ်မှန်ရှိသောသူတိုင်း ဆင်ခြင် ကြည့်ရှုပါက ဉာဏ်သွားသလောက် မြင်ကြမည်သာ ဖြစ်သည်၊ ဘဝါးသက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ် သူငယ် အဖြစ်နှင့် မိမိကိုယ်ကို မိမိ မပြုပြင်နိုင်, မစောင့်ရှောက်နိုင်, မသွားနိုင်, မလာနိုင်, မဆနိုင်, မထိုင်နိုင်, ကိုယ်ဘိုင်ယူ၍ မစားနိုင်,မသောက်နိုင်, မှက် ခြင် ယင် ကိုက်၍မှ မမောင်းနိုင်, ရေဆာသည် အစာဆာသည်ဟူ၍မှ မပြောနိုင်, မတောင်းနိုင်, မပြောတတ်, မတောင်းတတ်၊ လက်ရှိသော်လည်း မယူတတ်, မကိုင် တတ်၊ ခြေ ရှိ သော် လည်း မ သွား တတ်၊ ပါးစပ် ရှိသော်လည်း မပြောတတ်သေးသောအခါမှစ၍ မိဘတို့သည် သားသမီးတို့ကို အသက်နှင့်မခြား ချစ်ခင် မြတ်နိုး လှစွာသော မေတ္တာနှင့် ယှဉ်သော စိတ်ဓါတ်ဖြင့် နေ့ညမပြတ် သားငယ် သမီးငယ် တို့၏ အရိပ်အကဲ အမူအရာကို အမြဲ ကြည့်သျှက် ကလေး နို့ဆာနေပြီ, ရေငတ်နေပြီ, ပူအိုက်နေပြီ, ချမ်းအေးနေပြီ, ကိုယ်ပူနေသည်, ဗိုက်ချပ်နေသည်, မှက် ခြင် ကိုက်နေသည်, အိပ်ချင်နေသည်,ထချင်နေသည် စသည်တို့ကို ဆင်ခြင်သိရှိလျက် နိစ္စတစေ ပြုပြင် စောင့်ရှောက် ကျွေးမွေး ပြုစု ယုယ နေကြရ ပေသည်။

လူတယောက်၏ ကိစ္စကြီးငယ်ကိုတယောက်သောသူက အစ ခပ်သိမ်း ပြုလုပ် စောင့်ရှောက် ဆောင်ရွက် ပေးရသည်မှာ မည်မျှ တာဝန် ကြီးလေးသည်ကို အတော် အတန် အလုပ်ကို ပြုလုပ်ဆောင်ရွက်ဘူးသူတိုင်း သိနိုင်လေသည်၊ ထိုမျှလောက် တာဝန် ကြီးလေးသော ကိစ္စပင် ဖြစ်သော်လည်း သားငယ် သမီးငယ်တို့၏ အပေါ်၌ ပြုလုပ်ဆောင်ရွက်ရသောကိစ္စကိုမိဘ ဖြစ်သူတိုင်း ငြီးငွေ့သည်, ပင်ပန်းသည်, တာဝန်လေးသည်, ဆင်းရဲသည်ဟူ၍ ညည်းညူခြင်း မရှိကြမူ၍ ဂမ်းသာ အားရ ကြေနပ်နှစ်သက်စွာ သားငယ် သမီးငယ်များချမ်းသာမှု, အလို ဆန္ဒ ပြည့်ဝမှု ကိုသာ ရှေးရှု၍ ဆောင်ရွက် ကြပေသည်၊ သားငယ် သမီးငယ် တို့၏ ကျန်းမာရွှင်လန်းသော မျက်နှာကို မြင်ကြရလျှင် မိဘတို့၌ အမောအပန်းပြေပျောက်ကြသေသည်၊ အခြားသူများက မင်းတို့ကလေးတွေ ပြုစုကြရသည်မှာ ပင်ပန်း လှသည်, တာဝန်များလှသည်, တို့ကို ပေးပါ၊ တို့ကျွေးမွေး ပါမည် ဆို၍ တောင်းသည်ကိုပင် မပေးနိုင်ကြ၊ မပေးရက် ကြပေ။

## မိဘမေတ္တာ

“မိဘထံထွာ၊ သားတကာနှင့်၊ တရာသက်ကဲ၊ လည်ချင်း နွဲ၍၊ ရောင့်ရဲမထင်၊ စုံမက်ချင်လျက်၊ မှက်ခြင် ကိုက်နာ၊ မြူရှိ မှာမျှ၊ ရံခါတရစ်၊ မဖြစ်စေရ....” ဟူသကဲ့သို့ သားသမီးတို့နှင့် အသက်တရာ နေရသော်လည်း ရောင့်ရဲ တင်းတိမ်ခြင်းမရှိ၊ ပီတိ သောမနဿ ဖြစ်၍မဆုံး ချစ်၍မဆုံး ရှိကြပေသည်၊ ဤစကား ရပ်တို့ကား ဖွားမြင်ပြီးနောက် သူငယ်ဘဝ၌ မိဘတို့က စောင့်

ရှောက်ပြုစု လုပ်ကျွေးမွေးမြူခဲ့သည်တို့ကို အနည်းငယ်ဖော်ပြခြင်းမျှသာဖြစ်သည်၊ သားသမီးတို့သည် ပဋိသန္ဓေ တည်နေသည်မှစ၍ ဘခင်ဖြစ်သူက မည်မျှ စောင့်ရှောက်ရသည်၊ ကာကွယ်ရသည်၊ မိခင်က မည်မျှစောင့်ရှောက်ရသည်၊ ယုတ်စွအားဖြင့် အစားအစာကိုပင် ကလေး၌ အန္တရာယ်မဖြစ်စေရန် ဆင်ခြင်၍ စားသောက်ကြရသည်၊ သားငယ် သမီးငယ်တို့ သွားနိုင် လာနိုင် စားနိုင်သောအရွယ်၌ တမျိုး, ကျောင်းသားအရွယ်၌ တဖုံ,လူ့အလျောက်အချိန်တန်၍အရွယ်ရောက်လျှင်တနည်း စသည်ဖြင့် အကြင်မျှလောက် အသက်ရှည်ကြကုန်၏၊ ထိုမျှလောက် တိုင်အောင် သားသမီးတို့အပေါ်၌ အနည်းနည်းအဖုံဖုံ စုံလင်စွာ စောင့်ရှောက်ကြ, ကျွေးမွေးကြ, ချီးမြှောက်ကြကုန်၏။ ကိုယ်အားဖြင့်ငင်း,ပစ္စည်းအားဖြင့်ငင်း,မစောင့်ရှောက်နိုင်စေကာမူ မေတ္တာစိတ်ဓါတ်ကြီးမားစွာနှင့် သားသမီးတို့၏ချမ်းသာကြီးပွါးရေးကိုလိုလားတောင့်တကြကုန်၏။ပညာသင်ကြားချိန်၌လည်း အချိန်အရွယ်ကို မလွန်စေရ၊အချိန်ကို အလဟဿ မကုန်ဆုံးမပြုန်းတီးစေရပဲ အချိန်မီမိမိတို့၏ အင်အားအလျောက်စာသင်ကျောင်း, လက်မှုပညာ,စက်မှုပညာ သင်ကျောင်းသို့ ပို့အပ်၍ ပညာ သင်စေကြ၏။ မိဘတို့ မျက်နှာလွှဲ သွားကြ စေကာမူ သားသမီးများ၌ သုံး၍မကုန်အောင် ချမ်းသာစေနိုင်သောပညာတည်းဟူသော အမွေကို ပေးသွားကြ၏၊ရွှေ ငွေ ဥစ္စာ ပစ္စည်းတို့ကိုလည်း မိဘတို့၌ ကြွယ်ဝချမ်းသာသလောက် အမွေအနှစ်ပေးခဲ့ကြသေး၏။ လိမ္မာသောသားသမီးတို့ဖြစ်မူ မိမိတို့၏တသက်တာ၌ ဆင်းရဲရန်မရှိကြတော့ပေ၊ ဤမျှလောက် ကျေးဇူးကြီးသောဂုဏ်ကြီးသောမိဘတို့ပေတကား။

မိမိတို့၌ အိုမင်းမစွမ်း ရှိကြသောအခါ၌ မိမိတို့၏ ကိုယ်ခန္ဓာအတွက် အငဲ့အကွက် မထားကြပဲ သားသမီးများ၏ ချမ်းသာမှုကိုသာ အရေးပြုကြကုန်၏။

အရှင် မောဂ္ဂလာန် အလောင်းသည် တခုသော ဘဝ၌ မယားမိုက်ကစေခိုင်းတိုက်တွန်းသောကြောင့် တောလမ်းခရီး၌ မိမိကိုယ်တိုင် လူဆိုးဟန်ဆောင်၍ မျက်စိအလင်း မရကြသော မိဘတို့ကို ရိုက်နှက်လေရာ၊ မိဘများကမူ တကယ် လူဆိုးများ မိမိတို့ကို ရိုက်နှက်နေသည် ထင်မှတ်ကြ၍ သားကို ချမ်းသာစေခြင်းငှါ····"ငါ့သားလွတ်ရာသို့ ပြေးဟဲ့—ပြေးဟဲ့၊ ငါတို့တော့ အိုကြပြီ၊သေချင်သေပါစေ၊ ငါ့သားသာ လွတ်အောင်ပြေးဟဲ့" ဟု ငိုကြွေးရင်း သား၏ချမ်းသာမှုကို တောင့်တ၍ အော်ဟစ်ရှာကြပေသေးသည်။ ထိုမိဘများသာလျှင်မဟုတ်၊အခြားသော မိဘတို့သည်လည်း သားသမီးများ အပေါ်၌ ဤသို့ပင် မေတ္တာ ကရုဏာစိတ် ရှိကြသည်ချည်းပင် ဖြစ်ကြ၏။

ဓမ္မိသာရမင်းကြီးသည် မိမိ၏သားဖြစ်သော အဇာတသတ်မင်းသားငယ်သည် မိမိ၏ ရန်သူ ဖြစ်မည်ကို ဟူးရာ အမတ်တို့ ဟောပြောချက်ဖြင့် သိရှိရ သော်လည်း မသုတ်သင် ရက်ပဲ မေတ္တာကရုဏာကြီးမားစွာဖြင့် မိဘတို့၏ ဝတ္တရားမပျက်အောင်မြူ စောင့်ရှောက်၍ ကြီးပြင်းစေခဲ့သည်။ ဤမျှအထိ မေတ္တာထားကြပေသည်၊ သို့ဖြစ်၍ သားသမီးတို့သည် မိဘတို့၏ အပေါ်၌ ပြုဘူးသော ကျေးဇူး ဥပကာရတို့ကို ဘဏ်ခိုသမျှ ဆင်ခြင်၍ တတ်နိုင်သမျှ ကျေးဇူးတုံ့ပြန်ကာ ချိုချိုငုံငုံသာသာယာယာ ပြောဆိုခြင်းဖြင့် မိဘတို့၏စိတ်ကို ချမ်းသာစေ၍ ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းဖြင့် ကိုယ်ကိုချမ်းသာစေရုံက "မာတာပိတု

ဥပဋ္ဌာန” မင်္ဂလာကြီးကို ဝမ်းသာအားရ ပြုကြရမည်၊ ဤမျှ ကျေးဇူး ကြီးမားသော မိဘတို့ကို ရိုသေ လေးမြတ်စွာ ပြုစု ကျွေးမွေး စောင့်ရှောက်သော သားသမီးတို့၏ ကြီးပွားချမ်းသာ သော သာဓကတို့သည် များစွာရှိကုန်၏၊ မိဘကျေးဇူးကို သိ၍ မိဘတို့အား ကျွေးမွေး စောင့်ရှောက်သော သားသမီးတို့သည် ယခုဘ၀ နောက်ဘ၀နှစ်ဌာနဌ်ပင် ချမ်းသာကြကုန်၏၊ လူနတ်တို့၏ ချီးကျူး ပူဇော်ခြင်းကို ခံကြရ၏။

သုဝဏ္ဏသာမ သတို့သားသည် မျက်စိ အလင်း မရသော မိဘတို့ကို သားသမင်တို့နှင့် အဖော်ပြု၍ လုပ်ကျွေး မွေးမြူခဲ့၍ ချမ်းသာရဘူးလေပြီ၊ အလောင်းတော် ကျေးသားသည်လည်း တိရစ္ဆာန်ဖြစ်လျက် မိဒ်ိ,ဘဒိုတို့ကို လုပ်ကျွေးခဲ့၍ ချမ်းသာ ရဘူးလေပြီ၊ သူဘော်ကောင်းကို ပြစ်မှားမိကြ၍ တနိုင်ငံလုံး သေကြေပျက်စီးကြသော်လည်း၊မိဘကိုလုပ်ကျွေးသော သူသည် ဘေးအန္တရာယ်မကင်မငြိ ချမ်းသာလွတ်မြောက်ခြင်းကို ရရှိဘူး လေပြီ။ ကျေးဇူးရှင်၏ကျေးဇူကိုသိ၍ ကျေးဇူးတုံ့ပြန် နိုင်သော သူသည်လည်း လူ့သူတော်ကောင်း စာရင်းဝင် ဖြစ်လေသည်။ သို့ကြောင့် “မာတာပိတု ဥပဋ္ဌာန” မင်္ဂလာကို ဖြစ်စေလျက် သူတော်ကောင်းစာရင်း၌ ပါဝင်ကြရအောင် မိဘတို့ကို ရိုသေ လေးစားစွာ ပြုစုလုပ်ကျွေး မွေးမြူကြသင့်ပေသည်။

မိဘတို့ကို ပြုစု လုပ်ကျွေး စောင့်ရှောက်မှု၌ အိမ်ရာတည် ထောင် လူ့ဘောင်၌ နေသော သားသမီးများသည် သာလျှင် မိဘကို ပြုစုကျွေးမွေးကောင်းသည် မဟုတ်သေး၊ ရဟန်းတော် များသည်ပင် လုပ်ကျွေးထိုက် လုပ်ကျွေးကောင်း လေသည်။

သာဝတ္ထိမြို့သား ရဟန်းတော် တပါးသည် ရဟန်း မပြုမီက မိဘတို့၌ ဥစ္စာပစ္စည်း များစွာကြွယ်ဝ ချမ်းသာသော သဌေး ဖြစ်ခဲသော်လည်း၊ နောက်အခါ၌ အကြောင်းမသင့်၍ ပစ္စည်း ဥစ္စာ ကုန်ခန်းရှုံးသာမက နေထိုင်စရာအိမ်ပင်မရှိကြပဲသူတပါး တို့၏အိမ်ဘေး၌ မှီခိုကပ်ရပ်နေကြရသည်အထိ ဆင်းရဲပင်ပန်း ဘောင်းရမ်း စားသောက် နေရသည်ကို ကြားသိသော သား ရဟန်းသည်၊ ထိုသတင်းကို ကြားသိရာဖြစ်သော ဘောကျောင်း မှ ပြန်လာခဲ့၍ ဆွမ်းခံ ရသမျှကို မိဘအိုများအား အလျင် ကျွေး၍ ကြွင်းကျန်သည်ကိုသာ မိမိ စားသဖြင့် မဝတနေ့ ဝတနေ့ ဖြစ်လျက် ကြုံလှီဖြော့တော့သော ကိုယ်ခရကိုယ်သား ရှိ၏၊ သင်္ကန်းလျှာ ပိတ်ပိုင်း ဖျင်စကိုရလျှင်လည်း မိဘများကို ပေး၏၊ မိဘများ၏ အဝတ်ဟောင်းကို ဖွပ်လျှော် ချုပ်ဆိုး၍ သင်္ကန်းပြုလုပ် ဝတ်ရုံရသောကြောင့် ဆွေးရိ နွမ်းပါးသော သင်္ကန်းရှိ၏၊ ထိုအခြင်းအရာကို သိတင်းသုံးဖေါ် ရဟန်းတော် များသိ၍ ရဟန်းဖြစ်လျက် ဒကာ ဒကာမ တို့က သဒ္ဓါနှင့် ပေးလှူသော ပစ္စည်းကို လူဝတ်ကြောင် မိဘတို့အား ပေးရ ကျွေးရမည်လောဟု ပြစ်တင်ကဲ့ရဲ့၍ ဘုရားသခင်ထံ လျှောက် ထားကြကုန်၏၊ ဘုရားသခင်သည် ထိုရဟန်းကို ခေါ်စေတော် မူ၍ ရဟန်းပရိသတ် အလယ်၌ မေးမြန်းတော်မူရာ မကွယ် မထောင့် ဖြောင့်စင်း ဖြူစင်စွာ မိဘ များအား ကျွေးမွေး ပေးကမ်း ပြုစု သည်မှာ မှန်ပါကြောင်းနှင့် လျှောက်ထား ကာလ....''သာဓု သာဓု ချစ်သား၊ ကောင်းပေစွ, ကောင်း ပေစွ, ငါဘုရား၏လမ်းသို့ လိုက်ပေသည်၊ ရှေးသူတော်ကောင်း တို့သည်လည်း မိဘများအား ရိုသေစွာ လုပ်ကျွေးသည်သာ တည်း''ဟု ချီးမွမ်းနုမော် သာဓုခေါ်တော်မူလေသည်၊ ယင်းကို

ထောက်သဖြင့် လူဝတ်ကြောင်တို့သာ မဟုတ်၊ ရဟန်းများပင် မိဘတို့ကို ပြုစုလုပ်ကျွေးကောင်းသည်ကို သိကြရမည်။

သို့ရာတွင် ထိုရဟန်း၏ မိဘတို့မှာ ရဟန်း ဖြစ်နေသော ၌ သားတပါးသာ ရှိသည်၊ မိဘတို့မှာလည်း အိုမင်း မစွမ်း ဇရာဒုဗ္ဗလ ပ မ အရွယ်သို့ ရောက်နေကြသည်၊ ပစ္စည်းက လည်း ကုန်ခန်း, ကျန်းမာ သန်စွမ်းကြသော အသက်အရွယ် လည်းမဟုတ်၊ အခြား မှီခိုအားထားစရာ သားသမီးလည်းမရှိ၊ အတိဒုက္ခ ရောက်၍ အလွန်အကဲ အိုဆင်းရဲ ဆင်းရဲနေကြ သောကြောင့်သာ သားရဟန်းမှာမနေသာ၍ ရဟန်းတရားကို အားထုတ် နေရာ တောကျောင်းမှ မြို့သို့ ပြန်ဝင်၍ မိဘအို ဒုက္ခိတတို့ကို ကြည့်ရှုကျွေးမွေးတော်မူရသည်၊ မိဘတို့၌ နေနိုင် စားနိုင်ရှိပါလျှင်, ပြုစုမည့် သားသမီး ဝတ်ကြောင် ရှိပါလျှင်, ရှာ လုပ်ကိုင် စားသောက်နိုင်သော မိဘများ ဖြစ်ပါလျှင် ရဟန်း၏တာဝန်ကိစ္စကို ဖျက်၍ စောင့်ရှောက်မည် မဟုတ်ပေ၊ ရဟန်း တရားကိုသာ အားထုတ် ပေမည်၊ အဘယ့်ကြောင့် ဆိုသော် မူလက လောက သံယောဇဉ်ကို ပယ်ဖြတ်ခဲ့ပြီးသော ကြောင့် ဖြစ်သည်၊ မြတ်စွာဘုရားက ချီးမွမ်းနမော် သာဓုခေါ် တော်မူသည်မှာလည်း ခိုကိုးရာမဲ့ တကယ့်ဒုက္ခိတ ဇရာဒုဗ္ဗလ မိဘအိုတို့ ဖြစ်၍သာ ချီးမွမ်းတော်မူသည်ကို ရဟန်းတော် များ သတိမူသင့်ကြသည်၊ မိဘကို လုပ်ကျွေး ကောင်းသည် ဘုရားချီးမွမ်းသည်ဆိုရုံနှင့် ရဟန်းကိစ္စတာဝန်ကို မမေ့မလျော့ သင့်ကြပေ၊ မဟာမိတ္တဆေရ်၏ မယ်တော်၌ အနာရောဂါဖြစ် ပေါ်၍ စ်မဘိက္ခုနီက မဟာမိတ္တထံ ဆေးဝါးလာတောင်းရာ ငါ့မှာဆေးမရှိ ဆေးနည်းကိုလည်း ငါမသိ၊ သို့သော် ငါသစ္စာ

တခုကိုကား ပြောကြားလိုက်မည်၊ ငါသည် ရဟန်းဖြစ်သည်မှ စ၍ ဝိသဘာဂအာရုံကို ဖေါက်ပြန်သော စိတ်နှင့် မကြည့်ဘူး သည်ကားမှန်၏။ အဲဒီမှန်သော သစ္စာကြောင့် မိခင် ဥပသိကာမကြီး၌ စွဲကပ်သော အနာရောဂါ ပျောက်ကင်းချမ်းသာ စေသတည်းဟု သစ္စာပြု၍ နှစ်မဘိက္ခုနီအား သွားလော့ ယခု ငါပြုသော သစ္စာစကားကိုဆို၍ မိခင် ဥပသိကာမကြီးအား ဆုပ်နယ်လေ....ဟုမှာလိုက်၏။ ဘိက္ခုနီသည် မှာလိုက်သည့် အတိုင်းပြုလုပ်ရာ ထိုခဏ၌ပင်လျှင်အနာသည် ရေမြှုပ်ရေပွက် ကဲ့သို့ ကျေပျောက်၍ ချမ်းသာသောဟူ၏။ မကင်းတတ်လျှင် မဟာမိတ္တထေရ်ကဲ့သို့ပြုသင့်ကြပါသည်။

မြန်မာပြည် သာသနာ့ဘော်ဘက်၌ အလွန် ထင်ရှား ကျော်ကြားတော်မူသော ဆရာတော် ဗုဒ်သည် မယ်တော် ဥပသိကာမကြီး သေဆုံး၍ သင်္ဂြိုဟ် ပို့ဆောင်ကြသောအခါ ကျောင်းတော်ကစာကြည့်ရင်း တချက်မျှသာ လှည့်ကြည့်လိုက် သတတ်....ပြုစုစောင့်ရှောက်၍ သင်္ဂြိုဟ်ပို့ဆောင်မည့် သားချင်း ပေါက်ဖေါ် ဆွေမျိုးများရှိလျှင်ကား မဟာမိတ္တထေရ်, ဆရာ တော်ဗုဒ်တို့ကဲ့သို့ဖြစ်သင့်လှပေသတည်း။ လူဝတ်ကြောင် သား သမီးတို့သည်ကား ပြုစုသူရှိသည်တိုင်အောင် တတ်အား သမျှ တာဝန်ယူ၍ ပြုစုအပ်ပေသည်။

## ၁၃။ ပုတ္တဒါရသင်္ဂဟော

မိဘတို့ကိုသာလျှင် ပြုစုလုပ်ကျွေး ကြရမည် မဟုတ်သေး၊ သားမယားရှိခဲ့လျှင် သားမယား တို့ကိုလည်း ပြုစုလုပ်ကျွေး စောင့်ရှောက်ကြရမည်ဖြစ်သော လောကဝတ်တရားရှိသည်ကို ညွှန်ပြတော်မူလိုသည် ဖြစ်၍ ''ပုတ္တဒါရသ သင်္ဂဟော'' ကို ဟောတော်မူသည်။

တနည်း။ ။သားသမီးကို ပြုစုပျိုးထောင် ချီးမြှောက် မစ၍ အရာရာ၌ စောင့်ရှောက် ကြည့်ရှုသော မိဘတို့သည်သာလျှင် သားသမီးတို့၏ ယုယပြုစုလုပ်ကျွေးမွေးမြူမှုကိုခံရတတ်လေသည်။ တိရစ္ဆာန်များကဲ့သို့ မွေးပြီးလျှင် စွန့်ပစ်ထားတတ်သော မိဘများသည်ကား သားသမီး တို့၏ တုံ့ပြန် ကျွေးမွေး ပြုစု စောင့်ရှောက်မှုကို ရရှိဘို့နှင့် ဝေးကွာ တတ်လေသည်၊ ပုတ္တဒါရသ သင်္ဂဟမင်္ဂလာ ပျက်ယွင်းပါက မာတာပိတုဥပဋ္ဌာန မင်္ဂလာ လည်း ပျက်ယွင်း တတ်လေတော့သည်၊ မိဘတို့၏ ဩဝါဒ စကားကို နားမထောင်, မလိုက်နာ, မိဘတို့ကို ကျွေးမွေးပြုစု ကောင်းသည်ဟူ၍မှ မအောက်မေ့ မသိရှိတတ်သော သားသမီး မျိုး ပေါ်များလာသောအခါ မိဘ တို့သည် သားသမီးများကို ရတနာဟူ၍ အမှတ်မပြု သားသမီးဖြစ်ထွန်းပေါ်ပေါက်လိုသော ဆန္ဒပင် နည်းပါးလာကြပေမည်။ မာတာပိတုဥပဋ္ဌာနမင်္ဂလာ ပျက်ကွက်ပြန်ကလည်း ပုတ္တဒါရသ သင်္ဂဟ မင်္ဂလာပျက်တော့ သည်သာဖြစ်တတ်သည်၊ သို့ဖြစ်၍ နှစ်ပါးသော မင်္ဂလာတရား များမတိမ်ကော မကွယ်ပျောက်စေပဲ သတ္တဝါ အဆက်ဆက် တို့၏ ချမ်းသာရေးကို အလိုရှိတော်မူသော ဗုဒ္ဓမြတ်စွာသည်

ဤ "ပုတ္တဒါရသင်္ဂဟ" မင်္ဂလာကို ဆက်လက်၍ ဟောတော်မူပြန်သည်။

သားမယားရှိသော သူသည် မိမိ၏ သားမယား တို့ကို စွမ်းဆောင်နိုင်သမျှ ပြုစုကျွေးမွေး စောင့်ရှောက် ချီးမြှောက်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု မိန့်တော်မူသည်၊ ဤမင်္ဂလာကို ယေဘုယျအားဖြင့် ကာမဘုံသား သတ္တဝါတို့သည် လိုက်နာသူများကြ၏၊ သားသမီးများ ဇနီးသည်များ အပေါ်၌ အိမ်ရှင်ယောကျာ်းတို့သည် မိမိတို့၏ အင်အားစွမ်းရည် ရှိသလောက် ကျွေးမွေး စောင့်ရှောက် ချီးမြှောက်လေ့ ရှိကြ၏၊ လူတို့သာမဟုတ် တိရစ္ဆာန် တို့သည်ပင်လျှင် သားမယားတို့အား ကျွေးမွေး စောင့်ရှောက်ကြကုန်၏၊ လောကကျင့်ဝတ် ဖြစ်သည်မှာ ထင်ရှားလှပေ၏၊မြတ်စွာဘုရားသည်လည်း တိမ်မြုပ်နေသော ပကတိ လောကကျင့်ဝတ်ကို သာလျှင် သတ္တဝါတို့၌ ပေါ်လွင် ထင်ရှားစေရန် ဖေါ်ပြဟောပြောတော်မူခြင်းဖြစ်သည်။

ဤသို့ သားမယား တို့ကို ကျွေးမွေး ပြုစု စောင့်ရှောက် ချီးမြှောက်ခြင်းသည် မင်္ဂလာ ဖြစ်သည်ကို မှတ်ယူ၍လိုက်နာ ပြုလုပ်ကြရပေမည်၊ မိဘတို့အား ပြုစုလုပ်ကျွေး မွေးမြူခြင်းကို ကျွေးဟောင်း ဆပ်သည်ဟု ပညတ်၍ သားမယား တို့အား ကျွေးမွေး စောင့်ရှောက် ချီးမြှောက် ခြင်းကို ကြွေးသစ်ပေးသည်ဟု သူတော်ကောင်းတို့ ပညတ် တင်စား သုံးစွဲတော်မူကြ၏၊ ကျေးဇူးဟောင်းကို ဆပ်၍ ကျေးဇူးသစ်ကို ပြုသည်ဟု ဆိုလို၏၊ဤမင်္ဂလာနှင့် မညီညွတ်သော ယောကျာ်းကို အစိုးရတို့၏ ဥပဒေအရ စားစရိတ်,ကလေးစရိတ်တောင်းနိုင်ကြသည်၊ ပေးကြရသည်၊ ဤသာဓကဖြင့်လည်း ပုတ္တဒါရသင်္ဂဟ မင်္ဂလာ

သည် လောကကျင့်ဝတ် မင်္ဂလာတပါး အဖြစ်သည် သာ၍ ထင်ရှားပေသည်၊ ထိုကြောင့် ပုဗ္ဗာဒါရ သင်္ဂဟ မင်္ဂလာနှင့် ပြည့်စုံလျှင် ကောင်းမှုမင်္ဂလာကြီးတပါး ရရှိသည်ကို သတိပြု၍ ဖြည့်ကျင့်ကြရာသည်။

## အထူးသတိပြုရန်

လောက လူတို့ လိုက်နာရမည့် လူကျင့်ဝတ် အမှတ် (၂) ပုဗ္ဗာဒါရသင်္ဂဟ မင်္ဂလာ ပျက်ကွက်ခဲ့သော် ဥပဒေအရ အရေးယူနိုင်လျက် အမှတ် (၁) မာတာပိတု ဥပဋ္ဌာနမင်္ဂလာ ပျက်ကွက်သော သားသမီးများအား ပြည်ပိုင်အစိုးရတို့က မည်သည့် ဥပဒေ ပုဒ်မအရ အရေးယူမည်ဟု တိကျပြတ်သားစွာ ဥပဒေ တရပ်ကွယ်ပျောက် တိမ်မြုပ်နေသည်ကို လေးလေးနက်နက် စဉ်းစားပြီးလျှင် ဗုဒ္ဓဘာသာနိုင်ငံများ၌ အစိုးရမင်းများသည် မာတာပိတု ဥပဋ္ဌာန မင်္ဂလာကို လိုက်နာ ဖြည့်စွမ်းနိုင်လျက် ပျက်ကွက်သော သားသမီးများ အတွက် ဥပဒေပြုလုပ်ရန်သင့် မြတ်လှပေ၏။

မိဘ ဝတ်တရားမှုလောက်ကိုမှ မကျေပွန်သော သားသမီးတို့သည် ဤလောကကြီး၌ ဆရာသမား လူကြီး, မင်းစိုးရာဇာ, မိတ်သင်္ဂဟတို့နှင့် စပ်သောဝတ်တရားကို ကျေပွန်နိုင်တော့မည် မဟုတ်သည်ကို ဆက်လက်၍ စဉ်းစားလျှင် မိဘတို့အပေါ်၌ တာဝန်ဝတ်တရား မကျေသော သူမျိုးသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော လူစားအဖြစ်သို့ ကျရောက်ပေတော့ သည်ဟု သတိထားရန် သင့်ပေ၏။

မိဘနှင့် သားမယား တို့အား ပြုစု လုပ်ကျွေးသော သူကို နတ်သိကြားများကပင် ဦးညွှတ် လေးစားကြသည်၊ ချီးကျူး

နမော် သာရ ခေါ်ကြသည်၊ သို့ဖြစ်၍ သားမယား ရှိကြသူတို့သည် သားမယား သားသမီး တို့အား ဝတ်တရား မပျက်ပစ္စက္ခ ဘမလွန် နှစ်တန်သော ကောင်းကျိုး ကျေးဇူး တို့ကို မြော်ကိုး၍ စောင့်ရှောက် မွေးမြူကြရာသတည်း။

## ၁၄။ အနာကုလာစ ကမ္မန္တာ

သားမယား တို့အား ကျွေးမွေး စောင့်ရှောက် ချီးမြှောက်ခြင်းသည် ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ ဖြစ်သည်ဆိုသဖြင့် သားမယားများကို ကျွေးမွေးရလျှင် ပြီးစေ၊ ဘယ်နည်းနှင့်ပင် ဥစ္စာပစ္စည်းကို ရရ ရှာဖွေ ကောင်းတော့ သည်ဟု အယူအဆမှားယွင်းပြီး ကာလ မကောင်းမှုနှင့်, အပြစ် အနာ မလွတ်ကင်းသော အလုပ် အကိုင်နှင့် ဥစ္စာကြေးငွေ ရှာဖွေကြလျှင် လေးဝလော အပါယ်သို့ တဖန် လည်၍ သံသရာ အနယ်ထိုင်လျက် ဒုက္ခကြီးစွာ ရောက်ကြအံ့သော ဘေးကို ကာဆီး ပိတ်ပင်တော် မူလိုသောကြောင့် ''အနာကုလာစ ကမ္မန္တာ'' မင်္ဂလာကို အခြားမဲ့ပြု၍ ဟောတော်မူသည်။

တနည်း။ ။လောက၌ စီးပွားရေး သမားသည် စီးပွါးရေးကို ကြိုးစားကြရာ၌ မိဘနှင့်သားမယားများကို မွေလျော်၍လောဘနောက်သို့ ဝမ်းလျားထိုး၍ လိုက်နေတတ်ကြ၏၊ စီးပွါးရေး၏ အဓိက ပဓာန ရည်ရွယ်ချက်မှာ မိဘနှင့် သားမယား သားသမီးများကို ချမ်းသာစွာနေစေလို, ချမ်းသာစွာထားလိုကြသောကြောင့် ဖြစ်ပေ၏၊ သို့အတွက် မိဘနှင့် သားမယား သားသမီးတို့နှင့်ဆိုင်ရာများကိုသိရှိပြီးသော ပုဂ္ဂိုလ်သည်သာလျှင် စီးပွားရေးကို ကြိုးစား သင့်သည်၊ ထိုစီးပွါးရေး သည်လည်း အပြစ်ဒေါသ ကင်းစင်သော စီးပွါးရေးသာ ဖြစ်ရာသည်ဟု

ပြုလို သောကြောင့် "အနာကုလာစ ကမ္မန္တာ" မင်္ဂလာကို ဆက်လက်၍ ဟောတော်မူသည်ဟုလည်း မှတ်ယူရာသည်။

အပြစ် မကင်းသော အလုပ်အကိုင် တို့ဖြင့် ပစ္စည်း ဥစ္စာ ရကြောင်းကို မပြုမလုပ်မူ၍ သင့်တင့်လျောက်ပတ်သော အခါ တို့၌ ပျင်းရိပေါ့တန်ခြင်း မရှိစေပဲ ထက်သန်သော ဝီရိယဖြင့် အပြစ်မရှိသော ကောင်းကျိုး ကျေးဇူးကို ရရှိစေနိုင်သောအမှု အလုပ်ကို ပြုလုပ် ဆောင်ရွက် ခြင်းသည် "အနာကုလာစ ကမ္မန္တာ" မင်္ဂလာဖြစ်သည်ဟု ဟောတော်မူလိုသည်။

မိမိ အသက် မွေးရာ မွေးကြောင်း သားမယား တို့အား ကျွေးရာကျွေးကြောင်း ဖြစ်သော အလုပ်အကိုင်ကို ပြုလုပ်ရာ၌ လောက သံသရာပြစ်ကင်းရမည်၊ ပြုလုပ်ဆောင်ရွက်သင့်သော အခါ၌ ပြုလုပ်ဆောင်ရွက် ရမည်၊ မိမိနှင့် သင့်လျော် နိုင်နင်း သော အလုပ်ကိုသာ ပြုလုပ်ရမည်၊ ပျင်ရိပေါ့တန်ခြင်း ကင်း ရမည်၊ နေ့အခါ၌ အိပ်လေ့အိပ်ထ မရှိရ၊ ညဉ့်အခါ၌ နိုးနိုး ကြားကြား ရှိရမည်၊ အမြဲမပြတ် သတိရှေ့သွားရှိရမည်၊ ယခု အလွန် လေသေးသည်, ပူလှသေးသည်, စောလွန်းသေးသည်, မိုးချုပ်လှပြီ စသည်ဖြင့် မိမိ၏ လုပ်ငန်း ဆောင်တာကို လက် လွှတ်၍ ပျင်းရိပေါ့တန်စွာ အချိန်ကို ဖြုန်းတီးသော သူတို့ကို ကောင်းကျိုး ချမ်းသာတို့သည် ကျော်လွန်၍ သွားကြကုန်၏။

အပြစ်လွတ်ကင်း၍ မိမိစွမ်းဆောင်နိုင်သော လက်မှု,စက်မှု, ရောင်းဝယ်ဖောက်ကားမှု,လယ်ယာကိုင်းကျွန်းလုပ်မှု,အခစား လုပ်မှု စသော ကောင်းမှု ကောင်းလုပ်တို့ဖြင့် လုပ်ကိုင်ရှာဖွေ၍ ရရှိသော ပစ္စည်းတို့သည် တည်မြဲတတ်ကုန်၏၊ တိုးပွားစည်ပင် တတ်ကုန်၏၊ ထိုပစ္စည်းတို့ကို ပရိသတ်အလယ်,လူများအလယ်,

ရင်ရှာအလယ်၌ ရဲရဲဝံ့ဝံ့တင့်တင့်တယ်တယ် ဝတ်ရုံ စားသောက် သုံး ဆောင် ဝံ့ ကုန်၏၊ မိမိက ရဲဝံ့စွာ သုံးစွဲ ဝံ့သည် အ လျောက် သိကြမြင်ကြသူ တို့ကလည်း ဩော်....ဤသူများသည် ကောင်းမှု ကောင်းလုပ်ဖြင့် တရားသဖြင့် ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင် ရှာဖွေရသော ပစ္စည်းကိုသာ တရားသဖြင့် သုံးစွဲကြ ပေသည်ဟု ကြေနပ်ကြ၏၊ ချီးမွမ်းကြ၏၊ မိမိတို့၏သားသ္မီးများ ကိုပင် ထိုသူကိုပုံစံပြု၍ ဩဝါဒ ပေးကြ၏၊ သူတော်ကောင်း များ၏ သာဓုခေါ်ခြင်းကို ခံယူရ၏၊ မင်းပြစ်စိုးဒဏ် လွတ်ကင်း ရှင်းလင်း၏၊ ယခုဘဝ, နောက်ဘဝ နှစ်ဌာနလုံး၌ နှစ်သက် ရွှင်လန်းဝမ်းသာမှုကိုဖြစ်စေ၏၊ ဤသည်တို့သည်အနာဂတ်ကုလာစ ကမ္မန္တ မင်္ဂလာနှင့် ပြည့်စုံသော သူ၌ ရရှိသော ကောင်းကျိုး မင်္ဂလာများဖြစ်သည်။

အလုပ်အကိုင်မရှိဟူ၍ ပေါ့ဆ အေးဆေး, မိဘသားချင်း တို့က ကျွေးမွေးသမျှကို ကပ်ရပ်၍စားသောက်နေကြကုန်သော လူပေါ်ကျော့တို့၏မျက်မှောက်၌ အမျိုးမျိုးသော နိုင်ငံခြားသား တို့သည် အပြစ် မရှိသော အလုပ် အမျိုးမျိုး တို့ကို ပြုလုပ် ဆောင်ရွက်ကြ၍ မိဘ,သားမယားထံသို့ လစဉ် ငွေ ပို့ပြီး,ပို့ဆဲ ရှိကြကုန်၏၊ အထက်တန်းစားနိုင်ငံခြားသားတို့မှာ ဆိုဘွယ်ရာ မရှိပြီ၊ အောက်တန်းစားထဲ၌ပင်များလှ၏။

## စီးပွါးရေးပြဿနာ

တွေ့ဘူးသော စာပို့ပျာတာ တယောက်သည် ဇာန္ဒိယနိုင်ငံ ဗာရာဏသီမြို့နယ် တောရွာက လာ၍ ညောင်တုံးမြို့၌ စာပို့ အလုပ်ကိုဆောင်ရွက်နေ၏၊ လခ (၁၅) ကစ၍ အလုပ်ဝင်ခဲ့ရာ မိမိနှင့်တွေ့သောအခါ လခ(၃၅)ရပြီဟုပြော၏။ (၁၅) ရစဉ်

ကစ၍ အလုပ်ကိုရှိသေစွာလုပ်၏၊ နာမည်ပျက်မရှိ၊ လခ(၁၅) ရစဉ်က တလအဘို့၌ (၅) ဘိုးသာ မိမိစားသုံးသည်၊ ကျန်ငွေ (၁၀) ကို အမေနှင့် သားမယားထံပို့၏၊ လခ (၃၅) ရသော အခါ၌လည်း (၅) သာ စား၍ (၃၀) ပို့သည်ဟု ပြော၏၊ မင်းပို့သောငွေကို အမေနှင့် သားမယားများက စားသုံးပစ်ကြ သလားဟုမေးရာ မဟုတ်ပါဘူး သူတို့စားဘို့အတွက် ဟိုမှာ သူတို့ကိုယ်တိုင် ရှာဖွေကြပါတယ်၊ ကျွန်တော် ပို့သမျှကို စု၍ လယ်မြေ ဝယ်ထားပါတယ်၊ ကျွန်တော် အငြိမ်းစား ယူပြီး ပြန်သောအခါ ကိုယ့်လယ်ကို ကိုယ်တိုင်လုပ်၍ ကောင်းကောင်း နေနိုင်မည်ဟု ပြော၏။

စာပို့ပျာတာပြောပုံကိုစဉ်းစားကြည့်ကြစေလို၏၊အခြေမရှိမီ ကလည်း နိုင်ငံရပ်ခြားသို့လာ၍ မိဘ သားမယား ဆွေမျိုးဉာတိ တို့နှင့်ကင်းဝေးနေရသောဒုက္ခ,အနေအစားခြိုးခြံရသောဒုက္ခ, အထက် လူကြီးများ၏ အစေ အခိုင်းကို ခံ၍ အောက်တန်း အလုပ်ကို ပြုလုပ်ရသောဒုက္ခ တို့နှင့် ရင်းနှီး၍ အပြစ်ဒေါသ မရှိသောအလုပ်ကောင်းကို ရိုသေစွာလုပ်ကိုင်၍ စီးပွါးအခြေ တည်အောင် ကြိုးစား အားထုတ် လာခဲ့၏၊ ဆင်းရဲဒုက္ခနှင့် ရင်းနှီးရှာဖွေရသမျှနှင့်ဝယ်ယူပြီးသောလယ်ကိုလည်း ကိုယ်တိုင် လုပ်ကိုင်စိုက်ပျိုး၍ အပြစ်ကင်းသောလယ်သမားအလုပ်ဖြင့်ပင် စီးပွါးရှာ၍ အသက်မွေးမည်ဖြစ်၏၊ အလုပ်ကိစ္စ နှစ်ရပ်လုံး ကောင်းမှု, ကောင်းလုပ် တို့သာ ဖြစ်ပေသည်။ အနာကုလ ကမ္မန္တ မင်္ဂလာရှိသော အလုပ်ကောင်း တို့သာ ဖြစ်ပေသည်၊ ဤသို့သော ကောင်းမှု, ကောင်းလုပ် တို့ဖြင့် ဆင်းရဲပင်ပန်း ခံလျက် ပြုလုပ် ရှာဖွေရရှိသော မူးစု, ပဲစု, ကြေးငွေကလေး များနှင့် တ ရား သ ဖြင့် ဝယ် ယူ ထား ကြ သော လယ် ယာ

ကိုင်းကျွန်း မြေမျိုးကို အစိုးရကသိမ်းယူမည်ဆိုလျှင် ပစ္စည်းရှင်များ၌ အတော်ကြီး နစ်နာ ကြရပေမည်၊ မြန်မာပြည်၌ များစွာသော လယ်ရှင်တို့သည် ယခုပုံစံထုတ်ပြခဲ့သော စာပို့ပျာတာ လယ်ရှင် အစားတို့ သာလျှင် များကြသည်ဟု ထင်ပေသည်။ အစိုးရများစဉ်းစားရန် အချက်ဖြစ်၍ အလျဉ်းသင့်ခိုက်၌ညွှန်ပြလိုက်ရသည်။

မြန်မာအလုပ်သမားများနှင့် မြန်မာ မိဘများ သားမယားများနည်းယူလိုက်နာဘွယ် ကောင်းလှ၏၊ များသောအားဖြင့် မြန်မာများသည် ပစ္စည်းဥစ္စာ ရှာဖွေသူကလည်း ပေါ့ဆ၏၊ သားမယားကလည်း ညံ့ကြ၏၊ လင်သားများ အလုပ်အကိုင် အရှာအဖွေသွားစဉ် ကြွေးယူ၍ စားသောက် နေတတ်ကြ၏၊ လင်သားများ ပြန်လာသောခါ ပါလာသမျှသော ငွေကလေးကို မယားက စားသုံး ထားသော ကြွေးကို ပေးဆပ်ရသည်နှင့် မလောက်အောင် ရှိတတ်ကြ၏။ အချို့သောလင်သားများကလည်း အိမ်သို့ မရောက်မီက ကစား, သောက်စား, အပျော်အပါး,လိုက်တတ်ကြသောကြောင့် အလုပ်လုပ်၍ရသမျှ ကုန်ခဲ့၏၊အချို့မှာ ရောဂါပင် ပါလာတတ်ကြသေး၏။

ယင်းသို့လျှင်အလုပ်ကို တန်သလောက်ကိုသော်မှပင် မလုပ်မကိုင်လိုကြ၍ ပျင်းရိ ပေါ့တန်သောသူ, အလုပ်ပင် လုပ်ကိုင်သော်လည်း ဉာဏ်သတိ ရှေ့သွားမရှိ ဝီရိယနည်းပါး အလုပ်တာဝန်၌ ဝိပြား သေဝပ် မရှိသော သူတို့ကို ဘယ်သို့သော အစိုးရမင်းနှင့် သိကြား,နတ်မင်းတို့က ချမ်းသာအောင်စောင်မနိုင်ကုန်အံ့နည်း၊

မြန်မာပြည်အတွင်း၌ အမြင်များသော အတန်အရာ ဗဟုသုတရှိသူတိုင်းသိရှိကြဘူးသော ပုံစံအတ္တုပ္ပတ်မျိုးကို ပြရလျှင်–

ကြွယ်ဝချမ်းသာသော မိဘတို့သည် သားသမီး ၃-၄ ယောက်ရှိရာ သားသမီးများ အိမ်ထောင်ပြုတိုင်း အသီးအသီး အခြေရလောက်အောင် ချီးမြှောက် ပေးကမ်းလိုက်၏၊ ၃-၄ နှစ်ခန့်ကြာသောအခါ သတိဝီရိယနည်း၍ စည်းစိမ်နစ်မရှိ ပျင်းရိပေါ့တန်သော သားသမီးသည် ပစ္စည်းကုန်ခန်း ပင်ပန်းဆင်းရဲခြင်းသို့ရောက်၍ သတိဝီရိယနှင့် စည်းစိမ်နစ် ရှိသော သားသမီး တို့သည် အတန်းအစား အသျှောက် တင့်တောင့်တင့်တယ် ဖွယ်ဖွယ်ရာရာ နေရ စားရသည့်ပြင် မိဘတို့က ပေးကမ်းချီးမြှောက်လိုက်သည်ထက် တိုးပွားလျက်ရှိ၏၊ တဖန် မိဘတို့က ဆင်းရဲပင်ပန်းသော သားသမီး တို့အား ငဲ့ညှာ၍ အရင်းအနှီး ထုတ်ပေးလိုက်ပြန်၏၊ ရှေးနည်း အတူ ၃-၄ နှစ် ကြာသော အခါဆင်းရဲမြဲ ဆင်းရဲပြန်၏၊မိဘများသေဆုံး၍ မိဘ၏ အမွေအနှစ်ကိုအတွက်ကျရကြပြန်၏၊ တာရှည်မခံဆင်းရဲကြပြန်၏၊လောကီသမ္ပဒါ လေးပါး ချို့ငဲ့ ချွတ်ယွင်းလျက် ရှိသော ထိုလူမျိုးကိုဘယ်ကဲ့သို့သော လူမင်း နတ်မင်းတို့သည် ချမ်းသာစေနိုင်ပါမည်နည်း၊ ဤသားသမီးမျိုးကို မိဘတို့ကလည်းချမ်းသာအောင်မ,မနိုင်၊ လူမင်းတို့ကလည်း မ,မနိုင်၊ နတ်မင်း သိကြားမင်းတို့ကလည်းမ,မနိုင်၊ စိုက်ပျိုးရန်မြေကွက်ရှိ၏၊ ရေတွင်းရှိ၏၊ ကိုယ်တိုင် မြေပေါ်မှာနေ၏၊ ပျင်းရိပေါ့တန်၍ စိုက်ပျိုးမှုကို မပြုပဲ အချိန်ကို အချီးနှီး ကုန်လွန်စေသော သူတို့ကို ဘယ်သူမ၍ချမ်းသာလေအံ့နည်း။

ပျင်းရိပေါ့တန်၍ သူတပါးကိုသာ အားထားအားကိုးနေသောသူသည် လူသာမဟုတ်၊နတ်သား နတ်မျိုးဖြစ်သော်လည်းကြီးပွားချမ်းသားခွင့် မရှိကြပေ၊ တရံသောအခါ သိကြားနတ်မင်းသည် သူ၏သားများ ဖြစ်ကြသော သုဝီရ, သုသိမ, တို့ကို

ခေါ်၍ ငါ့သားများ ထက္ကြလုံ့လ ဝီရိယမရှိပဲ ကြီးပွါးချမ်း
သာခြင်းကိုရသော အရပ်ဒေသ အကယ်၍ရှိငြားအံ့၊အဲဒီအရပ်
သို့ သင်တို့သွားကြပါ၊ ငါ့ကိုလည်း အဲဒီအရပ်သို့ ပို့ပေးစမ်းပါ
ဟု ပြောဆို ဆုံးမသောဟူ၏၊ (ဆုံးမစဉ်၌ တယောက်စီ ဆုံးမ
သော်လည်း တပေါင်းတည်းရေးလိုက်၏)၊နတ်သိကြားတို့သည်
ပင်လျှင် ထက္ကြလုံ့လ ဝီရိယရှိကြရလျက် ချမ်းသာ ကြီးပွားရေး
ကို ဆောင်ရွက်ကြသည်ဖြစ်ရာ လူတို့မှာ ပြောစရာ မလိုတော့
ပေ၊ကိုယ်တိုင်ပင်လျှင် ထက္ကြလုံ့လနှင့် ပြုဘွယ်ကိစ္စတာဝန်တို့ကို
ဆောင်ရွက်၍ ချမ်းသာကြီးပွါးနေကြရသော သိကြားနတ်တို့
၏ အမ အစ အပေး အကမ်း အချိုး အမြှောက်ကို မြှော်လင့်
တောင့်တ၍ နတ်၏ တပည့်ခံနေကြသော သူတို့ သည်လည်း
ပြန်လည် စဉ်းစားထိုက်ကြ၏၊ ဥပသကာ တယောက်သည် သူ
ကိုးကွယ်နေသော နတ်ကို သူ့အားချမ်းသာအောင် မစကြည့်ရှု
ပါဟု ပြောသတတ်၊ ထိုအခါ နတ်ကအသင် ကမ်,ဉာဏ်,ဝီရိယ
ရှိမှ ချမ်းသာမည် ပစ္စည်း ကြွယ်ဝ ချမ်းသာအောင် ငါက
ပြုလုပ်ပေးနိုင်သည်မဟုတ်ဘူး၊ ကြွယ်ဝချမ်းသာရေးသည် သင်
၏ ကမ်, ဉာဏ်, ဝီရိယ အပေါ်၌သာ တည်နေသည်ဟု ပြန်
ပြောသည်ကို ကြားသိရဘူး၏။ သို့ကြောင့် သူတပါးကို အား
ကိုးသော လူပေါ့, လူတန် အစားမျိုး မဖြစ်ကြပဲ မိမိကိုယ်ကို
သာလျှင် မိမိအားကိုး၍ "အနာဂကုလ ကမ္မဋ္ဌာ" မင်္ဂလာနှင့်
ပြည့်စုံအောင် ဉာဏ်,ဝီရိယ,သတိ တို့နှင့် ထူထောင်၍ အပြစ်
ကင်းစင်သော အသက်မွေးကြောင်း, သားမယား သားသမီး
မွေးကြောင်း အမှုကို ပြုကြရာသည်။

ရှေးအခါက သတိ ဝီရိယ ရှိသော လုည်းကုန်သည်တို့သည်
အလွန်ရှေရှားသော သဲကန္တာရကြီး အလယ်၌ ဉာဏ်နှင့် ယှဉ်

သော ဝီရိယနှင့် ထူထောင်၍ ရေတွင်း တူးကြရာ အတောင် ခြောက်ဆယ်နက်မှ ကျောက်ဖျာအောက်က ရေချောင်း တွေ့ရှိ ရေအပြည့် တက်လာသဖြင့် လှည်းကုန်သည်များ ရော နွားများပါ ချမ်းသာကြရဘူး၏၊ ဤအမှုမျိုးသည် မိမိနှင့်တကွ အများ ချမ်းသာ ကြီးပွားကြောင်း အမှုဖြစ်၍ "အနာကုလ ကမ္မန္တ" မင်္ဂလာဖြစ်သည်၊ ဤနည်းနှင်နှင် ဖြစ်သောမင်္ဂလာ ထိုက်သော ကောင်းမှုကောင်းလုပ်တို့ကိုသာလျှင် ပြုလုပ်ကြရာသည်၊ဆင်းရဲ ဒုက္ခဖြစ်စေသော အမင်္ဂလာ အမှုတို့ကို ရှောင်ကြဉ် ကြဉ်ရာသည်။

## ၁၅။ ဒါနဥ္စ

သတိဉာဏ် ရှေ့သွားရှိသော ဝီရိယဖြင့် ထူထောင်၍ အပြစ်ကင်းစင်စွာ ရှာမှီး၍ ရရှိသော မိမိ၏ ဥစ္စာ ပစ္စည်း ထဲမှ ထိုက်သည်အားလျော်စွာ ပေးကမ်း ချီးမြှောက် ထောက်ပံ့သင့်သော ပုဂ္ဂိုလ်တို့အား ပေးကမ်းလှူဒါန်းခြင်းဖြင့် ဒါနစေတနာ ဟူသော မင်္ဂလာကိုလည်း ဖြစ်စေအပ်သည်ဟု ပြတော်မူလိုသောကြောင့် "ဒါနဥ္စ"ကို ဟောတော်မူသည်။

တနည်း။ ။အနာကုလကမ္မန္တ မင်္ဂလာနှင့်ပြည့်စုံပြီးသော အသင်သည် စီးပွားရေး၌ ဓနရှင်ကြီးတယောက် ဖြစ်မြောက်ပေပြီ၊ စီးပွားရေးမျက်စိ ကျယ်ဘိုင်း မိမိ၏ တိုင်းပြည်တွင်သာမက ကမ္ဘာ့အရပ်ရပ်သို့ ဖြန့်နှံ့၍ စီးပွားရေး နယ်ချဲ့နေပါက ကမ်းမဆုံး လမ်းမဆုံးရှိပြီးလျှင် အသက်စည်းစိမ် တည်မဲ့မှုတို့၌ မေ့လျော့နေတတ်ပေသည်။ အသက်နှင့်စည်းစိမ် တည်မြဲမှု အကောင်းဆုံးတရပ်မှာ လောဘ၏နယ်ချဲ့မှုကိုပယ်သတ်ရန်ဖြစ်ရာ

လောဘသတ်နည်း ပထမအရစ် ပထမအဆင့်ကို ပြတော်မူလို သော မြတ်စွာဘုရားသည်''ဒါနဠ''ကို ဟောတော်မူသည်။

## လောဘသတ်နည်း

ဒါနသည် ဝတ္ထုဒါန,စေတနာဒါနဟူ၍နှစ်မျိုးရှိ၏၊ ပေးလှူ စွန့်လွှတ်နိုင်ကြောင်း ဖြစ်သော စေတနာ စေတသိက်သည် စေတနာဒါနဖြစ်၏၊ ပေးအပ်လှူအပ်သော ဝတ္ထု ပစ္စည်းသည် ဝတ္ထုဒါန ဖြစ်၏၊ ဤ ဒါနဠ မင်္ဂလာ၌ စေတနာ ဒါန ကို ဆိုလိုသည်၊ စေတနာ ရှိသော်မှသာလျှင် ပေးကမ်း လှူဒါန်း နိုင်၍ ကောင်းကျိုးချမ်းသာကို ရစေကြောင်းဖြစ်သောကြောင့် ဒါနစေတနာသည် မင်္ဂလာဖြစ်၏၊မင်္ဂလာထိုက်၏ ဤဒါနသည် ဘာသာတိုင်း၌ ရှိသည်ဟု ဆိုရပေမည်၊ အမည်သညာ အခေါ် အသုံးသာ ခြားနားကြသည်၊ ပေးသည်, လှူသည်, စွန့်သည်, ထောက်ပံ့သည်, ကူညီသည်, ကြည့်ရှုသည်, အားပေးသည်, ချီးမြှောက်သည်,အပ်နှင်းသည်,စသည်ဖြင့်အသုံးအနှုန်းအခေါ် အဝေါ် ပညတ်မျှသာ ကွာခြားကြ၏၊ ဒါန၏ ကျေးဇူးကို ဘာသာတိုင်း,ပညာရှိတိုင်း သိမြင်ကြ၏၊အောက်ထစ်အားဖြင့် မီးရထား မီးသင်္ဘော စီးနင်းသောအခါ အခ ကြေးခငွေ ပေး ကမ်းခြင်းသည်လည်း ဒါနပင်ဖြစ်၏၊ ပထမတန်းနှုန်း ပေးနိုင် သူသည် ပထမတန်း၌စီးရ၏၊ ဒုတိယ, တတိယတန်းနှုန်း ပေး လျှင်လည်း ဒုတိယ,တတိယတန်း၌စီးရ၏၊ ဟော်တယ်, ထမင်း ဆိုင် ပျော်ပွဲစားရုံ စသည်တို့၌လည်း နှုန်းများများ ပေးနိုင် သလောက် အထက်တန်းကျကျ နေရ၏၊စားရ၏၊ ပျော်ရွှင်ရ၏၊ တစုံတခုသော ပစ္စည်းကို ဝယ်ယူလျှင်လည်း တန်ဘိုးကောင်း ကောင်း ပေးနိုင်သလောက် ကောင်းသောပစ္စည်း အတန်း

စားကိုရ၏၊ ဤဆိုအပ်ခဲ့သော အဘိုးအခတို့သည်လည်း၊ ဒါန
တို့ပင်ဖြစ်၏၊ သို့သော်လက်ငင်းချက်ခြင်း အကျိုးကျေးဇူးကို လို
လား၍ ပေးသော ဒါနဖြစ်၍ ကျေးဇူး နည်းနည်းသာ ရ၏၊
ဗူး,ဖရုံ,သဘော်,ငှက်ပျော စသော သစ်ပင်တို့သည် စိုက်ပျိုး
ပြီးနောက် မကြာမီ အသီး အနှံကို စားကြရသော်လည်း
ကြာရှည်မစားရ, များများမစားကြရသည်နှင့် တူ၏။

ကြက်ခြေနီသင်း, မီးသတ်သင်း, မြို့ပြ ကာကွယ်ရေးသင်း,
ကလေးများ စောင့်ရှောက်ရေး အသင်း, သူနာပြု အသင်း
စသည်တို့အား ထောက်ပံ့အားပေးခြင်းသည်လည်း ဒါနတို့ပင်
တည်း၊ ဤဒါနတို့သည်ကား ပထမပြခဲ့သော ဒါတို့ထက်ပို၍
ကျေးဇူးရှိကုန်၏၊ သြဇာ, မာကလာ စသော အသက် မကြီး
မငယ် သစ်ပင်တို့ကို စိုက်ပျိုးသူတို့သည် ကာလ အတန်မျှကြာ
အောင်စောင့်ကြရ၍ နှစ်ကာလ ခပ်ကြာကြာ အသီးအနှံတို့ကို
စားသုံးရသည်နှင့်တူ၏၊ ဘုရားရှိခိုးကျောင်း,တရားဟောဇရပ်,
ဓမ္မာရုံ, စည်းဝေးဇရပ်, ဘာသာစောင့်ပုဂ္ဂိုလ်များ နေထိုင်ရန်
အဆောက်အဦ, အဝတ်အစား, အသုံးအဆောင်တို့ကိုပေးလှူ
ခြင်း, ကိလေသာ ခေါင်းပါးအောင် တရားကို အားထုတ်ဆဲ
ကျင့်ဆဲ ပုဂ္ဂိုလ်တို့အားပေးလှူခြင်း, ကိလေသာ ကင်းပြတ်ပြီး
သော ပုဂ္ဂိုလ်တို့အား ပေးလှူခြင်း, ဓါတ်တော်, မွေတော် ပရိ
ဘောဂ ဗုဒ္ဓ အသုံးအဆောင်တို့ကို မပျောက်ပျက်စေရန် အုဌ်
ကျောက်အင်္ဂတေတို့ဖြင့် ဂန္ဓကုဋီ စေတီအိမ် တည်ထားပူဇော်
ခြင်း စသည်တို့သည်လည်း ဒါနတို့ပင် ဖြစ်ကြကုန်၏၊ ဤဒါန
တို့သည်ကား အကျိုးပေး ကြီးမြင့်၍ ကာလ ကြာရှည်စွာ
ကောင်းကျိုး ကျေးဇူးကို ပေးကြကုန်၏၊ သရက်, ပိန္နဲစသော

သစ်ပင်ကြီးများကို စိုက်ပျိုး ပြီးနောက် ကာလ ကြာမြင့်စွာ အသီးအနှံတို့ကို စားသုံးရသည်နှင့် တူကြကုန်၏။

ဒါနသည် ဤမျှသာ မဟုတ်၊ အလွန်ဘာရာ အရာ ကျယ်၏၊ မိမိသည် ဒါနကို ပြုလုပ် နေသည်ဟူ၍ မသိပဲလည်း ဒါနကို ပြုလုပ်လျက် ရှိနေကြ၏၊ ပြုသမျှ ဒါနသည် အကျိုးကျေးဇူးရှိ တန်သမျှ ရှိကြသည်သာ ဖြစ်၏၊ အယုတ်ဆုံးအားဖြင့် လောကီ စီးပွါးရေး အတွက်ပင်ဖြစ်စေ, နိုင်ငံရေး စစ်ရေး အတွက်ပင် ဖြစ်စေ အရေးပါ လောက်သော ပုဂ္ဂိုလ်ကို မိမိတို့ ဘက်သို့ ပါအောင် ဆွဲဆောင်ဘို့မှာလည်း ဒါနထက် ကောင်းသော အင်အားမရှိချေ၊ ဒါနဖြင့်သာလျှင် ဆွဲဆောင်ကြရကုန်၏။

(၁) မယဉ်ကျေးသော သူကို ဒါနဖြင့် ယဉ်ကျေးစေ နိုင်၏။
(၂) အကျိုး စီးပွားဟူသမျှကို ဒါနသည် ပြီးစီးစေ နိုင်၏။
(၃) ဒါန တည်းဟူသော ပိယ ဝါစာဖြင့် မိမိသို့ ကိုင်းရှိုင်းယိမ်းယိုင်စေ၏၊ တနည်း။ ။ဒါနဖြင့် ၎င်း, ပိယဝါစာဖြင့်၎င်း မိမိသို့ ကိုင်းရှိုင်း ယိမ်း ယိုင်စေ၏။
(၄) မာနလွှမ်းတက် ခက်ထန်သောသူကို ဒါနသည် ပြေ့ပြောင်း နူးညွှံ့စေနိုင်၏။

ဒါနနှင့်စပ်၍ အထူးသဖြင့် သိရှိအပ်သည်မှာ လက်ငင်း ချက်ခြင်း အကျိုးစီးပွားကိုလိုလားလျှင် လက်ငင်း အကျိုးကျေး ဇူးကိုရ၏ သို့သော် နည်းနည်းသာ ရ၏၊ အခါကို မပိုင်းခြား မူ၍ ပြတ်ပြတ်သား ပေးစွန့်နိုင်သော ဒါနသည် များများ

အကျိုးကျေးဇူးရ၏၊ လောကီစီးပွါးရေး, ကြီးပွါးရေးကို မလို လားပဲ ဒုက္ခတို့၏ ကင်းလွတ်ရာ, လောကမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်း ပါရမီဒါန အဖြစ်ဖြင့် အတွယ်အတာ အကပ် အငြိမရှိ၊ ပေးကမ်း လှူဒါန်းပါ မူကား နိဗ္ဗာန်တိုင် အောင်သော လောကီ လောကုတ္တရာ ချမ်းသာတို့ကို ရစေတတ် ၏၊ ထို့ကြောင့် ဒါနမင်္ဂလာကြီးကို ပြုအပ်လှပေသည်။

## အမြတ်ဆုံးဒါန

ထို့ပြင် ဒါနသည် အာမိသဒါန,ဓမ္မဒါနဟူ၍ နှစ်မျိုးရှိ၏၊ နောက်က ပြဆိုခဲ့ပြီးသော ဒါနသည် အာမိသ ဒါနမျိုးဖြစ်၏၊ ပစ္စုပ္ပန် ချမ်းသာကြောင်း ဖြစ်သော ဆုံးမ သြဝါဒ ပေးခြင်း, သံသရာ ချမ်းသာကြောင်းဖြစ်သော ဆုံးမ သြဝါဒ ပေးခြင်း, နိဗ္ဗာန်ရောက်ကြောင်းတရားစကား ဟောပြောခြင်းဖြင့်သြဝါဒ ပေးခြင်းတို့သည် ဓမ္မဒါနမျိုး ဖြစ်၏၊ အာမိသဒါနထက် ဓမ္မ ဒါနက သာလွန် ကောင်းမြတ်၏၊ အဘိုးတန်၏၊ ဤသို့လျှင် ပြကတေ့ သဘာဝအားဖြင့် ဓမ္မဒါနက အဘိုးတန်၍ ကောင်း မြတ်သည် မှန်သော်လည်း သြဝါဒ ခံသူ ပုဂ္ဂိုလ်ကို လိုက်၍ အဘိုးတန်ရာရောက်၏၊ ပညာသဒ္ဓေဉာဏ် နည်းပါး ဗဟုဿုတ မများသော လူညံ့တို့၌ကား ဓမ္မဒါနသည် တန်ဘိုးရှိသည်ဟု မထင်မြင်ကြချေ။

## လူတိုင်းကိုတရားမဟောနှင့်

လွန်လေပြီးသော အခါက ရသေ့ တပါးသည် ရှင်ဘုရင် တဦးအားသြဝါဒစကားပြောကြားရာရှင်ဘုရင်သည်နှစ်သက် မြတ်နိုးလှ၍ အခွန်တထောင် ထွက်သော ရွာစုကို ပေးလှူ

ပူဇော် ချီးမြှောက်ခြင်းကိုခံယူရ၏၊ ရသေ့သည် ခရီးထွက်သော အခါ မြစ်တခုကို ကူးရန် စောင့်ဆိုင်း နေစဉ် ကူးတို့ပို့သော ယောက်ျားသည် အခြားခရီးသည်များကိုတဘက်ကမ်းသို့ပို့ပြီးမှ ကူးတို့ခကို တောင်းလေ့ရှိရာ အချို့ခရီးသွားများနှင့် စကားများရ, ရန်ဖြစ်ရသည်ကိုမြင်သောကြောင့် မိမိကိုယ်တိုင်တဘက် ကမ်းသို့ကူးမြောက်ပြီးသောကာလ ကူးတို့သမားက ကူးတို့ခ တောင်းသောအခါ ငါ့မှာငွေကြေးမပါမရှိပေ၊ ငွေကြေးထက် အဘိုးတန်သောကူးတို့ခကိုပေးမည်ပြော၍ (ခရီးသွားများကို တဘက်ကမ်းသို့ မပို့မီ ကြိုတင်၍ ကူးတို့ခကို တောင်းယူလေ၊ အခကြေးငွေရရှိပြီးသောသူကိုမှ အသင်ပို့လျှင် စကားများဖွယ်, ရန်ဖြစ်ဖွယ်မရှိတော့ဘူး)။ဤဩဝါဒသည် သင့်အား ငါကူးတို့ခ ပေးခြင်းဖြစ်သည်ဟု ရသေ့က ပြောရာ.... သည်ဩဝါဒဟာ ဘာအသုံးကျသလဲ၊ ကြေးငွေကိုသာပေးလော့ဟု ထပ်တလဲလဲ တောင်း၍ မရသောကြောင့် ရသေ့၏ပါးကိုရိုက်လွှတ်လိုက်သော ဟူ၏။ ဩဝါဒကို အဘိုးတန်ဟူ၍ သိရှိသော ရှင်ဘုရင်ထံမှ ပူဇော်ချီးမြှောက်မှုကို ရပါလျက် ကူးတို့သမားထံမှ ပါးရိုက် ခံရ၏၊ ထို့ကြောင့် ဓမ္မဒါနသည် ပုဂ္ဂိုလ် အရည်အချင်းကို လိုက်၍ တန်ဘိုးရှိသည် သတိပြု၍ ကိုက်သည်အားလျော်စွာ အာမိသဒါန, ဓမ္မဒါနမဂ်လာကို ဖြစ်စေကြရမည်။

---

## ၁၆။ ဓမ္မစရိယာဇာတ

အာမိသဒါန, ဓမ္မဒါနဖြစ်စေရုံသာ မဟုတ်မူ၍ ကုသလ ကမ္မပထတရားဟူသော သုစရိတ်တရားတို့ကိုလည်း ဖြည့်ကျင့်

ရမည့်အဖြစ်ကို ''ဓမ္မစရိယာစ''ဟူ၍ ဆက်လက် ဟောကြား တော်မူ၏။

ဓမ္မစရိယ=ဓမ္မ=သုစရိတ်တရား၊ စရိယ=ကျင့်ခြင်း။ သုစရိတ်တရားဆယ်ပါးတို့ကို လိုက်နာ ပြုကျင့်ခြင်း။

သုစရိတ်ဖြစ်သော ကုသလကမ္မပထ ဆယ်ပါးကို ဖြည့်ကျင့်ခြင်းသည် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာ ကြီးပွါးချမ်းသာကြောင်း မင်္ဂလာဖြစ်သည်ဟု မိန့်တော်မူသည်၊ ဝိနယောစသုသိက္ခိတော မင်္ဂလာ၌ ဆိုအပ်ခဲ့ပြီးသော အကုသလ ကမ္မပထ ဆယ်ပါးကို ရှောင်ကြဉ်သောသူသည် ကုသလကမ္မပထဆယ်ပါးကို ပြည့်စုံစေသဖြင့် ဓမ္မစရိယမင်္ဂလာဖြစ်တော့သည်သာတည်း။

ကုသလ=အပြစ်ကင်းသော၊ ကမ္မ=အလုပ်၊ ပထ=ထမြောက်အောင်မြင်ကြောင်း။ ကုသလ ကမ္မပထ= အပြစ်ကင်းသော အလုပ် ထမြောက်အောင်မြင်ကြောင်း။

## ကုသလကမ္မပထဆယ်ပါး

ကာယကမ်သုံးပါး—

(၁) ပါဏာတိပါတာ ဝေရမဏီ=သူတပါးအသက်ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) အဒိန္နာဒါနာ ဝေရမဏီ= သူတပါး ပစ္စည်းကို ပစ္စည်းရှင်က ကြည်ဖြူစွာမပေးပဲ ဘယ်နည်းနှင့် မဆို ယူခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ= မလွန်ကျူးထိုက်သော မိန်းမ, ယောကျ်ားတို့၌ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း။

ဝစီကမ်လေးပါး—

(၁) မုသာဝါဒါ ဝေရမဏီ=မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) ပိသုဏာဝါစာ ဝေရမဏီ=ဂုံးချောစကားပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) ဖရုသဝါစာ ဝေရမဏီ=အနက် အဓိပ္ပါယ် ကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း။

(၄) သမ္ဖပ္ပလာပါ ဝေရမဏီ= အနှစ် အသား မရှိ ဒဏ္ဍာရီ ဝတ္ထုစသော အချည်းနှီးစကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း။

မနောကမ်သုံးပါး—

(၁) အဘိဇ္ဈာဝေရမဏီ=သူတပါးစည်းစိမ်ဂုဏ်သိရ်ကို မကြည့်နိုင်,မမြင်နိုင်ခြင်း, မိမိဥစ္စာဖြစ်စေလိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) ဗျာပါဒါ ဝေရမဏီ=သူတပါးကို ပျက်စီး စေလိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ=အယူ အမြင် မှားခြင်းမှ ရှောင်ကြဉ်ခြင်း။

၍ဆယ်ပါးကို (၁) မိမိ ကိုယ် တိုင် ရှောင် ကြဉ် ခြင်း။
(၂) သူတပါးကို ရှောင်ကြဉ်ရန် နှိုးဆော် တိုက်တွန်းခြင်း။
(၃) သူတပါး ရှောင် ကြဉ် သည် ကို ချီးမွမ်း အားပေးခြင်း။
(၄) သူတပါးနှင့် အတူတကွ ပူးပေါင်း ရှောင်ကြဉ်ခြင်း။

ဤလေးမျိုးနှင့် မြှောက်လျှင် ၁၀ × ၄=၄၀။ သုစရိတ် တရားပေါင်း ၄၀ ဖြစ်လေသည်။

သုစရိတ် တို့ကို လိုက် နာ ပြု လုပ် ရှောင် ကြဉ် ခြင်း သည် ''ဓမ္မစရိယ'' မင်္ဂလာ ဖြစ်ပေသည်၊ ဖြစ်ပုံမှာ- သူတပါး အသက်ကို မသတ်ဖြတ်သောသူကို မင်းပြစ်စိုးဒဏ်ပေးရန်မရှိ၊ ပါဏာတိပါတ ဒုစရိတ်သမားဟူ၍ သူတပါးက စွပ်စွဲရန်မရှိ၊ မကောင်းကျိုးကို ခံယူရဘို့ရန် မရှိ၊ သေပြီးနောက်၌လည်း ငရဲ စသည်သို့ ကျရောက်ရန် မရှိ၊ သို့ဖြစ်၍ သုစရိတ်မင်္ဂလာ ရှိသောသူသည် ကိုယ်စိတ်ချမ်းသာခြင်းကောင်းကျိုးကျေးဇူးကို သာချင်ရ၍ မင်္ဂလာရှိသောသူဖြစ်လေသည်။

ကာယကမ်, ဝစီကမ်, မနောကမ် ဆိုရာ၌—

ကာ ယ ကမ်=ကာ ယ=ကိုယ် အ မူ အ ရာ+ကမ်=အ မှု အလုပ်။ =ကိုယ်အမူအရာဖြင့် ပြုလုပ်အပ်သော အမှုအလုပ်။

ဝစီကမ်= ဝစီ=နှုတ်က ပြောဆိုသော စကား+ကမ်=အမှု အလုပ်။ =နှုတ်စကားဖြင့် ပြုလုပ်သော အမှုအလုပ်။

မနောကမ်= မနော=စိတ်+ကမ်=အမှုအလုပ်။= စိတ်ဖြင့် ပြုအပ်သော အမှုအလုပ်။

ကိုယ်အမူအရာဖြင့်ပြုလုပ်သော အမှုအလုပ်ကို ကာယကမ်။ နှုတ်အမူအရာဖြင့် ပြုလုပ်သော အမှုအလုပ်ကို ဝစီကမ်။ စိတ်ဖြင့် ပြုသပ်သောအမှုအလုပ်ကို မနောကမ် ဟူ၍ မှတ်ရာ၏။

သို့ရာတွင် ကိုယ်ဖြင့်ပြုလုပ်တိုင်း ကာယကမ်, နှုတ်ဖြင့်ပြုလုပ် ပြောဆိုတိုင်း ဝစီကမ်, မဖြစ်သည်ကိုလည်း သိထားရမည်၊ များသောအားဖြင့် ကိုယ်ဖြင့်ပြုလုပ်သောအမှုကို ကာယကမ်,

များသောအားဖြင့် နှုတ်ဖြင့် ပြုလုပ်သော အမှုကို ဝစီကမ်, ဆိုရမည်၊ အဘယ်ကြောင့်ဟူမူ အသင်သည် နွားကို သတ်သလားဟု မေးသောအခါ နှုတ်ကမပြောပဲကိုယ်အမူအရာဖြင့် ဦးခေါင်းကို ယမ်းပြလျှင် ကိုယ်အမူအရာဖြင့်ပင် ဖြေစေကာမူ နှုတ်စကား၏အရာ နှုတ်စကား၏ ကိစ္စဖြစ်သောကြောင့် ကိုယ်၌ဖြစ်သော ဝစီကမ်ဖြစ်၏၊ နှုတ်က ဆွမ်းလောင်းလိုက်ဟု တစုံတယောက်သောသူကိုစေခိုင်းလျှင် နှုတ်ဖြင့် ပြောဆိုသောအမှုဖြစ်စေကာမူ ကိုယ်နှင့်ဆိုင်သော ကိစ္စဖြစ်သောကြောင့် နှုတ်၌ဖြစ်သော ကာယကမ်သာလျှင်ဖြစ်၏၊သို့ကြောင့် ကိုယ်အမူအရာဖြင့်ပြုလုပ်သော အမှုအလုပ်ကို ကာယကမ်, နှုတ်အမူအရာဖြင့် ပြုလုပ်သော အမှုအလုပ်ကို ဝစီကမ်ဟု ဆိုခြင်းသည် များသောအဖြစ်ကိုကြည့်၍သာ ဆိုရသည်၊ရံခါနှုတ်၌ ကာယကမ်ဖြစ်သည်၊ ရံခါကိုယ်၌ ဝစီကမ်ဖြစ်သည်ဟူ၍လည်း မှတ်သားရမည်။

မနောကမ်သုံးပါးနှင့်စပ်၍ အရေးကြီးသော အဓိပ္ပါယ်ကို အနည်းငယ်ဆက်ဦးအံ့။

(၁) သူတပါး၏ ဥစ္စာစည်းစိမ်ကို တွေ့မြင်သော အခါ သာယာခြင်း,နှစ်သက်တပ်မက်ခြင်း မျှလောက်၌ မရပ်တန့်မူ၍၊ ဒီဥစ္စာ စည်းစိမ် တွေဟာ ငါ့ဥစ္စာ စည်းစိမ်တွေ ဖြစ်လျှင် ကောင်းမှာပဲဟု စိတ်ညွတ်ကြံစည်မိလျှင် အဘိဇ္ဈာ မနောကမ် မြောက်တော့သည်၊(ကမ္မပထမြောက်သည်ဆိုသည်)ပဋိသန္ဓေကျိုးကိုပေးရန်အောင်မြင်တော့သည်။

သူတပါး၏ စည်းစိမ်ချမ်းသာကို မြင်သောအခါ သာယာခြင်း, နှစ်သက် တပ်မက်ခြင်းကားဖြစ်၏၊ သူ့စည်းစိမ်တော့

သူ့မှာပင်ရှိပါစေ၊ ဒီစည်းစိမ်မျိုးငါရလျှင် ကောင်းမှာပဲဟူ၍ စိတ်ညွတ်ကြံစည်လျှင် အဘိဇ္ဈာ မနောကမ်မျှသာ ဖြစ်သည်၊ ထမြောက်အောင်မြင်ခြင်း မဖြစ်ပေ၊ (အဘိ=အလွန် အကဲ၊ ဈာ=ကြံစည်ခြင်း။ အဘိဇ္ဈာ=အလွန်စိတ်ညွတ်ကြံစည်ခြင်း)။

(၂) ဘယ်သူတွေသေကြေပျက်စီးကြပါစေ၊ဘယ်တိရစ္ဆာန်တွေ သေကြေ ပျက်စီး ကြပါစေ၊ ငါ့ရန်သူတွေ သေကြေ ပျက်စီး ကြပါစေ၊ သူတို့ သေကြေ ပျက်စီး ကြလျှင် ကောင်းမှာပဲဟု အခြားသော သတ္တဝါတို့၏ အသက်ခန္ဓာ သေကြေပျက်စီးမှုကို ကြံစည်လျှင် ဗျာပါဒ မနောကမ်မြောက်တော့သည်၊ (ကမ္မပထ မြောက်တော့သည်)၊ စိတ်ဆိုးရုံမျှဖြစ်လျှင် ဗျာပါဒမနောကမ် သာဖြစ်သည်၊ ထမြောက်အောင်မြင်ခြင်းမဖြစ်ပေ။

(ဝိ-အာ-ပဒ။ဝိ=ဖေါက်ပြန်ခြင်းသို့၊အာ-ပဒ=ရောက်ခြင်း။ ဗျာပါဒ=ဖေါက်ပြန်ပျက်စီးခြင်းသို့ရောက်ခြင်း)။

(၃) မိစ္ဆာဒိဋ္ဌိဟူသည် အပါယ်သို့ ရောက်စေတတ်သော ကမ်ကို အပါယ်သို့ ရောက်ကြောင်း အကုသိုလ်ကမ် ဟူ၍ အရိယာသူတော်ကောင်းတို့က အမှန်အကန်ဟောပြောပညတ် အပ်သော တရားမှန်ကို အမှန် အနေဖြင့် မမြင်သော ဒိဋ္ဌိ စေတသိက်, လူနတ်ဟူသောသုဂတိဘုံဘဝသို့ ရောက်စေတတ် သောကမ်ကိုလည်းလူနတ်ဟူသောသုဂတိဘုံသို့ ရောက်ကြောင်း ကောင်းမှု ကမ်ဟူ၍ အရိယာ သူတော်ကောင်း တို့က အမှန် အကန်ဟောပြောပညတ်အပ်သောတရားမှန်ကိုအမှန်အနေဖြင့် မမြင်သော ဒိဋ္ဌိစေတသိက်, နိဗ္ဗာန်ကို ရစေ ရောက်စေတတ် သော မဂ္ဂမာ ပဋိပဒါ မဂ္ဂင်ရှစ်ပါးကို အရိယာ သူတော် ကောင်းတို့က နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းအမှန်

ဖြစ်သည်ဟု ပြောဟော ပညတ်အပ်သော မဂ္ဂင်ကို အမှန်အကန်အနေဖြင့် မမြင်သော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိဖြစ်လေသည်၊အမှားအနေဖြင့် မြင်သော ဒိဋ္ဌိစေတသိက်ကို မိစ္ဆာဒိဋ္ဌိဆိုသည်။

မိစ္ဆာဒိဋ္ဌိ အရေအတွက်များစွာရှိသည်တွင်––

၁။ နတ္ထိကဒိဋ္ဌိ။ ၂။ အဟေတုကဒိဋ္ဌိ။ ၃။ အကြိယဒိဋ္ဌိ သုံးမျိုးသာလျှင် ကမ္မပထ မြောက်သော ဒိဋ္ဌိတို့ ဖြစ်လေသည်။

(၁) နောက်နောက်ဘဝတို့၌ ခံစံရမည့် အကျိုး မရှိဟူ၍ အကျိုးဝိပါက်ကိုမြစ်ပယ်၍ အမြင်မှားသောဒိဋ္ဌိသည် နတ္ထိကဒိဋ္ဌိမည်၏။

(၂) ကောင်းမှု,မကောင်းမှုအကြောင်းလည်းမရှိ၊ကောင်းကျိုး,မကောင်းကျိုးလည်းမရှိဟူ၍ အမြင်မှားသော ဒိဋ္ဌိသည် အဟေတုကဒိဋ္ဌိမည်၏။

(၃) ကောင်းမှု,မကောင်းမှုဟူသော အကြောင်းတရားမရှိဟူ၍ အမြင်မှားသောဒိဋ္ဌိသည် အကြိယဒိဋ္ဌိမည်၏။

အကျိုးကိုမြစ်ပယ်လျှင်လည်းအကြောင်းကိုပယ်ရာရောက်၏၊ အကြောင်းကို ပယ်လျှင်လည်း အကျိုးကို ပယ်ရာရောက်၏၊ သို့ဖြစ်၍ ဤမိစ္ဆာဒိဋ္ဌိ သုံးမျိုးလုံးသည်ပင် အကြောင်း အကျိုး ပယ်သည်ဟုမှတ်ရာသည်။

သက္ကာယဒိဋ္ဌိစသော ဒိဋ္ဌိတို့သည် ဒိဋ္ဌိပင်ဖြစ်ကြသော်လည်း ကမ္မပထ မြောက်သော ဒိဋ္ဌိတို့မဟုတ်ကြကုန်၊ ဒိဋ္ဌိသာမန်တို့သာဖြစ်ကြကုန်၏၊ သို့ရာတွင် သက္ကာယ ဒိဋ္ဌိသည် မနောကမ်အရာ၌ ကမ္မပထ မြောက်သော ဒိဋ္ဌိသာဆိုရသည်၊ သက္ကာယ

ဒိဋ္ဌိ မပြုတ် မရှင်းလျှင် မင်္ဂ,ဖိုလ် ကိုကားမရနိုင်၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကိုကား ရစေခွင့်ရှိသေး၏၊ ကမ္မပထမြောက်သော ဒိဋ္ဌိကြီး ၃-မျိုးကို မစွန့်ပဲ တည်ရှိမူကား လူချမ်းသာ, နတ်ဗြဟ္မာ ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို မရနိုင်တော့ပေ။

---

## ၁၇။ ဉာတကာနဥ္စသင်္ဂဟော

ကုသိုလ် ဖြစ်ကြောင်း ကုသလ ကမ္မပထ တို့ကို လိုက်နာအားထုတ်ရမည့် အပြင် မိမိနှင့်စပ်သမျှ မိဖက်, ဘဖက်ဆွေမျိုးတို့ကိုငှင်း, မိတ်ဆွေတို့ကိုငှင်း,ရပ်သူရွာသား တိုင်းသူပြည်သားတို့ကိုငှင်း,မိမိစွမ်းအားရှိသလောက် အကြောင်း ပေါ်ပေါက်လာသော အခါတို့၌ အားပေး ပင့်မြှောက် ထောက်ပံ့ကြည့်ရှုရမည်၊ ဤသို့ ပြုလုပ် ဆောင်ရွက်ခြင်းသည် ကြီးပွားချမ်းသာကြောင်းမင်္ဂလာတရားဖြစ်သည်ဟု ဟောတော်မူသည်။

တနည်း။ ။ဒါနမင်္ဂလာဖြင့် မိမိပစ္စည်း ပေးမျှားခြင်းကို မကြည့်နိုင်၊မခြင်နိုင်သောလူတို့၏ တော်လှန်သောင်းကျန်းရေးမီးကို ငြိမ်းပေပျောက်စေသည်၊ ဓမ္မစရိယမင်္ဂလာဖြင့် မိမိကိုယ်ကျင့်တရား ပျက်ပြားသည်ကို အကြောင်းပြု၍ စွပ်စွဲရှုတ်ချမကောင်းသတင်းဖြန့်၍ နှိမ်နင်းကြမည့်မီးကို ငြိမ်းပေပျောက်စေသည်။

ဤသို့သော ဒါနမင်္ဂလာ,ဓမ္မစရိယာ မင်္ဂလာတို့ကို ပြုလုပ်ကျင့်သုံးရာ၌ မိဖက်,ဘဖက်မှ ဆင်းသက်လာသော လုပ်ဖော်ကိုင်ဖက် အတူနေအတူစား ဆွေမျိုး ရင်းချာနှင့်တကွ ရပ်ဆွေရပ်မျိုး မိတ်ဆွေသင်္ဂဟတို့၏ အကူအညီကို ရယူမှသာလျှင်

ထမြောက်အောင်မြင် နိုင်ရာသောကြောင့် ထိုသို့သော ဆွေမျိုး ဉာတိ မိတ်သင်္ဂဟတို့၏ ကျေနပ်နှစ်သိမ့်မှုကို ပြုလုပ်ဆောင်ရွက် စေလို သောကြောင့် '' ဉာတိသင်္ဂဟ '' မင်္ဂလာကို ဆက်၍ ဟောတော်မူသည်။

## တကိုယ်ကောင်းမကြံသင့်

ဆွေနှင့် မျိုးနှင့် ရပ်နှင့် ရွာနှင့် အများနှင့် ဆက်ဆံ နေကြ ရသောလောကကြီး၌ မိမိတယောက်ကောင်းရုံမျှမိမိတယောက် ကြီးပွားရုံမျှ မိမိတယောက် ချမ်းသာရုံမျှ မိမိတယောက် ပြည့်စုံ ကြွယ်ဝရုံမျှနှင့် စင်စစ်ချမ်းသာငြိမ်းမှုကိုရကြသည်မဟုတ်ပေ။ ဤအချက်ကို နက်နက်ကြီး စဉ်းစားထိုက် ပေသည်၊ ပုံကိုပြဆို ရလျှင် .... အိမ်ခြေတရာ ရှိသော ရွာ၌ မိမိ တအိမ်ထောင် သာလျှင် ဥစ္စာပစ္စည်း စားရေရိက္ခာ ပြည့်စုံ၍ ကျန်သော ၉၉ အိမ်တို့သည် ကြေးငွေ ဥစ္စာမရှိ၊ ဝတ်စရာ စားစရာမရှိ၊ ချည့်နဲ့ အားနည်း ငွမ်းပါး မွဲတေကြသည်ဖြစ်အံ့၊ ၉၉ အိမ်နေ လူတို့ သည် ကြွယ်ဝချမ်းသာ ပြည့်စုံသော အိမ်သို့ဝိုင်း၍ တောင်ရမ်း ကြပေမည်၊ ချေးငှါး ကြပေမည်၊ မရလျှင် ခိုးဝှက် လုယက် တိုက်ခိုက်ယူကြပေမည်၊ နုနုနှင့်မရလျှင် လူကိုညှင်းဆဲ နှိပ်စက် သတ်ဖြတ်၍ယူကြပေမည်၊ အငတ်အပြတ်ခံ၍ နေကြမည်ကား မဟုတ်၊ ထိုသို့ဖြစ်လျှင် ကြွယ်ဝ ပြည့်စုံ ချမ်းသာသော တအိမ် ထောင်သည်၊ ကိုယ်စိတ်ချမ်းသာ ငြိမ်းမှုကို ရပါမည်လော၊ စိတ်ချလက်ချ နေနိုင်ပါမည်လော၊ စည်းစိမ်ခံနိုင်ပါမည်လော၊ မိမိအိမ်၌ နေရသော်လည်း အချုပ်ထောင် အတွင်း၌ နေဘိ သကဲ့သို့ အဖွဲ့တံတိုင်း သံချောင်းသံဆကာတို့ဖြင့် ကာရံပိတ်ဆို့ ကာ တကြောင့်ကြကြနှင့် နေရမည် မဟုတ်တုံလော၊ အမှန်

အားဖြင့် ငြိမ်း ချမ်းသာ ခွင့်ကို ရတော့မည် မဟုတ်ပေ၊ ဘာ့ကြောင့်နည်း။ မိမိမှတပါးတရွာလုံးဆင်းရဲပင်ပန်းနွမ်းပါး ရိုးရှား စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ဖြစ်ကြသောကြောင့်တည်း၊ သို့ဖြစ်၍ မိမိ အတိတ်ကမ် ပစ္စုပ္ပန် ကမ်, ဉာဏ်, သတိ, ဝီရိယ တို့ကြောင့် ပြည့်စုံကြွယ်ဝ၍ အထိုက်အလျောက် မျှတ ပါလျှင် မိမိ၏ ဆွေမျိုးသားချင်း, ရပ်ဆွေရပ်မျိုး, ရွာဆွေရွာမျိုး, မြို့ဆွေ မြို့မျိုး, ပြည်ဆွေ ပြည်မျိုး, တို့ကိုလည်းဘနည်းနည်း အားဖြင့်၊ ပေးကမ်းချီးမြှင့်စောင့်ရှောက်ရမည်ဟုမြတ်စွာဘုရားဟောကြား တော်မူလိုရင်းဖြစ်သည်၊ ယင်းသို့ ပေးကမ်း ချီးမြှင့် အားပေး စောင့်ရှောက် ပါက တရွာလုံး တရပ်လုံး မိမိနှင့် အလားတူ အပြည့်စုံကြီး ပြည့်စုံကြသည် မဟုတ်စေကာမူ အသီးသီးနေမှု စားမှုတို့၌ ဖူလုံကြသဖြင့် မည်သူ တစုံတယောက် ကိုမျှ အပူ ရှာကြတော့မည် မဟုတ်ပဲ မိမိတို့၏ လုပ်ငန်းဆောင်တာ ကိစ္စ တို့ဖြင့် သာလျှင် အချိန် ကုန်၍ ပျော်ရွှင် ချမ်း သာယာစွာ နေကြတော့မည်ဖြစ်သောကြောင့်ကြည့်ရှုစောင့်ရှောက်ကြရသော လူချမ်းသာတို့၌လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာယာ ဘယာ လွတ်ကင်း အန္တရာယ်ရှင်း၍ မပိတ်အပ်သော အိမ်တံခါးဖြင့် နေ့ညမရွေး ဇဆေး သက်သာသျက် ထွေးယှက်နောက်ကျုသော စိတ်နှလုံးမရှိကြရပဲ နေကြရပေမည်၊ ဤသို့သော ကောင်းကျိုး ကျေးဇူးတို့ကို ဖြစ်စေတော် မူလိုသော အားဖြင့် လူကျင့်ဝတ် တပါး ဖြစ်သော ဤ ''ဉာတိသင်္ဂဟ'' မင်္ဂလာကို ထုတ်ဖော် ဟောကြားတော်မူ သေသည်။

ပြည်ပိုင် အစိုးရမင်းများသည်လည်း မင်းမှုထမ်းသား လခ စားတို့ကိုငှင်း, ကုန်သည်လယ်လုပ် တို့ကိုငှင်း တန်ရာ တန်ရာ ချီးမြှောက် ထောက်ပံ့ စောင့်ရှောက် ခြင်းဖြင့် ဤဉာတိသင်္ဂဟ

မင်္ဂလာဖြစ်သော မင်း၏ ကျင့်ဝတ်ကို ဖြည့်ကျင့်ကြရပေမည်၊ ရှေးရှေးမင်းကောင်း မင်းမြတ်တို့သည်လည်း ဤဉာတိသင်္ဂဟ မင်္ဂလာကို ဖြည့်ကျင့်ခဲ့ဘူးကြလေပြီ၊ ဉာတိသင်္ဂဟ မင်္ဂလာနှင့် ပြည့်စုံသော မင်း၏ တိုင်းပြည်သည် သာယာ၏, ဝပြော၏, ချမ်း၏၊ လူဆိုး သူဆိုး ကင်းရှင်း၏၊ အသီးသီးသောလူတို့၌ နေရေး စားရေးဝတ်ရေး လုံလောက်၏၊ ကိုယ်စီကိုယ်င ထိုက်တန်သလောက် ပြည့်စုံကြသောကြောင့် သူတပါး ပစ္စည်းကို ခိုးဝှက်လုယက် တိုက်ခိုက်ခြင်းမရှိ၊ သူတပါးကို မနှောက်ရှက် ကြမူ၍ မိမိတို့လုပ်ငန်းနှင့် မိမိတို့သားမယားနှင့် အားလပ်ခွင့် ရရှိသောအချိန်တို့၌ကြည်သာရွှင်လန်းချမ်းမြေ့စွာ ချမ်းသာကို ခံစံကြရသောအားဖြင့် အချိန်ကိုကုန်လွန် စေကြသောကြောင့် အိမ်တံခါး၌ တခါးမပိတ် စိတ်သေက်သာ နေထိုင်ကြရလျှင် ပြည်ပိုင် အစိုးရမင်းတို့သည်လည်း မင်းဗိုဒ် မင်းအလျောက် မင်းအဖြစ်၌ ဇာခြေရရ စိုးစံရပေတော့သည်၊ သို့ကြောင့် ပြည်ပိုင်အစိုးရမင်းများသည်လည်း ဤဉာတိသင်္ဂဟကျင့်ဝတ်မင်္ဂလာကို ချို့ယွင်းခြင်းမရှိအောင် ဖြည့်ကျင့်အပ်သည်သာတည်း။

တိုင်းပြည်တခု၌ ပြည်ပိုင်အစိုးရတို့ကလည်း ဉာတိသင်္ဂဟ မင်္ဂလာဟူသော အတ္တစရိယ သင်္ဂဟတရားနှင့် ပြည့်စုံသော အားဖြင့် မိမိတို့၏ တိုင်းသားပြည်သူတို့ အပေါ်၌ အခွန် အကောက်မများပဲ,ချီးမြှောက်ထောက်ပံ့ အားပေးမှုများစေ၍ ပြည်သူပြည်သား တို့ကလည်း အချင်းချင်းတို့အပေါ်၌ ဉာတိ သင်္ဂမင်္ဂလာကို ရှေးရှု၍ ကြည့်ရှု ထောက်ပံ့ ကြမည်ဆိုလျှင် ထိုတိုင်းပြည်သည် အလွန်ပျော်မွေ့နှစ်သက်စရာကောင်းသော တိုင်းပြည်ဖြစ်ပေမည်၊ ယင်းသို့ဖြစ်နိုင်ခြင်းသည် မင်္ဂလာတရား တော်၏ လက်ငင်းအကျိုးကျေးဇူးပင်တည်း။

## ၁၈။ အနဝဇ္ဇာနိ ကမ္မာနိ

မိဘဆွေမျိုးစသော မိမိနှင့် တနည်းနည်း မကင်းရာမကင်း ကြောင်း ဆက်စပ်သောပုဂ္ဂိုလ်တို့အား ပေးကမ်းစောင့်ရှောက် ချီးမြှင့်ခြင်း ဉာတိသင်္ဂဟ မင်္ဂလာကို ပြည့်စေလိုသောကြောင့် မကောင်းမှု သံသရာပြစ် မကင်းသော အလုပ်တို့ကို ပြုလုပ် တတ်သည်၊ ဉာတိသင်္ဂဟမင်္ဂလာကို ဖြည့်ကျင့် ဆောင်ရွက် တတ်သော ပုဂ္ဂိုလ်၌ အခြွေအရံ အကျော် အစောနှင့် တကွ စည်းစိမ် ချမ်းသာသည်လည်း ပိုမိုတိုးတက်ပွါးများလာတတ် သည်ဖြစ်ရာ ယင်းသို့ စည်းစိမ်ချမ်းသာ အခြွေအရံ ပေါများ ပြည့်စုံလာသောအခါ ပုထုဇန်ဖြစ်သော လူတို့သည် ပုထုဇန် အလျောက် စိတ်နေ စိတ်ထားတက်ကြွလျက် မိမိကိုယ်ကို မိမိ အထင် အမြင် ကြီး၍ အပျော် အပါး ဖက်၌ အမှားမှား အယွင်းယွင်းလိုက်စားလာတတ်၏၊သံသရာပြစ်မကင်းလွတ်သော မကောင်းမှု မကောင်းလုပ် တို့ကိုလည်း ပြုလုပ်လာတတ်၏၊ ထိုသို့ပြုလုပ်ကြလျှင် ထိုသူတို့သည် သံသရာ၌ နစ်မြုပ်၍ ပျက်စီး ရအံ့သော ဘေးဒုက္ခတို့ကို မြင်တော်မူသောကြောင့် ယင်းဘေး ဒုက္ခတို့မှ လွတ်ကြပါစေ ဟူသော မေတ္တာ ကရုဏာတော်ဖြင့် ''အနဝဇ္ဇာနိ ကမ္မာနိ'' မင်္ဂလာကို ဆက်၍ဟောတော်မူသည်။

### အများ၏ ကောင်းကျိုးဆောင်

အနာဂတ်ကာလ ကမ္မ မင်္ဂလာဖြင့် အပြစ်ကင်းစင်သော ...၍ သက်မွေး ဝမ်းကြောင်း မျက်မှောက် စီးပွါးရေးကို ပြခဲ့ပြီ၊ အနဝဇ္ဇာနိကမ္မာနိမင်္ဂလာဖြင့် သံသရာစီးပွါးရေး၊ လောကုတ္တ ရာစီးပွါးရေး၌ အပြစ်ကင်းသော အလုပ်ကို ပြတော်မူသည်၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်း၊

လမ်းခင်းခြင်း, ပြုပြင်ခြင်း, အများမိုခိုသုံးစွဲရန် သစ်သီးဥယျာဉ်, ပန်းဥယျာဉ် စိုက်ပျိုးလှူဒါန်းခြင်း, ရေတွင်း, ရေကန်, ရေပိုက်တူးဖော်တပ်ဆင်လှူဒါန်းခြင်း, တံတားခင်းခြင်း, စာသင်ကျောင်း စာကြည့်တိုက်, ဆေးရုံ, တက္ကသိုလ်ကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းခြင်း, တိုင်းပြည်, မြို့ရွာ သာယာ စည်ပင်အောင် ရွက်ဆောင်ခြင်း စသည်တို့သည် အနဝဇ္ဇကမ္မမင်္ဂလာရှိသော အလုပ်များသာ ဖြစ်ကုန်၏။ အများဖြစ်စေ, အနည်းဖြစ်စေ, သူတပါး၌ ဆင်းရဲဒုက္ခဖြစ်ကြောင်း အလုပ်မှန်သမျှသည် အပြစ်ရှိသော အလုပ်, ကောင်းကျိုး ချမ်းသာ မရှိသော အလုပ်, လူကောင်း သူကောင်း ပညာရှိ သူတော်ကောင်းတို့ စက်ဆုပ်ရွံရှာသော အမင်္ဂလာအလုပ်များသာ ဖြစ်ကုန်၏။ အမင်္ဂလာ အလုပ်မျိုးကို လူကောင်းသူကောင်း စိတ်ကောင်းစိတ်မြတ်ရှိသော သူတို့သည် မပြုလုပ်ကုန် ယုတ်မာ ညစ်ညမ်း၍ အောက်တန်းကျသော စိတ်ရှိသူ အဘိဇ္ဈာသမားတို့သာလျှင် ပြုလုပ်တတ်သော အမှု, ဗျာပါဒ သမားတို့သာလျှင် ပြုလုပ်တတ်သော အမှုအလုပ်တို့ ဖြစ်သတည်း။

အချို့လူတို့သည် အထင်အမြင် အယူအဆ လွဲ၍ အပြစ်ရှိသောအလုပ်, သူရောကိုယ်ပါ ကောင်းကျိုးကျေးဇူး မရှိသော အလုပ်တို့ကို အကောင်းအမြတ် ထင်မှတ်၍လည်း ပြုလုပ်တတ်ကြသေး၏၊ အချို့အိမ်၌လင်မယားရန်ဖြစ်လျှင် ယောကျ်ားသည် အိမ်ရှိ အဝတ်အစားများကို ဓါးနှင့်ခုတ် မီးရှို့၍ ပန်းကန်အိုးခွက် တို့ကိုလည်း ရိုက်ခွဲတတ်၏၊ အချို့သော ညီအစ်ကိုမောင်နှမတို့သည်လည်း ထို့နည်းတူပင် ရန်ဖြစ်ကြသောအခါ အိမ်ရှိ ပစ္စည်းများကိုဖျက်ဆီးတတ်ကြ၏၊ ဒေါသအမျက် ထွက်နေစဉ်၌ အကျိုးအပြစ်ကို မဝေဘန် နိုင်သော်လည်း ဒေါသပြေပျောက်

သောအခါ ရန်မီးငြိမ်း၍ သောအခါ မှားလေစွဟု ယူကျုံးမရ ဖြစ်တတ်ပေသည်၊ သူတပါးပစ္စည်း ဆုံးရှုံးပျက်စီးသည်မဟုတ်၊ ငါတို့ အိမ်ရှိပစ္စည်း ငါတို့ပိုင်ဆိုင်သော ပစ္စည်း ငါတို့ ရှာဖွေ စုဆောင်း တည်ထားရသော ပစ္စည်းများသာ ဆုံးရှုံးပျက်စီး ခြင်း ဖြစ်ကြရပါသည် တကားဟု ဝမ်းနည်းပက်လက်ဖြစ်တတ် ကြသည်၊ ဤအလုပ် ဤအမှုမျိုး သည်လည်း အပြစ်ရှိသော အမင်္ဂလာတို့ ဖြစ်ကြကုန်၏၊ အချို့ လူသုံ့များကား မိမိ သူတပါး လုံးဝ အကျိုးမရှိ မနှစ်သက်ဖွယ်သော အမင်္ဂလာ အမှုမျိုးကို လည်း ပြုလုပ်တတ်သေး၏။

## လူယုတ်တို့၏ စိတ်ထား

လွန်လေပြီးသော နှစ်အတော်ကြာက အမေရိကန်ပြည်၌ လူမိုက် ထောင်ပြေးတယောက်သည် မီးရထား သံလမ်းများကို ဖျက်စီးနေစဉ် ပုလိပ်များ ချောင်းမြောင်း ဖမ်းဆီး၍ မိသော အခါ ဘာ့ကြောင့်သံလမ်းများကို ဖျက်းဆီးသနည်းဟုစစ်မေးရာ လူတယောက်တည်း နှစ်ယောက်တည်း ခါး,တုတ်,သေနတ် စသော လက်နက် ဒဏ်ရာနှင့်သေသည်ကိုသာ တွေ့မြင်ဘူးသေး သည်၊ အများအပြား ရာလိုက်, ထောင်လိုက် အစုလိုက် အပြုံလိုက် ဒဏ်ရာပြင်းထန်စွာရပြီး သေကြေပျက်စီး ကြသည် ကို မမြင်ဘူးသေး၍ မြင်လိုကြည့်လိုသောကြောင့် သံလမ်းများ ကို ဖျက်သည်ဟုအစစ်ခံသောဟူ၏၊ လူမိုက်တို့၏ မိုက်မဲပုံကား ဤမျှလောက် ကြမ်းကြုတ် ယုတ်မာ၍ စက်ဆုပ်ဖွယ် ကောင်း လှပေသည်။

## စေတနာကောင်းရှိတိုင်းကောင်းကျိုးမဖြစ်

အများ၏ကောင်းကျိုးချမ်းသာကို ဖြစ်စေလိုသော စေတနာကောင်း နှလုံးသွင်းဖြင့် အပင်ပန်း အဆင်းရဲ ခံကာ ပြုလုပ်ဆောင်ရွက် ကြသော်လည်း မိမိ၌ အကျိုး ကျေးဇူး မများမဲ့ ဆုံးရှုံးပျက်ပြားသောအလုပ်မျိုးလည်း ရှိတတ်သေး၏၊ ရှင်ဘုရင် တဦးသည် ဥယျာဉ် အပျော်ကစား ထွက်၍ စားသောက်ပျော်ပါးပြီးနောက် အပန်းဖြေ အိပ်စက်လို၍ မိမိ မွေးကျွေးထားသော မျောက်ကို သန်လျက်အပ်၍ အိပ်၏၊ အိပ်ပျော်နေသော ရှင်ဘုရင်၏ လည်ပင်း၌ နားနေသော ယင်ကောင်ကို မျောက်သည် သန်လျက်နှင့် ခုတ်လေရာ ရှင်ဘုရင် ကမ်ကုန်ရလေသည်။

သားအမိနှစ်ယောက် လက်ဆုံနှင့် ဆန်ထောင်းစဉ် မိခင်၏ နဖူး၌ ကိုက်သော မှက်ကို သမီးကာလီက ကျည်ပွေ့နှင့် ရိုက်ရာ မိခင်နဖူးကွဲရသော အဖြစ်မျိုးတို့သည် စေတနာ ကောင်းလျက် ဉာဏ်မှန် မသက်ဝင်ကြ၍ ပြုလုပ်မိကြသော အမင်္ဂလာဝဇ္ဇကမ္မတို့ဖြစ်ကြသည်၊ ဤသို့သော အမှုအလုပ်မျိုးကို ရှောင်ကြဉ်၍ သိကြားလောင်း မာဃ စသော ၃၂-ယောက်သော လုလင်ကောင်းတို့ကဲ့သို့ အပြစ်ကင်းစင်၍ အများချမ်းသာရာ ချမ်းသာကြောင်း အလုပ်ကောင်း အနဝဇ္ဇကမ္မ တို့ကိုသာလျှင် ပြုလုပ်ဆောင်ရွက်ကြ၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာကြီးကို ရယူကြရာသတည်း။

## ၁၉။ အာရတိဝိရတိ ပါပါ

အပြစ်ကင်းသော သံသရာစီးပွါးရေး လောကုတ္တရာ စီးပွါးရေးကိုသာလျှင်ပြုလုပ်လိုသောပုဂ္ဂိုလ်သည် သူတပါးအသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်း စသော မကောင်းမှုမှ ရှောင်ကြဉ်ရမည်ကို ဆက်လက်ညွှန်ပြတော်မူလိုသောကြောင့် ''အာရတိ ဝိရတိ ပါပါ'' မင်္ဂလာကို ဟောတော်မူသည်။

တနည်း။ ။ဆိုခဲ့ပြီးသော ပညာရေး,စီးပွါးရေး,စည်းစိမ်တည်မြဲရေး မင်္ဂလာအပေါင်းတို့နှင့်ပြည့်စုံနေကြသောတိုင်းပြည်မြို့ရွာတို့သည် နတ်ပြည် နတ်မြို့ နတ်ရွာ ကဲ့သို့ ပျော်ရွှင်စရာကြည်နူး ဝမ်းမြောက်စရာ သာယာ တင့်တယ်သော တိုင်းပြည်မြို့ရွာများ ဖြစ်နေပေလိမ့်မည်၊ ယင်းသို့လျှင် ဘေးကင်း ရန်ကွာ သာယာတင့်တယ် မွေ့လျော်ဖွယ်ရာဖြစ်၍ လူ့စည်းစိမ်ယစ်ကာ မေ့လျော့ ပေါ့တန်လျက် သူ့အသက်ကို သတ်ဖြတ်ခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ် စောင့်စည်း တတ်သော ကောင်းမှု မင်္ဂလာတို့၌ မေ့လျော့ကြ၍ မကောင်းမှု ယုတ်မာ ညစ်ညမ်းမှုတို့သည် မေ့လျော့သော သတိလွတ်ကင်းမှုကို အခြေခံရ၍ တဒဏ္ဍချင်း နှစ်ကာလ အနည်းငယ် အတွင်း၌ပင် တိုးတက်ပွါးများကာ တပြည်မှ တပြည်, တမြို့မှ တမြို့, တရွာမှ တရွာ, တယောက်မှ တယောက်သို့ ကူးစက်ပြန့်နှံ့လာတတ်သောကြောင့် ထိုမကောင်းမှု ညစ်ညမ်းမှု အယုတ် တရားတို့ကို ကြိုတင်၍ ကာကွယ်တော် မူလိုသောကြောင့် ''အာရတိ ဝိရတိ ပါပါ'' ဟူသောမင်္ဂလာကျင့်ဝတ် ဥပဒေတရပ်ကို သတ်မှတ်ဟောကြားတော်မူပြန်သည်။

မကောင်းမှုဟူသည်—

(၁) သူတပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း။

(၂) သူတပါး ပစ္စည်းကို ပစ္စည်းရှင်က ကြည်ဖြူစွာ မပေးပဲ ခိုးဝှက် လုယူခြင်း။

(၃) မလွန်ကျူး ထိုက်သော မိန်းမ ယောက်ျားတို့၌ လွန်ကျူး ဖြစ်မှားခြင်း။

(၄) မဟုတ်မမှန် ပြောဆိုခြင်း။

ဤမကောင်းမှု တို့ကို ပြုလုပ် ကျူးလွန်ရန် စိတ်ဖြင့်ပင်လျှင် လိုလားနှစ်သက်မှု မရှိခြင်းသည် အာရတိ မည်၏။

## ယုတ်မာမှုရှောင်ကြဉ်နည်း

ကိုယ်နှုတ်တို့ဖြင့် ကျူးလွန် ဖြစ်မှားမှု မရှိခြင်းသည် ဝိရတိ မည်၏။

ကိုယ်နှုတ်တို့ဖြင့် မကောင်းမှုကို ပြုလုပ်ခြင်းမှရှောင်ကြဉ်ခြင်း ဝိရတီသည်—

(၁) သမ္ပတ္တဝိရတီ။

(၂) သမာဒါနဝိရတီ။

(၃) သမုစ္ဆေဒဝိရတီ····ဟူ၍ သုံးမျိုးရှိ၏။

(၁) မကောင်းမှုကို ပြုလုပ်ရေးနှင့် ရင်ဆိုင်ကြုံကြိုက်သော အခါ ဤမကောင်းမှုကို ပြုလုပ် ကျူးလွန်ခြင်းသည် ငါတို့၏ အမျိုးအနွယ်,ငါတို့၏ဇာတ်,ငါတို့၏ဂုဏ်နှင့် မသင့်တော်ပေဟု နှလုံးသွင်းဆင်ခြင်၍ မကောင်းမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်လျှင် သမ္ပတ္တဝိရတီ မင်္ဂလာဖြစ်၏။

(၂) ဤသို့သော မကောင်းမှုတို့ကို ငါသည် ယနေ့ မပြုလုပ်တော့အံ့, ယခုလ မပြုလုပ်တော့အံ့၊ ယခုနှစ် မပြုလုပ်

တော့အံ့, အသက်ထက်ဆုံး မပြုလုပ်တော့အံ့ဟု မြန်မာဘာသာနှင့်ဖြစ်စေ၊ မိမိ နားလည်သော တမျိုးမျိုးသော ဘာသာနှင့်ဖြစ်စေ ဆောက်တည်၍ ရှောင်ကြဉ်လျှင် သမာဒါန ဝိရတီမင်္ဂလာဖြစ်၏။ (စိတ်ဖြင့်လည်း ဆောက်တည်နိုင်၏။)

(၃) သောတာပတ္တိမဂ်ဖိုလ်ကို ရပြီးသည်မှစ၍ အရိယာပုဂ္ဂိုလ်တို့သည် ပါဏာတိပါတ စသော မကောင်းမှုမှ ရှောင်ကြဉ်သော ဝိရတီသည် အရိယာမဂ်နှင့်ယှဉ်၍ ယတိပြတ်အခြေပြတ် အမြစ်ပြတ် ရှောင်ကြဉ်သော ဝိရတီ ဖြစ်သောကြောင့် သမုစ္ဆေဒဝိရတီ မင်္ဂလာ ဖြစ်၏။

## ရှောင်ကြဉ်ရကျိုး

မကောင်းမှုမှ ရှောင်ကြဉ်သော သူသည် အဘယ့်ကြောင့် မင်္ဂလာဖြစ်သနည်း၊ မိမိက သူတပါး၏ အသက်ကို သတ်ဖြတ်ညှဉ်းဆဲမှု မရှိသောကြောင့် မိမိ၌ ရန်သူမရှိချေ၊ မိမိကလည်း သူတပါး၏ရန်သူမဟုတ်သောကြောင့်မကောင်းသောအပြစ်ဒဏ်တို့မှ လွတ်မြောက်၍ ကောင်းကျိုး ချမ်းသာ တို့သည်သာလျှင် ရောက်လာ တတ်သောကြောင့် မင်္ဂလာ ဖြစ်လေသည်၊ ထိုနည်းတူ သူတပါး၏ ပစ္စည်းဥစ္စာကို ပစ္စည်းရှင်ကကြည်ဖြူစွာ ပေးကမ်းခြင်းမရှိပဲ ခိုးဝှက်လုယူ တိုက်ခိုက်မှုမှ ရှောင်ကြဉ်သောသူသည် မိမိ၏ ပစ္စည်း ပျောက်ပျက် ဆုံးရှုံးမှု အတွက် စိုးရိမ်ကြောင့်ကြ မရရှိသောကြောင့် ချမ်းသာသုခ မင်္ဂလာကို ရရှိလေသည်၊ ကောင်းမှု ကောင်းလုပ် အားလျော်စွာ သန့်ရှင်းစင်ကြယ်သော ကောင်းရောင်း ကောင်းဝယ် စသည်ဖြင့် ရရှိသော ပစ္စည်းမျိုးကိုလည်း သူတပါး ခိုးဝှက် လုယက်၍ ယူနိုင်

ခဲ့ပေသည်၊ ဇောတိကသဌေး၏ ပစ္စည်းကို အဇာတသတ်မင်း အတင်းလုယူသော်လည်း မရသကဲ့သို့ သန့်ရှင်း စင်ကြယ်သော ပစ္စည်းကို သူတပါးယူ၍ မရချေ။

## ကာမဂုဏ် ဖေါက်ပြန်လျှင်

မကျူးလွန်သင့်သော မိန်းမတို့၌ ပြစ်မှား ကျူးလွန်သောသူသည် ယခုလက်ငင်းဘဝ၌ပင် ထောင်တန်းသို့ ရောက်၍ ဒုက္ခဆင်းရဲ တွေ့ရတတ်သည်ပြင် အပါယ်ငရဲ၌ နှစ်ပေါင်း မရေမတွက်နိုင်အောင် ဆင်းရဲကြီးစွာကို ခံရပြီးနောက် လူဖြစ်ပြန်လျှင်လည်း မိန်းမဖြစ်တတ်သည်၊ ယောကျ်ား ဖြစ်သော်လည်း ယောကျ်ားကောင်း ယောကျ်ားမြတ် မဖြစ်တတ်, ယောကျ်ား မပီသသူ ဖြစ်တတ်သည်၊ ပရဒါရကမ်ကို ကျူးလွန် မိကြသော ယောကျ်ားတို့ကို အလျှံပြောင်ပြောင် တောက်လောင် လျက်ရှိသောမီးကျီးတွင်းသို့ ဦးခေါင်းစောက်ထိုး ခြေထောက်မိုးမြော်ပြု၍ ငရဲထိန်းတို့ကပစ်ချသည်ကို နေမိမင်းကြီးကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ခဲ့ရဘူး၏။

ယောကျ်ားများသာ မဟုတ်၊ မိမိလင်ယောကျ်ားကို လွန်၍ ယောကျ်ား တပါးနှင့် ဖေါက်ပြန် ပျော်ပါးခဲ့သော မိန်းမတို့သည်လည်း ရဲရဲတောက်သော သံမြေပြင်၌ ခါးတိုင်အောင် နစ်မြုပ်ကြ၍ သွေးသံ ယိုစီး ဦးခေါင်း ဖြတ်လှီး အင်သောနွားကဲ့သို့ ကိုယ်မှ အသားတို့သည်လည်း အစိတ်စိတ် ကွဲ၍ ငိုပွဲဆင်ကာ အော်ကာဟစ်ကာ နေကြရစဉ် အရှေ့ အနောက် တောင် မြောက် အရပ် လေးမျက်နှာ တို့မှ အလျှံ ညီးညီး တောက်၍ သံအတိပြီးသော သံတောင်ကြီး တို့သည် ကြောက်မက်ဖွယ်အသံများမြည်ဟီးလျက် လိမ့်လာကြပြီးလျှင် နင်းကြိတ်

ချေဖျက် သောကြောင့် သွေးပွတ်ပွက် ဆူထွက်၍ သေကြေ
ပျက်စီးကြသည့် တိုင်အောင်သော ဒုက္ခ ဆင်းရဲ ကြီးများကို
ခံကြရကုန်၏၊ ကမ်မကုန်သေးသမျှ အဖန်တလဲလဲ ဖြစ်ပြန်၍
ရှေးနည်းတူ အနင်းအကြိတ် ခံကြရပြန်ကုန်၏၊ ဤမိန်းမတို့၏
ငရဲဒုက္ခကိုလည်း နေမိမင်းကြီး ကိုယ်တိုင် မြင်ခဲ့ရ ပေသည်၊
အလွန်ကြောက်လန့်ဖွယ်ကောင်းလှပေ၏၊ ကာမေသုမိစ္ဆာစာရ
မကောင်းမှုကမ်မှ ရှောင်ကြဉ်သော မိန်းမ ယောကျ်ားတို့သည်
ဆိုအပ်ခဲ့ပြီးသော ဒုက္ခဆင်းရဲကြီးတို့မှ လွတ်ကင်း ချမ်းသာ၍
ကောင်းကျိုးမင်္ဂလာကြီးကို ရရှိလေတော့သည်။

အချို့မိန်းမတို့ မှတ်ထင်ကြပုံမှာ ကာမေသုမိစ္ဆာစာရ ကမ်
သည် ယောကျ်ားများနှင့်သာ ဆိုင်သည်၊ မိန်းမများနှင့်မသက်
ဆိုင်ဟူ၍ ထင်ကြ၏၊ ဘုရား စသော သူတော်ကောင်းများက
မိန်းမ ယောကျ်ားဟူ၍ ခြားနား၍ မဟောခဲ့သဖြင့် မိန်းမ
ယောကျ်ား နှစ်ဦးလုံးနှင့် သက်ဆိုင်သော သိက္ခာပုဒ် ဖြစ်သည်၊
သို့ကြောင့် ငါးပါးသီလ ခံယူကြရာ၌လည်း မိန်းမ ယောကျ်ား
မရွေး ဤသိက္ခာပုဒ်ကို ဆောက်တည်ကြရသည်၊ ထိုသိက္ခာပုဒ်ကို
လွန်ကျူး ကျော်နင်းကြသော မိန်းမတို့ကိုလည်း နေမိမင်းကြီး
ကိုယ်တိုင် ငရဲ၌ ဒုက္ခခံနေကြရသည်ကို တွေ့မြင်ခဲ့ သည်မှာ
သာ၍ထင်ရှားသောသက်သေတရပ်ဖြစ်ပေသည်။

## မုသားပြောခြင်းအပြစ်

မုသား ပြောဆိုခြင်းသည်လည်း ကြီးလေးသော အပြစ်ပင်
ဖြစ်လေသည်၊ မုသား ပြောဆို ဝံ့သော သူသည် အဘယ်
အကုသိုလ်ကိုမဆို ပြုဝံ့ ပြုရဲပေတော့မည်၊ သို့ကြောင့် သူတော်
ကောင်းများသည် မုသားပြောဆိုခြင်းကို အလွန်လျှင်စက်ဆုပ်

မုန်တီးကြလေသည်၊ ဘုရားအလောင်းတော်များသည် အခြားသော မကောင်းမှုကိုပြုမိစေကာမူ မုသားပြောဆိုခြင်း ကိုကားလုံး၀ ရှောင်ကြဉ်ကြလေသည်။

(၁) စေတိယမင်းသည် မုသား မပြောမီက နတ်သားလေးယောက် အမြဲ စောင့်ရှောက်သည်ကို ရ၏။
(၂) ခံတွင်းမှ ကြာညိုပန်းနံ့ မွှေး၏။
(၃) ကိုယ်မှ ကောင်းသော နံ့သာနံ့ မွှေး၏။
(၄) ကောင်းကင်၌ ရပ်တည်နိုင်၏၊ သွားလာနိုင်၏။

မုသားပြောဆိုခြင်းကြောင့် အထက်၌ ပြအပ်သော တန်ခိုးလေးမျိုးသည် ကွယ်ပျောက်၍ မြေမျိုခံရ၏၊ စေတိယမင်းသည် သာမန်တန်ခိုးရှိသောမင်းမဟုတ်၊ အသက်အသချေ မရေတွက်နိုင်သော အသက် ရှည်သော ခေတ်၌ ဖြစ်၍ ကောင်းကင်သို့ ပျံတက်နိုင် ကောင်းကင်၌ တည်နိုင် သွားနိုင်အောင် တန်ခိုးကမ္မဇိဒ္ဓိ ရှိသောမင်းတည်း၊ သို့လျက်မုသားပြောမိခြင်းကြောင့် တန်ခိုးတွေ ကွယ်ပျောက်၍ မြေမျိုခံရသေး၏။

ထိုမှတပါးလည်း မုသားပြောဆိုတတ်သော မင်း၏ နိုင်ငံ၌ မိုယ်းရွာ သင့်သော အချိန် အခါ၌ မရွာပဲ မရွာသင့်သော အချိန်အခါ၌ ရွာသဖြင့် တောင်သူ လယ်သမားများပင်ပန်းဆင်းရဲကြရ၏၊ တောင်သူ လယ်သမားများ မချမ်းသာသော တိုင်းပြည်သည် သာယာ ၀ပြောခြင်း မရှိ၊ လူဆိုး သူဆိုး ဘေးအန္တရာယ်ထူပြောများပြား၍လူတို့သည်ကြောင့်ကြမကင်း ပူပန်ခြင်းဖြင့်သာ ဆင်းဆင်းရဲရဲ နေကြရကုန်၏။

မုသားပြောဆိုတတ်သော သူသည်လည်း မြွေ၏လျှာကဲ့သို့ လျှာနှစ်ခွ ပေါက်တတ်၏၊ ငါးကဲ့သို့ လျှာမပါပဲ သော်လည်း ရှိတတ်၏၊ မုသားပြောတတ်သောသူ၌ သားယောကျ်ားမထွန်း

ကားတတ်၊ ထွန်းကားသော်လည်း မိဘတို့၌ အကျိုးကျေးဇူး မခံစားရတတ်ပေ၊ သို့ဖြစ်၍ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ် အပ်လှ ပေသည်၊ ဖော်ပြအပ် ပြီးသည့်အတိုင်း မကောင်းမှု၏ အကျိုး အပြစ်ကို သိ၍ မကောင်းမှုမှ ရှောင်ကြဉ် ရမည်၊ မကောင်းမှုကိုမပြုမူ၍ ရှောင်ကြဉ်လျှင် ကောင်းကျိုး ချမ်းသာ မင်္ဂလာ တို့ကို ရရှိမည် ဖြစ်သောကြောင့် ''အာရတီ ဝိရတီ ပါပါ''ကို မင်္ဂလာဟူ၍ ဟောတော်မူသည်။

မကောင်းမှု၏ အပြစ်ကို မသိမမြင်၍ အကြောက် အလန့် မရှိ ဟူ၍ မကောင်းမှုကို ပြုလုပ် ကျူးလွန် နေလျှင် တနေ့၌ မကောင်းကျိုးကို ခံရမည်သာဖြစ်သည်၊ မကောင်းမှု မကောင်း လုပ်တို့ကို ပြုလုပ် နေပါလျက် ချက်ခြင်း မကောင်းကျိုးကို မခံရပဲ ချမ်းသာ နေကြသူတို့ ရှိသည်မှာ မကောင်းကျိုး ကို ပေးရန် အချိန် မကျရောက်သေး၊ အကြောင်း မပြည့်စုံသေး သောကြောင့် ''လူမိုက်ကောင်းစား တမွန်းတည့်'' ဆိုသော စကားကဲ့သို့ အခိုက်အတန့်မျှသာ ချမ်းသာခွင့် ရရှိ နေခြင်း ဖြစ်သည်၊ အခါအခွင့်ဆိုက်၍ အကျိုးပေးချိန်ဆိုက်ရောက်သော အခါ ကြီးစွာသော ဆင်းရဲ ဒုက္ခကို ရကြလေ တော့သည်၊ သို့ဖြစ်၍ မကောင်းမှုကို ရှောင်ကြဉ်လျက် ''အာရတီ ဝိရတီ ပါပါ'' မင်္ဂလာကို ပြည့်စုံစေသောအားဖြင့် ဆင်းရဲဒုက္ခတို့မှ လွတ်ကင်း၍ ကြီးပွားချမ်းသာခြင်းကို ဖြစ်စေကြရာသည်။

## ယုတ်မာမှုမျိုးကို သတ်ဖြတ်ညှဉ်းဆဲ၍မနိုင်

ယုတ်မာ ညစ်ညမ်းမှု အစမ္မ အပြု အလုပ်များ ကပ္ပါ လောက၌ ပွါးများလာလျှင် ထောင်တန်းချ၍လည်း ပပျောက် အောင် မတတ်နိုင်၊ မင်းဒဏ် ခတ်၍ သတ်ဖြတ် ညှဉ်းဆဲခြင်း

ဖြင့်လည်း ပပျောက်အောင် မတတ်နိုင်၊ ကုန်း,ရေ,လေ စစ်တပ်တို့ဖြင့် တိုက်ခိုက် ဖျက်ဆီး သော်လည်း ပပျောက်အောင် မစွမ်းနိုင်၊ ဦးအောင်၏ (၀) ကဲ့သို့ ၁ လုံးဖျက်လျှင် ၂ လုံး ပေါ်၍၊ ၂ လုံးဖျက်လျှင် ၄ လုံးပေါ်လျက် ပွါး၍ပွါး၍သာ လာတတ်လေသည်၊ အဘယ်ကြောင့်နည်းဟုမေးလျှင် ကုနည်း ကုပုံ နည်းလမ်း မမှန်သောကြောင့် ဖြစ်လေသည်၊ နွားဆိုး နွားကြမ်းကို ကြမ်းသည်ဟူ၍ ကြမ်းကြမ်းတန်းတန်း ရိုက်နှက် ငေါက်ငန်းလေ ကြမ်းလေ ရှိတတ်သကဲ့သို့၊မကောင်းမှု,ယုတ်မာမှု အပြုအလုပ်တို့ကိုကြမ်းကြမ်းဆုံးမကန့်မြစ်၍မရပေ၊တရားသဖြင့် ချော့မော့လျက် ယဉ်ကျေးစွာ ပြောဆိုဆုံးမသော်မှ နွားကြမ်း သည် ယဉ်ကျေး ပျော့ပျောင်း၍ စေခိုင်းတိုင်းဝန်ကို ဆောင် သကဲ့သို့ ထိုအတူ ယုတ်မာညစ်ညမ်းသော အပြုအလုပ်ရှိသူတို့ ကိုလည်း မင်္ဂလာတရားဘော်ဖြင့် ဓမ္မကမ်အသျောက် ဟောပြော ပြသ သွန်သင် ဆုံးမသော်မှသာလျှင် တဖြေးဖြေး ယဉ်ကျေး သိမ်မွေ့လာကြ၍၊ ယုတ်မာညစ်ညမ်းမှုများ တစတစ ပပျောက် နိုင်ရာသောကြောင့် ဤစာကို ဖတ်ရှုကြားနာသော အသင်တို့ သည်လည်း၊ မိမိတို့နှင့်တကွ မကင်းရာမ..င်းကြောင်း လူအား လုံးတို့ပါယုတ်မာညစ်ညမ်းမှုကင်းရှင်း၍ လူယဉ်ကျေးစာရင်းဝင် ဖြစ်ကြရအောင် ဤမင်္ဂလာတရားတော်ကို အထူးအလေးပြု၍ လိုက်နာကြရာသတည်း။

## ၂၀။ မင်္ဂလပါနာ၀ သံယမော

သူ တ ပါး အ သက် ကို သတ် ဖြတ် ညှဉ်း ဆဲ ခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ်လျှင် "အာရတိ ဝိရတိ ပါပါ"

မင်္ဂလာဖြစ်၍ ကောင်းမြတ်လှပြီ၊ အရက်သေစာ သောက်စား ခြင်းကိုမူကား မရှောင်ကြဉ်ရ၊ အရက် သေစာ သောက်စား၍ အပြစ်မရှိ၊ အမင်္ဂလာ မဖြစ်ဟု အယူအမှတ် လွဲမှားကြမည့် ဘေးအန္တရာယ်ကို ကာကွယ်တော် မူခြင်းငှါ ''မဇ္ဇပါနာစ သံယမော''ကို ဟောတော်မြန်သတည်း။

တနည်းသော်။ ။အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာတိုင်အောင် သဘာဝမမှအားလျော်စွာ အကြောင်းအကျိုးဆက်သွယ်လျှင် ပျော်ရွှင် နှစ်သက်ဘွယ်ရာ မင်္ဂလာတို့ကိုသာလျှင် ဟောကြား တော်မူခဲ့ပါလျက်၊ အာရတီ ဝိရတီ ပါပါဟူ၍ ကြားဖြတ်လျက် ဟောတော် မူရပြန်သော အကြောင်းမှာ ယုတ်မာမှုတို့သည် အလိုလို ပေါ်လာတတ်သလော၊ အလိုအလျောက် မပေါ်ကြပဲ ပျော်ရွှင်သည်ထက် ပျော်ရွှင်ဖွယ်ရာတို့ကို ရှာကြံကြသောအခါ ဥယျာဉ်ကစားထွက်ခြင်း, တောကစား ပျော်ပွဲစားထွက်ခြင်း, အိမ်၌သော်လည်း မိတ်သင်္ဂဟများကို ဘိတ်ကြား၍ ပျော်ပွဲ စားခြင်း စသော ပျော်ရွှင်ပွဲများ ပြုလုပ်ကြသောအခါ၊ ရိုးရိုး တန်းတန်း စားကြ, သောက်ကြ, ရယ်မော ပြောဆိုကြရ သည်ထက် ထူးထူးကဲကဲ မူးမူးယစ်ယစ်နှင့် အရှက်အကြောက် ကင်းမဲ့စွာ အပျော်ကြီးပျော်ရွှင်လိုကြသဖြင့် လက်ငင်းချက်ခြင်း အရူးကလေးတမျိုးဘဝသို့ရောက်စေတတ်သော အရက်သေစာ တို့ကို သောက်စားမိကြပေလိမ့်မည်၊ ယင်းသို့ အရက်သေစာကို သောက်စားမိလျှင် စိတ်ရင်း စိတ်ကောင်း စိတ်မှန် တို့သည် လွင့်ပျောက် ဖေါက်ပြန် လာကြပြီးလျှင် အရက် သေစာကို ထပ်ကာထပ်ကာ အကြိမ်ကြိမ်သောက်စားဖန်များ၍ ဒုစရိတ် မကောင်းမှု,ယုတ်မာညစ်ညမ်းမှုများကိုပြုလုပ်မိကြပေလိမ့်မည်၊ ထို မကောင်းမှု တို့ကြောင့် မကောင်းကျိုး တို့ကို ရရှိပြီး

ဒုက္ခ ခံကြရလိမ့်မည်၊ သို့ဖြစ်လျှင် နှစ်သည်ထက် နှစ်၍ သံသရာ သစ်ငုတ်ဖြစ်ကြမည့်ဘေးကို မြင်တော်မူ၍ ဒုက္ခ၏ အကြောင်းရင်းတရပ်ဖြစ်သော အရက်သေစာ သောက်စားမှုမှ ရှောင်ကြဉ်ကြလျှင် ထိုသို့သောအပြစ်ဒုက္ခ ဆင်းရဲအဝဝတို့မှ ကင်းလွတ်၍ ချမ်း သာမှု မင်္ဂလာ ကြီးကို ရရှိ စေ ခြင်းငှါ ''မဇ္ဇပါနာစ သံယမော''ကို ဆက်လက် ဟောကြားတော်မူသတည်း။

## အရက်တန်ခိုး

အရက်ဟူ၍ အမည်တမျိုးမျှသာ ခေါင်းတပ်၍ရေးသော်လည်း မဇ္ဇသဒ္ဒါအရ ယစ်မူးရူးသွပ်ကြောင်းဖြစ်သော အရာဝတ္ထုမှန်သမျှကို မသောက်ရ မစားရ မချိုရ မသုတ်လိမ်းရ မထိုးရဟု မှတ်ရမည်၊ မူးယစ်စေတတ်သော အရက်သေစာကို သောက်စား၍ အကျိုးကျေးဇူးပျက်ပြားရသော သာဓကတွေများလှကုန်၏၊ အချို့ကအရက်သောက်၍ အပြစ်မရှိ၊ ဒုစရိုက်ဆယ်ပါး၌ အရက်သောက်ခြင်းမပါဟု ဆင်ခြေကန်ကြကုန်၏၊ ငါးပါးသီလ၌ ပါဝင်လျက်ရှိ၏၊ ဤမင်္ဂလာဒေသနာ၌လည်း အရက်သေစာ ရှောင်ကြဉ်လျှင် မင်္ဂလာတပါး ဖြစ်ကြောင်းကို အထင် အရှား ဟောထားလျက်ရှိ၏၊ သင့်ရာ သင့်ရာ ထိုထိုသုတ္တန်တို့၌လည်း မဇ္ဇပါန–အရက်သေစာ သောက်စားခြင်းတို့ကို အများ အပြား ဟောတော် မူခဲ့၏၊ အရက်ကြောင့် မကောင်းမှု မကောင်းလုပ်တို့ကို ပြုလုပ်မိ၍ သေသည့်နောက်၌ ငရဲသို့ ကျရောက်ရသည်ကို ထားဘိဦး၊ တိရစ္ဆာန်, ပြိတ္တာဖြစ်ရသည်ကို ထားဘိဦး၊ လက်ငင်း အရက်သောက်ဆဲ ခဏ၌ပင် လူရူးအဖြစ်သို့ရောက်သည်မှာမျက်မြင်ဖြစ်ကြ၏၊ အရက်ကြောင့် ရောဂါဝေဒနာ အကြီးအကျယ်ရတတ်၏။ အသက်တိုတတ်၏။

ကောင်းသောကျော်စောသတင်းကင်းမဲ၏၊ မပြုလုပ်သင့်သော မကောင်းမှုတို့ကို ပြုလုပ် ကျူးလွန်မိတတ်၏၊ ရှိသေကိုင်းရှိုင်း ထိုက်သော ပုဂ္ဂိုလ်တို့၌ အရှိအသေကင်းမဲ့၍ ပြစ်မှားစော်ကား မိတတ်၏၊ ပကာသ ဉာဏ်အမြင်ကို ဖေါက်ပြန် ပျက်ပြားယုတ် လျော့စေတတ်၏၊ မိမိ၏ ကိစ္စတာဝန်ဖြစ်သော အလုပ်အကိုင် လစ်ဟင်း ပျက်စီးစေတတ်၏၊ အရက်ဘိုး နှိပ်စက်၍ ဆင်းရဲ နွမ်းပါး လူ့အောက်တန်းစားဖြစ်ရတတ်၏၊ လူကြီးလူကောင်း တို့၏ အယုံအကြည်ကို ခံရခြင်းမှ ဆုံးရှုံးရတတ်၏၊ မိဘဆွေမျိုး တို့၏ မသိမ့်မြင်ပြုခြင်းကို ခံရတတ်၏၊အရက်သမား၏ သားငယ် သမီးငယ် တို့သည် မျက်နှာငယ်ကြ၏၊ အရက်ဘိုး နှိပ်စက်၍ ပစ္စည်းဥစ္စာမစုဆောင်းမိ၍ သားသမီးများကို စာသင်ကျောင်း၌ စရိတ်ကုန်ခံ၍ မထားနိုင်သောကြောင့် သားသမီးတို့သည် ပညာ ကင်းမဲ့၍ ဆင်းရဲပင်ပန်းကြရ၏၊ လူပေလူတေ မဖြစ်ထိုက်ပဲ လူပေလူတေကလေးများဖြစ်တတ်ကြ၏၊ အရက်သည် သားစဉ် မြေးဆက် တိုင်အောင် ပျက်စီးဆင်းရဲစေ၏၊ ကြောက်ဖွယ်ရာ ကောင်းသော အပြစ်ဖြစ်ဘူးသည်ကား—

ရှေးက မင်းတဦးသည် အရက် သောက်စား မူးရစ်နေစဉ် စားတော်ကဲအား အသား ဟင်းကို ရှာဖွေ ချက်ပြုတ် စေရာ အခါမဟုတ်၍ အသားဟင်းလျာ မရကြောင်းကို တင်လျှောက် လာ၏၊ အရက် တန်ခိုးကြောင့် မိမိရင်ခွင်၌ ပိုက်ချီထားသော မိမိ၏ ရင်သွေးအစစ် ဖြစ်သော သားငယ်ကို ပစ်ပေးလျက် သတ်ဖြတ် ချက်ပြုတ်ခဲ့လော့ဟု ချက်ပြုတ် စေပြီး အရက်နှင့် စားသောက်လေ၏၊ အရက်မူး ပြေသောအခါမှ သားငယ်၏

အသားဟင်းကို စားသောက်မိသည်ကို သိရ၍ စိတ်သောက အကြီး အကျယ် ရောက် ဘူး သော အ ဖြစ် မျိုး သည် လည်း အရက်ကြောင့်ပင် ဖြစ်ရပေ၏။

အင်းဝ သတိုးစော၏သား မင်းရဲကျော်စွာမင်းသားငယ်သည် အသက်အရွယ်ငယ်သော်လည်း မင်းသားပီပီ သတ္တိ ဇွတ္တိရှိ၏၊ ရဲရင့်၏၊ စစ်တိုက်ဝါသနာ ရှိ၏၊ စစ်ပွဲတို့၌ နိုင်ခဲ့သည်သာ များ၏၊ ပဲခူး ဟံသာဝတီဘုရင် ရာဇာဓိရာဇ် နှင့် ဒလ၌ တိုက်ခိုက် ကြစဉ် အရက် အသောက်အစားလွန်ပြီး စစ်သူကြီး များသွန်ကြားသော အချက်အလက်တို့ကို မနာမယူ၊ အရက် တန်ခိုးနှင့်ဖေါက်ပြန်လျက်ရှိသော စိတ်အလိုက် အရမ်းကာရော တိုက်ခိုက်သောကြောင့် စစ်လည်းရှုံး အသက်လည်းဆုံးဘူး သတည်း။

ဤသို့စသည်ဖြင့် အရက်သေစာ သောက်စားခြင်း၏ အပြစ် တို့သည် များပြားလှစွာ၏၊ အမင်္ဂလာဖြစ်၍ ဤမျှကြီးလေးစွာ အပြစ်ရှိသော အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်၍ "မဇ္ဇပါန သံယမ" မင်္ဂလာ ကောင်းကို မိမိတို့ သန္တာန်၌ ပြည့်စုံကြစေရာသည်။

## ၂၁။ အပ္ပမာဒေါစ ဓမ္မသု

အာရတိ ဝိရတိ ပါပါ မင်္ဂလာ၌ ဟောတော်မူအပ်ခဲ့ ပြီးသော အကုသိုလ်ဒုစရိတ်တို့ကို မပြုမလုပ်မူ၍ ရှောင်ကြဉ် ကာမျှနှင့် အမှတ်မဲ့ ပေါ့တန်စွာ မနေမူ၍ ကောင်းမှု ကုသိုလ် တို့ကို ကောင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း၌ မမေ့မလျော့ စေရ၊ ပြုလုပ်ပြီးသော ပြုလုပ်ဘူးသော ကုသိုလ် ကောင်းမှု ကောင်းသောအလုပ်တို့ကို အဖန်တလဲလဲ တိုးပွား များပြား

အားကြီးအောင် သတိရှေ့သွားဖြင့် ပြုလုပ်ကြရမည်၊ ယင်းသို့သော ကောင်းမှု ကိစ္စတို့ကို သတိရှေ့သွား တိုးပွား စေကာ ပြုလုပ်ခြင်းသည်ပင် ကောင်းကျိုး ချမ်းသာကို ရစေကြောင်း မင်္ဂလာကြီး ဖြစ် သည် ဟု ဟောတော် မူသည်၊ သို့ကြောင့် ကောင်းမှုကောင်းလုပ် မင်္ဂလာတို့ကို သတိကောင်းစွာထား၍ ပြုလုပ်ကြရာသည်။

## အိပ်ဆောင်ဆေးကောင်း

ဤအပ္ပမာဒမင်္ဂလာတရားသည် အလွန် ကျယ်ဝန်းကြီးမားသော တရားတော် ဖြစ်သည်၊ တိရစ္ဆာန်တို့၏ ခြေရာတို့တွင် ဆင်၏ ခြေရာသည် အကြီးကျယ်ဆုံးဖြစ်၍ ဆင်ခြေရာ တွင်း၌သာလျှင် အခြားသော တိရစ္ဆာန်တို့၏ ခြေရာများ ဝင်သကဲ့သို့ အပ္ပမာဒ မင်္ဂလာ တရားတော်သည် ခပ်သိမ်းသော ကောင်းမှု မင်္ဂလာတို့၏ ပါဝင်ရာ အတွင်းဝင်ရာဖြစ်၍ ကြီးကျယ်သော မင်္ဂလာတရားတော် ဖြစ်သောကြောင့် ကောင်းမှု ကောင်းလုပ်ကို ပြုလုပ်ခြင်း, အဖန်ဖန်တိုးပွားစေခြင်း, အလုပ်ကောင်းနှင့် မကောင်းစေခြင်း သတိ ဟူသော အပ္ပမာဒ မင်္ဂလာကို ပြည့်စုံစေရာသည်၊အပ္ပမာဒဟူသော သတိနှင့်ပြည့်စုံသောသူသည် အလုပ်ကိစ္စဟူသမျှတို့၌ သူတပါးတို့ ချီးမွမ်းရအောင် ကောင်းမွန်သော အလုပ်မျိုးကို ဖြစ်ပေါ်စေတတ်၏၊ သူတကာထက် အလျှင်ပြီးစီးသော အလုပ်မျိုး ဖြစ်တတ်၏၊ ခိုင်မြဲသပ်ယပ်သော အလုပ်မျိုးကို ဖြစ်ပေါ်စေတတ်၏၊ အကွက်ကျော် မြင်တတ်၏၊ ဘေးရန်ကင်းလွတ်တတ်၏၊ လူချစ် လူခင်ပေါ်တတ်၏၊ လူတို့၏အားထားယုံကြည်ခြင်းကို ခံယူရတတ်၏၊ မေ့လျော့ ပေါ့တန် နေသောလူတို့၏ရှေ့က မမေ့မလျော့သော အလုပ်သမားသည် ဒီ:လုပ်

ကောင်းပြီး၍ ကြီးပွားလာတတ်၏၊ မေ့လျော့နေသောကျောင်း သားတို့၏ ရှေ့က မမေ့ မလျော့သော ကျောင်းသားသည် ထိပ်တန်းသို့ရောက်၍ လူကြီးလူကောင်းတယောက် အဖြစ်သို့ ရောက်တတ်၏၊ မေ့လျော့နေသော ကုန်သည်တို့၏ရှေ့က မမေ့ မလျော့သော ကုန်သည်သည် တိုးတက် ကြီးပွား၍ ကုန်သည် ကြီးဖြစ်တတ်၏၊ မေ့လျော့နေသော စာသင်သားတို့၏ ရှေ့က မမေ့ မလျော့သော စာသင်သားသည် စာမေးပွဲကို တတန်း ပြီးလျှင် တတန်းအောင်မြင်၍ ဘွဲ့တံဆိပ်ရ စာတတ်ပုဂ္ဂိုလ်ကြီး ဖြစ်တတ်၏၊ မေ့လျော့နေသော ရဟန်းတို့၏ရှေ့က မမေ့မလျော့ သောရဟန်းသည် မဂ်, ဖိုလ်ကို ရ၍ လောကုတ္တရာ ကြီးပွား ခြင်းဖြင့် ကြီးပွားတတ်၏၊ သို့ကြောင့် သတိဟူသော အပ္ပမာဒ မဂ်လာသည် အမြဲဆောင်ထားရမည့် အိတ်ဆောင် ဆေးမြတ် ဖြစ်ပေသည်။

## မရှိမပြီးသော လက်နက်

သတိသည် ယခုဘ၀ နောက်ဘ၀ နှစ်ဌာနလုံးပင် ကြီးပွား ချမ်းသာကြောင်း ဖြစ်သည်၊ နိဗ္ဗာန် ရကြောင်း တရား အစစ် သည်လည်း သတိပင် ဖြစ်သည်၊ ကောင်းမှု ကောင်းလုပ် ကို ပြုလုပ်ဆောင်ရွက်ကြရာ၌ မေ့လျော့ ပေါ့တန်မှုမရှိ၊ သတိရှိခြင်း ကိုပင် အပ္ပမာဒဆိုသည်မှာ အောက်တန်းစား ကူလီအခစားမှ စ၍ ကုန်သည် ပွဲစား သဌေး လခစား အရာရှိကြီးများနှင့် တကွ ဘုရင်သမ္မတတို့ အထိ မိမိတို့ ဆိုင်ရာ အလုပ်အကိုင်ကို ဆောင်ရွက်မှု ကိစ္စတာ၀န်၌ အပ္ပမာဒကို အထူးသဖြင့် တည် ထောင် ရှေ့ဆောင်ထား၍ ဆောင်ရွက်ကြရပေသည်၊ အပ္ပမာဒ များများရှိသော ပုဂ္ဂိုလ်၏ အလုပ်တာ၀န်သည် ပို၍ကောင်းမွန်

ကျနသောကြောင့် အကျိုးကျေးဇူး ပိုမို၍ ရတတ်လေသည်၊ ထိုပုဂ္ဂိုလ်မျိုးကို ချီးကျူးကြရပေသည်၊ ကိစ္စတစုံတရာ ဖြစ်ပေါ်လာလျှင် ထိုပုဂ္ဂိုလ်ကို ရှေ့တင်ကြရလေသည်၊ ထိုပုဂ္ဂိုလ်ထံ၌ အကြံဉာဏ် တောင်းကြရလေသည်၊ ထိုပုဂ္ဂိုလ် ဆုံးဖြတ်ရာကို နာခံကြရ လေသည်၊ သတိသည် ပညာနှင့် အလားတူသည်၊ ကောင်းသော အမှုအလုပ်၏ ရှေ့သွား သည်လည်း ဖြစ်လေသည်၊မကောင်းမှု မကောင်းလုပ်တို့၌ သတိနှင့်အလားတူသော သတိအတု, အကုသိုလ် အစုသာလျှင် ရှိသည်၊ အကုသိုလ်နှင့် ယှဉ်သော သတိစစ် မရှိဟု ကျမ်းဂန်တို့၌ ဆုံးဖြတ် ကြသည်၊ သို့ကြောင့် သတိ ဟူသော အပ္ပမာဒ တရားသည် ကောင်းမှုကောင်းလုပ်တို့ကို ပြုလုပ် ကြရာ၌ သာလျှင် ရှေ့သွားသဖွယ် ပညာနှင့် အလားတူဖြစ်၍ မင်္ဂလာ အဖြစ်ဖြင့် ဟောတော်မူသည်။

အပ္ပမာဒ ဟူသော သတိကို မြတ်စွာဘုရားသည် အထူးသဖြင့် ကျယ်ဝန်းစွာ ဟောတော်မူသည်၊ ဓမ္မပဒ အပ္ပမာဒ တဝဂ်လုံး၌ သတိ ကျေးဇူးကိုပင် ဟောတော်မူသည်၊ မဟာသတိပဋ္ဌာနသုတ် စသော ထိုထိုသုတ္တန် တို့၌လည်း သတိကို တရားကိုယ်ပြု၍ ဟောတော်မူသော ဒေသနာတို့သည် များလှစွာ၏၊ ဗောဓိပက္ခိယ တရား၌ သတိပဋ္ဌာန, သတိန္ဒြိယ, သတိဗလ, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင် တို့သည်လည်း အပ္ပမာဒ ဟူသော သတိပင် ဖြစ်လေသည်၊ ထို့ကြောင့် သတိသည် အလွန်ကျယ်ဝန်း၏၊ ခရီးရောက်၏၊ တန်ဘိုးရှိ၏၊ မာဃလုလင်သည် အပ္ပမာဒဟူသော သတိ အားကြီးစွာ ရှိသောကြောင့် နတ်တို့၏ဘုရင်ဖြစ်၏၊ လူတွင် လူ့အလျောက်, နတ်တွင် နတ်

အလျောက်, အထက်တန်းစား အကြီးအမှူး ဖြစ်သူတို့သည် သတိရှိသောသူတို့သာ ဖြစ်ကြ၏။

ဒုက္ခ ဖြစ်သူတို့၌ ဘယ်ဒုက္ခပဲ ဖြစ်သည် ဖြစ်စေ သတိ လွတ်ကင်း၍ ဖြစ်ခဲ့ရသည်၊ ငါသတိ မေ့သွားသည်၊ ငါသတိ မေ့၍ ဖြစ်ရသည် စသည်ဖြင့် မိမိ သတိကင်းမိသည်ကို အပြစ် တင်ကြရသည်၊ သို့ဖြစ်၍ ဤအပ္ပမာဒ မင်္ဂလာသည် လောကီ၌ကြီးပွါးရေး ချမ်းသာရေးလည်း ဖြစ်ရုံသာမက နိဗ္ဗာန်တိုင်အောင်သော ချမ်းသာကိုဆောင်ရာ မင်္ဂလာဖြစ်၍ အပ္ပမာဒ မင်္ဂလာတည်ရှိအောင် ကြိုးစားကြရာသည်။

သတိ=အပ္ပမာဒ=မမေ့မလျော့ခြင်း, တို့သည် အနက်တူကြသည်။

---

## ၂၂။ ဂါရဝေါစ

ကုသိုလ် ကောင်းမှုတို့၌ မမေ့ မလျော့ခြင်း, တိုးပွါးအောင် သတိပြုခြင်း ကိစ္စ မင်္ဂလာဖြစ်စေရန် ရိုသေ လေးစားသော ဂါရဝမှုကို လိုအပ်သည်ဖြစ်၍ ''ဂါရဝေါစ'' မင်္ဂလာကို ဆက်လက် ဟောတော်မူသည်။

အလေးအမြတ်ပြုအပ်သော ဂါရဝသည် အရာ ဌာနအား လျော်စွာ များပြားလှပေ၏၊ သို့များပြားလှစွာသော ဂါရဝ တို့ကို ထိုထိုပါဠိတော်တို့ အလာတူရာပေါင်း၍ ဂါရဝဆယ်မျိုး ထုတ်သျက် အဋ္ဌကထာများအတိုင်း အဓိပ္ပါယ်ဖေါ်၍ မင်္ဂလာ ဖွင့်ကျမ်း၌ ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရား ရေးသားတော်မူသည်မှာ ကောင်းလှပေသည်။

## ဂါရဝ ဆယ်မျိုး

(၁) ဘုရား၌ ရိုသေ လေးစားခြင်း။
(၂) တရား၌ ရိုသေ လေးစားခြင်း။
(၃) သံဃာ၌ ရိုသေ လေးစားခြင်း။
(၄) သိက္ခာ၌ ရိုသေ လေးစားခြင်း။
(၅) သမာဓိ ရိုသေ လေးစားခြင်း။
(၆) အပ္ပမာဒ၌ ရိုသေ လေးစားခြင်း။
(၇) ပဋိသန္ထာရ၌ ရိုသေ လေးစားခြင်း။
(၈) ဟိရီ၌ ရိုးသေ လေးစားခြင်း။
(၉) ဩတ္တပ္ပ၌ ရိုသေ လေးစားခြင်း။
(၁၀) အချင်းချင်း၌ ရိုသေ လေးစားခြင်း။

## (၁) ဘုရား၌ ရိုသေလေးစားရမည်

ကိလေသာ ကုန်ခန်းပြီး၍ သဗ္ဗညုတ ဉာဏ်တော် ရှိသော ဗုဒ္ဓဘုရားတော်ရဘုရားရှင်အား ရိုသေလေးစားရမည်၊ ဘုရားရှင်၌ ရိုသေလေးစားခြင်းသည် ဂါရဝမင်္ဂလာ ဖြစ်လေသည်၊ အထွဋ် အမြတ်ဆုံးဖြစ်၍ ရိုသေလေးစားထိုက်သော ဘုရားကိုသော်မှ အလေးအမြတ် မပြုသောသူသည် အဘယ်သူ့ကို ရိုသေလေး စားတော့အံ့နည်း၊ ရိုသေအပ်သောသူဟူ၍ ဦးတည်ရှေးရှုခြင်း မရှိသောသူသည်လည်း အဘယ်မှာလျှင် ကြီးပွား ထွန်းကား ကောင်းစားပေတော့မည်နည်း၊ အလုပ်တခုကို လုပ်ရာ၌ မိမိ၏ အထက်လူကြီးကိုရိုသေလေးစားမှုရှိသောသူသည်အလုပ်ကိစ္စ၌ ချို့ယွင်းပျက်ကွက်ခြင်း မရှိပဲ ပြည့်စုံချောမော၍ ပြီးသင့်သော

အချိန်၌ ပြီးသောအလုပ်ကိစ္စကောင်းဖြစ်တတ်ပေသည်၊ ဘုရားဟူသည် လူ့လောက, နတ်လောက, ဗြဟ္မာလောကတို့၌ အတုမရှိသော ဆရာကြီး ဖြစ်တော်မူခြင်းကြောင့် ဘုရားကို ရိုသေလေးစားမှုရှိသောသူသည်၊ မကောင်းမှုမကောင်းလုပ်,မကောင်းကြံတို့သည် မရှိသလောက် ကင်းစင်၍ ကောင်းလုပ်,ကောင်းမှု, ကောင်းကြံတို့ကြောင့် ကောင်းကျိုး ချမ်းသာ မင်္ဂလာ တို့ကို သာလျှင် ရရှိပေရာသည်၊ ထိုသို့သောဘုရားကိုမှ ရိုသေလေးစားတတ်ခြင်းမရှိသူသည် ယခုဘဝ၌လည်း ဆုတ်ယုတ် ပျက်စီး၍ သံသရာခရီး၌လည်း အပါယ်သံသရာသို့သာ စောက်ထိုး ကျဘို့ရန် သေချာလေတော့သည်။

အချို့သောသူတို့က ငါတို့၌ ဘာသာမရှိ, ဘုရားမရှိ, တရားမရှိဟုဆိုကြသည်ဟု ကြားရဘူး၏၊ ရှေးက ရှိနှင့်ပြီးသော ထိုထိုဘာသာတို့ကို ပုတ်ခတ်၍လည်း ပစ်ပယ်ကြ၏၊ သူတို့ စွဲလမ်းသက်ဝင်နေသော ဝါဒကို ဘာသာမှန်းမသိကြသောကြောင့် ဤသို့ပြောဆိုနေကြခြင်းဖြစ်လေရာ၊ မြင်းကိုစီး၍မှ အယီးမှန်းအမမှန်း မသိသူကဲ့သို့ဖြစ်ချေ၍ သနားဖွယ်ကောင်းသောသူတို့ဟူ၍သာ ကရုဏာ ပွါးသင့်ကြသတည်း၊ ပုထုဇန်ဖြစ်ရခြင်း၌ ကြောက်စရာ ကောင်းသည်မှာ ဤကဲ့သို့သော အထင်မှားအမြင်မှား အယူမှတ်မှား အသိမှားတို့ကြောင့် အလုပ်မှားကို ပြုလုပ်မိကြပြီးလျှင် မကောင်းပြစ်, မကောင်းဒဏ်တို့ကို ခံရ, အပါယ်ဆင်းရဲသို့ကျရောက်ကြရသောကြောင့် ကြောက်မက်ဖွယ်ကောင်းသည်ဟု ဆိုရပေသည်၊ အသင်တို့ ငါတို့သည်လည်း ပုထုဇန်အဖြစ်က မလွန်မြောက် သေးသမျှ ကာလ အတွင်း၌ အမှားမှား အယွင်းယွင်း မဖြစ်ကြရအောင် ဆရာကောင်း,

မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံ၍ အမြင်မှန်နှင့် လမ်းမှန် သွားမိကြရအောင် ဘုရားစသော ရိုသေလေးစား ထိုက်သော ပုဂ္ဂိုလ်နှင့်တရားတို့ကို ရိုသေလေးစားကြရမည်။

## (၂) တရားတော်၌ရိုသေလေးစားရမည်

လောက၌ ကောင်းသောတရားကို မလေးစားသောသူသည် ပဲ့ကိုင်ကင်းသော လှေ, သင်္ဘော, မော်တော်ကား, လေယာဉ်ပျံ စသည်နှင့်တူ၏၊ လှေ, သင်္ဘော စသော ယာဉ်ရထားတို့သည် ပဲ့ကိုင်မရှိလျှင် လမ်းမှန်ကမ်းမှန်မရောက်တော့ပဲ ထိုထိုသစ်ပင် တောတောင်, ချောက်ကမ်းပါးစသည်တို့နှင့် တိုးမိ, တိုက်ခိုက်မိ၍ ပျက်စီးရသကဲ့သို့၊ ထိုအတူ တရားကောင်းတည်းဟူသော တက်မကို ပဲ့ကိုင်ကင်းမဲ့သောသူသည် အယုတ်လမ်း, အမှားလမ်း ချောက်ကမ်းပါး လမ်းသို့ ရောက်၍ ပျက်စီးရ နစ်မွန်းတတ်သေသည်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်ပင် မိမိ ကိုယ်တော်တိုင် သိမြင်အပ်ပြီးသော တရားတော်ကို အလေးအမြတ် ပြုတော်မူပေသေးသည်၊ လောကအတွင်း၌ အလေးအမြတ် ပြုခြင်း ကင်း၍ နေခြင်းငှါ မလျောက်ပတ်၊ ငါ ဘုရားသည် အဘယ်ကို အလေးပြု၍ နေရအံ့နည်း ဟု ဆင်ခြင်တော်မူရာ လောကသုံးပါးအတွင်း ရှိသမျှ လူ နတ် ဗြဟ္မာ တို့သည် ငါဘုရားထက် သာလွန်မြင့်မြတ်သူ ဟူ၍ မရှိချေ၊ ငါဘုရားနှင့် အလားတူသောသူပင်လျှင် မရှိချေ၊ သို့ကြောင့် တစုံတယောက် သောပုဂ္ဂိုလ်ကိုမျှ ငါဘုရားက အလေးပြုထိုက်ပြုကောင်းသည် မဟုတ်၊ ငါဘုရား၏ အလေးအမြတ်အရိုအသေပြုခြင်းကိုလည်း ခံနိုင်ကြသည် မဟုတ်ချေ၊ ငါ ဘုရားကိုယ်တိုင် ခဲယဉ်းစွာ ဆည်းပူး စု ဆောင်း အပ် သော ပါရမီ တည်း ဟူ သော

အရင်းဖြင့် ရရှိအပ်သော တရားတော်ကိုသာလျှင် အလေးပြု၍ နေပေအံ့ဟူ၍ ဆောက်တည်ကာ တရားတော်ကို အရိုအသေ အလေးအမြတ် ပြုတော်မူခဲ့၏။

အခါတပါး၌ အရှင် နန္ဒထေရ်သည် ညတရား ဟောတော်မူရာ နံနက် အရုဏ်တက်မှ တရားချ၏၊ တညလုံး ဟောတော်မူ၏၊ တရားချ၍ တရားဟောပလ္လင်မှ ဆင်းသောအခါ မြတ်စွာဘုရားသည် နောက်နားက ရပ်တော်မူလျက် တရား ကြားနာတော်မူသည်ကို ဖူးတွေ့ရ၍ မြတ်စွာဘုရား - ဘယ် အချိန်က ကြွရောက် နာကြားတော် မူနေပါသလဲဟု လျှောက်ရာ၊ နန္ဒအသင် တရားဟောစကပင် ငါဘုရားကြားနာတော်မူနေသည်ဟု မိန့်တော်မူ၏၊ ကိုယ်တော်တိုင်သိမြင်၍ ကိုယ်တော်တိုင် စထွင်ဟောကြားမှ သူတပါးတို့ သိကြရသော တရားဖြစ်ပါလျက် အရှင် နန္ဒထေရ် ဟောကြားသော မိမိ၏တရားကို တညလုံး မတ်တတ် ရပ်တော်မူလျက် တရားကိုအလေးအမြတ် အရိုအသေပြု၍ နာနေတော်သည်မှာ အံ့ဩဘွယ်ကောင်းလှပေသည်။

ဘာသာတရားသည် လူသတ္တဝါတို့ကို ထိန်းသိမ်းစောင့်ရှောက်သော လောကပါလ တရားဖြစ်၏၊ ဘာသာတိုင်းသည် နိဗ္ဗာန် မဂ်ဖိုလ်ကို ရနိုင်, ရောက်စေနိုင်သော ဘာသာတရား မဟုတ်ကြစေကာမူ၊ များသောအားဖြင့် ပစ္စုပ္ပန်ကာလ ယခု မျက်မှောက်ဘဝ၌ လူတို့ကို ယဉ်ကျေးလိမ္မာစေ၍ ကောင်းကျိုး ကျေးဇူးကိုပေးတတ်သော ဘာသာတရားတို့ကို စွန့်ပယ်ကျောခိုင်း၍ အလေးအမြတ် အရိုအသေ မပြုသောသူသည် လူဖြစ် အရှုံးကြီး ရှုံးသောသူသာ ဖြစ်လေတော့သည်ဟု ဆိုရပေမည်။

## (၃) သံဃာတော်၌ ရိုသေလေးစားရမည်

သံဃာဟူသည် မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရအောင် ကျင့်ဆဲ ပုထုဇန် သီလဝန်မှစ၍ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက်တို့ကို ဆိုလိုသည်၊ ထိုပုဂ္ဂိုလ်သည် လေးစားရိုသေ အပ်သော ဘုရားရှင်၏ တပည့်သားဖြစ်ကြရုံသာမက မြတ်သော နိဗ္ဗာန်ရောက်ကြောင်း တရားကို အားထုတ်ဆဲ အားထုတ်ပြီး ပဋိပန္န လေးပါးနှင့် ပြည့်စုံသော သံဃာတော်ဖြစ်၍ ရိုသေ လေးစား အပ်ပေသည်၊ ရိုသေလေးစားရမည်သာ ဖြစ်သည်၊ ကောင်းမှုကောင်းလုပ်ရှိ၍ ကောင်းသောတရား လက်ရှိပုဂ္ဂိုလ် ကိုသော်မှ မရိုသေ မလေးစားပဲ နေကြလျှင် မကောင်းမှုကို ရိုသေ လေးစားရမည်ကဲ့သို့ရှိ၏၊ မကောင်းသော ဒုစရိတ်တရား အယုတ်တရားများကို လိုက်စားနေသူတို့ကိုမှ ရိုသေလေးစား ကြလျှင် ကပ္ပါလောကကြီးသည် ပြာအတိကျရန်သာ ရှိတော့ရာ မကောင်းသူ တရားမဲ့သူ အယုတ်တရား လိုက်စားသူကို ရိုသေ လေးစား မြှောက်ပင့်၍ နောက်လိုက်လုပ်နေသူများပါ ပျက်စီး မည်ဖြစ်၍ သတိများများ ပြုသင့်ကြပေသည်။

## (၄) မိမိတို့ ကျင့်အပ်သော ဆိုင်ရာဆိုင်ရာသိက္ခာ တို့၌ ရိုသေ လေးစားရမည်

မိမိတို့နှင့်သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာဖြစ်သော လူ့ဝိနည်း ရဟန်းဝိနည်း, လူငယ်ဝိနည်း, လူကြီးဝိနည်းစသော သိက္ခာကို ရိုသေ လေးစားသော်မှသာလျှင် မိမိတို့သန္တာန်၌ သီလသိက္ခာ ကောင်းမွန် သန့်ရှင်းစွာ တည်ပေမည်၊ သီလသိက္ခာဖြင့် မြေ တောင် မြှောက်တင်အပ်သော ကောင်းကျိုး ချမ်းသာသည်

တာရှည်လေးမြင့် တည်တံ့၍ ဖွံ့ဖွံ့ဖြိုးဖြိုး၊ ကောင်းကျိုးကို ပေးတတ်လေသည်၊ သို့ကြောင့် ဆိုင်ရာကျင့်ဝတ် သိက္ခာတို့၌ ရိုသေလေးစားကြရာသည်။

## (၅) မိမိ ကိုယ် နှုတ် စိတ် ကို ထိန်းသိမ်းထားမှု သမာဓိ၌ ရိုသေလေးစားရမည်

သမာဓိကို မရိုသေမူ၍ ဇာန္ဒြေဖေါက်ပြားလျှင် လူလည်း လူ့အလျောက်၊ ရဟန်းလည်း ရဟန်းအလျောက် သီလသိက္ခာ ယိုယွင်း ပျက်စီးတတ်၍ သူတပါး၏ ကြည်ညိုခြင်း၊ ရိုသေလေးစားခြင်းတို့ကို မခံယူနိုင်ကြပေ၊ သို့ဖြစ်၍ သမာဓိကိုလည်း ရိုသေလေးစားကြရမည်။

## (၆) သတိ ဟူသော အပ္ပမာဒ၌ လည်း ရိုသေလေးစားကြရမည်

မိမိသန္တာန်၌ အပ္ပမာဒ မင်္ဂလာ ကင်းလွတ်ပါမူ ဖြစ်သင့်ဖြစ်ထိုက်သော ကောင်းမှုမင်္ဂလာတို့သည် ယုတ်သျော့ပျက်ပြား၍ အကုသိုလ် များသာလျှင် ဝင်ရောက်ဖြစ်ပေါ်ခွင့် ပေးသကဲ့သို့ ရှိတတ်လေသည်၊ ထို့ကြောင့် တံခါးရွက်နှင့်တူသော အပ္ပမာဒ၌ ရိုသေလေးစားကြရမည်၊ တံခါးရွက်ကို အကုသိုလ်ရန်သူများ အလစ် မဝင်နိုင်အောင် အမြဲ ပိတ်ကြရမည်။

## (၇) ပဋိသန္ထာရ၌လည်း ရိုသေလေးစားကြရမည်

ပဋိသန္ထာရဆိုသည်မှာ တဦးနှင့်တဦး မေတ္တာမပျက်စေရန် အဆက်အစပ်ပြုခြင်း ဧပြေပြစ် ချောမောအောင် ပြုမူဆောင်ရွက်

ခြင်း ပင် တည်း၊ ပညာရှိ သူတော်ကောင်းများ, တိုင်းကြီး ပြည်ကြီးသားများသည် ပဋိသန္ထာရကို များစွာအလေးအမြတ် ပြုကြသည်၊ တနည်းအားဖြင့် ပဋိသန္ထာရကို လောကကျင့်ဝတ် တပါးဟူ၍လည်း ပြောသင့်ပေသည်။

ပဋိသန္ထာရသည်—

(က) ပစ္စည်းဖြင့် စေ့စပ်ပြေပြစ်အောင် ပြုလုပ်သော ပစ္စယ ပဋိသန္ထာရ။

(ခ) သွန်သင် ဆုံးမ နည်းပေး လမ်းပြ ပြုခြင်း ဓမ္မ ပဋိသန္ထာရ-ဟူ၍ နှစ်မျိုးရှိ၏။

ပြုသင့် ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ပဋိသန္ထာရ နှစ်မျိုး အနက် တမျိုးမျိုးဖြင့် မေတ္တာဆက်စပ်၍ စိတ်ဓါတ် ညွတ်ကိုင်း စေခြင်း,ကြည်ညို ခင်မင်စေခြင်းသည် ပဋိသန္ထာရပြုသည်မည်၏၊ ပုဂ္ဂိုလ် တဦးက တဦးကို ပဋိသန္ထာရ ပြုခြင်း, တနိုင်ငံက တနိုင်ငံကို ပဋိသန္ထာရ ပြုခြင်း စသည်ဖြင့် တဦးနှင့် တဦး, တဖက်နှင့်တဖက် အစေ့အစပ် ဖြစ်စေခြင်း, ပြေပြစ်ချောမော စေခြင်းကို ပြုကြရ၏၊ ပဋိသန္ထာရသည် ဒါနတမျိုးပင်ဖြစ်၍ အလုံးစုံသော ကောင်းကျိုးခပ်သိမ်းကို ပြီးမြောက်စေသဖြင့် ထိုသို့သော ပဋိသန္ထာရကို လေးလေးစားစား ပြုထိုက်လှပေသည်။

## (၈) ဟိရိဩတ္တပ္ပလေးစားရမည်

ပညာရှိ သူတော်ကောင်းတို့၏ကဲ့ရဲ့ရှုတ်ချ စက်ဆုပ်လှသော မကောင်းမှု, မကောင်းလုပ်ကို ပြုလုပ်ရမည်ရှိသော် မိမိသိက္ခာ သမာဓိကို မိမိရှက်ခြင်း,သူတော်ကောင်းတို့အားရှက်ခြင်း,မိဘ သားခြင်း ဆွေမျိုး ဉာတိတို့အား ရှက်ခြင်း,အနီးအနားဌ ရှိနေ

ကြသော နတ်တို့အားရှက်ခြင်းသည် ဟိရိမည်၏၊ ထိုသို့သသော ရှိသော ဟိရိကို ရိုသေ လေးစား ကြရမည်၊ ဟိရိကို ရိုသေ လေးစားခြင်းဖြင့် မကောင်းမှု မကောင်းလုပ်မှ လွတ်ကင်း၍ တင့်တယ်ချမ်းသာခြင်းမင်္ဂလာကို ရယူကြရမည်။

## (၉) ဩတ္တပ္ပ၌ လေးစားရမည်

ယခုဘဝ၌ ခံယူရမည့်ဘေးဒုက္ခ, သေပြီးနောက် ခံယူရမည့် အပါယ်ဘေးဒုက္ခတို့ကို ဆင်ခြင် ကြောက်ရွံ့ခြင်းသည် ဩတ္တပ္ပ မည်၏၊ ထိုသို့သော ဩတ္တပ္ပကို ရိုသေလေးစား၍ မိမိသန္တာန်၌ တည်စေရမည်၊ ဟိရိနှင့် ဩတ္တပ္ပ နှစ်ပါး ချို့ငဲ့ ကင်းမဲ့သော သူသည် တိရစ္ဆာန်နှင့် ထပ်တူပင် ဖြစ်လေသည်၊ ဟိရိ နှင့် ဩတ္တပ္ပတို့သည် တိရစ္ဆာန်မှ လူကိုအထူးပြုသောတရားနှစ်ပါး ဖြစ်ကြ၏၊ ဟိရိနှင့် ဩတ္တပ္ပကို လောကပါလတရား ဟူ၍၎င်း, ဒေဝဓမ္မတရား ဟူ၍၎င်း ပြောဆို သမုတ်ကြ၏၊ လူ့လောက လူ့ကပ္ပါကြီး ပျက်စီး ဆုတ်ယုတ်ကြသည်မှာ ဟိရိ ဩတ္တပ္ပ ကင်းမဲ့ကြသော အကြောင်းလည်း အရင်းခံအကြောင်းတမျိုး ဖြစ်ပေသည်၊ ဟိရိ ဩတ္တပ္ပ တို့နှင့် ပြည့်စုံခဲ့သော ရှေးခေတ် မြန်မာတို့သည် ဂါရဝမင်္ဂလာ အားကြီးကြသည် အလျောက် မကောင်းမှု ကင်းကြ၏၊ နည်းကြ၏၊ ဘေးရန် နည်းကြ၏၊ ကျန်းမာကြ၏၊ ချမ်းသာကြ၏၊ အသက်ရှည်ကြ၏၊ ဟိရိဩတ္တပ္ပ ထင်ရှားရှိသည်ကို ပေါ်လွင်စေသော ဝတ်စား ဆင်ယင်မှု ရှိကြ၏၊ မိဘ မောင်ဖါး နှမ သားချင်းတို့ အပေါ်၌လည်း ဟိရိ ဩတ္တပ္ပရှိကြ၍ နေထိုင်ပြောဆိုမှုတို့သည် ယဉ်ကျေးကြ၏၊ ဟိရိ ဩတ္တပ္ပနည်းပါးသော ယခုခေတ်လူတို့သည် မကောင်းမှု များကြ၏၊ ဘေးရန်ပေါကြ၏၊ ရောဂါများကြ၏၊ အသက် တို

ကြ၏၊ နိုင်ငံခြားတို့မှ ဟိရိဩတ္တပ္ပကင်းမဲ့နည်းပါးသော အဝတ် အစား အမူအရာတို့ကို အတုယူ ပြုမူကြသောကြောင့် သာ၍ ကြမ်းတန်း ရုန့်ရင်း လာကြ၏၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှု မြန်မာတို့၏ ယဉ်ကျေးမှု, အရှေ့တိုင်းတို့၏ ယဉ် ကျေးမှု မပျက်စီး မပျောက်ကွယ်စေပဲ နိုင်ငံခြား၏မကောင်းမှု, မကောင်းတမျှားကို ရှောင်ကြဉ်၍ မိမိတို့သန္တာန်၌ မင်္ဂလာ ရှိသော ဟိရိနှင့် ဩတ္တပ္ပတို့ကို ရိုသေလေးစားခြင်းဖြင့် တည်ရှိ စေရမည်။

## (၁၀) အချင်းချင်း၌လည်း ရိုသေလေးစားရမည်

အတူတကွ နေဖေါ်နေဖက်ချင်းဖြစ်စေ, မိဘနှင့်သားသမီး, ဆရာနှင့် တပည့်, ညီအစ်ကို မောင်နှမတို့ အချင်းချင်းဖြစ်စေ, အလုပ်အတူလုပ်ဖက်, စာအတူသင်ဖက်, ခရီးအတူသွားဖက် အချင်းချင်းဖြစ်စေ,ရဟန်းနှင့်ဒကာအချင်းချင်းဖြစ်စေ,နိုင်ငံများ အချင်းချင်းဖြစ်စေ တဦးကိုတဦး လေးစားကြရမည်၊ ရိုသေကြ ရမည်။

ရိုသေရမည်ဟု ဆိုသဖြင့် မိဘက သားသမီးကို, ဆရာက တပည့်ကို, ရဟန်းက ဒကာကို, တုပ်ကွ ရှိကျိုး ကြရ မည်ကို ဆိုလိုသည်မဟုတ်ပေ၊ မိမိတို့၏ သားသမီး တပည့် ဒကာတို့ပင် ဖြစ်သော်လည်း မထီမဲ့မြင် မပြုခြင်း, မပြောခြင်း, အထင် အမြင် မသေးခြင်း, သားသမီး တပည့် ဒကာတို့၏ ကြည်ညို မြတ်နိုးမှု ကင်းစေသော အပြော အဆို အပြု အမူ စိတ်နေ စိတ်ထားတို့မှ ကြဉ်ရှောင်ခြင်း,သတိပြုခြင်း စသည်ဘို့ကို ဆိုလို ခြင်းဖြစ်သည်၊ အဆိုပါအတိုင်း လိုက်နာပြုမူခြင်းသည်ပင်လျှင်

မိဘ,ဆရာ,ရဟန်းတို့က သားသမီး,တပည့်ဒကာတို့ကို လေးစားသည်မည်ပေသည်၊ ယင်းသို့ အချင်းချင်းတို့သည် အပြန်အလှန် တဦးကတဦးကို ရိုသေလေးစားမှု ရှိကြပါမူ အလွန် ယဉ်ကျေးဖွယ်ရာသော လူ့လောကကြီးကို မြင်ကြရ တွေ့ကြရ ပေမည်၊ မတရားမှု, ယုတ်မာမှုတို့သည်လည်း ယခုအခါလောက် ရှိကြမည် မဟုတ်၊ လုံးဝသော်လည်း ပပျောက်ကြလေရာသည်။

ဆိုခဲ့ပြီးသော ဂါရဝ ဆယ်မျိုး တို့ကို ပြည့်စုံစေကြသော အားဖြင့် မိမိတို့၏ သန္တာန်၌ ဂါရဝ မင်္ဂလာကို တည်ရှိစေရာသည်၊ အချင်းချင်း အား ဂါရဝပြုရာ၌ တိရစ္ဆာန်များ ပင်လျှင် တဦးကို တဦးက လေးစား ရိုသေကြသည်၊ တိတ္တိရ ဇာတ်တော်၌ ခါ, မျောက်, ဆင် တို့သည် အချင်းချင်း အသက်အားဖြင့် ကြီးသူကို ငယ်သူတို့က ရိုသေ၍ ကြီးသူက ငယ်သူကို လေးစားကြသော သာဓကဝတ္ထုရှိပေသည်၊ လူတို့သည်ကား တိရစ္ဆာန်ထက် သာသော လူများ ဖြစ်သောကြောင့် ဂါရဝ မင်္ဂလာကို သာလွန်၍ တည်ရှိစေသင့်ကြပေသည်။

## ဂါရဝ တရားအရေးကြီးချိန်

ပညာရေး, စီးပွါးရေး, စည်းစိမ် တည်မြဲရေး, အသက်စည်းစိမ်ကာကွယ်ရေးဆိုင်ရာ မင်္ဂလာတို့၏အဆုံး၌ ဤ ဂါရဝ မင်္ဂလာကို ဟောတော်မူခြင်းကြောင့် လူ့လောကကြီး၌ ပညာ ဖက်ကဖြစ်စေ, စီးပွါးဖက်ကဖြစ်စေ, စည်းစိမ်ဖက်ကဖြစ်စေ, အခြွေအရံ ပရိသတ်ဖက်က ဖြစ်စေ, ကောင်းမှုဖက်က ဖြစ်စေ, ရှေ့တန်း ထိပ်တန်းသို့ ရောက်ရှိနေကြသော လူတို့သည် ဂါရဝ မင်္ဂလာတရားကို ပို၍ ပြည့်စုံစေရမည်၊ ဂါရဝတရား နှင့်

ပြည့်စုံရန် သာ၍ အရေးကြီးသော အချိန် ဖြစ်သောကြောင့် ဂါရဝမင်္ဂလာကို ဆက်လက်၍ ဟောကြားတော် မူလေသည်၊ သို့ဖြစ်၍ ရရှိပြီး တိုးတက် ကြီးပွါးသော ပညာ, စီးပွါး, စည်းစိမ်, ဂုဏ်သိရ်, အခြွေအရံ, အကျော်အစော, ကောင်းမှုရှင်တို့သည် ဤအချိန်၌ ဂါရဝမင်္ဂလာတရားကို သတိထား၍ ဖြည့်လောင်းကြရပေမည်။

---

## ၂၃။ နိဝါတော စ

### ခေါင်းဆောင်ဖြစ်လိုလျှင် နိဝါတရှိရမည်

ရိုသေလေးစားထိုက်သောသူကို ရိုသေလေးစားသော အမှုအရာမျှသာမဟုတ်သေးမူ၍ မိမိ၏ စိတ်ကိုလည်း မာန်မာနနှင့် မယှဉ်စေပဲ မာန်ကိုတွန်းလှန်ဖယ်ရှား၍ ထောင်လွှားမော်ကြွား ဝင့်ဝါလိုသောစိတ် မရှိစေခြင်းသည် အခြွေအရံ အကျော်အစောရခြင်း ရှေ့ဆောင်ကောင်း, ခေါင်းဆောင်ကောင်း, လူကြီးလူကောင်းတယောက်ဖြစ်ခြင်း၏ အကြောင်းရင်းတပါး ဖြစ်၍ ''နိဝါတ''သည် မင်္ဂလာတဆူဖြစ်လေသည်၊ နိဝါတ၏ အဓိပ္ပါယ်မှာ ''လေမြင့်မှုမရှိ''သည်ကို ဆိုလိုသည်၊ စိတ်ကို နှိမ့်ချထားသောအားဖြင့် မဝင့်ဝါ မပလွှား မမော်မောက်ခြင်း ပေတည်း။

ထောင်လွှားမန်မူတတ်သောသူတို့တွင် အချို့သောသူတို့သည် ပလွှား မာန် မူ လောက် သော ပညာ ဂုဏ်, ဥစ္စာ ဂုဏ်, စည်းစိမ်ဂုဏ်, ကောင်းမှုဂုဏ် စသည်တို့ကြောင့် ပလွှား မာန်မူ

တတ်၏၊အချို့သူတို့သည်ကား အနည်းငယ်မျှသာရှိသောဂုဏ်ကို အများအပြား မှတ်ယူ၍ ထောင်လွှား မာန်မူတတ်၏၊ အချို့ သူတို့သည်ကား ကြွားဝါပလွှား မာန်ထောင်လောက်အောင် ဂုဏ် အရည်အချင်း အလျင်း မရှိပဲလျက် အခြောက် တိုက် ထောင်လွှားဝါကြွား၍ မာန်ရောင်ထွက်တတ်၏။

တစုံတခုသောဂုဏ်ရှိလျက် ထောင်လွှား ကြွားဝါ မာန် ရောင်ဖြာမှုကိုမဖြစ်စေမူ၍ နှိမ့်ချသောအလေ့ရှိရမည်၊ ဤအလေ့ အကျင့်ရှိသောပုဂ္ဂိုလ်သည် မင်္ဂလာရှိသည်, မင်္ဂလာဖြစ်သည်, မင်္ဂလာတည်သည်ဟု ဟောတော်မူသဖြင့် ဂုဏ်အနည်းငယ် ရှိသောသူ, ဂုဏ်အလျှင်းမရှိသော သူတို့သည် ထောင်လွှား ကြွားဝါတက်ကြွသော မာန်မာနကို လုံးဝ မထားလိုက်, မရှိ ထိုက်ချေ။

မာနသည် ဇာတ်ကြောင့်ဖြစ်သောမာန်, အမျိုးအနွယ်ကြောင့် ဖြစ်သောမာန်, ရုပ်ရှင်ချောမောသော ပစ္စည်းကြောင့်ဖြစ်သော မာန်, အသုံးအဆောင်ပစ္စည်းဘောဂကြောင့်ဖြစ်သောမာန်, အခြံအရံ အကျော်အစောကြောင့်ဖြစ်သောမာန်, သီလ, ဗဟုသုတ, သိပ္ပပညာ,လာဘ်လာဘ,ကောင်းမှုကုသိုလ်ရှိခြင်းစသည်ကြောင့် ဖြစ်သော မာန စသော အားဖြင့် မရေ တွက် နိုင် အောင် များပြားစွာရှိ၏၊ထိုထိုဂုဏ်တို့ကြောင့်ဖြစ်ပေါ်လာသောမာန၏ အရှိန်အဟုန်ကြောင့် လူ့ပရိသတ်အလယ်၌ တံခွန်တိုင်ဖျား မှန်ကင်းအလားကဲ့သို့ တက်ကြွတတ်၏၊ ထင်ပေါ်လိုတတ်၏၊ ဂုဏ် လုပ်ချင်တတ်၏၊ မဂ္ဂျာပ်တိုင် တက်တတ်၏၊ ယင်းသို့ တက်ကြွ မောက်မော်ခြင်း လက္ခဏာ ရှိသော မာနဆိုလျှင် အ ဘယ် အ ကြောင်း ကြောင့် ဖြစ် ပေါ် သော မာနကိုမဆို

လက်မခံပဲ မျက်နှာသာမပေးပဲ နှိမ်ချဖြိုဖျက်၍ ကျိုးနွံသေဝပ် ပိပြားသော စိတ်သဘောဖြစ်စေရန် ပြုပြင်သော်မှလျှင် မိမိ၏ ကြီးပွါးရေးသည် ခိုင်မြဲတည်တံ့၍ တိုးတက်သင့်က တိုးတက်ပေမည်၊ မာန်ကိုမသိမ်းဆည်းလျှင် ပျက်စီး၍ ထိုင်ရတတ်သည်၊ ခုံတော် မောင်ကျဘမ်းသည် ပညာရှိ တယောက် ဖြစ်လျက် မာန်ထောင် မာန်တက် မာန်ဝဲပွက်တတ်သောဝါသနာကြောင့် ထိုင်ရသောအဖြစ်သို့ ရောက်ဘူးလေသည်၊ သို့ကြောင့် မိမိ၏ ကောင်းကျိုးကျေးဇူးကို လိုလားသော အသင်တို့သည်လည်း မာန်ကို ကြပ်ကြပ် ပယ်ဖျောက်နှိမ်နင်းရမည်။

မာန်မာန မထားပဲ စိတ်ကို နှိပ်ကွပ် ထားရမည် ဆိုသဖြင့် ယုတ်ညံ့သေးသိမ်သောစိတ်, အောက်တန်းစားအခြေအနေသို့ ရောက်သော စိတ်မျိုးကို ဖြစ်စေရမည် ဟု ဆိုလိုသည် မဟုတ်၊ မာနနှင့်ယှဉ်၍ ဝင့်ဝါပလွှား မော်ကြွား မာန်ထောင်သော စိတ်မျိုးကို ပယ်ရှား၍ မြင့်မြတ်သော သဘောထားနည်းဖြင့် မိမိ၏စိတ်ကို နှိမ့်ချထားရမည်ကိုသာလျှင် ဆိုလိုသည်ကို သတိပြုကြရပေမည်၊ အရှင်သာရိပုတ္တရာထေရ်သည် ဘုရားကလွဲလျှင် ပညာဉာဏ်အကြီးဆုံးသောရဟန္တာမြတ်ကြီးဖြစ်လျက် ငါသည် ပညာတေဒဂ်ရပုဂ္ဂိုလ်ကြီးဟူ၍ မာန်မတက်ပဲ ရှင်သာမဏေငယ် ကလေးအပေါ်၌လည်း မြတ်သောစိတ်ကိုထား၍ မိမိအား ဆုံးမရန်, သတိပေးရန် တွေ့မြင်ပါက ဆုံးမပါလေ, သတိပေး ပါလေဟု ဘိတ်ကြားသောဟူ၏။ ငါပညာရှိ,ငါသိပြီး,မြင်ပြီးပဲ ဟူ၍ မာန်မတက်ပဲ အရှင်ပုဏ္ဏထံသို့ ကိုယ်တိုင်သွား၍ တရား စကားဆွေးနွေးကာ အရှင်ပုဏ္ဏကို ချီးမွမ်း ထောပနာတော် မူဘူး၏၊ ကပ္ပါကျော် ဂန္ထိကြီးသည် အခါတပါး၌ မီးရထားမှ

ဆင်း၍ နေအိမ်သို့ပြန်မည်ရှိရာ မိန်းမကြီးတယောက်က ကူလီ ထင်မှတ်၍ သူ၏ပစ္စည်းကိုအိမ်သို့လိုက်ပို့ရန်ခေါ်သဖြင့်“ငါဟာ ဂန္ဓီဖြစ်တယ်”ဟူ၍ မပြောပဲ အိမ်အရောက်လိုက်ပို့ပြီးမှ အခ ကြေးငွေမယူပဲပြန်လာခဲ့၏၊ မိန်းမကြီးသည် နောက်မှ“ဂန္ဓီ”ဟု သိသောဟူ၏။ ပညာရှိ သူတော်ကောင်း များသည် ဤသို့ မြင့်မြတ်သောစိတ်ဖြင့် မာန်မာနကို ပယ်ရှားကြလေသည်။

မာနယှဉ်ဖက် စိတ်မာန်တက်တတ်သောသူ၌ ဥစ္စာ, ပညာ, ကောင်းမှု, မိတ်ဆွေကောင်းတို့မှ ဆုတ်ယုတ်၍ ဒုက္ခနှင့် တွေ့ရ တတ်လေသည်၊ သို့ကြောင့် မာနကို မြင့် မြတ် သော စိတ်, အမြော်အမြင်ကြီးသောစိတ်တို့ဖြင့် ပယ်ရှား၍ ရိုသေလေးစား သောအားဖြင့် ကြီးငယ်မဟူ လူခပ်သိမ်းတို့၏အပေါ်၌ ထောင် လွှားတက်ကြွ မာန်ခွန်တက်ကြွမှုမရှိခြင်းဟူသော မင်္ဂလာကြီးကို ဖြစ်စေကြရာသည်။

---

## ၂၄။ သန္တုဋ္ဌိစ

မာနကို ခေါင်းပါးစေ, ကင်းရှင်းစေပြီးနောက်၊ ပါပိစ္ဆ-ယုတ် မာ သော အလို ရမ္မက် ရှိခြင်း၊ မဟိစ္ဆ-အလို ကြီးခြင်း၊ အတြိစ္ဆ-အလွန် အလို ကြီးခြင်းတို့ကို ပယ်၍ ရရှိသမျှသော ပစ္စည်းနှင့်သာလျှင်မျှတရောင့်ရဲဘင်းတိမ်သောအားဖြင့် သန္တုဋ္ဌိ မင်္ဂလာနှင့်ပြည့်စုံစေကြရမည်၊ပြည့်စုံအောင်လေ့ကျင့်ကြရမည်။

### ချမ်းသာရှာနည်း

လောကီချမ်းသာကို အလိုရှိသည်ဖြစ်စေ, တနည်း၊ ကာမ ချမ်းသာကို အလိုရှိသည်ဖြစ်စေ, လောကုတ္တရာချမ်းသာကို

မည်သူမျှ ချမ်းသာခွင့်ကို မရကြပဲ ပြည်ပိုင်အစိုးရ များလည်း ဆင်းရဲ, ဓနရှင်များလည်း ဆင်းရဲ, ဆင်းရဲသားတို့မှာလည်း ပိုမို၍ဆင်းရဲသည်ထက်ဆင်းရဲပင်ပန်းကြလျက်ပစ္စည်းအမျိုးမျိုး တို့သည်လည်း ပျောက်ပျက်လေလွှင့် မီးစာ, ရေစာ, မြေစာ ဖြစ်ကြ၍ လူတွေလည်း အနည်းနည်း အဖုံဖုံ အပြုလိုက် အစု လိုက် သေကြေပျက်စီးကြရကုန်၏၊ မြို့,ရွာ,အိမ်ရာ,အဆောက် အဦ တို့သည်လည်း ပြိုကွဲပျက်စီး ပြုန်းတီးကြ ကုန်၏၊ မိဘ, ဘိုးဘွားများ လက်ထက်မှစ၍ စိုက်ပျိုးထူထောင် စောင့်ရှောက်၍ ကြီးပွါးထွန်းကား လူ့ဘို့၌ ကျေးဇူးများလှစွာသော သစ်ပင် ဝါးပင် တို့သည်လည်း ကြေမွ ပြိုလဲ မျိုးပြတ်စဲလု နီးပါး ပျက်စီးကြကုန်၏။

## အမြင်မှားနှင့် အမြင်မှန်

ဤသို့ ဖြစ်ရသော အကြောင်းရင်းမှာ သန္တာန်၌ မင်္ဂလာ ကင်းမဲ့ အားနည်း၍ မဟိစ္ဆ,အတြိစ္ဆ ဟူသော တဏှာလောဘ အယုတ်တရား အားကြီးကြသောကြောင့်ဖြစ်၏၊ အဝိဇ္ဇာ နှင့် တဏှာ ကာကွယ် ဖုံးအုပ်၍ အမြင်မှန်ကို မရကြ သဖြင့် သန္တာန်၌မင်္ဂလာကို ချမ်းသာ ကြီးပွါးကြောင်းဟူ၍ မမြင်နိုင်ကြ, မထင်နိုင်ကြ, မသိနိုင်ကြ, မယုံနိုင်ကြ, အမှတ်မထား နိုင်ကြ သည်သာမက လောဘကြီးမှု လောဘများမှု အလိုရမ္မက် ထူ ပြောမှု အာဏာဝါဒ်ိုးပိုမိုရရှိမှု နယ်ကျယ်မှု ဆင်းရဲသားတို့၏ လက်မှ ပစ္စည်းစုသည် ငါ့လက်သို့ ရောက်မှ လူချမ်းသာတို့၏ ရွှေငွေစသောရတနာစုကို လုယက် ခိုးဝှက် တိုက်ခိုက် ယူငင်မှ ငါတို့ချမ်းသာမည် ဟု အမြင်မှား အထင်မှား အယူမှားကို

အမှန်အနေ အကောင်းအနေနှင့် ထင်မြင် မှတ်ယူကြ ပြီးလျှင် အမှားလမ်းသို့ အရမ်းအကြမ်းကြီး လိုက်နေကြသောကြောင့် ထင်မြင်ယူဆသလို မချမ်းသာကြပဲ အဆင်းရဲကြီး ဆင်းရဲလျက် ဒုက္ခတွေ ပင်လယ်ဝေကာ ရှိနေကြရလေသည်၊ နဖူးလက်တင် ဉာဏ်မှန်ယှဉ်၍ ဆင်ခြင် စဉ်းစားကြရာသည်၊ စဉ်းစားထိုက် ကြသည်။

## စားမှုနှင့် မင်္ဂလာ

အစားအသောက်၌ သန္တောသမရှိ,သည်းမခံနိုင်,စည်းကမ်း မရှိ, ပေါက်လွှတ် ပဲစား အချိန်ကာလ မရွေး စားသောက် တတ်သော မြန်မာ လူမျိုးတို့သည် အစားတာဝန် ကြီးလေး လှသောကြောင့် ဆင်းရဲတွင်း နက်ကြရကုန်၏၊ အိတ်ပေါက် ကြီးလှ၏၊ တရုပ်ပြည်ကြီးနှင့် အိန္ဒိယပြည်ကြီးနှစ်ပြည်အကြား၌ နေလျက် နှစ်ပြည်လုံးက ဝတ်တု စားတုကို ယူကြ၍ ဝတ်ရေး စားရေးကြီးလေးကြသည့်တွင် အနောက်နိုင်ငံများကနည်းဆန်း များ ဝင်လာပြန်သည်ကိုလည်း တုမှုကြပြန်သဖြင့် ကမ်းလမ်း မဆုံးအောင် တာဝန်ကြီးလေးကြ၏၊ နိုင်ငံခြားသားများထံမှ ကောင်းသော အတုအပကိုကား အတု အယူ နည်းပါးလျက် အဖြုန်းအသုံး အပျော်အပါးနှင့် မြန်မာ့ယဉ်ကျေးမှုပျက်စီးရာ ပျက်စီးကြောင်း ဟီရိသြတ္တပ္ပ ကင်းမဲ့ရာ ကင်းမဲ့ကြောင်း တို့ကို သာလျှင် အတုအပ များကြ၏။

## တုပထိုက်သော ဆရာဝန်ကြီး

ဇာန္တိယတိုင်းသား ကုလား ဆရာဝန်ကြီး တယောက်သည် တလ၌လခ(၄၀၀)ရ၏၊ အိမ်သားတစု ၅-ယောက်ရှိ၏၊တနေ့

အဘို့၌ သူတို့၏ဇာတိစာ စားသောက်မြဲအစာကို ၂-ကြိမ်သာ လျှင်မှန်မှန်စား၏၊ ဟင်းလျာမျိုး အမယ်မများ ဟင်းလျာတမျိုး နွားနို့တခွက်နှင့်စား၏၊ ရံခါရာသီအလိုက် ပေါ်သောသစ်သီး အနည်းငယ် ဖြည့်စွက်၍ စား၏၊ ယင်းသို့ စားသဖြင့် စားမှု အတွက် လုပ်ဆောင်ရသော ကိစ္စလည်း နည်း၍ ချမ်းသာ၏၊ ထူးထူး ထွေထွေ မစားသောကြောင့် ထူးထူးထွေထွေ ရောဂါ မရှိ ကင်းရှင်းကြ၏၊စားစရိတ်အကုန်သက်သာ၏၊ ဒုတိယကမ္ဘာ စစ်ကြီးမဖြစ်မီခေတ်က တလအဘို့၌ စားစရိတ်(၃၆)သာလျှင် ကုန်သည်ဟု သိရ၏၊ စရိတ်ကုန် နည်း၍ လာဘ်စားခြင်းကို ရှောင်ကြဉ်နိုင်၏၊ ကြေးငွေများစွာစုဆောင်းမိ၏၊သိမ်းဘယောက် ရှိရာ စိန်, ရွှေ ဝတ်ဆင် ပေးရမည့် အစား အခြေ ရအောင် ငွေသား တထောင်စီ တထောင်စီ အလီလီ ပေး၍ တိုးပွား အောင် စီမံလမ်းခင်းပေးထား၏၊ ဤသို့ နည်းစံနစ်စည်းကမ်း ရှိမှု တို့ကြောင့် နိုင်ငံခြားသားများသည် မြန်မာ တို့၏ မျက် မှောက်၌ ကြီးပွား ချမ်းသာ သွားကြ၏၊ သန္တုဋ္ဌိ မင်္ဂလာရှိမှု ပေတည်း၊ သန္တုဋ္ဌိမင်္ဂလာ အားနည်းမှေးမှိန်သော မြန်မာတို့ သည်ကား တိုးတက် ကြီးပွားခြင်း ဖြစ်တန်သမျှ မဖြစ်ကြပဲ ဆင်းရဲမွဲပြာ သူတို့သာလျှင် များကြကုန်၏၊ ဘယ်သူမပြု မိမိမှု သာတည်း။

## အဝတ်နှင့် မင်္ဂလာ

အဝတ်အရုံ အသုံးအဆောင် စသည်တို့၌လည်း အစား အသောက်နည်းတူ နှင်နှင်သာလျှင် ဖြစ်ကုန်၏၊ဘာရာရ၍လည်း မလောက်မပို၊ နှစ်ရာရ၍လည်းမပိုလျှံ, အသုံးအစွဲနှင့် အရ မမျှကြ၍ သုံးစွဲစားသောက်လောက်အောင် ရှိုးရှိုးနှင့် မပြည့်စုံ

သောသူတို့သည် ဆန်းဆန်းကြံစည်ကြပြန်၏၊ ရာဇ၀တ်ပြစ်မှု မကောင်းသော ရှာကြံမှုကို ပြုလုပ်မိသဖြင့်ရရှိသမျှအပြင် အိမ်၌ ရှိသော ငွေကြေးကလေး, စိန်ရွှေကလေး များကို ထုတ်ရ၍ ဆင်းရဲသည်ထက်ဆင်းရဲကြရပြန်၏၊ အချို့လည်း ထောင်တန်း ကျရောက် ဒုက္ခချောက်သို့ ဆိုက်ရောက်ကြရပြန်၏၊ သန္တုဋ္ဌီ မင်္ဂလာမရှိမှုပေတည်း၊ သန္တုဋ္ဌီမင်္ဂလာ ရှိသော ပုဂ္ဂိုလ်တို့မှာ မူကား သန္တုဋ္ဌီရှိသလောက် ချမ်းသာရေးကို ရရှိကြလေသည်၊ လောကကြီးအတွင်း၌ တည်နေကြရသဖြင့်၊ စားရေး, နေရေး, ၀တ်ရေး စသည်တို့နှင့် မကင်းကြသောကြောင့် လုံး၀ တဏှာ လောဘ ကင်းရှင်းရမည်၊ လိုချင်မှုမရှိရဘူးဟု ပုထုဇန်သေက္ခတို့ အတွက် မဆိုလိုပေ၊ တရားသဖြင့်ရသင့်ရထိုက်သမျှကို လက်ခံ၍ ရောင့်ရဲ တင်းတိမ်ကြရမည် ဟု ဆိုလိုသည်၊ တဏှာ အာသာ လောဘဟူသော အယုတ်တရားကို အကြွင်းမဲ့ ပယ်သတ်နိုင် ပါက ဒုက္ခအကြွင်းအကျန်မရှိသော ချမ်းသာကို ရမည်ဖြစ်၏၊ တဏှာအာသာကင်းစင်ပြီးသောသူတော်ကောင်းတို့သည်ကား လောက၌ စားမှု,၀တ်မှု,နေမှု,ထိုင်မှုတို့အတွက်ကြောင့်ကြခြင်း, တောင့်တခြင်း, စိုးရိမ်ခြင်းတို့မရှိ သန့်ရှင်းကင်းစင်တော် မူကြ သောကြောင့် ပစ္စက္ခမျက်မှောက်ဘ၀၌ပင်ဒိဋ္ဌလက်ငင်းချက်ခြင်း ချမ်းသာခွင့်ကို ရရှိတော်မူကြလျက် ပူပင်သောက ကြောင့်ကြ ဗျာပါရမကင်းပဲ ရှုပ်ထွေးပူလောင်သောလောကကြီးအတွင်း၌ သောကဗျာပါရမရှိ လှေချမ်းမြစွာ သီတင်းသုံးတော် မူကြရ လေသည်၊ သို့ဖြစ်၍ ချမ်းသာကို အလိုရှိသော မင်း,နိုင်ငံတော် အစိုးရ, သူဌေး,သူကြွယ်,ကုန်သည်,အရာရှိ,လခစား,လယ်ယာ သမား, ဆင်းရဲသား, အသင်းအဖွဲ့, နိုင်ငံရေးသမား အပေါင်း

တို့သည် မိမိတို့၏သန္တာန်၌ သန္တုဋ္ဌိမင်္ဂလာတည်နေကိန်းဝပ်အောင် သိမ်းဆည်းကြရာသည်။

---

## ၂၅။ ကတညုတာ

ကတံ၊ ပြုဘူးသောကျေးဇူးကို။ ညုတာ၊ သိခြင်း။

ဓမ္မိယလဒ္ဓ-တရားသဖြင့်သန့်ရှင်းစင်ကြယ်စွာရရှိအပ်သော စားသောက်ဖွယ်, ဝတ်ရုံဖွယ်, နေထိုင်ဖွယ်, ရောဂါဝေဒနာပျောက်ကင်းဖွယ် ဆေးစသော မသုံးလျှင်မဖြစ်သော အသုံးအဆောင်ပစ္စည်းတို့ကို ရှိသေကောင်းမွန်စွာ စည်းစံနစ်ဖြင့် ကာလအားလျော်စွာ သုံးစွဲကြ၍ ဆရာ မိဘ စသော ပုဂ္ဂိုလ်များကိုသော်၎င်း မိမိအား ကြည့်ရှုစောင်မကယ်ဆယ်ကူညီခြင်း စသည်ဖြင့် ကျေးဇူးပြုဘူးသော သူတို့ကိုသော်၎င်း ကျေးဇူးတုံ့ပြန်ပေးဆပ်ရမည်၊ ကျေးဇူးကို အောက်မေ့ ဆင်ခြင် သိရှိရမည်၊ မိမိအပေါ်၌ သူတပါးက ပြုဘူးသော ကျေးဇူးကို သိခြင်း, ဆင်ခြင် အောက်မေ့ခြင်း, အခါအခွင့် သင့်သော ကာလ၌ ကျေးဇူးတုံ့ပြန်ခြင်းသည် ''ကတညုတာ''မင်္ဂလာကို ပြုသည်မည်၏။

### သူတော်ကောင်း နှင့် သူယုတ်မာ

ဆုတ်ကပ်ဖြစ်သော ယခုကာလ၌ ကတညုတာ ကျေးဇူးမင်္ဂလာရှိသူတို့ ရှားပါးလှကုန်၏၊ ကျေးဇူးအဖြစ်နှင့် သိမှတ်တတ်သူတို့ နည်းပါးကြကုန်၏၊ နေ့စဉ်စားနေသော ထမင်းစသော အာဟာရကို အသက်ရှင်ကြောင်း အာဟာရအနေဖြင့်

မသိကြ, သတိမပြုမိကြသောသူတို့ကဲ့သို့ နေ့စဉ်နှင့်အမျှ ကျေးမွေး စောင့်ရှောက်နေသော ကျေးဇူးကိုပင် ကျေးဇူးဟူ၍ အချို့သော သူတို့သည် မသိတတ်ကြချေ၊ ကျေးဇူးကို သိတတ်သော သူသည် သူတော်ကောင်း တယောက် ဖြစ်ပေသည်၊ ကျေးဇူးကို သိတတ်ခြင်းသည်၊ သူတော်ကောင်းဟု သိရကြောင်း အမှတ်လက္ခဏာ ဖြစ်သည်၊ ကျေးဇူးကို သိတတ်သောသူသည် ဥပဒ် အန္တရာယ် လွတ်ရှင်း ရောဂါ ကင်း၍ အသက် ရှည်သမျှ မိမိကမ်အား လျော်စွာ ကမ်ရှိသလောက် ကြီးပွားချမ်းသာနိုင်ကြ၏၊ ကျေးဇူးကို မသိတတ်သောသူ မှုကား ကြီးပွားမှု ချို့ငဲ့၍ ဆုတ်ယုတ် ပျက်စီးခြင်းဖြင့်သာ နစ်မွန်းလေတော့သည်၊ အသက် တိုတတ်သည်၊ ရောဂါထူပြောတတ်သည်၊ အန္တရာယ် များပြားတတ်သည်၊ လူမုန်း များတတ်သည်၊ သေသောအခါ အပါယ် သို့ ကျရောက်တတ်လေသည်။

## ကျေးဇူးရှင် ရှာနည်း

အဘယ်သူတို့သည် ကျေးဇူးရှင်များ ဖြစ်သနည်း၊ မိဘနှင့် ဆရာတို့သည် ရှေးဦးစွာ ကျေးဇူး ပြုသော ကျေးဇူးရှင်များ ဖြစ်ကြ၏၊ မိဘနှင့်ဆရာတို့၏ ကျေးဇူးတို့ကိုပြော၍မဆုံး, ရေး၍ မကုန်ပေရာ၊ သို့ကြောင့် အနန္တဂုဏဝန္တပုဒ်ဖြင့် ချီးမြှောက်ရ ပေသည်၊(အနန္တ-အဆုံး အပိုင်းအခြား မရှိသော,ဂုဏဝန္တ-ကျေးဇူးဂုဏ် ရှိသူတို့၊) မိဘ၏ ကျေးဇူးများကို "မာတာပိတု ဥပဋ္ဌာန" မင်္ဂလာ အဖွင့်၌ အတော်အသင့် ပြခဲ့ပြီ၊ ဆရာ၏ ကျေးဇူးကို အကျဉ်းဆုံးဖြင့် အမိပ္ပါယ် လေးနက်စွာ ပါဝင် အောင် ဥပမာဆောင်၍ ပြရလျှင် ဆရာသည် လှေသင်္ဘောတို့၌ တက်မကိုင်နှင့် တူသည်ဟု ဆိုရမည်၊ တက်မကိုင် မပါသော

လှေသင်္ဘော တို့သည် ခရီး ဝေးဝေး မရောက်နိုင်ပဲ လိုရာ, ချမ်းသာ ဘေးကင်းရာ ဆိပ်ကမ်းသို့မရောက် နိုင်တော့ပဲ ကမ်းပါး,ကျောက်ဆောင်,သောင်စသည်တို့နှင့် တိုးတိုက် ထိခိုက်၍ ပျက်စီး နစ်မြုပ်တော့သကဲ့သို့၊ ထို့အတူ ကောင်းဆိုး နှစ်ပါး ညွှန်ကြား ဆုံးမပဲ့ပြင် သွန်သင်ထိန်းကျောင်းပေးသော ဆရာ ကင်းသော သူသည်လည်း လူ့လောက၌ အပြစ်ကြီးများ နှင့် တိုးတိုက် ထိခိုက်၍ နစ်မြုပ် ပျက်စီးရ ပေတော့သည်၊ ဆရာကောင်း လမ်းညွှန်ကောင်းကို ရရှိမှီဝဲ ဆည်းကပ်ရသော သူတို့မှာသာ ကြာရှည်လေးမြင့် အသက်ရှည်စွာ ချမ်းသာကြီးပွားခွင့်ကို ရကြပေသည်၊ သို့ကြောင့် ဆရာ၏ ကျေးဇူး ဂုဏ်သည်လည်း ပြောမကုန် ရေးမကုန်အောင်များလှစွာ ရှိသတည်းဟု ဆို၏။

ငင်းပြင်မိခိတို့အပေါ်၌ ပြုဘူးသော ကျေးဇူးရှိသော ပုဂ္ဂိုလ်မှန်သမျှတို့ သည်လည်း ကျေးဇူးရှင်တို့ သာလျှင် ဖြစ်ကုန်၏၊ ကျေးဇူး ဆိုသည်မှာ သိတတ်သော သူ၏ အဘို့၌ နည်းသည်များသည် ငယ်သည်ကြီးသည်မဟုတ်၊ ကျေးဇူးပင် ဖြစ်ပေသည်၊ ကျေးဇူးကို မသိတတ်သော သူတို့၏ အဘို့၌ကား ကြီးသော ကျေးဇူးသည် ငယ်၍၊ ငယ်သော ကျေးဇူးသည် ကွယ်ပျောက်လေတော့သည်၊ အလွန်ကြီးမားသော ကျေးဇူးရှင် မိဘတို့ကိုသော်လည်း ယခုကာလ များစွာသော သားသမီး တို့ သည် ကျေးဇူးကြီးမားသည်ကို မသိ၊ ရိုသေ လေးစားခြင်း မရှိကြပဲ ပြန်လှန်ပြောဆိုခြင်း, အော်မြည်ငေါက်ငမ်းခြင်းကို ပြုတတ်ကြကုန်၏၊ ရူရူဆောင့်ဆောင့်ပူပူဆူဆူ ငြိုငြိုငြင်ငြင်ဖြင့် စေတနာသဒ္ဓါ မွဲလှစွာ မလှဲသာ မတတ်သာ သဘော နှင့် ပေးကြ

ကြွေးကြ ကုန်၏၊ မိဘတို့ လက်ဝယ်၌ ဥစ္စာနှစ်ကလေး များ ရှိသေးလျှင် ထိုဥစ္စာကို မြင်၍ ကျေးဇူးကို သိသကဲ့သို့ ပြုကြ ကုန်၏၊ ဥစ္စာပစ္စည်း အမွေအနှစ် မြော်လင့်စရာ မရှိသောအခါ ကြည်ကြည် သာသာ မရှိတတ် ကြကုန်၊ မိဘ တို့သည် မိမိတို့ လောကမှ အသိအမြင်မရှိကြ အရာမရောက်ကြ ဟူ၍ ထင် မှတ်ကာ ခင်ဗျားကြီးက, ရှင်က, တော်က, ဘယ်သို့ ဘယ်ညာ စသည်ဖြင့် သီးသီးရင့်ရင့် နှုတ်လှန် ထိုးတတ်ကြကုန်၏။

မိဘတို့သည် မိမိတို့၏ သားငယ် သမီးငယ်များကို မည်မျှ စောင့်ရှောက်ပြုစုသည်, ကျွေးမွေးခဲ့သည်, ဝတ်စားစေခဲ့သည်, ယုယချစ်ခင်ခဲ့သည် တို့ကို သတိမူ၍ ကိုယ်ချင်း စာနာလျက် ကြည့်ရှု ဆင်ခြင်တတ်သော သား သမီးများ, ကျေးဇူးတင်တတ် သိတတ်သော သားသမီးများလည်းမရှိမဟုတ် ရှိကြပါပေသည်၊ ထိုသို့သော သားကောင်း သမီးကောင်းတို့၏ သတင်းကောင်းကို ကြားသိရသမျှသော သူတော်ကောင်းတို့သည် ဝမ်းမြောက်ကြ ရကုန်၏၊ ချီးကျူး ကြကုန်၏၊ မီးပုံကြီး အတွင်းမှ လန်းဆန်း တင့်တယ်သော ပဒုမ္မာ ကြာပန်းကြီးများ ပေါ်ပေါက် လာ သကဲ့သို့ နှစ်သက်အားရ ကြကုန်၏၊ သို့ရာတွင် နည်းပါးလှ၍ မီးပုံတွင်းက ပဒုမ္မာကြာပန်း ပေါ်ပေါက်သည်နှင့် တူသည်ဟု ဆိုရမလောက် ဖြစ်ခဲ့၏၊ ကျေးဇူးကို ချေဖျက်၍ မိဘများ စိတ် ဆင်းရဲပင်ပန်းအောင်ပြုလုပ်တတ်သော သားသမီးတွေ, ကျေးဇူး မသိတတ်သော ကျေးဇူးခံတွေ ပေါများ သော ကြောင့် ပင် လူတွေ၌ ရောဂါအနာ ထူပြောလာကြ၏၊ ဘေးရန် ပေါများ လာကြ၏၊ အသက်တိုလျှက်လာကြ၏ ဘုန်းတန်ခိုး သေးငယ် မှေးမှိန်လာကြ၏၊ ဆင်းရဲပင်ပန်းလာကြ၏။

## သူတော်ကောင်းလက္ခဏာ

သားသမီးတို့က မိဘတို့အား ပြုစု လုပ်ကျွေး မွေးမြူ စောင့် ရှောက်ရခြင်းသည် လောကလူတို့၏ ကျင့်ဝတ်တရားတခုဖြစ်၍ "မာတာပိတု ဥပဋ္ဌာန" မင်္ဂလာကို ဤမင်္ဂလသုတ္တန်၌ပင် ဟောဘော်မူပြီးလေပြီ၊ "မာတာပိတုဥပဋ္ဌာန"မင်္ဂလာကို ပြည့်စုံ စေသော သားသမီးတို့သည်"မာတာပိတုဥပဋ္ဌာန"မင်္ဂလာသည်း ပြည့်စုံ၍"ကတညုတာ"မင်္ဂလာနှင့်လည်း ပြည့်စုံလေသောကြောင့် လူ့သူတော်ကောင်း စာရင်းဝင် ဖြစ်လေတော့သည်၊ ကျေးဇူး တင်ထိုက်သော ဆရာသမားမှစ၍ မိမိအပေါ်၌ကျေးဇူးဥပကာရ ပြုဘူးသမျှသောသူတို့၏ကျေးဇူးကိုလည်း သိရှိအောက်မေ့ခြင်း, ကျေးဇူးတုံ့ပြန် မဆပ်နိုင်စေကာမူ ကျေးဇူးစကား ပြောကြား ခြင်း, သတိရခြင်း တို့ကို ဖြစ်စေရာသည်၊ အခါအခွင့်သင့်၍ တတ်စွမ်းနိုင်လျှင် စွမ်းအားရှိသလောက် ကူညီ ဝိုင်းဝန်း စောင့်ရှောက်ရမည်။

## ကျေးဇူးသိပုံ

ကျေးဇူးကို သိတတ်သော လူကောင်းများမှာ မပြောပ လောက်သော ကျေးဇူးကိုပင် ကျေးဇူးကြီးပြု၍ ကျေးဇူးတင် တတ်ကြ၏၊ ဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်က ဗရာမင် တယောက်သည် ရဟန်းတော်များထံ ကပ်၍ ရဟန်း ပြုလုပ် ပေးတော်မူရန် တောင်းပန်လျှောက်ထားရာ ဘယ်ရဟန်းကမှ ရဟန်းပြုပေးရန် တာဝန်မခံသောကြောင့် စိတ်နှလုံး မချမ်း မသာ ခန္ဓာကိုယ် ကြုံလှီ၍ ဖြော့တော့သော အရုပ် အဆင်း အသားအရေရှိသည်ကို ဘုရားသခင် မြင်တော်မူ၍ ရဟန်းတို့ ဤဗရာမင်၏ကျေးဇူးကို အဘယ်ရဟန်းများ မှတ်မိပါသနည်း,

သတိရပါသနည်းဟု မေးတော်မူရာ အရှင် သာရိပုတ္တရာက ဘုရားတပည့်တော်သည် ဤဗရာမင်၏ ကျေးဇူးကို အောက်မေ့မှတ်မိ သတိရပါသည်ဟု လျှောက်၏၊ သာရိပုတ္တရာ အဘယ်မျှလောက် ကြီးမားတဲ့ ကျေးဇူးပေလဲဟု မေးမြန်းတော်မူပြန်၏၊ တယောက်မမျှသော ဆွမ်းကို တကြိမ်လောင်းလှူဘူးပါသည်ဟု လျှောက်လျှင်၊ သာရိပုတ္တရာ ကောင်းပေစွ, ကောင်းပေစွ သာရိပုတ္တရာ-သူတော်ကောင်းတို့သည် သူပြုဘူးသော ကျေးဇူးဂုဏ်ကို သိတတ်ကြပါပေသည်ဟု ချီးကျူးနှမော် သာဓုခေါ်တော်မူဘူး၏၊ ထိုဗရာမင်ကို ရှင်သာရိပုတ္တရာသည်ပင် ရဟန်းပြုတော်မူ၍ ချီးမြှောက်လိုက်၏။

(ရှေးအခါက ယခုကာလမြန်မာပြည်၌ကဲ့သို့ ရဟန်းဒကာဟူ၍မရှိ, မပေါ်၊ သက်န်းသပိတ် ပရိက္ခရာ လှူဒါန်း၍ ရဟန်းဒကာ ခံယူသူမရှိ၊ မိမိသပိတ် သက်န်းကို မိမိရှာဖွေ စုဆောင်းယူငင်၍ လာခဲ့ကြရ၏၊ ရဟန်းလောင်းက မတတ်နိုင်လျှင် ဆရာဖြစ်သော ရဟန်းတော်က တာဝန်ယူ၍ သက်န်း သပိတ်ရှာမှီးချီးမြှောက် ပေးရ၏၊ သို့ကြောင့် အထက်ပါ ဗရာမင် ပုဏ္ဏားအိုကြီးအတွက် သပိတ် သက်န်း တာဝန်ယူ၍ ရဟန်း အဖြစ်သို့ တင်မြှောက် ပေးရန် တာဝန် လေးတော်မူ ကြသည်၊ ဘုရား သက်တော် ထင်ရှား ရှိတော်မူသော်လည်း သာသနာတော်ကို ပြုစုပျိုးထောင်စခေတ်ဖြစ်၍ ယခုခေတ် မြန်မာပြည် သာသနာလောက် ဒကာ ဒကာမများ၌ ဒါနသီလ စသည်တို့၏ ကျေးဇူးကိုလည်း အသိအမြင် ရှိကြဦးမည် မဟုတ်၍ စေတနာ သဒ္ဓါလည်း ယခုလောက်အားကြီးမှုကြီးပေဦးမည်၊ သို့ဖြစ်၍ သက်န်းသပိတ် ပိုပိုမိုမို အရှိ နည်းပါးတော်မူဟန် ရှိတော်မူကြသည်၊ သီဟိုဠ်ကျွန်း၌ကား ယနေ့အထိ ရဟန်းဒကာ ရှင့်ဒကာဟူ၍

မရှိ၊ မိဘတို့ကလည်း သားသမီးများကို ရှင်ပြုရိုးထုံးစံမရှိကြပေ၊ ကမ်ဆောင်ရန် သိမ်ဝင် သံဃာကိုကား လှူဒါန်းသူ အဘယ်မှာ ရှိပေမည်နည်း။)

မြန်မာသက္ကရာဇ် ၇၀၄-ခုနှစ်၌ နန်းတက်သော ပင်းယ ငါးစီးရှင် ကျော်စွာသည် ပင်လယ်မြို့စား မင်းသား ဖြစ်စဉ်က စစ်ကိုင်းမြို့စား ညီတော် အသင်္ယာစောယွမ်းကို လုပ်ကြံချေဟု ကျွန်ယုံတော် ခင်ညိုကို စေလွှတ်လိုက်၏၊ ခင်ညိုသည်စစ်ကိုင်း သို့ ကူး၍ အခါအခွင့်ကို စောင့်လျက် မလုပ်ကြံသာသေးသဖြင့် တော၌ သုံးရက်မျှ ပုန်းအောင်းနေပြီးမှ တည၌ လုပ်ကြံရန် အသင်္ယာ စောယွမ်း၏ အိပ်ခန်းသို့ဝင်၏၊ ရွှေစလောင်း နှင့် ထမင်း အမဲ သားငါးအပြည့် မဟာဂိရိနတ် တင်ထားသည်ကို တွေ့ရာ သုံးရက်တိုင်တိုင် ထမင်းမစားရသည်နှင့် နတ်ထမင်းကို စားသောက် ပြီးနောက် လုပ်ကြံ တော့အံ့ဟု အသင်္ယာ စောယွမ်းမင်း၏ ဦးခေါင်းရင်း၌ ရပ်စဉ် ဤမင်းသည် ယနေ့ပင် ငါ၏ထမင်းသခင် ကျေးဇူးရှင်ဖြစ်ချေပြီ၊ ကျေးဇူးရှင်ကို ပြစ်မှား လေသော် ငါ၌ကြီးစွာသော မကောင်းကျိုးသည် မျက်မှောက် သံသရာနှစ်ဖြာ၌ပင် ကျရောက်ပေအံ့၊ငါ့အရှင်မျက်၍ သေသော် သေစေ၊ ထမင်းသခင် ကျေးဇူးရှင်ကို မူကား မပြစ်မှားသိုက် ပေဘူး၊ ဤသို့ နှလုံးပြု၍ ယုံကြည်တော် မူရန် အသင်္ယာ စောယွမ်းမင်း၏ လက်သုံးတော် ပဏ္ဏမြားခါးကိုယူ၍ ပြန်လာ ခဲ့၏၊မင်းကျော်စွာထံရောက်၍ မြေးမြန်းသောအခါ အကြောင်း ကို လျှောက်တင်၍ ပဏ္ဏမြားခါးကို ဆက်လျှင် ငါ့ကျွန်သည် ထမင်းတစလောင်းကိုလျက် ကျေးဇူးသိချေသေး၏၊ သားမယား နှင့်တကွ နေ့စဉ်ငါကျွေးမွေးသော ကျေးဇူးကိုကား အဘယ်မှာ

မသိပဲ ရှိတော့ အံ့နည်း ဟု ချီးမွမ်း ဝမ်းမြောက်တော်မူ၍ စည်းစိမ် ချမ်းသာ ဆုလာဘ်ပေးတော်မူသောဟူ၏။ ခေင်ညို၏ ကျေးဇူးသိတတ်ပုံ, အရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတော်မူပုံ များကို အတုယူကာ မှတ်သားလိုက်နာသင့်ကြ၏၊ လောက၌ ခေင်ညိုနှင့် အရှင်သာရိပုတ္တရာ တို့ကဲ့သို့ သာလျှင် ကျေးဇူးကို သိတတ်ကြပေလျှင် လူတိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရ ပေမည်။ကျေးဇူးကိုမသိတတ်သောသူကိုအဘယ်သူကမှ ကျေးဇူး ပြု၍ ကူညီစောင့်ရှောက်လိုကြမည် မဟုတ်၊ ကျေးဇူးကန်းဘတ် သူကို လူကောင်းများက ဝိုင်းပယ်ထားကြလိမ့်မည်၊ လူယုတ်မာ စာရင်းသွင်းကြလိမ့်မည်၊ သို့ဖြစ်၍ တနေ့တခြား ဆင်းရဲတွင်း နက်ကြပေလိမ့်မည်၊ဘောင်ကမ်းပါးချောက်ထဲမှ ကယ်တင်သော ကျေးဇူးကို ချေဖျက်၍ အလောင်းတော် မျောက်မင်း၏ ဦးခေါင်းကို ကျောက်တုံးနှင့်ထုသော ပုဏ္ဏားမိုက်ကို ကျေးဇူး ကန်းသော မကောင်းမှုက မြေမျိုစေ၍ ငရဲသို့ ကျရောက်စေ လေသည်၊ သို့ဖြစ်၍ ဆင်းရဲကင်းပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြောင်း ''ကတညုတာ'' မင်္ဂလာကို မိမိတို့သန္တာန်၌ တည်ရှိ အောင် အားထုတ်ကြရာသည်။

---

## ၂၆။ ကာလေန ဓမ္မသာကစ္ဆာ

သူပြုဘူးသော ကျေးဇူးဥပကာရကို သိရှိဆင်ခြင်အောက်မေ့ ခြင်း မင်္ဂလာ တရားသည် သာလျှင် လူတို့၏ ကျင့်ဝတ်တရား, လိုက်နာ ပြုလုပ်ရမည့်တရားမဟုတ်သေးချေ၊ ဘုတော်ကောင်း တို့၏ထံမှ တရားစကားကိုလည်း အခါအခွင့်သင့်တိုင်း နာခံ

မှတ်သားရမည်၊ သူတော်ကောင်းတရားကို ကြားနာ မှတ်သား ခြင်းသည် လောကီ လောကုတ္တရာ ချမ်းသာ ကြီးပွါးကြောင်း မင်္ဂလာတရားဖြစ်သည် ဟု ဟောတော်မူလိုရင်းတည်း၊ မှန်လှ ပေသည်၊ သူတော်ကောင်းတို့ထံမှ တရားစကားကို ကြားနာ မှတ်ယူမှုသည် အရေး ကြီး လှ သော ကိစ္စပင် ဖြစ်လေသည်၊ သူတော်ကောင်းတရားကိုကြားနာရသော်မှ သူတော်ကောင်းစိတ် ပေါ်ပေါက်တတ်သည်၊ သူတော်ကောင်းကျင့် ကျင့်တတ်သည်၊ သူတော်ကောင်း နည်းနိဿယကိုရ၍ စံနစ်ကျကျ နည်းကျကျ သူတော်ကောင်းတယောက်ဖြစ်နိုင်သည်။

## မူဆိုးနားနီးမူဆိုး

သူတော်ကောင်း ထံမှ တရား စကား, ဩဝါဒ စကားကို မကြားနာရသော သူတို့သည် မိမိကိုယ်တိုင် သူတော်ကောင်း ဖြစ်လိုသော်လည်း မိမိစီးပွါး, သူတပါးစီးပွါးကို ဆောင်ရွက် ပြုလုပ်သော်လည်း သူတော်ကောင်းစိတ်, သူတော်ကောင်းလုပ်, သူတော်ကောင်း နေ, သူတော်ကောင်း အမူ အရာ မဖြစ်ပဲ အမှားမှား အယွင်းယွင်း စီးပွါးမဲ့, ချမ်းသာမဲ့ကို သာလျှင် ပြုလုပ်မိတတ်၍ သူတော်ကောင်းမဖြစ်၊ သူယုတ်မာဖြစ်မှန်းမသိ ဖြစ်တတ်လေသည်၊ သူတော်ကောင်းနှင့်ဝေး၍ သူတော်ကောင်း တရားကို မကြားနာရလျှင် "မုဆိုးနားနီး မုဆိုး, တံငါနားနီး တံငါ" ဆိုသလို နီးစပ်ရာ ယိမ်းယိုင် တိမ်းပါး ပါဝင်တတ်ကြ ပေသည်၊ သို့ကြောင့် ရံခါ ရံခါ သူတော်ကောင်းများထံသို့ ဆည်းကပ်၍ သူတော်ကောင်းတရားကို ကြားနာကြရပေမည်၊ ကြားနာကောင်း ကြားနာအပ် ပေသည်၊ ဘုရား စသော သူတော်ကောင်းတို့၏ တရားစကားသည် ယခုဘဝ, နောက်

ဘ၀ နှစ်ဌာန၌ မိမိကောင်းကျိုး,သူတပါးကောင်းကျိုးနှစ်ပါးကို ပြီးစီးစေသည်၊ သူရောကိုယ်ပါ ချမ်းသာစေသည်၊ ဤအချက်ကို ခေတ်လူအများ အထူးသတိပြု၍စဉ်းစားသင့်သည်၊ အချို့သော ခေတ်လူများသည် ယခုမျက်မှောက်ဘ၀၌ မိမိတို့၏ ချမ်းသာ ရေးကိုသာလျှင် ကြည့်ကြသည်, မြင်ကြသည်, သိကြသည်ဟု ဆိုချင်သည်၊ အကြောင်းကား တဖက်သတ်ကျသောလုပ်ငန်းကို တွေ့မြင်ကြရသောကြောင့်တည်း၊ အချို့အချို့ လူငယ်,လူလတ် တို့သည် ပဋိသန္ဓေဉာဏ်,ဝီရိယနှင့် စိတ်ကောင်းရှိသောသူများ ဖြစ်ကြပါလျက် လူညံ့လူယုတ်တို့နှင့်ပေါင်းသင်းမိ,လူညံ့လူယုတ် တို့၏စကားကိုသာ ကြားနာကြရ, လူညံ့လူယုတ်၏ စာကိုသာ ဖတ်ကြရသည် ဖြစ်သောကြောင့် လမ်းလွဲပြီး လူဆိုး လူယုတ် ဖြစ်နေကြရသည်ကို သနားဖွယ် ကောင်းလှပေသည်၊ ထိုသူ များသည် အကယ်၍သာ သူတော်ကောင်းတရားစကား,လမ်းမှန် တရားစကားကို နာရ ကြားရ ပါမူ အဘိုးထိုက်တန်သော လူကောင်း, အများက အားကိုး အားထား ရလောက်သော လူကောင်းတွေသာလျှင် ဖြစ်ကြရပေလိမ့်မည်၊ မိမိတို့၏အဖြစ်ကို ဆင်ခြင်စဉ်းစား၍ မကောင်းမှုမကောင်းလုပ်ကိုစွန့်ကာ ယုတ်ညံ့ သေးသိမ်သော အလုပ်မျိုးကို စွန့်လွှတ်ကာ လမ်းပြောင်း၍ သူတော်ကောင်းအနီးကပ်လျက်သူတော်ကောင်းတရားစကားကို ကြားနာပါလျှင် လူ့အဘိုးတန်များ ဖြစ်နိုင်ကြပါသေးသည်။

## တရားနာနည်း

သူတော်ကောင်းတရား ကြားနာရသောကာလကို ကောက် ယူပုံအနည်းအနည်းရှိသည်၊အကြင်အခါ၌ မိမိစိတ်သည်ပျံ့လွင့် ပျံတက် မငြိမ်မသက်ရှိအံ့၊ ထိုအခါ၌ ပျံ့လွင့်သောစိတ် ပျောက်

ကင်း၍ တည်ငြိမ်ကြောင်း တရားစကားကို ကြားနာရမည်၊ ကာမဝိတက်စသည်တို့ နှိပ်စက်နေသောအခါ၌ ကာမဝိတက်စသည်တို့ ပျောက်ပ ကင်းစင်ကြောင်းတရားစကားကို ကြားနာရမည်၊

တနည်း။ ။တရားစကားပြောဟောပြသနိုင်သောပုဂ္ဂိုလ်ထံ ဆည်းကပ်ခွင့်ရသောအခါတိုင်း သူတော်ကောင်းတရားစကားကို ကြားနာရမည်။

တနည်း။ ။ငါးရက်တကြိမ် ငါးရက်တကြိမ် သော်လည်း ကြားနာရမည်၊သို့ရာတွင် အကြောင်းအခွင့်သင့်သလိုကြားနာ၍ အကြောင်းထူး မရှိပါက အားလပ်ခွင့်ရသော အခါတိုင်း ကြားနာသိုက်ပေသည်၊ကာမဝိတက်စသည်နှိပ်စက်၍ စိတ်လက်မချမ်းသာရှိသောအခါ၌မူကား နေ့ရက်အချိန် ကာလမရွေးပဲ သူတော်ကောင်းတရား, ကာမဝိတက် စသည် ငြိမ်းဧ ပပျောက်ကြောင်းတရားကို ကြားနာထိုက်ပေသည်၊ အကြောင်းထူး မရှိပဲလျက် ကြားနာရခြင်းကြောင့်လည်း ကျေးဇူး ကင်းမဲ့သည် မဟုတ်၊ အကျိုးကျေးဇူးရသည်ပင်တည်း။

## တရားနာရခြင်းကောင်းကျိုးငါးပါး

(၁) မကြားနာ ရဘူး သေး သော တရားကို ကြားနာရသည်။

(၂) ကြားနာ ဘူးသည်ကို တဖန် သန့်ရှင်း ခိုင်မြဲစေသည်။

(၃) အယူအမြင် ဖြောင့်မှန်သည်။

(၄) ယုံမှားသံသယကိုပယ်ဖျောက်နိုင်သည်။
(၅) စိတ်နှလုံး ကြည်လင် ရွှင်လန်း ချမ်းသာသည်။

၌ခကောင်းကျိုး ကျေးဇူးငါးမျိုးတို့ကိုရရှိလေသည်၊ သို့ဖြစ်၍ သူတော်ကောင်းတို့ထံမှ သူတော်ကောင်း တရားကို ရံခါရံခါ မှတ်ယူကောင်း ကြားနာကောင်း လှပေသည်။

ပဉ္စဝဂ္ဂီ ရဟန်းတော်မြတ်တို့သည်ဇင်း, အရှင်ယသ အမှူး ရှိသော သူဌေးသား ရဟန်းမြတ် ၅၅-ပါးတို့သည်ဇင်း, အရှင် ဉရုဝေဠ ကဿပ အမှူးရှိသော ရဟန်းမြတ် တထောင် တို့ သည်ဇင်း, ထို့နောက် အရေအတွက်မရှိ များလှ စွာသော ရဟန်းမြတ်တို့သည်ဇင်း, သူဌေးသမီး ကာလီ, အရှင်ယသ၏ ခမည်းတော် စသော လူတို့သည်ဇင်း တရားတော်ကို ကြားနာ ရသောကြောင့် လမ်းမှန်နှင့် အရိယာ အဖြစ်သို့ ရောက်ကြရ ပေပြီ၊ အဇာတသတ်မင်း, ဗျဂ္ဃပဇ္ဇစသော လူတို့သည်လည်း ယခုဘဝ၌ပင် လက်ငင်း ကောင်းကျိုးချမ်းသာတို့ကို ရရှိကြဘူး ပေပြီ။

## ကျေးသားနှင့် မင်္ဂလာတရား

မြတ်စွာဘုရား လက်ထက်တော်က ဘိက္ခုနီ (ရဟန်းမ) များထံ၌ ဗုဒ္ဓရက္ခိတ မည်သော ကျေးသား တကောင်သည် ဘိက္ခုနီတို့ထံမှ အဋ္ဌိက ကမ္မဋ္ဌာန်းကို ကြားနာရ၍ လေ့လာ သရဇ္ဈာယ်ခြင်းဖြင့် သုဂတိဘဝသို့ ရောက်ရဘူးလေပြီ၊ ဘားယေ် တကောင်လည်း ထိုနည်းတူ ဘုရားတရားတော်ကို သာယာစွာ ကြားနာရရုံမျှနှင့် အထက်သုဂတိဘဝသို့ ရောက်ရဘူး လေပြီ၊ ယင်းသို့ တိရစ္ဆာန်မျိုးသည်ပင်လျှင် သူတော်ကောင်းတို့၏တရား

စကားကို ကြားနာရ၍ ကောင်းကျိုးချမ်းသာကို ရရှိပေသေးရာ အသိဉာဏ် ရှိသောလူတို့မှာကား ပြောဖွယ်ရာ မရှိတော့ချေ၊ သို့ကြောင့် ကောင်းကျိုးကျေးဇူးကို လိုလားသော သူတိုင်း သူတော်ကောင်း တရား စကားကို ရံခါရံခါ ကြားနာသော အားဖြင့် "ဓမ္မဿဝန" မင်္ဂလာကို ဖြစ်စေရာသည်၊ မိမိ၏ ခန္ဓာအစဉ်၌ ရာဂစသော ကိလေသာ မည်မျှခေါင်းပါး အား နည်း နေသည်ကို မသိနိုင်သော်လည်း ကိလေသာ မြူအညစ် အကြေး နည်းပါးသောသူဖြစ်ပါမူ သူတော်ကောင်း တရားကို ကြားနာရသောအခါ၌ တရားထူးကို လွယ်လွယ်ကူကူ ချမ်းချမ်း သာသာ သျှင်မြန်စွာ ရနိုင်ပေသည်၊ ထိုသို့သော ပုဂ္ဂိုလ်တို့၌ သူတော်ကောင်း တရား စကားသည် များစွာကျေးဇူး ရှိလှ ပေသည်။

## ဗြဟ္မာနှင့် မင်္ဂလာ

သဟမ္ပတိဗြဟ္မာကြီး ကိုယ်တိုင်ကပင် မြတ်စွာဘုရားအား တရားဟောဘောင်းပန်သောအခါက ကိလေသာ မြူတည်းဟူ သော အညစ်အကြေး နည်းပါးသော ပင်္ဂုသန္တေ ပညာဉာဏ် ရှိသောပုဂ္ဂိုလ်တွေရှိကြပါသည်၊ ထိုသူတို့သည် သူတော်ကောင်း တရား စကားကို မကြားနာကြရ သောကြောင့် တရားထူးကို ရရှိခြင်းအကျိုးကျေးဇူးမှ ဆုတ်ယုတ် နေကြပါသည်၊ သို့ဖြစ်၍ မြတ်စွာဘုရား တရားဟောတော်မူပါဟု ဘောင်းပန် လျှောက် ထားလေသည်၊ သို့ဖြစ်ရကား သူတော်ကောင်းတရားစကားကို ကြားနာရခြင်းသည် ကောင်းမြတ်လှသောကြောင့် အကြောင်း အခွင့်သာတိုင်း ကြားနာကြရာသတည်း။

## ၂၇။ ခန္တီစ

သူတော်ကောင်းတရားကို ကြားနာရခြင်း "ဓမ္မဿဝန" မင်္ဂလာကို ရရှိသောပုဂ္ဂိုလ်၌ သည်းခံခြင်း "ခန္တီ" မင်္ဂလာ ဖြစ်ရန် လျော်ကန်ရာသောကြောင့် ခန္တီစ–ဟု ဆက်လက်ဟော ကြားတော်မူသည်။

သည်းခံမှုသည် ကျယ်ဝန်းလှ၏၊ သူတပါးက နှိပ်စက်ကလူ ပြောဆိုခြင်း, နာသာခံခက်ပြောဆိုခြင်း, မြှောက်ပင့်၍ ပြော ဆိုခြင်း, ချီးမွမ်း ခြေကျော့က် ပြောဆိုခြင်း, မဟုတ်မတရား စွပ်စွဲ ပြောဆိုခြင်း, ဆဲရေး တိုင်းထွာခြင်း, တုတ်တပြာနှင့် ရိုက်ခြင်း, ဓားလှန်စသော လက်နက်နှင့် ထိုးခုတ်ခြင်း စသည် တို့ဖြင့် မိမိအား စော်ကား ကျူးလွန် လာသည်တို့ကို ဒေါသ အမျက် မထွက်စေပဲ ပြန်လှန် ပြောဆို ရိုက်နှက် ပုတ် ခတ် ထိုးခုတ်ခြင်းတို့ကိုမပြုပဲ သူတော်ကောင်း တို့၏ နှလုံးရည်ကို တုမှု၍ ယောနိသောမနသိကာရကို ဖြစ်စေလျက် သည်းခံလျှင် "ခန္တီ" မည်သော သည်းခံခြင်းဖြစ်၏၊ အထက်က ပြခဲ့သော နည်းတို့အနက် တမျိုးမျိုးသောနည်းဖြင့် ကျူးလွန် စော်ကား လာသည်ကို မိမိက ပြုလုပ်တုံ့ပြန်ခြင်းငှါ စွမ်းနိုင်သော သတ္တိ ရှိလျက် သည်းခံလိုက်ခြင်းသည် မိမိ၌ အောက်ကျ နောက်ကျ မဖြစ်၊ ညွှန့်ဖျင်းရာသို့ မရောက်သည့်ပြင် သူတော်ကောင်း ပညာ ရှိများ ချီးမွမ်းထောမနာရသော အောင်မြင်ခြင်း မင်္ဂလာကြီး သာလျှင် ဖြစ်ပေသည်။

### အောင်ခြင်းမင်္ဂလာ ၄ မျိုး

(၁) စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အောင်နိုင်ရာသည်။
(၂) မကောင်းသူကို ကောင်းခြင်းဖြင့် အောင်နိုင်ရာသည်။

(၃) စဉ်းလဲသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာသည်။
(၄) စကားမမှန်သူကို စကား မှန်ခြင်းဖြင့် အောင်နိုင်ရာသည်။

ဘုရားသခင်သည် လက်တွေ့ အမှန်သိ အမှန် မြင်တော်မူသောကြောင့် ဤသို့ ဟောတော် မူသည်၊ သို့ဖြစ်၍ကြုံကြိုက်သည့်အခါ လက်တွေ့သည်းခံမှုကို လေ့လာ စမ်းသပ် ကြလျှင်မိမိက အောင်မြင်ကြောင်းကို ကိုယ်တိုင် သိရှိကြမည် ဖြစ်၏၊ သည်းခံမှုဆိုသည်မှာလည်း မိမိက နိုင်လောက်သော စွမ်းရည်သတ္တိရှိလျက် သည်းခံခြင်းသည် သာ၍ မြင့်မြတ်၏၊ မနိုင်သောကြောင့် သည်းခံခြင်းသည်လည်း ကောင်းသောသည်းခံမှုသာတည်း၊ မနိုင်ပဲလျက် သည်းမခံတတ်သူမှာ အကြီးအကျယ်နစ်နာ ပျက်စီးတတ်ပေသည်၊ နိုင်လျက် သည်းခံ၍ အောင်မြင်မှုကို သူတော်ကောင်း ပညာရှိများ နှစ်သက် လိုလားကြပေသည်။

## သိကြားနှင့်မင်္ဂလာ

အခါတပါး၌ တာဝတိံသာနတ်တို့နှင့် အသုရာ နတ်တို့သည် စစ်ဖြစ်ကြရာ အသုရာတို့စစ်ရှုံး၍ ဝေပစိတ္တိ အသုရာ နတ်မင်းကြီးကို တာဝတိံသာနတ်တို့က လည်ပင်း၌ ကြိုးငါးဆင့်ချည်၍ သုဓမ္မာဇရပ်၌ ချုပ်နှောင်ထားကြ၏၊ သိကြားမင်း ဝင်သည် ထွက်သည်ကိုမြင်တိုင်း အသုရာကြီးက ဆဲဆိုကြိမ်းမောင်းလျက်နေ၏၊ မာတလိ နတ်သားက မြင်၍ အရှင် သိကြားမင်း.... အသုရာကြီးကို ကြောက်ရွံ့သောကြောင့် သည်းခံနေပါသလား ဟု မေးသဖြင့်၊ အမောင် မာတလိ .... အသုရာ ကြီးသည်

ငါ့လက်တွင်းသို့ ရောက်နေပေပြီ၊ ငါပြုတိုင်း ခံရမည့်အခါ ဖြစ်၍ ငါမကြောက်ပါ၊ နိုင်လျက် သည်းခံခြင်း ခန္တီမင်္ဂလာ အစစ်ကို ဖြစ်စေသောအားဖြင့် သူတော်ကောင်းတို့၏ နှလုံးရည်ဖြင့် ငါ သည်းခံပေသည်၊အားရှိလျက် အားမဲ့သူအပေါ်၌ သည်းခံခြင်း မျိုးကို သူတော်ကောင်းများ ချီးမွမ်း ကြသေသည်ဟု ပြန်ကြား လေသည်၊ သိကြားမင်း၏ သည်းခံနည်းကို အတု ယူထိုက်လှ ပေသည်။

## သိကြားဖြစ်ကြောင်းကျင့်ဝတ် ၇ မျိုး

သိကြားမင်းသည် နတ်ဘုရင် ဖြစ်သော်မှသာ သည်းခံမှု ရှိသည်မဟုတ်၊ မာဃ အမည်ဖြင့် လူဘဝ၌ တည်စဉ်ကပင် သည်းခံမှုရှိပေသည်၊ ကျင့်ဝတ်တရား ၇-ပါးလည်း ရှိပေသည်၊ ဤကျင့်ဝတ်တရားနှင့် သည်းခံမှု တို့ကြောင့် နတ်ဘုရင် ဖြစ်၍ ကျင့်ဝတ် ၇-ပါးရှိသူကို သူတော်ကောင်းဟူ၍ တာဝတိံသာ နတ်တို့ သမုတ်ကြပေသည်။

## ကျင့်ဝတ် ၇–ပါး

(၁) မိဘတို့ကို ရိုသေစွာ လုပ်ကျွေးခြင်း။
(၂) သက်ကြီး ရွယ်ကြီး ဆွေမျိုး ဉာတိ တို့ကို ရိုသေ လေးမြတ် ပြုခြင်း။
(၃) သာယာ ပြေပြစ်စွာ ပြောဆိုခြင်း။
(၄) ဂုံးတိုက် ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။
(၅) မပေးကမ်းလို ဝန်တိုမှုကို ပယ်ဖျောက်ခြင်း။
(၆) မှန်ကန်စွာ ပြောဆိုခြင်း။
(၇) အမျက်ဒေါသ ဖြစ်မှုမှ ရှောင်ကြဉ်ခြင်း။

ဤကျင့်ဝတ် ၇-ပါးကို လိုက်နာပြည့်စုံသောသူ၏ သန္တာန်၌ မင်္ဂလာတရား အများအပြား တည်ရှိသည်ဖြစ်၍ များစွာသော ကောင်းကျိုး ကျေးဇူးတို့ကို ရရှိမည်သာ ဖြစ်သည်။

## ခန္တီမင်္ဂလာနှင့် အာရုံငါးပါး

သူတပါးက စော်ကား မော်ကား ကျူးလွန်လာသည်ကို သည်းခံခြင်းသည် သာလျှင် သည်းခံခြင်း မည်သည် မဟုတ်တုံသေး၊ အဝတ်၌ သည်းခံခြင်း, အစား၌ သည်းခံခြင်း, အနေ၌ သည်းခံခြင်း, ရောဂါ၌သည်းခံခြင်း, အဆင်း အာရုံ, အသံ အာရုံ,အနံ့အာရုံ,အရသာအာရုံ,ကိုယ်တွေ့အာရုံ. ကာမဂုဏ်တို့၌ သည်းခံခြင်းသည်လည်း ခန္တီမင်္ဂလာ ဖြစ်သည်သာတည်း၊ ထိုအာရုံတို့၌ သည်းမခံနိုင်၍ ဒုက္ခများစွာ တွေ့ကြရလေသည်၊ ယခုခေတ်၌ လောကဓာတ်နယ် ကျယ်ပြန့် လာသည် ဖြစ်ရာ ရှေးအခါက ရိုးရိုးအနေနှင့် ရှိနှင့်ကြသော အာရုံငါးပါးတို့ကို ဆန်းဆန်းကျယ်ကျယ် ဖြစ်အောင် အာရုံတို့မှ မခွါချင်အောင်, ထပ်တိုတလဲ လိုချင်တပ်မက် စွဲလမ်းအောင် အဆန်းတကြယ် ဖန်တီးပြုပြင် တန်ဆာဆင်၍ သိုင်းဝိုင်းမှုတို့ တိုးပွားထွန်းကား လာသောကြောင့် ရိုးရိုး အနေနှင့် ရှိနှင့်သော အာရုံတို့ ၌ပင် သည်းမခံနိုင်အောင် ဖြစ်ကြရသည်တွင် စွဲသည်ထက်စွဲ မက်သည်ထက်မက် ဟပ်သည်ထက် တပ်အောင် အသစ်အသစ်တီထွင် ပြုပြင်ကြသည်မှာ သေစေတတ်သော ဆေးကို အရောင် အဆင်းအနံ့ အရသာဖော်၍ ပသာဒအမြင်လှအောင် ပြင်ဆင် ကာအဆိပ်မှန်းမသိသူကို လှည့်စားကျွေးမွေးသည်နှင့် တူလှ၏။

ဘေးဒုက္ခပေါင်းစုံသို့ ခပ်သွက်သွက် တဟုန်တည်းရောက်ဘို့ သာဖြစ်ချေသည်၊ ရောက်သူတို့လည်း ရောက်ကြရလေပြီ၊အဆိပ်

ဟူ၍ မသိမမြင်နိုင်အောင် မောဟပိတ်ဆီး တဏှာမြှေးယှက်ကာကွယ်ခြင်းကို ခံနေကြရသော သတ္တဝါတို့မှာ ဒလိမ့်ကောက်ကွေး ဦးခေါင်းစောက်ထိုး, ခြေထောက်မိုးမြော် ကျ၍ အပါယ်ငရဲသို့ရောက်သောအခါမှ သည်းမခံမိခဲ့သောအဖြစ်၏ မှားယွင်းကြောင်း, အဆိပ်ကို နတ်သုဓါ ဘောဇန်ကောင်းထင်မှတ်၍ ပျော်ပျော်ပါးပါးကြီး စားသုံးခဲ့မိကြောင်းကို သိကြရလေတော့သည်။

**ခံတပ်နှစ်မျိုး**

သူတပါး ဆဲဆို ရိုက်နှက်မှုကို သည်းခံခြင်းသည် ထင်ရှားသိသာ၍ သည်းခံကြမ်း, ခန္တီကြမ်းဟု ဆိုသင့်၏၊ အာရုံငါးပါးတို့၌ လိုချင်တပ်မက် လိုက်စား ပျော်ပါး ခံစားလိုခြင်းကို ပယ်ဖျောက်၍ သည်းခံနိုင်ခြင်းကို နုသော သည်ခံခြင်း, သိမ်မွေ့သော သည်းခံခြင်းဟု ဆိုသင့်သည်၊ ကြမ်းသော သည်းခံခြင်းမင်္ဂလာနှင့် ပြည့်စုံလျှင် ယခုလက်ငင်းဘဝ၌ ပင်လျှင် ကြီးပွားချမ်းသာ ရောဂါလွတ်ကင်း အသက်ရှည်ခြင်း ခြွေရံသင်းပင်း ပေါများခြင်း စသော ကောင်းကျိုးများကိုရရှိ၍ နောက်ဘဝ၌လည်း နတ်သိကြားဖြစ်နိုင်သည်၊ သိမ်မွေ့နူးညံ့သော သည်းခံခြင်းမင်္ဂလာနှင့် ပြည့်စုံလျှင် ရဟန္တာ ဖြစ်နိုင်လေသည်။

မဟာကပ္ပိန္နမင်း, ဘဒ္ဒိယမင်း စသော မင်းများ, အရှင်အာနန္ဒာ, အရှင်အနုရုဒ္ဓါ, အရှင်နန္ဒ စသောမင်းသားများ, မိဖွေးတော်ဂေါတမီ, ခေမာဒေဝီ စသောမိဖုရားများ, ဇောတိက စသော သူဌေးများ, မဟာကာဠ, စက္ခုပါလ စသော ကုန်သည်များသည် ကာမဂုဏ် အာရုံတို့ကိုပယ်စွန့်၍ သိမ်မွေ့သော သည်းခံခြင်းမင်္ဂလာနှင့် ပြည့်စုံသောကြောင့် ''အရိယ

သစ္စဒဿန မင်္ဂလာ, နိဗ္ဗာန သစ္ဆိကိရိယမင်္ဂလာ''တို့ကို ရရှိတော်မူကြလေပြီ။

သို့ဖြစ်၍ သည်းခံခြင်း နှစ်မျိုးလုံးနှင့် ပြည့်စုံစေ ကြလျက် လောကီလောကုတ္တရာ ချမ်းသာတို့ကို ရရှိကြောင်း သည်းခံခြင်း ခန္တီမင်္ဂလာကို မိမိတို့၌ တည်ရှိကြရာသတည်း။

---

## ၂၀။ သောဝစဿတာ

သည်းခံတတ်သောပုဂ္ဂိုလ်သည် မိဘ, ဆရာ,အထက်လူကြီး စသည်တို့၏ ပြောဆိုဩွန်ပြ ဆုံးမသည်ကို သည်းခံကာ နာယူကျင့်သုံးရန် လွယ်ကူတော့သည် ဖြစ်၍ ''သောဝစဿတာ'' မင်္ဂလာကို ခန္တီမင်္ဂလာ၏ အခြားမဲ့၌ ဟောတော်မူသည်။

လူကြီးမိဘ ဆရာသမား စသော အထက်လူကြီး စသောသူတို့၏ ဩွန်သင်ပြသ ဆုံးမပဲ့ပြင် သည်ကို လေးလေးစားစား ရွှေထုပ်ကြီးကို ကောက်ရသူ အလား အားရ နှစ်သက်စွာ လိုက်နာပြုလုပ်သောဂုဏ်ကို''သောဝစဿတာ''ဆိုသည်။

အရှင်သာရိပုတ္တရာသည် အခါတပါး၌ သင်္ကန်း ဝတ်ရုံမှု မညီမညွတ် ရှိသည်ကို သာမဏေငယ် တပါးက သတိပေး လျှောက်ကြားရာ သာမဏေငယ်ကိုကျေးဇူးတင်စွာနှင့်ချက်ခြင်း ပြင်ဆင် ဝတ်ရုံ ပြီးလျှင် နောက်နောက်၌လည်း သတိပေး ပြောကြားပါ လေ ဟု ဆ ရာ တင် ၍ ဘိတ်ကြားခဲ့ ဘူး၏၊ သောဝစဿတာ မင်္ဂလာရှိလှပေ၏တကား။

## ကဿပတိတ္ထိနှင့် မင်္ဂလာ

လူတယောက်၏ကြီးပွားချမ်းသာရေး၌ သွန်သင်ပြသ ဆုံးမသည်ကိုနာယူလေးစား ဦးထိပ်ထားခြင်းသည် ကြီးပွားကြောင်းအင်္ဂါတရပ် ဖြစ်လေသည်၊ ဘုရားရှင် သက်တော် ထင်ရှားရှိတော်မူစဉ်ကကဿပမည်သောအစေလကတိတ္ထိသည်မြတ်စွာဘုရား ထံတော်၌ သဃံကတ ဒုက္ခ, ပရိတကဒုက္ခ တို့ကိုမေးလျှောက်ရာ ကျေနပ်သောအဖြေစကားကို ကြားနာရ၍ ဘုရားသာသနာတော်၌ ရဟန်းအဖြစ်ကို ရရန်တောင်းပန် လျှောက်ထား၏၊ အိုကဿပ····တိတ္ထိဖြစ်ဘူးသောသူသည် ငါဘုရား၏သာသနာတော်၌ ရဟန်းပြုလိုမူ လေးလပတ်လုံး ပရိဝါသ်နေပြီး သံဃာနှစ်သက်မှသာလျှင် ရဟန်းပြုခွင့် ရပေသည်၊ သို့ရာတွင် ပုဂ္ဂိုလ်အား သျှော်စွာ အခွင့်အရေး ပေးသင့်လျှင်လည်း ပေးပေသည်ဟု မိန့်ကြားတော်မူလျှင်၊ မြတ်စွာဘုရား····ရဟန်းပြုခွင့် ရမည် ဖြစ်ပါမူ လေးလမက လေးနှစ် နေရမည်မိန့်တော်မူလျှင်လည်း နေပါမည်ဟု ဦးမလေးပဲ ဝန်ခံလျှောက်ထားသောအားဖြင့် "သောဝစဿတာ" မင်္ဂလာကို တည်ရှိစေသောကြောင့် ချက်ခြင်းပင် ရဟန်း အဖြစ်ကို ရ၍ ရဟန်းတရားကို အားထုတ်လေရာ မကြာမီရဟန္တာဘုံသို့ ရောက်ဘူးလေပြီ၊ ဘုရားရှင်က ပရိဝါသ် နေရမည် ဆိုသော စကားကိုလိုက်နာခြင်း မရှိပါမူ "သောဝစဿတာ" မင်္ဂလာ ချို့ယွင်းသောကြောင့် အဘိုးမပြတ်နိုင်သော ရဟန္တာအဖြစ်မှ ဆုံးရှုံးနစ်မွန်းရပေတော့မည်။

## ရဟန်းသုံးပါးနှင့် မင်္ဂလာ

ကမ္မဋ္ဌာန်းဆရာ စူဠပိဏ္ဍပါတိက ထေရ်သည် ကမ္မဋ္ဌာန်း

တောင်းရန် ရောက်လာကြသော ရဟန်းတော် သုံးပါးတို့အား ငါ့ရှင်တို့သည် ငါ၏ စကားကို နာယူ နိုင်ကြပါမည်လောဟု မေးရာ အရှင်ဘုရား၌ အကျိုးကျေးဇူးရှိမည်ဖြစ်ပါလျှင် ဖနောင့်မှစ၍ အကြွင်းမရှိအောင် ကျောက်ဖျာ၌သွေးပါမည်ဟုတပါး ကလျှောက်၏၊ အသူဘရာနက်သော ချောက်သို့ ခုန်ဆင်းဝံ့ပါသည်ဟု တပါးကလျှောက်၏၊ ထွက်သက်ဝင်သက်ကို ပိတ်၍ ဇီဝိတိန္ဒြေကို ချုပ်ပါမည်ဟု တပါးက လျှောက်၏၊ ဤပုဂ္ဂိုလ်တို့အား ကမ္မဋ္ဌာန်းနည်းပေးရန် သင့်တော်ပြီဟု နလုံးသွင်း၍ ကမ္မဋ္ဌာန်းပေးရာ မကြာမီ အာသဝေါကင်းငြိမ်း၍ ဘဝဇာတ်သိမ်းတော်မူကြလေပြီ၊ ဤပုဂ္ဂိုလ်တို့ ရဟန္တာ ဖြစ်တော် မူကြသည်မှာလည်း ''သောဝစဿတာ'' မင်္ဂလာ၏အကျိုးကျေးဇူးပင်ဖြစ်သည်၊ သောဝစဿတာ မင်္ဂလာနှင့် ပြည့်စုံလျှင် ဤမျှအထိ ကောင်းကျိုး ကျေးဇူးကို ရရှိသည် ဖြစ်သောကြောင့် လောကီ ကျေးဇူးများကို ရရှိဘို့၌မူကား ဆိုဖွယ်မရှိ ခက်ခဲဖွယ်မရှိတော့ပေ။

ပညာသင်ဆဲ ကျောင်းသူ ကျောင်းသားများ ဗဟုသုတဆည်းပူး ရှာမှီးသူများ, အောက်အောက်ဖြစ်သော လခစားများ, အရာရှိအရာခံများ, အလုပ်သမားများ လောကုတ္တရာတရားကို အားထုတ်သူများသည် ''သောဝစဿတာ'' မင်္ဂလာနှင့် အထူးတလည် ပြည့်စုံစေသင့်ကြပေသည်၊ယခုခေတ်၌အချို့ကျောင်းသားနှင့် အလုပ်သမား တို့သည် သောဝစဿတာဂုဏ်ကိုမထိမဲ့မြင်ပြုလုပ်ကြလျက်မိမိတို့၏ဆရာများကို,အထက်လူကြီးများကို တော်လှန်ကြသည်မှာ ကြီးပွားကြောင်း မင်္ဂလာ ''သောဝစဿတာ''နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်၍ လက်ငင်း

ပင်လျှင် ပညာရမှု ချို့ငဲ့ကြ၊ အလုပ်ရမှု ဝမ်းကျောင်းမှု ချို့ငဲ့ကြသောအဖြစ်ကို ခံကြရလေသည်၊ ဆုတ်ကပ်၌ လူ့ကျင့်ဝတ်တရားမင်္ဂလာတရား ပျက်ပြားလျက် ရှိလာသော လူတို့၏အလုပ်မျှသာဖြစ်သည်၊ မိမိတို့က မိမိတို့၏ဆရာသမား အထက်လူများစကားကို မနာယူပဲ တကြိမ်တော်လှန်လျှင် နောက်အခါ၌ မိမိတို့၏တပည့်များ, အောက်လူငယ်များက မိမိတို့အပေါ်၌ ၂-ကြိမ် ၃-ကြိမ် တော်လှန်ခြင်းကို ခံရပေမည်ကား မြေလက်ခတ်မလွဲချေ၊ သို့ဖြစ်၍ တော်လှန်တိုင်း အကောင်းအမွန်ဟူ၍ မမှတ်သင့်ကြချေ၊ မပြုသင့်ကြချေ။

ဆရာဖြစ်သူ, မိဘဖြစ်သူ, အထက်လူကြီး ဖြစ်သူတို့ကလည်း ဤ "သောဝစသတာ" မင်္ဂလာကို မိမိတို့၌ တည်ရှိစေရမည်သာ ဖြစ်သည်ကို သတိပြုရာသည်၊ အရှင် သာရိပုတ္တရာထေရ်သက်နှ်း အဝတ်အရုံ၌ သတိ ကင်းတော်မူသကဲ့သို့ လူကြီးများသည် အချို့အချို့ အရာ၌ သတိချို့ယွင်းလစ်ဟင်းတတ် ပေသည်၊ သို့သတိလစ်ဟင်း ချို့ယွင်းသော အခါ၌ မိမိအထက်က ဆရာဟူ၍ လူကြီးဟူ၍ မရှိကြလေရာ ချို့ယွင်းချက်ကိုပြ၍ ပြောဆိုပြင်ဆင်ပေးမည့်သူမရှိချေ၊မရှိသောကြောင့် မှားမြဲလျှင်စိုက်သွားအောင်, စောက်ကျ သွားအောင် မှားတတ် ပေအည်၊ ထိုမျှလောက် မမှားယွင်းမီ တပည့်များ, သားသမီးများ, အောက်လူငယ်များက သတိပေးကြလျှင် မိမိအလုပ်ကိုဆင်ခြင်၍ ပြုပြင်ဘို့ကို ဝန်မလေးကြစေ သင့်ပေ၊ ယင်းသို့ဖြင့် လူကြီး ဖြစ်စေ, လူငယ်ဖြစ်စေ, မည်သူမဆို ကြီးပွားချမ်းသာ လိုသူတို့သည် မိမိတို့၌ "သောဝစသတာ" မင်္ဂလာ တည်ရှိအောင် ပြုပြင်၍ ရသင့် ရထိုက်သော ကောင်းကျိုး ကျေးဇူးတို့ကို တရားသဖြင့် လက်ခံရယူကြကုန်ရာသတည်း။

## ၂၉။ သမဏာနဉ္စ ဒဿနံ

ဆရာသမား လူကြီးမိဘ သီတင်းသုံးဖော် မိတ်ဆွေစသည်တို့၏ ပြောဆို ဆုံးမ သတိပေးခြင်းကို ကြိုးကျယ် လှစွာသော လာဘ်ကို ရဘိသကဲ့သို့ ဝမ်းမြောက် နှစ်သက် ဆန့်ကျင်ဘက် မပြုပဲ လွယ်လွယ် ကူကူ လိုက်နာ ပြုလုပ်တတ်သော သူသည် သူတော်ကောင်း ရဟန်းတော်တို့အား ဖူးမြင်ရခြင်းသည်လည်း ကောင်းမြတ်သော မင်္ဂလာ ကြီးပင် ဖြစ်၍ ''သမဏာနဉ္စ ဒဿနံ''ကို ဆက်လက် ဟောကြားတော်မူသည်။

(ကိလေသာ အားနည်းငြိမ်းသော ရဟန်းကို''သမဏ'' ဟုဆိုသည်။)

### မင်္ဂလာရဟန်း

သမဏ ဆိုသည်မှာ လောဘ, ဒေါသ, မာန, ဒိဋ္ဌိစသော ကိလေသာတို့ ခေါင်းပါးအားနည်းကြောင်း ရဟန်းတရားကို အားထုတ်နေဆဲဖြစ်သော ရဟန်းတော်, အားထုတ်ပြီးသော ရဟန်းတော်တို့ကို ဆိုလိုသည်၊ ငြိမ်းသော ကိလေသာမီး ရှိသော ရဟန်းကို သမဏဟု ဆိုရာ ရဟန်းတရားကို အားထုတ်နေဆဲ, အားထုတ်နေနိုက်ဖြစ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ကိလေသာဘို့သည် ငြိမ်းတေန်သမျှ ငြိမ်းလျက် ရှိလေသည်၊ မရဏံ မေ ဘဝိဿတိ-ငါသည် ခုချမလွဲ သေရပေအံ့၊ သေရဦးမည်၊သေရမည်သာတည်း၊ သေရအံ့သော နှစ်,လ,နေ့,ရက်, အချိန်ကိုမသိသော်လည်း သေရမည်ကား မလွဲကေန် အမှန်ဖြစ်ချေသည်၊ သေရအံ့သော ကာလကို မသိရသောကြောင့် လည်း သာလွန်၍ ကြောက်မက်ဖွယ်ရာ ကောင်းလှ ပေသည်၊

ငါပြုသင့် ပြုထိုက်သော ရဟန်းတရား, မဂ်ဖိုလ် ရကြောင်း တရားကဦးမှသာလျှင် သင့်တော်ပေမည်၊မရသေးသော ပစ္စည်းကို လိုချင်တပ်မက်ခြင်း, ရရှိပြီးသော ပစ္စည်းဝတ္ထုတို့၌ စွဲလမ်းခုံမင် တွယ်တာခြင်းတို့ဖြင့် ငါ၌ အကျိုးကျေးဇူးမရှိ၊ ထိုပစ္စည်းတို့ကို ငါသယ်ပိုးယူဆောင်၍ မသွားနိုင်၊ ငါ့နောက်သို့လည်း မလိုက်မပါကြ၊ ထိုပစ္စည်း ဝတ္ထုတို့၌ တွယ်တာ တပ်မက်ခြင်း ကင်းရှင်းသော်မှသာလျှင် ငါ၌ ဝန်ပေါ့၍ လွတ်မြောက်လွယ်ပေမည်၊ ထိုဝတ္ထုတို့သည်လည်း အနှစ်အသား ရှိသော အရာဝတ္ထုတို့မဟုတ်ကြပေ၊ ပိုင်ရှင်ဟု ဆိုအပ်သော ငါသည်ပင်လျှင် ခန္ဓာပျက်ပြုန်း၍ အနိစ္စတုံးဖြစ်ရသေး၏၊ ပစ္စည်းတို့သည်ကား အဘယ်မှာလျှင် အမြဲအခိုင် တည်တံ့ပေအံ့နည်း၊ အိပ်မက်၌ ရရှိသောပစ္စည်းနှင့်လည်းတူလှပေသည်၊ စင်စစ်ကိုယ်ပိုင်လည်း မဟုတ်ချေ၊ အနိစ္စဓမ္မတို့ သာလျှင် ဖြစ်ပေသည် စသည်ဖြင့် ဆင်ခြင်သုံးသပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ တဏှာ လောဘ ဟူသော ကိလေသာသည် ခေါင်းပါး, ဝေးကွာ, အားနည်း, ငြိမ်းပျောက်နေ သကဲ့သို့ ဗောဓိပက္ခိယ တရား တပါးပါးကို နှလုံးသွင်း ဆင်ခြင် ပွားများသော ရဟန်းတော်၏ သန္တာန်၌ ကိလေသာတို့သည် ကင်းငြိမ်းကွယ်ပျောက် ဝေးကွာလွတ်ကင်း၍ နေတတ်သောကြောင့် ရဟန်းတရားကို အားထုတ်ဆဲပုဂ္ဂိုလ်ကိုလည်း ''သမဏ''စာရင်း၌ထည့်သွင်းရလေသည်၊ထိုပုဂ္ဂိုလ်မျိုးသာလျှင် မဂ်ဖိုလ်ကို မရသေးသော်လည်း ရပြီဟု ထင်မှတ်သော အဓိမာန ဖြစ်တတ်သည်၊ အချို့ အချို့ ပုဂ္ဂိုလ်တို့သည် နှစ်ပေါင်း(၂၀-၃၀)တိုင်တိုင် ကိလေသာ ငြိမ်းလျော့ ရှိသောကြောင့် မိမိကိုယ်ကို မိမိရဟန်းကိစ္စ ကုန်ပြီးသောရဟန္တာဟူ၍ မှတ်ထင်သော အဓိမာန ဖြစ်တော်မူကြ ပေသည်၊ သို့ကြောင့်

ရဟန်း တရားကို အားထုတ်ဆဲ ပုဂ္ဂိုလ်၏ သန္တာန်၌ လည်း ကိလေသာ ငြိမ်းလျော့က် ရှိ၍ "သမဏ" စာရင်းဝင် ပြုရ ပေသည်။

## မင်္ဂလာ အဓောတ် ကူးစက်ပုံ

ပြဆိုခဲ့ပြီးသော သမဏတို့အား ဖူးမြင်ရခြင်းသည် အဘယ် မှာ ကျေးဇူးမရှိပဲ အချည်းနှီး ရှိတုံအံ့နည်း၊ တရားစကားကို ကြားနာရသည်ကို ထားဘိဦး၊ ကိလေသာကင်းဝေး၍ သောက ဗျာပါရ မရှိသော ရဟန်းတော်များကို ဖူးမြင်ရမှု သက်သက် သည်ပင်လျှင် အဓောတ် ကူးစက်၍ ဖူးမြင်ရသူ၏ သန္တာန်၌ အခိုက်အတန့်ပင် ဖြစ်သော်လည်း ကြည်သာ ချမ်းခွင့်ကိုရရှိ ကြလေသည်၊ အဓောတ်ရှိသောလမင်းကိုကြည့်ရှုရသည့်အခါ, လရောင်နှင့် တွေ့ထိကြရသည့် အခါတို့၌ လူတို့၏ စိတ်ဓာတ်နှင့် တကွ ရုပ်ဓာတ်သည်လည်း ချမ်းမြေ့ ကြည်လင် ရွှင်လန်း၍ မြေခွင့်ကို ရရှိကြသည်နှင့်တူပေသည်၊ရဟန်းတော်သည် လမင်း နှင့်တူ၏၊ရဟန်းတော်၏သန္တာန်၌ ကိလေသာများငြိမ်းသော သဘောသည် လမင်း၏ အဓောတ်နှင့် တူ၏၊ ရဟန်းတော်ကို ဖူးမြင်သောသူ သည်လည်း လမင်းကို ကြည့်သောသူနှင့် တူ၏၊ ရဟန်းတော်၏ အဓောတ်သဘောသည် ဖူးမြင်သူ၏ သန္တာန်၌ တွေ့ထိ၍ မြေသည်နှင့် လမင်း၏ အဓောတ်သည် လမင်းကို ကြည့်ရှုသောသူ၏ သန္တာန်၌ တွေ့ထိ၍ မြေသည်နှင့်တူ၏။

လူတို့သည် နံနက် အိပ်ရာမှ ထကြသည်မှစ၍ အိပ်ရာသို့ တဖန် ဝင်ကြသည်တိုင်အောင် ထိုကာလ အတွင်း၌ နေရေး, စားရေး, ဝတ်ရေး, ရပ်ရွာရေး, မင်းရေး, သာရေး, နာရေး စသော အရပ်ရပ်သော ကိစ္စတို့ကြောင့် ရှုပ်ထွေး ပူလောင်

ပင်ပန်းနွမ်းနယ်လျက် နေကြရာ သမထခေါ်ထိုက်သောရဟန်း တော်များနှင့် ဆုံမိ ကြုံမိ ဖူးမြင် တွေ့ရှိကြသည့်အခါ အလို အလျောက်ခေတ်ကူး၍ သော်ငင်း, ဧငြိမ်း သက်သာကြောင်း သူတော်ကောင်းတရားကစားကို ကြားနာရ၍သော်ငင်း ငြိမ်းဧ ချမ်းသာ ရွှင်လန်းသက်သာခွင့်ကို ရရှိကြလေသည်၊ မင်္ဂလိုလ် တိုင်အောင်သော်လည်း ရကြလေသည်၊ သို့ဖြစ်၍ ရဟန်းတော် တို့အားဖူးမြင်ရခြင်းကိုမင်္ဂလာကြီးတပါးအဖြစ်ဖြင့်ဟောကြား တော်မူအပ်သတည်း။

အဇာတသတ်မင်းသည် ခမည်းတော်ကို လုပ်ကြံမိသော မကောင်းမှုကမ်ကြောင့် စိတ်ဧ ချမ်းသာခွင့်မရပဲ ကုက္ကုစ္စဖြစ်၍ ကြည်လင် ချမ်းမြေ့ခြင်းမရှိ၊နောင်တဖြစ်၍ ပူပန်ပင်ပန်းလျက် ရှိနေရာ ဆရာ ဇီဝကကို အကြောင်း ပြု၍ မြတ်စွာ ဘုရားထံ သွားရောက် ဖူးမြော်ရာပူပန်နေသောစိတ်သည်သက်သာခွင့်ကို တရစ်ရ၍ တရားစကားကိုကြားနာရသော အခါ၌ကား အဝီစိ ငရဲဘေးမှ ကင်းလွတ် ချေမ်းသည် တိုင်အောင် ချမ်းသာမှုကို ရရှိခဲ့လေသည်၊ အဇာတသတ်မင်း ကဲ့သို့ပင် ချေမ်းသက်သာ မင်္ဂလာကို ရရှိကြသော သူတို့သည်လည်း များလှစွာပင်ရှိခဲ့ဘူး လေပြီ၊သို့ကြောင့် အကြောင်းအခွင့် သင့်တိုင်းသင့်တိုင်း ရဟန်း ကောင်းများကိုလည်း ဖူးမြင်၍ ''သမဏဒဿန'' မင်္ဂလာကို ယူကြရာသည်။

---

## ၃၀။ ကာလေန ဓမ္မသာကစ္ဆာ

ရံခါရံခါ အခွင့်ကြုံကြိုက်တိုင်းဖြစ်စေ,နံနက်ခင်း ညနေခင်း အခါ၌ဖြစ်စေ, ဝိနည်းဆောင်ပုဂ္ဂိုလ်ချင်းချင်းဝိနည်းဆိုင်ရာကို

ဆွေးနွေးခြင်း, အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ချင်းချင်း အဘိဓမ္မာဆိုင်ရာကို ဆွေးနွေးခြင်း,သုတ္တန်ဆောင်ပုဂ္ဂိုလ်ချင်းချင်းသုတ္တန်ဆိုင်ရာကို ဆွေးနွေးခြင်းသည် "ကာလေန ဓမ္မသာကစ္ဆာ" မင်္ဂလာဖြစ်လေသည်။

ထိုနည်းတူ အပြစ်ကင်းလွတ်သော အမျိုးမျိုးသော ပညာရပ်တို့ကိုသင်ကြားလေ့လာကြသောပုဂ္ဂိုလ်တို့၏ ဆိုင်ရာဆိုင်ရာ ပညာတူချင်းချင်း ဆွေးနွေးကြခြင်း, စည်းဝေးညှိ နှိုင်းကြခြင်းသည်လည်း "ကာလေန ဓမ္မ သာကစ္ဆာ" မင်္ဂလာ ပင်ဖြစ်ပေသည်။

ယင်းသို့တရားသဘော, ပညာသဘောကို ဆွေးနွေးကြခြင်းသည် မရှင်းမလင်းသော အချက်, ကွယ်ဝှက် တိမ်မြုပ်သော အချက်တို့၌ရှင်းလင်းပြတ်သား ယုံမှားကင်းပျောက်၍ပေါ်လွင်ထင်ရှားသော သဘော အဓိပ္ပါယ်ကို သိရှိမှတ်သားရကြောင်းဖြစ်၍ မင်္ဂလာတပါးအဖြစ်ဖြင့် ဟောကြားတော်မူသည်၊ မိလိန္ဒမင်းကြီးသည် မရှင်းမလင်းပဲ ဉာဏ်၌ နှစ်စွန်း နှစ်ခွ ထွက်နေသော အချက်အလက်များကိုအရှင်နာဂသိန်ထံ၌မေးလျှောက်ဆွေးနွေးခွင့်ရသဖြင့် ဉာဏ်၌ ရှင်းလင်းယုံမှား သံသယကင်း၍သာသနာတော်သို့ သက်ဝင်ကာ ရဟန်းပြုရာ ထင်ရှားသော ရဟန္တာတပါးဖြစ်ခဲ့ပေပြီ။

ဓမ္မ-ပုဒ်အရ လောကုတ္တရာတရားနိဗ္ဗာန် ရောက်ကြောင်းတရားသာမဟုတ်၊ လောကီ၌ ကြီးပွါးရေးတရား, တိုင်းပြည်သာ ယာ စည် ပင် ရေး, တည်တံ့ရေး, အစိုးရ တည်မြဲရေးသဘောတရား, မြို့ရွာရပ်ကွက်အိမ်ထောင် စည်ပင်ကြီးပွါးရေးခိုင်ခန့်တည်မြဲရေး သဘောတရား တို့ကို ပါယူ၍ အလုပ်ကိစ္စ

တို့နှင့် စပ်လျဉ်းသော အရာတို့ကိုလည်း အုပ်ချုပ်သောသူတို့ အချင်းချင်း မကြာမကြာမပြတ်မပြတ် စည်းလုံးညီညွတ်တိုင်ပင် ဆွေးနွေး ကြခြင်းသည်လည်း "ကာလေန ဓမ္မသာကစ္ဆာ" မင်္ဂလာ ဖြစ်ကြသည်သာတည်း၊ ဤသို့ မပြတ်မပြတ် ဆွေးနွေး ကြလျှင် မဆုတ်ယုတ်ကြောင်း ကြီးပွါးကြောင်း အပရိဟာနိယ တရား ခုနစ်ပါးတို့တွင် တပါး အပါအဝင် ဖြစ်၍ တိုးတက် ထွန်းကား ကြီးပွါးကြောင်းဖြစ်လေတော့သည်။

(အလျဉ်းသင့်၍ မှတ်သားလိုက်နာသင့်သော အပရိဟာနိယ ခုနစ်ပါး၊ ဝါ၊ ကြီးပွါးကြောင်းအင်္ဂါခုနစ်ပါးကိုထုတ်ပြဦးမည်၊ အစိုးရများ, အသင်းအဖွဲ့များ, မြို့ရွာ, ရပ်ကွက်, နေအိမ်ကို အုပ်ချုပ်သူများ အထူး မှတ်သားလိုက်နာသင့်သောအချက်များဖြစ်သတည်း။)

ဝေသာလီပြည် နှင့် မဂဓပြည် နယ်စပ်၌ အဘိုး များစွာ ထိုက်တန်သော ဝတ္ထုပစ္စည်းတို့သည် တောင်ခြေမှ ထွက်လျက် ရှိ၏၊ ထိုပစ္စည်းတို့ကို အဇာတသတ်မင်းသည် နက်ဖြန် သွားယူ စေမည်၊ သဘက် သွားယူစေမည်ဟု ကြံစည်ဆဲ၌ပင် ဝေသာလီ ပြည်ရှင် လစ္ဆဝီမင်းတို့ ကြားသိ၍ ယူနှင့်ကြကုန်၏၊ နောက် နှစ်၌လည်း ဤသို့ပင် လစ္ဆဝီတို့ ယူနှင့်ကြ၏၊ အဇာဘသတ် မင်းသည်အလွန်အမင်းအမျက်ထွက်၍လိစ္ဆဝီမင်းတို့ကိုနှိမ်နင်း ခြင်းငှါအလိုရှိ၏၊ သို့သော်လည်း လိစ္ဆဝီမင်းတို့သည် ညီညွတ် ကြ၍ မင်းတံခိုး,မင်းဘုန်း ကြီးမားသျက် အားခကောင်းကြသော ကြောင့် အမှတ်မဲ့ နိုင်လိုကာမျှနှင့် သွားရောက် ဖျက်ဆီး၍ ဖိနှိပ်နိုင်မည် မဟုတ်၊ တိုင်ပင် စူးစမ်း သင့်သော ပညာရှိကြီး များနှင့် တိုင်ပင်ပြီး ပြုလုပ်မှသာ သင့်တော်ပေမည်၊ ပညာရှိတို့ တွင်လည်း မြတ်စွာဘုရားသည် ပညာအရှိဆုံး,အမြတ်ဆုံး ဖြစ် တော်မူသည်၊ အတုမရှိသော ပညာရှိကြီးဖြစ်ဘော်မူသည်၊ ယခု

အခါ ဤရာဇဗြိုဟ်မြို့၌ပင် နီးနီး သီတင်းသုံးနေတော်မူလျက် ရှိလေသည်၊ မြတ်စွာဘုရားထံလျှောက်ထားရသော် သွားခြင်းကြောင့် အကျိုးရှိက ဆိတ်ဆိတ်နေတော်မူရာသည်၊ အကျိုးကို မြင်တော်မမူက အကျိုးမရှိကြောင်း မိန့်တော်မူရာသည် ဟု တဦးတည်း ဆင်ခြင်ပြီးနောက် ဝဿကာရအမတ်ကြီးကိုခေါ်၍ လိစ္ဆဝီမင်း တို့ကို နှိမ် နင်း ရန် အဇာတ သတ် မင်း သွားလို ကြောင်းကို မြတ်စွာဘုရားက ပြန်ကြား မိန့်မြွက်တော်မူသမျှ ကိုလည်း ငါ့အား တင်လော့ ဟု မှာကြားစေလွှတ်လိုက်၏။

ဝဿကာရ အမတ်ကြီးသည် မြတ်စွာဘုရားထံသို့ သွား ရောက်၍ အဇာတသတ်မင်း မှာကြားတိုင်း လျှောက်ထား လေ၏၊ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အနီး၌ ယပ်လေခပ်လျက်ရှိ၏၊ မြတ်စွာဘုရားသည် အရှင် အာနန္ဒာအား ဤသို့မေးတော်မူ၏။

(၁) အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေး တိုင်ပင် ကြသည်၊ အစည်းအဝေး အတိုင်အပင် အဆွေးအနွေး များကြသည်ဟု ကြားသိရလေသလော။

(၁) မြတ်စွာဘုရား.... ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေး တိုင်ပင်ကြသည်၊ ဆွေးနွေးကြသည်၊ အစည်းအဝေး အတိုင်အပင် အဆွေးအနွေးများကြသည် ဟု ကြားသိ ရပါသည် ဘုရား။

(၁) အာနန္ဒာ.... အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေး တိုင်ပင် ကြသည်၊ အစည်းအဝေး အတိုင်အပင် အဆွေးအနွေး များကြ သည် ဖြစ်ကုန်အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး

ဝဇ္ဇီမင်းတို့သည် ပျက်စီး ဆုတ်ယုတ်ခြင်း မရှိနိုင်ကြ
သေးချေ၊ ကြီးပွါးရေးသာလျှင် ရှိကြပေလိမ့်မည်။

(၂) အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် ကိုယ်ရောစိတ်ပါ အညီ
အညွတ် စည်းဝေး ဆွေးနွေးတိုင်ပင်ကြကုန်၏ဟူ၍ရင်း,
အညီအညွတ် အစည်းအဝေးမှ ထကြကုန်၏ဟူ၍ရင်း,
အညီအညွတ် ပြုဘွယ်ကိစ္စတို့ကို ပြုကြကုန်၏ဟူ၍ရင်း
ကြားသိရလေသလော။

(၂) မြတ်စွာဘုရား.... ဝဇ္ဇီမင်းတို့သည် ကိုယ်ရော စိတ်ပါ
အညီအညွတ် စည်းဝေး ဆွေးနွေး တိုင်ပင်ကြကုန်၏
ဟူ၍ရင်း, အညီအညွတ် အစည်းအဝေးမှ ထကြကုန်၏
ဟူ၍ရင်း, အညီအညွတ် ပြုဘွယ်ကိစ္စတို့ကို ပြုလုပ်ကြ
ကုန်၏ဟူ၍ရင်း ကြားသိရပါသည် ဘုရား။

(၂) အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အကြင်မျှလောက်သော
ကာလပတ်လုံး ကိုယ်ရောစိတ်ပါအညီအညွတ်စည်းဝေး
ဆွေးနွေး တိုင်ပင်ကြကုန်သည် ဖြစ်အံ့၊ အညီအညွတ်
အစည်းအဝေးမှ ထကြကုန်သည်ဖြစ်အံ့၊ အညီအညွတ်
ပြုဘွယ်ကိစ္စတို့ကို ပြုလုပ်ကြကုန်သည် ဖြစ်အံ့၊ ထိုမျှ
လောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ပျက်စီး
ဆုတ်ယုတ်ခြင်းမရှိနိုင်ကြသေးချေ၊ ကြီးပွါးရေးသာလျှင်
ရှိကြပေလိမ့်မည်။

(၃) အာနန္ဒာ.... ဝဇ္ဇီမင်းတို့သည် ရှေးရှေးသော မင်းတို့
လက်ထက်က အကောက် အခံ မရှိခဲ့သော ဝင်ကုန်
ထွက်ကုန်များ အပေါ်၌ အကောက် ကောက်ခံခြင်း,
ပြည်တွင်း၌ မခန့် မခွဲ ခဲ့ဘူးသော အခွန်အတုတ်များ
ခန့်ခွဲခြင်းကိုလည်း မပြုမလုပ်ကြမူ၍ ရှေးရှေးသော

မင်းတို့လက်ထက်က စည်းမျဉ်း ဥပဒေတို့ကို မဖျက်မပယ်ပဲ ရှေးမင်းများထုံးနည်းကို လိုက်နာ ပြုလုပ် ကြသည်ဟု ကြားသိရလေသလော။

(၃) မြတ်စွာဘုရား....ဝဇ္ဇီမင်းတို့သည် ရှေးရှေးသောမင်းတို့လက်ထက်က အကောက် အခံ မရှိခဲ့သော ဝင်ကုန်ထွက်ကုန်များ အပေါ်၌ အကောက် ကောက်ခံခြင်း, ပြည်တွင်း၌ မခန့်မခွဲခဲ့ဘူးသော အခွန်အတုတ်များ ခန့်ခွဲခြင်းကိုလည်း မပြုမလုပ်ကြမူ၍ ရှေးရှေးသော မင်းတို့လက်ထက်က စည်းမျဉ်း ဥပဒေတို့ကို မဖျက်မပယ်ပဲ ရှေးမင်းများ ထုံးနည်းကို လိုက်နာ ပြုလုပ်ကြသည်ဟုသာ ကြားသိရပါသည် ဘုရား။

(၃) အာနန္ဒာ.... ဝဇ္ဇီမင်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ရှေးရှေးသော မင်းများ လက်ထက်က ပညတ်ခဲ့ခြင်းမရှိသည်ကို ပြင်ဆင်မပညတ်ခြင်း, ပညတ်ပြီးသောစည်းမျဉ်းဥပဒေသတို့ကိုအဖျက်အဆီးမရှိခြင်း, ပညတ်ခဲ့ပြီးတိုင်းသော စည်းမျဉ်းဥပဒေသတို့၌ ရိုသေစွာ လိုက်နာခြင်းရှိကြကုန်သည်ဖြစ်အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း မရှိနိုင်ကြသေးခြေ၊ ကြီးပွါးရေး သာလျှင် ရှိကြပေလိမ့်မည်။

(၄) အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် ကြီးကုန် ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကြကုန်၏ဟူ၍ဎင်း,အလေးအမြတ် ပြုကြကုန်၏ ဟူ၍ ဎင်း, မြတ်နိုးကြ ကုန်၏ ဟူ၍ဎင်း, ပူဇော်ကြ ကုန် ၏ ဟူ၍ ဎင်း, ကြီးကုန်

သော ဝဇ္ဇီမင်းတို့၏ဩဝါဒစကားကိုလိုက်နာအပ်သည်ဟု မှတ်ယူကြကုန်၏ဟူ၍ငင်း ကြားသိရလေသလော။

(၄) မြတ်စွာဘုရား…. ဝဇ္ဇီမင်းတို့သည် ကြီးကုန် ကြီးကုန်သောဝဇ္ဇီမင်းတို့ကို အရိုအသေပြုကြကုန်၏ ဟူ၍ငင်း, အလေးအမြတ် ပြုကြကုန်၏ဟူ၍ငင်း, မြတ်နိုးကြကုန်၏ဟူ၍ငင်း, ပူဇော်ကြကုန်၏ဟူ၍ငင်း, ကြီးကုန်းသော ဝဇ္ဇီမင်းတို့၏ ဩဝါဒစကားကို လိုက်နာ အပ်သည်ဟု မှတ်ယူကြကုန်၏ဟူ၍ငင်း ကြားသိရပါသည်ဘုရား။

(၄) အာနန္ဒာ…. ဝဇ္ဇီမင်းတို့သည် အကြင် မျှလောက်သော ကာလပတ်လုံး ကြီးကုန် ကြီးကုန်သော ဝဇ္ဇီမင်း တို့ကို အရိုအသေ ပြုကြကုန်သေး၏၊ မြတ်နိုးကြကုန် သေး၏၊ ပူဇော်ကြကုန် သေး၏၊ ကြီးကုန်သော ဝဇ္ဇီမင်းတို့၏ ဩဝါဒ စကားကို လိုက်နာအပ်သည်ဟု မှတ်ယူကြကုန်သေး၏၊ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း မရှိနိုင်ကြသေးချေ၊ ကြီးပွားရေးသာလျှင် ရှိကြပေလိမ့်မည်။

(၅) အာနန္ဒာ…. ဝဇ္ဇီမင်းတို့သည် အမျိုးကောင်းသွီး ဖြစ်ကုန်သော အိမ်ရှင်မတို့ကိုငင်း, အမျိုးကောင်း သွီးပျိုတို့ကိုငင်း နိုင်ထက် စီးနင်းပြု၍ အိမ်ထောင်မှုကို ပြုလုပ်ခြင်း မရှိကြကုန်ဟူ၍ ကြားသိရလေသလော။

(၅) မြတ်စွာဘုရား…. ဝဇ္ဇီမင်းတို့သည် အမျိုးကောင်း သွီးဖြစ်ကုန်သော အိမ်ရှင်မတို့ကိုငင်း, အမျိုးကောင်း သွီးပျိုတို့ကိုငင်း နိုင်ထက်စီးနင်းပြု၍ အိမ်ထောင်မှုကို ပြုလုပ်ခြင်း မရှိကြကုန်ဟူ၍ ကြားသိရပါသည်ဘုရား။

(၅) အာနန္ဒာ····ဝဇ္ဇီမင်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အမျိုးကောင်းသမီးဖြစ်ကုန်သော အိမ်ရှင်မတို့ကိုရင်း, အမျိုးကောင်းသမီးပျိုဘို့ကိုရင်း နှိုင်ထက်စီးနင်းပြု၍ အိမ်ထောင်မှုကို ပြုလုပ်ခြင်း မရှိကြကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း မရှိနိုင်ကြကုန်သေးချေ၊ ကြီးပွါးရေးသာလျှင် ရကြပေလိမ့်မည်။

(၆) အာနန္ဒာ···· ဝဇ္ဇီမင်းတို့သည် ဝေသာလီ ပြည်တွင်းပြည်ပ၌ တည်ရှိကုန်သော ဝဇ္ဇီနတ်ကွန်းတို့ကို ရိုသေကြကုန်၏ ဟူ၍ရင်း, အလေးပြုကြ ကုန်၏ ဟူ၍ရင်း, မြတ်နိုးကြကုန်၏ ဟူ၍ရင်း, ပူဇော်ကြကုန်၏ ဟူ၍ရင်း, ထိုနတ်ကွန်းတို့၌ ကိန်းနေကုန်သော နတ်တို့အား ရှေးကပေးမြဲပြုမြဲ ဗလိနတ်စာကို ပေးကြ ပြုကြကုန်၏၊အပျက် အကွက် မရှိကြကုန် ဟူ၍ရင်း, ကြားသိရလေသလော။

(၆) မြတ်စွာဘုရား····ဝဇ္ဇီမင်းတို့သည် ဝေသာလီ ပြည်တွင်းပြည်ပတို့၌ တည်ရှိကုန်သော ဝဇ္ဇီနတ်ကွန်းတို့ကို ရိုသေကြကုန်၏ ဟူ၍ရင်း, အလေးပြုကြကုန်၏ ဟူ၍ ရင်း, မြတ်နိုးကြကုန်၏ဟူ၍ရင်း, ပူဇော်ကြကုန်၏ ဟူ၍ရင်း, ထိုထိုနတ်ကွန်းတို့၌ ကိန်းနေကုန်သောနတ်တို့အား ရှေးက ပေးမြဲပြုမြဲ ဗလိနတ်စာကို ပေးကြကုန်၏၊ အပျက်အကွက် မရှိကြကုန်ဟူ၍ရင်း ကြားသိရပါသည်ဘုရား။

(၆) အာနန္ဒာ····ဝဇ္ဇီမင်းတို့သည် အကြင် မျှလောက်သော ကာလပတ်လုံး ဝေသာလီ ပြည်တွင်းပြည်ပ၌ တည်ရှိကုန်သော ဝဇ္ဇီနတ်ကွန်းတို့ကို ရိုသေကြ ကုန်သေး၏၊

အလေးပြုကြကုန်သေး၏၊မြတ်နိုးကြကုန်သေး၏၊ ပူဇော်ကြကုန်သေး၏၊ ထိုနတ်ကွန်းတို့၌ ကိန်းနေ ကုန်သောနတ်တို့အား ရှေးက ပေးမြဲ ပြုမြဲ ဗလိနတ်စာကို ပေးကြသေး၏၊ ထိုမျှလောက်သော ကာလ ပတ်လုံး ဝဇ္ဇီမင်းတို့သည် ပျက်စီးဆုတ်ယုတ်ခြင်း မရှိနိုင်ကြသေးချေ၊ ကြီးပွားရေးသာလျှင် ရှိကြပေလိမ့်မည်။

(၇) အာနန္ဒာ···· ဝဇ္ဇီမင်းတို့သည် ငါတို့၏ နိုင်ငံတော်သို့ မကြွရောက် မလာကြကုန်သေးသော ရဟန္တာအရှင်ကောင်းတို့သည် အဘယ်နည်းဖြင့် ကြွရောက်လာတော်မူကြ ပေအံ့နည်း၊ ကြွရောက်တော် မူလာ ပြီးသောရဟန္တာ အရှင်ကောင်းတို့သည်လည်း အဘယ်နည်းဖြင့်ချမ်းသာစွာ သီတင်းသုံးတော် မူကြရကုန်အံ့နည်း ဟူသော နှလုံးသွင်းဖြင့် ရဟန္တာအရှင်ကောင်း၌ တရားအားလျော်သော အစောင့် အရှောက် ပေးမှုကို စီရင်ကြ ကုန်၏ဟူ၍ ကြားသိရလေသလော။

(၇) မြတ်စွာဘုရား···· ဝဇ္ဇီမင်းတို့သည် ငါတို့၏ နိုင်ငံတော်သို့ မကြွမရောက် မလာကြကုန်သေးသော ရဟန္တာအရှင်ကောင်းတို့သည် အဘယ်နည်းဖြင့် ကြွရောက်လာတော် မူကြပေအံ့နည်း၊ ကြွရောက်လာတော် မူပြီးကုန်သော ရဟန္တာ အရှင်ကောင်းတို့လည်း အဘယ်နည်းဖြင့် ချမ်းသာစွာ သီတင်း သုံးတော် မူကြကုန်အံ့နည်းဟူသော နှလုံးသွင်းဖြင့် ရဟန္တာ အရှင်ကောင်းတို့၌ တရားအားလျော်သော အစောင့် အရှောက် ပေးမှုကို စီရင်ကြကုန်၏ ဟူ၍ ကြားသိရပါသည်ဘုရား။

(၇) အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အကြင် မျှလောက်သော ကာလပတ်လုံး ငါတို့၏ နိုင်ငံတော်သို့ မကြွမရောက် မလာကြသေးသော ရဟန္တာ အရှင်ကောင်း တို့သည် အဘယ်နည်းဖြင့် ကြွရောက်လာတော် မူကြပေအံ့နည်း၊ ကြွရောက် လာတော် မူပြီးကုန်သော ရဟန္တာ အရှင် ကောင်းတို့သည်လည်း အဘယ်နည်းဖြင့် ချမ်းသာစွာ သီတင်း သုံးတော် မူကြ ကုန်အံ့နည်း ဟူသော နှလုံး သွင်းဖြင့် ရဟန္တာ အရှင် ကောင်းတို့၌ တရားအား လျော်သော အစောင့်အရှောက်ပေးမှုကို စီရင်ကြကုန် သေး၏၊ ထိုမျှလောက်သော ကာလ ပတ်လုံး ဝဇ္ဇီမင်း တို့သည် ပျက်စီးဆုတ်ယုတ်ခြင်းမရှိကြသေးချေ၊ကြီးပွါး ရေးသာလျှင် ရှိကြပေလိမ့်မည်။

ဤသို့လျှင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို မေးမြန်း တော်မူ၍ ဖြေဆိုမိန့်ကြားတော်မူပြီးလျှင် အို-ဝဿကာရ အ မတ်....အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့ သန္တာန်၌ ဤအပရိဟာနိယတရားတို့သည် တည်ရှိကြကုန်သည် ဖြစ်အံ့၊ဝဇ္ဇီမင်းတို့သည်လည်း ဤအပရိဟာနိယတရားခုနစ်ပါး တို့၌ ကျင့်ကြကုန်သည်ဖြစ်အံ့ ဝဇ္ဇီမင်းတို့သည် ပျက်စီး ဆုတ် ယုတ်ခြင်း မရှိကြသေးချေ၊ ကြီးပွားရေးသာလျှင် ရှိကြပေလိမ့် မည်ဟု မြွက်ကြားတော်မူ၏၊ ထိုအခါ ဝဿကာရ အမတ်က အို-အရှင်ဂေါတမ .... တပါး တပါးသော အပရိဟာနိယ တရား၊ ဝါ၊ တပါးတပါးသော ကြီးပွားကြောင်း တရားနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့သည် ပျက်စီး ဆုတ်ယုတ်ခြင်း မရှိနိုင် တော့ပါ၊ ခုနစ်ပါးလုံးနှင့် ပြည့်စုံလျှင်ကား အဘယ်မှာလျှင်

မကြီးပွါးပဲရှိပါတော့အံ့နည်း၊အရှင်ဂေါတမ….အဇာတသတ်
မင်းသည် ဝဇ္ဇီမင်းတို့ကို ဖြားယောင်း သွေးဆောင်ခြင်း၊မညီ
ညွတ်အောင် ခွဲ၍ နိုင်အောင် ပြုခြင်း မှတပါး စစ်ထိုး၍ ယူ
ခြင်းငှါ တတ်နိုင်မည်မဟုတ်ပါ….ဟု လျှောက်ကြား၍ ပြန်သွား
လေ၏။

(အညီအညွတ်စည်းဝေး ဆွေးနွေး တိုင်ပင်မှုသည်ကြီးပွါး
ကြောင်း အပရိဟာနိယ အင်္ဂါတပါး ဖြစ်၍ ထိုနှင့်တကွသော
ကြီးပွါးကြောင်း အပရိဟာနိယ ခုနစ်ပါးတို့ကို အကြောင်း
အတ္ထုပ္ပတ်နှင့် တကွ အကျယ်တဝင့် သိစေလိုသော ဆန္ဒဖြင့်
ပါဠိတော်အတိုင်း ဘာသာပြန်ဆိုလိုက်သည်။)

---

ဝဇ္ဇီမင်းတို့သည် တိုးပွါးများပြား စည်ကားလာ၍ ၃ ကြိမ်တိုင်တိုင်
မြို့ကိုချဲ့ရသောကြောင့် ဝေသာလီ-ဆိုသည်။

နုနယ်ပါးလွှာသော အရေရှိသောကြောင့် လိစ္ဆဝိ-ဆိုသည်။

ငယ်စဉ်က အမြဲးကလေးများကို ရိုက်ပုတ်တတ်၍ လိစ္ဆဝိသူငယ်
တို့ကို ရှောင်ကြဉ်အပ်သောကြောင့်ဝဇ္ဇီ-ဆိုသည်။

## ၃၁။ တပေါစ

အဘိဇ္ဈာ ဒေါမနဿ စသည်တို့ကို ပူလောင် ခြောက်သွေ့
စေတတ်သောကြောင့် ဣန္ဒြေကို စောင့်ရှောက် နိုင်ခြင်း သတိ
သည်လည်း“တပ”မည်၏။

ကောင်းမှု ကုသိုလ်တို့ကို ပြုလုပ်မှု၌ ကောင်းသောပညာကို
သင်ကြားခြင်း, အသက်မွေး ဝမ်းကျောင်း ဖြစ်သော အမှုအ
လုပ်တို့ကို ပြုလုပ်ဆောင်ရွက်ခြင်း၌ ပျင်းရိပေါ့လျော့ခြင်းတို့ကို
ပယ်သတ် ပူလောင် ခြောက်သွေ့စေတတ်သောကြောင့် ဝီရိယ
သည်လည်း‘‘တပ’’မည်၏။

သို့ဖြစ်၍ တပ ၏ တရားကိုယ်သည် သတိ နှင့် ဝီရိယ ဖြစ်သည်ဟု မှတ်ရာ၏၊ စက္ခု စသော ဣန္ဒြေကို စောင့်ထိန်းခြင်း, ပျင်းရိ ပေါ့တန်မရှိ လုံ့လ ဝီရိယရှိခြင်းတို့ နှင့် ပြည့်စုံသော သူသည်''အာတာပီ''မည်၏၊ တပေါ မင်္ဂလာ နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

## ဣန္ဒြေကို စောင့်ထိန်းမှု

ဣန္ဒြေကို ထိန်း သိမ်း စောင့် စည်း နိုင်ခြင်းသည် လွန်စွာ ကျေးဇူးရှိလှ၏၊ ဣန္ဒြေကို မစောင့်ထိန်းနိုင်ခြင်းသည်လည်း အပြစ်အာဒီနဝ များလှ၏၊ ဣန္ဒြေကို စောင့်ထိန်းနိုင်သော ပုဂ္ဂိုလ်၏ သန္တာန်၌ လောဘ, ဒေါသ စသည်တို့ ခေါင်းပါး အားနည်းတတ်၏၊ မစောင့်နိုင်သောသူ၏ သန္တာန်၌ လောဘ,ဒေါသ စသည်တို့ ထူပြော ထကြွ သောင်းကျန်းတတ် ကုန်၏။ ဣန္ဒြေသည်(၁)စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄) ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊ (၆) မနိန္ဒြေ ဟူ၍ ခြောက်မျိုးရှိ၏၊ အသီးသီးသော ဣန္ဒြေတို့ကို ဆိုင်ရာ ဆိုင်ရာ အာရုံတို့ ပေါ်ပေါက်လာတိုင်းထိန်းသိမ်းစောင့် ရှောက်ကြရမည်ဖြစ်၏။ သို့ရာတွင် တွေ့လွယ်ကြုံလွယ်၍ သတ္တဝါတို့၌အရေးကြီးလှသော ဣန္ဒြေတို့သည်ကား(၁)စက္ခုန္ဒြေ၊(၄)ဇိဝှိန္ဒြေ၊ (၅)ကာယိန္ဒြေတို့ဖြစ်သည်ဟု ဆိုထိုက်၏၊ စက္ခုအာရုံ ဖြစ်သော ရူပါရုံကို စက္ခု၌ မှီ၍ ဖြစ်သော လောဘ သဟာဂုတ် စိတ်သည် အလိုရှိတတ်၏၊ရှာဖွေ၏၊တွေ့ရှိရပြီးသောအာရုံကိုလည်းလက်မလွှတ်လိုပဲ တန်းတန်းစွဲ မက်မော ယူငင် လိုချင်တတ်၏၊ ယင်းသို့လျှင် မရသေးသော အာရုံကို ရရှိလိုချင်မှု, တောင့်တမှု, ရှာကြံမှု, ရရှိပြီးသော အာရုံကို စွဲလမ်းမက်မော ခင်တွယ်မှုတို့ကြောင့်

ထိုတဏှာ လောဘ၏ အရှင်ဖြစ်သော(တနည်း)ကျွန်ဖြစ်သော သတ္တဝါတို့သည် ဆင်းရဲတွင်း အမျိုးမျိုးသို့ သက်ဆင်းကြရကုန်၏၊ ဒုက္ခနှင့် တွေ့ကြရကုန်၏။

စက္ခုအာရုံ နည်းတူ ဇိဝှာဒ္ဒွါရ၌ ဖြစ်သော လောဘ သဟဂုတ် စိတ်သည်လည်း မိမိအာရုံဖြစ်သော ရသာရုံကို လိုလားတောင့်တ၏၊ တပ်မက်စွဲလမ်း၏၊ ရသာရုံကို လိုလားတပ်မက်စွဲလမ်းမှုကြောင့် သတ္တဝါတို့သည် ဆင်းရဲကြကုန်၏၊ ပင်ပန်းကြကုန်၏၊ ဒုက္ခနှင့်တွေ့ကြရကုန်၏၊ သဒ္ဒါရုံ, ဂန္ဓာရုံ,ဖေါဋ္ဌဗ္ဗာရုံ တို့ကိုလည်း သောတ, ဃာန, ကာယ တို့၌ မှီ၍ ဖြစ်သော လောဘ သဟဂုတစိတ်တို့သည် တောင့်တ လိုချင်ကြသည်သာ ဖြစ်ကုန်၏၊ သတ္တဝါတို့၌ ထင်ရှားသောစိတ်သည်ကား ရူပါရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ တို့ကို လိုချင်တောင့်တ တပ်မက် စွဲလမ်းမှုသည် သာ၍ထင်ရှား၏၊ ဆိုခဲ့ပြီးသော ထိုထို အာရုံတို့ကို မလိုလားမတောင့်တမှု၍ ဖြစ်ပေါ်လာသောအာရုံတို့၌တပ်မက်စွဲလမ်းမှုမရှိအောင် စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ,မနဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဣန္ဒြိယသံဝရ ဟုဆိုသည်၊ ထို ဣန္ဒြိယ သံဝရသည် "တပ" မည်၏၊ တပရှိသောသူသည် "အာတာပီ" မည်၏၊ တပေါမဂ်လာနှင့် ပြည့်စုံတော့သည်ဟု ဆိုလိုသည်။

တပေါဂုဏ်နှင့် ပြည့်စုံသော ရဟန်း ရှင်လူသည် ပြည့်စုံသလောက် ဒုက္ခတွင်း ဆင်းရဲချောက်မှ လွတ်မြောက်၍ ချမ်းသာခွင့်ကို ရကြပေတော့သည်။

## ဣန္ဒြေကို မနိုင်နင်းလျှင်

ယနေ့ ကမ္ဘာ့ အခြေအနေအရ တကမ္ဘာလုံး ချမ်းသာယာသည်ဟူ၍မရှိ၊ ပွက်ပွက်ဆူ၍ ပူလောင် ပြင်းပြလျက် လောဘ ဒေါသမီးတွေ တဟုန်းဟုန်းတောက်လောင်ကာ ကမ္ဘာ့သူကမ္ဘာ့သားများ ဒုက္ခအတိ ရောက်ရှိနေကြသည်မှာ စင်စစ် ဣန္ဒြေတို့ကို မထိန်းနိုင် မစောင့်နိုင် သောကြောင့်ပင် ဖြစ်ကြပေသည်၊ သာဓကဝတ္ထု အထူးထုတ်၍ ပြသဖွယ်မရှိတော့ပေ၊ ဂတ်,ရုံး, ထောင်,ကြိုးစင်တို့သို့ ရောက်ရှိနေကြသောသူတို့သည် များသောအားဖြင့် ဣန္ဒြေကို မစောင့်စည်းနိုင်ကြသော သူတို့ သာလျှင်ဖြစ်ကုန်ကြ၏၊ တဦးကို တဦး သတ်ဖြတ် တိုက်ခိုက်နေကြသောသူတို့သည်လည်း ဣန္ဒြေကို မစောင့်စည်းနိုင်ကြသောသူတို့သည် သာလျှင် ဖြစ်ကြကုန်၏၊ ဤစကားသည် နိုင်ငံတော်၏ ဥပဒေနှင့် မလွတ်ကင်းသော ဣန္ဒြေပျက်သူတို့ ယခုဘဝ၌ လက်ငင်းခံစားရသောဆင်းရဲဒုက္ခတို့ကိုသာလျှင် ရည်ရွယ်၍ဆိုသည်၊ ဥပဒေနှင့် လွတ်ကင်းသော်လည်း ကမ္မဝါဒီအရ ငရဲစသော အပါယ်ဒုက္ခကြီးများ နှင့် မလွတ်ကင်းသော ဣန္ဒြေ ပျက်မှု တို့ ကြောင့် ရှည်လျားလှစွာသော နှစ်ကာလပတ်လုံး အပါယ်ဒုက္ခကြီးကို ခံကြရပေမည်ကား ကေန်ပင်ရှိချေသေးသည်၊ သို့ကြောင့် စက္ခုစသော ဣန္ဒြေတို့ကို တတ်နိုင်သမျှ စောင့်ထိန်း၍ "တပေါ" မင်္ဂလာနှင့် ပြည့်စုံပြီးလျှင် မျက်မှောက်သံသရာ ကောင်းကျိုးချမ်းသာတို့ကို အရယူကြကုန်ရာသည်။

## လူပျင်းကို သိကြား မမနိုင်

ပျင်းရိပေါ့တန်ခြင်းသည်လည်း "တပေါ" မင်္ဂလာ ချို့ငဲ့မှုတရပ်ဖြစ်၏၊ ပေါ့ဆပျင်းရိ၍ မည်သည့်အလုပ်ကိုမျှ အတည်

တကျ ကြီးကြီး ပန်းပန်း ထမ်းဆောင် ပြုလုပ်လိုသောစိတ် ဓါတ် မရှိသူအား အဘယ်ကဲ့သို့သောဘုရင်များ, အစိုးရများ၊ နတ်များ, သိကြားများက ကြီးပွါး ချမ်းသာအောင် လူတန်း စေ့ဖြစ်အောင် စောင်မ ကြည့်ရှုနိုင်ပါအံ့နည်း၊ လူတိုင်းလူတိုင်း ကို တန်းတူဖြစ်အောင် ပြုလုပ်၍ ဖြစ်မည်ဟု ထင်မြင် မှတ်ယူ သောသူသည် မိစ္ဆာဒိဋ္ဌိ (အမြင်မှားနေသူ) သာ ဖြစ်သည်ဟု တထစ်ကျ ဆိုရပေမည်၊ မူလဇာတိဖြစ်သော ပဋိသန္ဓေ ကိုက မတူ ထူးခြားကွဲလွဲ၍ လာခဲ့ကြသော ဉာဏ်ခေါ်သော ပကတိ သဘော ဆန္ဒ, စိတ်, ဝိရိယ တို့သည် တဦးနှင့် တဦး မတူ ကြပဲ ဖြစ်ခဲ့ကြသည်ကို အဘယ်သို့လျှင် တူညီအောင် စွမ်းဆောင်နိုင် ပါမည်နည်း၊ ကုန်သည်နှင့် လယ်သမား,လခစားနှင့် ကူလီတို့ မတူညီနိုင်သည်ကို ထားပါဘိဦး၊ လခချင်းတူညီကြသော လခ စားတို့သည်ပင်လျှင် တဦးနှင့်တဦး အခြေအနေရရှိပုံ ချမ်းသာ ပြည့်စုံပုံမှာ မတူညီကြပေ၊ အငြိမ်းစားခွင့်ရသော အခါ၌ သာ၍ ထင်ရှား၏၊ ကွဲလွဲခြားနားပုံမှာ သာ၍ ပေါ်လွင်၏၊ အလုပ်လက်ရှိ အခါက သတိဝိရိယ ရှိခဲ့သော သူတို့သည် အငြိမ်းစားခွင့်ရသောအခါ အိမ်ခြေရာခြေနှင့်တကွ ထောက် တည်ရာ ကိုယ်ပိုင်ရှိ၍ ဧည္နေ့ရရ နေနိုင်ကြ၏၊ သတိဝိရိယ ကင်း မဲ့သော သူတို့သည် အလုပ်ရှိစဉ်၌သာလျှင် "လှေဦးစိုတုန်း တ ငါစို" ဆိုသကဲ့သို့ အထိုက်အလျောက် ပြည့်စုံမှု ရှိသော်လည်း အငြိမ်းစားယူသောအခါ လှေဦးခြောက်ပြီဖြစ်၍ နေစရာအိမ် မရှိ၊ ပင်ရှင်လခနှင့် နေရေးစားရေး မလုံလောက်ဖြစ်၍ အို ဆင်းရဲ ဆင်းရဲကြရပေသည်၊ အစိုးရက လရေိက္ခာ ပေးကမ်း ထောက်ပံ့ခြင်းကား တူညီပါလျက် သတိဝိရိယ နည်း, များသို့ လိုက်၍ ဆင်းရဲခြင်း ချမ်းသာခြင်း ဖြစ်ကြပေသည်၊ စင်စစ်

ချမ်းသာရေး မှာလည်း မိမိ၌သာ တည်၍ ဆင်းရဲရေးသည်လည်း မိမိ၌သာလျှင် တည်သည်ကို ကြပ်ကြပ်ကြီး သတိပြုကြရာသည်၊ မဟာပရိနိဗ္ဗာနသုတ္တန်၌ တပည့်တို့... မိမိကိုယ်ကိုသာလျှင် မိမိ၏မှီရာ တည်ရာ ကိုးကွယ်ရာ အားထားရာ မှတ်ကြလေ၊ မိမိကျင့်သုံးသော တရားကောင်းကိုသာလျှင် မိမိ တည်ရာမှီရာ ကိုးကွယ် အားထားရာဖြစ်ကြပစေ၊သူတပါးကိုသော်ငင်း မကောင်းမှုကိုသော်ငင်း အားမထားကြလေနှင့်ဟု ဟောတော်မူခဲ့လေပြီ၊ သို့ဖြစ်၍ သတိ ရှေ့သွားလျက် ဝီရိယကို မယုတ်လျော့စေပဲ ကိစ္စကြီးသည် ငယ်သည် မခြားနားစေမူ၍ ထက်သန်သော ဝီရိယဖြင့် ကိစ္စဟူသမျှကိုပြုလုပ်ကြရပေမည်၊ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဝီရိယ ရှိလျှင် မပြီးစီး မအောင်မြင်သော အလုပ်မရှိ ဟူသော စကားကိုလည်း လေးစားအပ်ပေသည်၊ မဟာဇနကမင်းသား, ပဏ္ဍုဝုဓ မင်းသား, သဲကန္တာရ၌ ရေ ရအောင်တူးသော ကုန်သည်တို့သည် ဝီရိယ ရှိကြ၍ ကောင်းကျိုးချမ်းသာကို ရဘူးကြလေပြီ။

## ငွေ ၂–သိန်း ရှင် ဝဏ္ဏ။

ဗာရာဏသီမြို့၌ ဆင်းရဲသားမျိုး ဖြစ်သော လူငယ် တဦးသည် သတိနှင့်ယှဉ်သော ဝီရိယရှိ၍ ကြွက်သေတခုကို အရင်းပြုရောင်းချ၍ ရသော တချင်ရွေးမျှသော အသပြာဖြင့် တစတစ တဆင့်ထက်တဆင့် တိုးတက် ရင်းနှီးရောင်းဝယ်မှုကို ပြုရာ လေးလအတွင်း၌ ငွေ ၂ သိန်းအထိ ကြွယ်ဝ ချမ်းသာဘူးလေသည်၊ သတိ ဝီရိယ ဟူသော တပေါင်းဖော်နှင့် ပြည့်စုံခြင်းသည် တန်ဘိုးရှိလှ၏၊ သို့ဖြစ်၍ ဆင်းရဲ ပင်ပန်းမှု ကြွယ်ဝချမ်းသာမှုသည် သူတပါး၌ တည်သည်မဟုတ်၊ မိမိ၌သာလျှင် တည်သည်ဟူ၍ ဆိုခဲ့ပေသည်။

ထိုငွေ ၂-သိန်းရှင်၌ ကြီးပွါးကြောင်း အင်္ဂါ တပါး ရှိသေးသည်ကိုလည်း မှတ်သားသင့်ကြပေသည်၊ ငွေ ၂-သိန်း ရရှိကြွယ်ဝချမ်းသာသော နေ့၌ပင် စူဠသေဋ္ဌိမည်သော သူဌေးထံသွား၍ ငွေတသိန်း ပူဇော်ပေးကမ်း ကျေးဇူးဆပ်ရာ သူဌေးက အ ဘ ယ့် ကြောင့် လာ ရောက် ပေး ပေ သ နည်းဟု မေး ၏၊ အရှင်သူဌေးသည် လွှန်ခဲ့သော လေးလခန့်က လမ်း၌ ကြွက်သေ တကောင်ကို တွေ့မြင်စဉ် ဉာဏ်အမြင်ရှိသူသည် ဤကြွက်သေကို ယူ၍ သားမယား ကျွေးမွေး ရောင်းဝယ်မှုကို ပြုနိုင်ပေသည် ဟု ဆိုသော စကားကို ကျွန်တော် ကြားရ၍ ကြွက်သေကို အရင်းပြုကာရောင်းဝယ်ခြင်းဖြင့် လေးလအတွင်း၌ငွေ ၂-သိန်း ရ၍ ကျေးဇူး ဆပ်လာခြင်း ဖြစ်ပါကြောင်းကို ပြန်ကြားလေ သည်၊ စူဠသေဋ္ဌိသူဌေးသည် ဤလုလင်၏ သတိဝီရိယနှင့် ဉာဏ် အမြင်ကိုၛင်း, ကျေးဇူးသိရှိတတ်ပုံကိုၛင်း, နှစ်သက် အားရ၍ အရွယ်ရောက်သော မိမိ၏ သမီးနှင့် ထိမ်းမြား၍ သူဌေးအဖြစ် သို့ရောက်စေလေသည်။ ကျေးဇူးကို သိတတ်ခြင်းသည် အကျိုး မဆုတ်ယုတ် ပါပဲ၊ ပို၍ အကျိုး ကျေးဇူး ရှိ တတ် သည်ကို မှတ်သားထိုက်သော သာဓက တရပ်ဖြစ်၏၊ စူဠသေဋ္ဌိသူဌေး သည်လည်း ချီးမြှောက် ထိုက်သူကို ချီးမြှောက် တတ်သော ကြောင့် နှစ်ဦးနှစ်ဝ မင်္ဂလာတရားနှင့် ပြည့်စုံကြ၍ ကြီးပွါး ချမ်းသာကြလေသည်။

ဘုရားဖြစ်ကြောင်း,ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း,အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ဖြစ်ကြောင်း ပါရမီ တို့၌ လည်း ဝီရိယပါရမီ တပါး အပါ အဝင် ဖြစ်၍ ဝီရိယနှင့် သံသရာဝဋ်မှ လွတ်အောင် ရုန်းကန် ထွက်မြောက် ကြရပေ သည်၊ သို့ကြောင့် မင်္ဂလာ တရားတော် ဖြစ်သော သတိဝီရိယ

တည်းဟူသော တပေါဂုဏ်နှင့် ပြည့်စုံ၍လောကီ လောကုတ္တရာ ကောင်းကျိုး ချမ်းသာတို့ကို ရရှိစေကြရမည်။

---

## ၃၂။ ဗြဟ္မစရိယဋ္ဌ

တပေါဂုဏ်နှင့် ပြည့်စုံလျှင်'' ဗြဟ္မစရိယ'' မင်္ဂလာပြည့်စုံရေး၌လွယ်ကူတော့သည် ဖြစ်၍ ဗြဟ္မစရိယ မင်္ဂလာကို အခြားမဲ့ပြု၍ ဟောတော်မူသည်။

ဗြဟ္မစရိယဟူသည်—

(၁) မေထုနဝိရတိဗြဟ္မစရိယ၊
(၂) သမဏဓမ္မဗြဟ္မစရိယ၊
(၃) သာသနဗြဟ္မစရိယ၊
(၄) မဂ္ဂဗြဟ္မစရိယ

ဟူ၍ မင်္ဂလသုတ် အဋ္ဌကထာ၌ ၄-မျိုးပြသည်၊ သုတ္တနိပါတ် ခနိယသုတ် အဋ္ဌကထာ၌ သဒါရ သန္တောသ မိမိမယားဖြင့် ရောင့်ရဲခြင်းကို ထည့်၍ ၅-မျိုးပြသည်၊ ဤမင်္ဂလာ၌ သဒါရ သန္တောသကို မလိုအပ်ပေ။

ထိုဗြဟ္မစရိယတို့တွင် ဤမင်္ဂလာ၌ မဂ္ဂဗြဟ္မစရိယမှ ကြွင်းသော ဗြဟ္မစရိယတို့ကို ယူလိုရင်းဖြစ်သည်၊ မဂ္ဂဗြဟ္မစရိယကို မူကား အရိယ သစ္စဒဿန မင်္ဂလာ၌ ဟောတော်မူလတ္တံ့ဖြစ်သည်၊ မေထုနကမ္မကို သူတော်ကောင်းများက အဗြဟ္မစရိယ မမြတ်သော အကျင့်ဟူ၍ သမုတ် အပ် သော ကြောင့် မမြတ်သော မေထုနဓမ္မကို ရှောင် ကြဉ် လျှင် ဗြဟ္မ စရိယ ဖြစ် ပေ တော့သည်။

(၁) ဗြဟ္မစရိယ ပဉ္စမကသီလကို ဆောက်တည်သော ပုဂ္ဂိုလ်။
(၂) ဗြဟ္မစရိယ အာဇီဝဋ္ဌမက သီလကို ဆောက်တည်သော ပုဂ္ဂိုလ်။
(၃) အဋ္ဌင်္ဂ, နဝင်္ဂ, ဒသင်္ဂ သီလတို့ကို ဆောက်တည်သော ပုဂ္ဂိုလ်။
(၄) စတုပါရိသုဒ္ဓိသီလကို ကျင့်သုံးစောင့်ထိန်းသော ပုဂ္ဂိုလ်။

ဤ ပုဂ္ဂိုလ် တို့သည် ဗြဟ္မစရိယ မင်္ဂလာ ရှိသော ပုဂ္ဂိုလ်တို့ ပေတည်း။

## ဘုရားလောင်းနှင့် မင်္ဂလာ

အာဇီဝဋ္ဌမက သီလသည် မဂ္ဂပုဗ္ဗင်္ဂမ မင်္ဂဥာဏ်၏ ရှေ့တော်ပြေးသီလ၊ ဘုရားလောင်းများ ဆောက်တည်သော သီလ ဆို၍ အချို့သူတို့ ဆောက်တည်လေ့ရှိကြ၏၊ ထိုသူတို့ ဆောက်တည်ကြသည်မှာကား ကာမေသုမိစ္ဆာစာရ ဝိရတီမျှဖြင့်သာ ဆောက်တည်ကြ၏၊ အလောင်းတော်တို့သည်ကား အဗြဟ္မစရိယ ဟူသော မေထုနဝိရတီ ဗြဟ္မစရိယဖြင့် ဆောက်တည်ကြ၏၊ အလောင်းတော်တို့၏အတုကိုယူမှု တူညီအောင် ယူသင့်ကြပေသည်။

မင်္ဂလတ္ထဒီပနီ၌ မာဂဓအဘိဓါန် အနေကတ္ထဝဂ်လာ အတိုင်း ဗြဟ္မစရိယကို—

(၁) အလှူပေးခြင်း။
(၂) အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း။

(၃) ငါးပါးသီလ ဆောက်တည်ခြင်း။
(၄) ဗြဟ္မဝိဟာရလေးပါးကို ပွါးခြင်း။
(၅) မေထုန်မှ ရှောင်ကြဉ်ခြင်း။
(၆) မိမိမယားဖြင့် ရောင့်ရဲခြင်း။
(၇) ဝီရိယ အားထုတ်ခြင်း။
(၈) ဉပုသ်အင်္ဂါ။
(၉) အရိယမဂ် ဉာဏ်။
(၁၀) ရဟန်းတရားဟူ၍ ဆယ်မျိုးပြ၏။

ထိုဆယ်မျိုးတို့တွင် အလှူပေးခြင်းကို ဒါနမင်္ဂလာ၌ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း, ဉပုသ် သီတင်း သုံးခြင်း တို့ကို အနဝဇ္ဇာနိကမ္မာနိမင်္ဂလာ၌ ငါးပါးသီလ ဆောက်တည်ခြင်း, မိမိမယားဖြင့် ရောင့်ရဲခြင်း တို့ကို ဝိရတီပါပါ, မဇ္ဇပါနာစ သံယမော မင်္ဂလာတို့၌ ဗြဟ္မဝိဟာရကိုခန္တီ၌ ဝီရိယကိုတပေါ၌ ထည့်သွင်းဟောပြောပြီးဖြစ်၍ အရိယမဂ်ကို အရိယသစ္စဒဿန မင်္ဂလာ၌ ဟောပြောလတ္တံ့ဖြစ်သောကြောင့် မေထုန်မှ ရှောင်ကြဉ်ခြင်း ဗြဟ္မစရိယ, ရဟန်းတရား ဟူသော ဗြဟ္မစရိယ, ဤနှစ်မျိုးကိုသာလျှင် ဤမင်္ဂလာ၌ဟောတော်မူရန်ရှိသည်ဟူ၍ မင်္ဂလာဖွင့်ကျမ်း၌ ပြတော်မူ၏။

## ကာမဂုဏ်သမားနှင့် မင်္ဂလာ

ကာမဘုံသားတို့သည် ကျား,မ မဟူ မည်သူမဆို ပကတိ အလိုအားဖြင့်အာရုံငါးပါးတို့တွင်ဖေါဋ္ဌဗ္ဗာရုံမေထုန်ကိုအခြား

ကာမဂုဏ်တို့ထက် အလိုရှိကြသည်ဟု ဆိုသင့်၏၊ ထိုကာမဂုဏ်ကိုသာ တောင့်တ ကြကုန်၏၊ တပ်မက် ကြကုန်၏၊ ရှာမှီးကြကုန်၏၊ အခြားသော ကာမအာရုံ ကာမဂုဏ် တို့သည်ကား ဖောဋ္ဌဗ္ဗာရုံ မေထုန်၏ အခြံအရံမျှတို့ သာလျှင် ဖြစ်ကုန်၏၊ မေထုန် ကာမဂုဏ်ကို ရလိုမှုကြောင့် ကာမ သတ္တဝါ တို့သည် မျက်မှောက်လောက လက်ငင်းဘဝ၌ ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြရကုန်၏၊ သူတပါးအသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်း, သူတပါးပိုင် ပစ္စည်းကို ခိုးဝှက် လုယူခြင်း, မုသား ပြောဆိုခြင်း, ယစ်မျိုးကို သောက်စားခြင်းတို့ကိုလည်း ပြုကြကုန်၏၊ လောက၌ ဖြစ်တတ်သော အပြစ်ဟူသမျှကို အခွင့်အခါ အားလျော်စွာ ကြုံတွေ့လျှင် ကွေ့ရှောင်ဖယ်ရှားသည်မရှိ၊ ပြုမိလုပ်မိကြကုန်၏၊ ထိုမကောင်းမှုတို့ကြောင့် အရိုက် အပုတ်ကိုလည်း ခံကြရကုန်၏၊ အချုပ် အနှောင်ကိုလည်း ခံကြရကုန်၏၊ နှင်ထုတ်ခြင်းကိုလည်း ခံကြရကုန်၏၊ ထောင်တန်းတို့လည်း ကျရောက်ကြကုန်၏၊ ကမ္ဘဝ ါဒီ ဘာသာတရား အမှန်အရ သေပြီးသော နောက်၌လည်း အပါယ်ငရဲသို့ ရောက်၍ ကြီးကျယ် လှစွာ သော ဆင်းရဲကို ကြာရှည် လေးမြင့် ခံကြရ ကုန်၏၊ ဤမျှလောက် ဆင်းရဲမျိုးစုံနှင့် တွေ့ကြုံကြရခြင်းသည် မေထုန်ကို ရှောင်ကြဉ်သော ဗြဟ္မစရိယ မင်္ဂလာ မရှိမှုကြောင့်ပင် ဖြစ်ချေသည်၊ ဗြဟ္မစရိယမင်္ဂလာရှိ၍ မေထုန်မှ ရှောင်ကြဉ်နိုင်သော ပုဂ္ဂိုလ်မြတ်တို့သည်ကား ဆိုခဲ့ပြီးသော ဒုက္ခတို့မှ ကင်းစင် လွတ်မြောက်၍ ယခု ဖြစ်ဆဲဘဝ, နောက်နောက်ဘဝ နှစ်ဌာနတို့၌ ပင်လျှင် သက်သာချောင်ချိ ချမ်းသာခွင့်ကို ရရှိကြသောကြောင့် ''ဗြဟ္မစရိယ'' မင်္ဂလာကို တည်ရှိ စေသင့်ကြပေသည်။

## မင်္ဂလသုတ်နှင့် ရဟန်းအလုပ်

သမဏဓမ္မ - ရဟန်းတရား ဟူသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတို့တွင် အနီးကပ်ဆုံးအကြောင်းဖြစ်သော သမထ နှင့် ဝိပဿနာတို့ ဖြစ်ကုန်၏၊ တနည်း ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့ ဖြစ်ကုန်၏၊ ဤတရားတို့ကို အနီးကပ်ဆုံး နိဗ္ဗာန်ရောက်ကြောင်း တရားတို့ဟူ၍ ဆိုရသည်မှာ ဒါန သီလ စသော ပါရမီကုသိုလ် တို့သည်လည်း နိဗ္ဗာန် ရောက်ကြောင်းများ ဖြစ်သောကြောင့် တည်း၊ သို့ရာ တွင် ဒါ န သီ လ စသည် တို့သည် ဝေးသော အကြောင်းတို့ ဖြစ်ကြသည်၊ ဝေးသောအကြောင်းပင် ဖြစ်စေကာမူ နိဗ္ဗာန်ကို ရော်ရည်မှန်းထား တောင့်တ၍ ပြုလုပ်သော ဒါန သီလတို့ဖြစ်လျှင် နိဗ္ဗာန်သို့ ရောက်ခြင်း အကြောင်းတို့ ဖြစ်ကြ ပေတော့သည်၊ သမဏဓမ္မတို့သည်ကား နီးကပ်သော နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ဗြဟ္မစရိယ မြတ်သော အကျင့်ဟူသော အမည်နှင့်သာ၍ လိုက်လျော၏၊ တနည်းမှာ နောက်က ပြဆိုခဲ့ပြီးသည့်အတိုင်း ဗြဟ္မစရိယ ဆယ်ပါးတို့တွင် ဒါန,သီလ တို့လည်း အပါအဝင်ပင် ဖြစ်သည်ကို သတိပြုရာ၏။

သမဏဓမ္မ-ဟု ဆိုသောကြောင့် ရဟန်းမှ တပါးသော လူဝတ်ကြောင် တို့သည်ဖင်း သူတော်, သီလရှင်တို့သည်ဖင်း သမဏဓမ္မကို အားမထုတ်ရသည်မဟုတ်၊ ရဟန်းတော်များ၏ ပဓာန အလုပ်ဖြစ်သော သမဏဓမ္မဟု ဆိုသော်လည်း ဝတ်ကြောင် သူတော်, သီလရှင်တို့သည်လည်း အားထုတ်ရသော တရားဖြစ်လေသည်၊ အားထုတ် ရရုံမျှသာလည်း မဟုတ်တုံ သေး၊ အားထုတ်သော ပုဂ္ဂိုလ်၏ ဉာဏ်, ဝီရိယ အားလျော်

စွာ ရျာန်, မဂ်, ဖိုလ် ဟူသော အကျိုး ကျေးဇူး ကိုလည်း ရဟန်းတော်များ နည်းတူ ရသည်သာလျှင် ဖြစ်၏။

## ဗြဟ္မစရိယကို လူများ ကျင့်သုံးနိုင်၏

မာတိကာမာတာ အမည်ရှိသော ဥပါသိကာမ ကြီးသည် အရှင်ဘုရားတို့ အားထုတ်သော တရားကို တပည့်တော်များ ကော အားမထုတ်ရပါဘူးလားဟု မေးလျှောက်ရာ၊ အားထုတ် ရကြောင်းကို ရဟန်းတော်များက ဖြေကြားလျှင် ရဟန်းတော် များထံမှ တရားတောင်းယူ နည်းခံ၍ အားထုတ်ရာ ရဟန်း တော်များ၏ အလျင် အဘိညာဏ်နှင့်တကွ အနာဂါမိ မဂ်ဖိုလ် အထိရောက်ဘူးသပြီ၊ ရဟန်းမဟုတ်သူများ မဂ်ဖိုလ်ရကြသော သာဓကတွေလည်း များလှ၏၊ သို့ဖြစ်၍ အားထုတ်ရရုံသာလျှင် မဟုတ်၊ အကျိုးကျေးဇူးကိုလည်း ရရှိသည် ဖြစ်သောကြောင့် မေထုနဝိရတိ ဗြဟ္မစရိယနှင့် တကွ သမထာဓမ္မ ဗြဟ္မစရိယကို အားထုတ်ကြသော အားဖြင့် ''ဗြဟ္မစရိယ'' မဂ်လာကို ပြည့်စုံစေသင့်ကြပေသည်။

လူဝတ်ကြောင်အဖြစ်နှင့် တရားကို အားထုတ် လျှင်လည်း ရ၏၊ ရဟန်းအဖြစ်နှင့် အားထုတ်လျှင်လည်း ရ၏၊ သို့ဖြစ်လျှင် အသို့ ထူးခြား ပါသနည်း၊ ကာမဂုဏ်ကို ခံစား စံစားရင်း လူ ဝတ်ကြောင် အဖြစ်နှင့် မဂ်ဖိုလ်ကို ရပါမူကား သာ၍ မကောင်းပါလော၊ ချမ်းသာသည် မဟုတ်ပါလောဟု ပြောဆို ဖွယ်ရှိ၏၊ ပြောထိုက် မေးထိုက်ပေ၏။

'ဂိဟိနော ဝါဘိက္ခုဝေ ပဗ္ဗဇိတဿ ဝါသမ္မာ ပဋိပတ္တိံ ဝဏ္ဏေမိ၊ ဂိဟိ ဝါ ဘိက္ခဝေ ပဗ္ဗဇိတော ဝါ သမ္မာပဋိပန္နော သမ္မာပဋိ

ပတ္တာ မိက ရဏာပေါတုအာရာမကော ပေါတိဉာယံ ခမ္ဗိ ကုသ လံ····ဟူ၍ ဟောတော်မူသောကြောင့်····

လူဖြစ်စေ, ရဟန်းဖြစ်စေ တရားကို အားထုတ်မှ သာလျှင် တရားထူးကို ရ၏၊ ငါသည် ရဟန်း ဖြစ်သော်ကောဟု ရဟန်း တရားကို အားထုတ်မှု မရှိပါက ထိုရဟန်းသည် မင်္ဂဖိုလ်မှ ဝေး သည်သာတည်း၊ ကာမဂုဏ်တို့၌ ပျော်ပိုက် နစ်မွန်း နေသော လူမှာမူ အဘယ်မှာ ပြောဘို့ ရှိတော့အံ့နည်း။ သာ လွန် ၍ ဝေးသည်သာလျှင် ဖြစ်လေတော့သည်၊ လူနှင့် ရဟန်းတို့သည် ရဟန်းတရားကိုအားတုတ်မှု တူညီကြလျှင် ရဟန်းတော်တို့၌—

(၁) အလိုရမ္မက် နည်းခြင်း-အပ္ပိစ္ဆဂုဏ်။
(၂) ရရှိသမျှနှင့် ရောင့်ရဲခြင်း-သန္တုဋ္ဌိဂုဏ်။
(၃) ကိလေသာမှ ဆိတ်ခြင်း-ပဝိဝိတ္တဂုဏ်။
(၄) မရောနှောခြင်း-အသံသဋ္ဌဂုဏ်။
(၅) အားထုတ်ခြင်း-အာရဒ္ဓဝီရိယဂုဏ်။
(၆) လွန်ကဲသော တဏှာကင်းခြင်း-နိရာလယဂုဏ်။
(၇) အိမ်မရှိခြင်း-အနိကေတဂုဏ်။
(၈) ပြည့်စုံသော သီလရှိခြင်း-ပရိပုဏ္ဏ သီလဂုဏ်။
(၉) ခေါင်း ပါး ကြောင်း အကျင့် ဟူ သော — သလ္လေခိတာ စာရဂုဏ်။
(၁၀) ဓုတင်အကျင့် ဟူသော—ဓုတပ္ပဋိပတ္တိဂုဏ်။

ဤသို့သော ဂုဏ်တို့သည် တည်ရှိကြ ကုန်၏၊ ထိုဂုဏ်တို့ ကြောင့် ရဟန်းတော် တို့သည် ရဟန်း၏ပြုဖွယ် ရဟန်းကိစ္စ ရဟန်းတရားကို လျင်လျင်မြန်မြန် ပြီးငြိမ်းအောင်ပြည့်စုံအောင် အားထုတ်နိုင်ကြပေသည်၊ ဤသို့လျှင် ရဟန်း နှင့် လူများသည်

ထူးခြားကြ၏၊ ထိုမှတပါးလည်းရဟန်း၏ ဂုဏ်ကျေးဇူးတို့သည် များစွာပင်ရှိကြသေး၏၊ သို့ကြောင့် ရဟန်းအဖြစ်နှင့် ရဟန်းတရားကို အားထုတ်ခြင်းသည် သာလွန်ကောင်းမွန် မြင့်မြတ်သည်ဟုမှတ်သားကြရာသတည်း။

---

## ၃၃။ အရိယသစ္စာနဒဿနံ

အရိယသစ္စာကို သိမြင်ရေးသည် ဗြဟ္မစရိယ မင်္ဂလာလျှင် ရှေ့သွားရှိရာ ဗြဟ္မစရိယ မင်္ဂလာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရိယသစ္စာတို့ကို ကိုယ်တိုင် သိမြင်ခြင်းငှါ လျှောက်ပတ်တော့သည် ဖြစ်၍ ဗြဟ္မစရိယ မင်္ဂလာ၏ နောက်၌ "အရိယ သစ္စဒဿန" မင်္ဂလာကို ဟောတော်မူသည်။

သစ္စာတို့သည်—

(၁) ဒုက္ခအရိယသစ္စာ။
(၂) သမုဒယ အရိယသစ္စာ။
(၃) နိရောဓ အရိယ သစ္စာ။
(၄) မဂ္ဂ အရိယ သစ္စာ—ဟူ၍ လေးပါးရှိကုန်၏၊

အရိယသစ္စာ မဟုတ်မူ၍ သစ္စာမျှသာဖြစ်သော—

(၁) ဒုက္ခသစ္စာ။
(၂) သမုဒယ သစ္စာ။
(၃) နိရောဓ သစ္စာ။
(၄) မဂ္ဂသစ္စာ—ဟူ၍လည်း လေး ပါး ရှိ ကုန် ၏၊

ဤအရာ၌ကား အရိယသစ္စာတို့ကိုသာလျှင် ဆိုလိုသည်။

အရိယသစ္စာတို့ကို ဉာဏ်အမြင်နှင့် ကိုယ်တိုင်သိမြင်မှုသည် ကောင်း မြတ် လှသော မင်္ဂလာ ကြီး ဖြစ်ပေသည်၊ အစ မမြင်သော ဘဝသံသရာ ကပ္ပါ-က တွေ့ကြုံခံစားခဲ့ရသော ဝဋ်ဒုက္ခကြီးမှ အပြီးအပြတ် လွတ်မြောက်ကြောင်းဖြစ်၍ အရိယသစ္စာလေးပါးတို့ကို သိသင့် မြင်သင့် သိထိုက် မြင်ထိုက် လှပေသည်၊ သစ္စာ ဟူသည် ဧကန် မလွဲ မုချ ဆတ် ဆတ် မှန် ကန် သော သဘောကို သစ္စာဟု ဆိုသည်၊ သစ္စာဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်မြင်အပ်သော သစ္စာဖြစ်သောကြောင့် အရိယသစ္စာဆိုသည်၊ တနည်းဘုရားတည်းဟူသော အရိယာသည် ဟောကြားအပ်သော တရားဖြစ်သောကြောင့် အရိယ သစ္စာ ဆိုသည်၊ တနည်း အရိယာ အဖြစ်ကို ပြုတတ်သော ကြောင့် အရိယ သစ္စာ ဆိုသည်၊ ဆိုလိုရင်းမှာ အရိယာ ပုဂ္ဂိုလ် တို့ သည် သိ မြင် အပ် သော မှန် ကန် သော သဘောတရားဘို့ကို အရိယသစ္စာဆိုသည်ဟု မှတ်ရာသည်။

## သစ္စာနှင့် မင်္ဂလာ

အရိယ သစ္စာလေးပါးတို့တွင် အကျဉ်းအားဖြင့် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာအားဖြင့် ငါးပါး ,ရုပ်နာမ်အားဖြင့် နှစ် ပါး သည် ဒုက္ခ အမှန်ဖြစ်၍ ဒုက္ခ သစ္စာဟု ဟော တော်မူသည်၊ ဥပဒါနက္ခန္ဓာ ရုပ်တရားတို့၏ အထဲ၌ စက္ခုရုပ် တခု၏ ဒုက္ခအစစ်အမှန် ဖြစ်ပုံကိုပြရလျှင် ကြွင်းကျန်သော ဒုက္ခသစ္စာရုပ်တို့၏ ဒုက္ခ အစစ်အမှန် ဖြစ်ပုံသည် ဉာဏ်အား လျော်စွာ သိတန် သမျှ သိလောက်သည် ဖြစ်၍ စက္ခု ရုပ်၏ ဒုက္ခ အစစ် ဖြစ်ပုံကိုပြအံ့။

ဒုက္ခအရိယသစ္စာ။ ။ဒုက္ခ သည် သင်္ခါရ ဒုက္ခ, ဝိပရိဏာမ ဒုက္ခ, ဒုက္ခဒုက္ခ ဟူ၍ သုံးမျိုးရှိရာထိုသုံးမျိုးတို့ဖြင့်ပင် ဒုက္ခဝဋ်ဆူ ဖြစ်သော စက္ခုရှိသော ပုဂ္ဂိုလ်အား မပြတ် ညှင်းပန်းနှိပ်စက် သောကြောင့် စက္ခုသည် ဒုက္ခသစ္စာဖြစ်၏၊ စက္ခုရုပ်ဖြစ်ခြင်းငှါ ရှေးရှေး ကာလ ရှေးရှေး ဘဝ ကပင် စက္ခုရုပ် ဖြစ်ကြောင်း ကမ်ကိုပြုလုပ် အားထုတ်ရခြင်းသည် ဒုက္ခဖြစ်၏၊ ထိုဒုက္ခသည် ကား ပြုပြင် စီရင် အားထုတ်ရသော သင်္ခါရဒုက္ခဖြစ်၏၊ ရရှိပြီး သော စက္ခုရုပ်ကို အသက်ထက်ဆုံး ဆက်လက်ဖြစ်ပေါ်တည် ရှိစေခြင်းငှါ ဥတု အာဟာရ စသည်တို့ဖြင့် ပြုပြင်စီရင် ကျွေးမွေး စောင့်ရှောက် ရခြင်းသည်လည်း သင်္ခါရ ဒုက္ခပင်ဖြစ်၏၊ စက္ခု ဖြစ်ကြောင်း ကမ်ကို ပြုလုပ် အားထုတ် သော အခါ၌လည်း ဆင်းရဲဒုက္ခခံ၍ ပြုလုပ်ခဲ့ရ၏၊ ရရှိပြီးသော စက္ခုကို အသက် ရှည်သမျှ ကောင်းမွန်စွာတည်ရှိ စေရန် လည်း ဥတု အာဟာရ တို့ဖြင့် ပြုပြင် စောင့်ရှောက် ကုသမှုစသော ဒုက္ခကိုခံ၍သာလျှင် ပြုပြင်စောင့်ရှောက်ရသည်ဟု ဆိုလိုသည်၊ ရရှိဖြစ်ပေါ်ပြီးသော စက္ခုသည် တစုံတရာအကြောင်းချို့ယွင်းသော အခါ၌ဖြစ်စေ, တစုံတခုသော ဘေးဥပဒ် အန္တရာယ် ပေါ်ပေါက်လာသော အခါ၌ ဖြစ်စေ, ပျက်စီး တတ်၏၊ ချို့ယွင်း တတ်၏၊ ယင်းသို့ ပေါက်ပြန်ချို့ယွင်းခြင်း ဒုက္ခသည် ဝိပရိဏာမ ဒုက္ခမျိုးဖြစ်၏၊ ထို ဝိပ ရိဏာမဒုက္ခဖြင့်လည်း နှိပ်စက်၏၊ စက္ခုရုပ်လုံးဝပျက်စီးသော အခါ၌ဖြစ်စေ, သမ္မုတိမရဏအားဖြင့် သေကြေပျက်စီးသော အခါ၌ဖြစ်စေ, ဆင်းရဲရခြင်းသည် ဒုက္ခ ဒုက္ခဖြစ်၏၊ ထိုဒုက္ခဒုက္ခ တည်းဟူသော ဆင်းရဲဖြင့်လည်း စက္ခုသည် နှိပ်စက်၏၊ ဤသို့ အားဖြင့် စက္ခုသည် အစ မထင် သော ဘဝ သံသရာ၌ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, ဒုက္ခဒုက္ခတို့ဖြင့် ဆင်းရဲဒုက္ခပေးခဲ့

သည်တို့ကို ဆင်ခြင်လျှင် ဤရွှေ့ဤမျှ ဆင်းရဲ အစုအပုံ အတိုင်း အရှည်ရှိခဲ့သည် ဖြစ်ခဲ့သည်ဟူ၍ မပြောပနိုင်အောင် အားကြီး များပြားခဲ့သော ဒုက္ခတို့ဖြင့် စက္ခုသည် စက္ခုရှိသော ပုဂ္ဂိုလ် အား မပြတ်မလပ် ညှဉ်းပန်း နှိပ်စက်ခဲ့၏၊ ဒုက္ခပေးခဲ့၏၊ဆင်းရဲ စေခဲ့၏၊ သို့ကြောင့် စက္ခုသည် ဒုက္ခ သစ္စာ ဆင်းရဲ အစစ် ဖြစ်လေသည်။

အနည်းငယ် ဆက်၍ ရှင်းဦးအံ့။ စက္ခုသည် စက္ခု ဖြစ် ကြောင်း ကမ်ချို့ငဲ့ အား နည်းသော အ ခါ၌ ဖြစ်စေ, ဘေး အန္တရာယ်တစုံတရာနှင့် တွေ့ကြုံသော အခါ၌ဖြစ်စေ, ချို့ယွင်း ပျက်စီး တတ်သောကြောင့် ထိုသို့ မပျက် မစီး ရလေအောင် စောစောက ပင် ကြိုတင်၍ အကြောင်း ပြည့်စုံအောင် ပြုရခြင်း, ဘေး အန္တရာယ်မှ စောင့်ရှောက် ကာကွယ် ခြင်း တို့ဖြင့် စီရင် ဖန်တီးရသော သင်္ခါရဒုက္ခ မျိုးဖြင့်လည်းနှိပ်စက်၏။

စက္ခု ပျက်စီးအံ့သော အကြောင်းနိမိတ် အရိပ်အရောင် ပေါ်ပေါက် လာလျှင် သော်၎င်း, ပျက်စီးခဲ့သော်၎င်း, စိုးရိမ်ရ ခြင်း, ပူဆွေးရခြင်း, ငိုကြွေးရခြင်း စသည် တို့သည် စက္ခုရုပ် အစဉ်ကို ယိုယွင်း ဖေါက်ပြန်မှု ဝိပရိနာမ ကြောင့် ဖြစ်သော ဝိပရိနာမဒုက္ခတို့ဖြစ်ကုန်၏၊ ထိုဝိပရိနာမ ဒုက္ခမျိုးတို့ဖြင့်လည်း စက္ခုသည် စက္ခုရှိသောပုဂ္ဂိုလ်အား နှိပ်စက်၏၊ ဆင်းရဲစေ၏၊

စက္ခုရုပ် ပျက်စီးခြင်း ကြောင့် ကိုယ် စိတ် နှစ် ဖြာ ဆင်းရဲ ပင်ပန်းရခြင်းသည် ဒုက္ခဒုက္ခဖြစ်၏၊ ထိုဒုက္ခ ဒုက္ခမျိုးဖြင့် လည်း စက္ခုသည် စက္ခုရှိသော ပုဂ္ဂိုလ်အား နှိပ်စက်၏၊ ဆင်းရဲစေ၏။

ရုပ်ရှိသောသတ္တဝါတို့၌ စက္ခုရုပ်တခုသည်ပင်လျှင် ဤမျှလောက် ဆင်းရဲမှုဖြင့် နှိပ်စက်ညှဉ်းပန်းနေပါလျှင် ကြွင်းသောရုပ်တို့၏ဒုက္ခတို့ကား ကမ်းမဆုံးလမ်းမဆုံးဖြစ်ပေတော့သည်ကို ဉာဏ်ဖြင့် သိမြင် ဆင်ခြင်ကြရာသည်။

ဥပါဒါနက္ခန္ဓာ အဝင်အပါ နာမ်တရားထဲ၌ စိတ်ခန္ဓာ၏ ဒုက္ခအစစ်ဖြစ်ပုံကို သိမြင်ပါက အခြားသောနာမက္ခန္ဓာတို့၏ ဒုက္ခကိုလည်း မှန်းဆနိုင်ရာသည်ဖြစ်၍ စိတ်ခန္ဓာ၏ဒုက္ခဖြစ်ပုံကို ပြအံ့၊ မမြဲသော သဘောရှိသောကြောင့် စိတ်သည် အနိစ္စဖြစ်၏၊ အနိစ္စဆိုရ၏၊ မမြဲသောသဘောတို့ဖြင့် မပြတ်ညှဉ်းဆဲချက်ရှိသောကြောင့် ဒုက္ခဖြစ်၏၊ ဆင်းရဲရ၏၊ သဒ္ဓါ, သတိ စသည်တို့နှင့်ယှဉ်၍ ကြည်လင်ကောင်းမွန်သော စိတ်ကောင်းစိတ်သန့်ဖြစ်အောင် မြုပြင်မှု သင်္ခါရဒုက္ခဖြင့် တည်ထောင်ရ၏၊ သဒ္ဓါ, သတိ စသည်ပျောက်၍ စိတ်ဖေါက်ပြန်သောအခါ ဝိပရိနာမဒုက္ခဖြစ်ရ၏၊ သဒ္ဓါ, သတိ စသည်တို့နှင့်ယှဉ်သောစိတ်သည် မမြဲပဲ လောဘစသည်တို့နှင့်ယှဉ်၍ ကိုယ်စိတ် ဆင်းရဲပင်ပန်းရခြင်းဒုက္ခ ဒုက္ခဖြစ်ရ၏၊ ဤသို့လျှင် စိတ်သည် စိတ်ခန္ဓာရှိသောပုဂ္ဂိုလ်အား ဒုက္ခသုံးမျိုးတို့ဖြင့် နှိပ်စက်ညှဉ်းပန်းဆင်းရဲစေသော ဒုက္ခခန္ဓာဖြစ်လေသည်၊ ကြွင်းသော နာမ်ခန္ဓာ တို့၏ ဒုက္ခတို့သည်ကား အဆုံးမထင်အောင် ရှိချေ၏။

သမုဒယ အရိယသစ္စာ။ ။လောဘသည် ဒုက္ခဖြစ်ကြောင်းအကြောင်းစစ် အကြောင်းမှန် သမုဒယသစ္စာဖြစ်၏၊ အကြင်မျှလောက်သော ကာလပတ်လုံး, ဘဝပတ်လုံး စက္ခုကို အလိုရှိသော နှစ်သက်သာယာသော တွယ်တာသောတဏှာလောဘကို မပယ်သေးသည်ဖြစ်အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး,

ဘဝ ပတ် လုံး စက္ခု ရ ကြောင်း သင်္ခါရ ကမ် တို့ ကို သာ လျှင် အားထုတ်ပြုလုပ်ဆည်းပူးလျက်ရှိကြကုန်၏၊ စက္ခုဖြစ်ကြောင်း ကမ်တို့ကို ပြုလုပ်ဆည်းပူးနေသမျှကာလပတ်လုံး စက္ခုတို့သည် အသစ်အသစ်ဖြစ်လျက် ရှိကြမည်သာဖြစ်၏၊ စက္ခုဖြစ်ပေါ်သမျှ ကာလ, ဘဝ တိုင်အောင်လည်း နောက်ကပြဆိုခဲ့ပြီးဖြစ်သော ဒုက္ခသုံးမျိုးတို့သည် ထပ်ကာထပ်ကာဖြစ်ပေါ်ကြ၍ နှိပ်စက်မြဲ နှိပ်စက်ကြမည်သာဖြစ်၏၊ ဒုက္ခတို့မှ လွတ်မြောက် ချမ်းသာရေး နှင့် ဝေးမည်သာ ဖြစ်၏၊ ကြွင်းသော ရုပ်နှင့် နာမ်ခန္ဓာ တို့ကိုလည်း လိုချင် မက်မောသော လောဘကြောင့်သာလျှင် ဆက်ကာဆက်ကာ ရရှိနေကြ၏၊ လိုချင်သောတဏှာသောဘ ဖြစ်ပေါ်နေသည်မှာလည်း သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသတို့က အထင်မှား, အမှတ်မှား, အသိမှား, အယူ အမြင် မှားတို့ဖြင့် ညွှန်ပြသည်ကို အမှန်အနေ, အကောင်းအနေနှင့် သာယာ တပ်မက် လိုချင် နှစ်သက်ခြင်းသဘောရှိသော လောဘတဏှာ ပေါ်ပေါက်လာသောကြောင့်ဖြစ်၏၊ ထို့ကြောင့် လောဘကို ဒုက္ခဖြစ်ကြောင်း အစစ်အမှန်သမုဒယသစ္စာအဖြစ်ဖြင့် အမှန် အကန် သိမြင်ကြရာသည်။

နိရောဓအရိယသစ္စာ။ ။လောဘတဏှာဟူသော သမုဒယ သစ္စာမဖြစ်လျှင် စက္ခုကို လိုချင်တပ်မက် သာယာနှစ်သက်မှု မရှိ၍ စက္ခုမဖြစ်တော့ပြီ၊ စက္ခုမဖြစ်လျှင် စက္ခုနှင့်ဆိုင်ရာ ဒုက္ခ တို့သည်လည်း ဖြစ်ပေါ်ဘို့ရာမရှိတော့ပြီ၊လောဘတဏှာဟူသော သမုဒယသစ္စာ နှင့် ဒုက္ခသစ္စာတို့ မဖြစ်၍ ချုပ်ငြိမ်းကြလျှင် နိဗ္ဗာန် ဟူသော နိရောဓသစ္စာ သဘောတရား အစစ်အမှန် ပေါ်ပေါက်လာတော့သည်သာတည်း။

မဂ္ဂအရိယ သစ္စာ။ ။နိဗ္ဗာန်ဟူသော နိရောဓ သစ္စာကို တွေ့မြင်လိုသော ပုဂ္ဂိုလ်၌အမြစ်ရင်း အကြောင်းရင်း ဖြစ်သော လောဘ တဏှာကို ပယ်သတ်မှု ဖြတ်တောက်မှု လောဘမှ လွတ်မြောက် စေမှု၌ မဂ္ဂင် ရှစ်ပါးထက် ကောင်းမြတ်သော မှန်ကန်သော လမ်းကြောင်းကား မရှိတော့ပေ၊ မဂ္ဂင်ရှစ်ပါး သည်သာလျှင် သမုဒယသစ္စာတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ဟူ သော နိရောဓသစ္စာသို့ သွားရောက်ကြောင်း လမ်းမှန်ဖြစ်သည် ကိုလည်း သိမြင်ယုံကြည်ကြရာသည်။

## မဂ္ဂင်ရှစ်ပါး

(၁) သမ္မာဒိဋ္ဌိ-မှန်ကန်သော အယူအမြင်။
(၂) သမ္မာသင်္ကပ္ပ-မှန်ကန်သော အကြံ။
(၃) သမ္မာဝါစာ-မှန်ကန်သော စကား။
(၄) သမ္မာကမ္မန္တ-မှန်ကန်သော အလုပ်။
(၅) သမ္မာအာဇီဝ-မှန်ကန်သော အသက်ရှည်အောင် မွေးခြင်း။
(၆) သမ္မာဝါယာမ-မှန်ကန်သော ဝီရိယ။
(၇) သမ္မာသတိ-မှန်ကန်သော သတိ။
(၈) သမ္မာသမာဓိ-မှန်ကန်သော စိတ်တည်ငြိမ်မှု။

ဤမဂ္ဂင်ရှစ်ပါးအစဉ်သည် ဟောစဉ် ပြောစဉ် ဖြစ်၏။

ကျင့်စဉ်ကား။ ။သမ္မာ ဝါစာ, သမ္မာ ကမ္မန္တ, သမ္မာ အာဇီဝ, ဤသီလမဂ္ဂင် သုံးပါးကို ရှေးဦးစွာ တည်စေရမည်၊ ကျင့်ရမည်။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, ဤသမာဓိ မဂ္ဂင် သုံးပါးကို ဒုတိယ တည်ရှိစေရမည်။

သမ္မာ ဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, ဤပညာမဂ္ဂင် နှစ်ပါးကို တတိယ တည်ရှိစေရမည်။

သီလမဂ္ဂင်တည်ရှိလျှင် သမာဓိမဂ္ဂင်ဖြစ်၍ ပညာမဂ္ဂင်ဖြစ် ပေါ်မှုဒ္ဓ လွယ်ကူတော့သည်၊ သစ္စဝိဘင်း အဋ္ဌကထာ, ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌ ဖွင့်ဆိုတော်မူ ကြသော သဘော အရဆိုလျှင် ဟောစဉ်ဖြစ်သောမဂ္ဂင်ရှစ်ပါးသည်ပင်လျှင် တပါး နှင့်တပါးသည် အကျိုးအကြောင်းဆက်၍ ကျင့်စဉ်ပင် ဖြစ်လေ ဘော့သည်။

စက္ခုရုပ် စသော ဒုက္ခသစ္စာ ဖြစ်သော ဒုက္ခမှ ကျွတ်လွတ် ထွက်မြောက်လိုသော ပုဂ္ဂိုလ်သည် အထက်ပါမဂ္ဂင်ရှစ်ပါးကို အားထုတ်ရမည်၊ မဂ္ဂင်ရှစ်ပါးထက် မှန်ကန်ဖြောင့်တန်းသော နိဗ္ဗာန်လမ်းကား မရှိတော့ချေ၊ မဂ္ဂင်ရှစ်ပါးသာလျှင် လမ်းမှန် အစစ်ဖြစ်၍ မဂ္ဂင်ရှစ်ပါးဖြင့်သာ အရိယာ ဖြစ်နိုင်၍၊ အရိယ မဂ္ဂသစ္စာဟူ၍ ဟောတော်မူသည်၊ ပြဆိုခဲ့ပြီးသည့်အတိုင်းသစ္စာ လေးပါးတို့ကို လောကီဉာဏ်ဖြင့် သိရှိ ကြည့်မြင်ကြပြီးနောက် လောကုတ္တရာဉာဏ်ဖြင့် ဆက်လက် သိမြင်ကြရအောင် ကြိုးစား ပွားများကြလေကုန်။

အရိယသစ္စာလေးပါးအပြင် သာမညသစ္စာလေးပါးရှိသေး သည်ကို စကားစခဲ့ပြီ၊ သာမည သစ္စာလေးပါးကို ဗဟုသုတ အလို့ငှါ၎င်း, အရိယသစ္စာနှင့် ခြားနား၍ သိရှိခြင်းငှါ၎င်း ပြဦးအံ့။

သက္ကာယဉ် အကျုံးဝင်သော အဇ္ဈတ္တ တရားတို့ သည်သာ လျှင် ဒုက္ခ အရိယ သစ္စာ ထိုက် ကုန်၏၊ အနိန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်တရား, မဂ္ဂင်ရှစ်ပါး ကြဉ်အပ်သော မဂ်ဖိုလ် တရားတို့သည် ဖြစ်မှုပျက်မှုတို့ဖြင့် နှိပ်စက်အပ်သော တရားတို့ ဖြစ်၍ သင်္ခါရ ဒုက္ခ, ဝိပရိနာမ ဒုက္ခတို့မှ မလွတ်သောကြောင့် ဒုက္ခသစ္စာသာ မည်ကုန်၏၊ ဒုက္ခအရိယသစ္စာ မမည်ကုန်။

လောဘတရား တခုသည်သာလျှင် သမုဒယ အရိယသစ္စာ ထိုက်လေသည်၊ လောဘမှတပါးအလုံးစုံသော အာသဝေါ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ် တရားတို့ သည်ကား သမုဒယ သစ္စာ သာ မည်ကုန်၏၊ သမုဒယ အရိယ သစ္စာ မမည်ကုန်။

အသင်္ခတ ဓာတ် ဖြစ်သော နိဗ္ဗာန် သည် သာလျှင် နိရောဓ အရိယသစ္စာ ထိုက်သည်၊ ကိလေသာတို့၏ အခိုက် အတန့် ချုပ်ခြင်း တဒင်္ဂ နိရောဓ, အတန် ကြာကြာ ကင်း ကွာ ခြင်း ဝိက္ခမ္ဘန နိရောဓ တို့သည်ကား နိရောဓသစ္စာသာ မည်ကုန်၏၊ နိရောဓ အရိယသစ္စာ မမည်ကုန်။

လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည်သာလျှင် မဂ္ဂအရိယသစ္စာ ထိုက်သည်၊ လောကီ ဝဋ်သုဒ္ဓိ ခြောက်ပါးတို့ ဖြစ်သော အခိုက်၌ ပေါ်ပေါက်သော လောကီ မဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာသာ မည်၏၊ မဂ္ဂအရိယသစ္စာ မမည်ကုန်၊ ဤသို့အားဖြင့် အရိယ သစ္စာနှင့်သစ္စာ သာမည်ကို ခြားနား၍ မှတ်အပ်၏။

သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာ တို့မှ မြမ်းရော နိဗ္ဗာန်သို့ ရောက်ကြောင်း သွားကြောင်းအကျင့်တရားကို မဂ္ဂင်ရှစ်ပါးဟု

ဆိုသော်လည်း ပုဂ္ဂလဇ္ဈာသယ-ပုဂ္ဂိုလ်၏အလိုအား လျော်စွာ ပုဂ္ဂိုလ်၏ အလိုသို့ လိုက်လျော၍ သီလမဂ္ဂင်သုံးပါးကိုချန်လျက် သမာဓိမဂ္ဂင်သုံးပါး,ပညာမဂ္ဂင်နှစ်ပါး အားဖြင့် မဂ္ဂင်ငါးပါး ဟူ၍လည်း ဝိဘင်းပါဠိတော်၌ ဟောတော်မူသေးသည်၊ သီလ မဂ္ဂင်သည် ရှေးမဆွကပင် ပြည့်စုံပြီးဖြစ်သော ကြောင့် သီလ ဝိသုဒ္ဓိကိုထည့်သွင်း၍ရေတွက်ခြင်း မပြုသတည်း။

ဤမျှလောက် ညွှန်ကြား ဝေဘန်ပြဆိုခြင်းဖြင့် ''အရိယ သစ္စဒဿန''မင်္ဂလာကို အတန်အရာ သိမြင်သောက်ကြပေပြီ၊ သက်ဆိုင်ခွင့်ရှိတိုင်း ရေးရမူ အရိယသစ္စဒဿန မင်္ဂလာတပါး တည်းနှင့်ပင် တကျမ်းတဖွဲ့ ဖြစ်ရာသည်။ သို့ဖြစ်၍ ပြအပ်ပြီး သော သစ္စာတို့ကိုနားလည်သိမြင်ကြစေသောအားဖြင့်''အရိယ သစ္စဒဿန'' မင်္ဂလာနှင့် ပြည့်စုံကြစေကုန်သတည်း။

---

## ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ

အရဟတ္တဖိုလ်တည်းဟူသော နိဗ္ဗာန်ကိုရခြင်း,ရောက်ခြင်း, ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင် ခြင်းသည် ''နိဗ္ဗာန သစ္ဆိ ကိရိယာ''မည်၏၊ ဤမင်္ဂလာ၌နိဗ္ဗာနအရကို အရဟတ္တဖိုလ်ကို ကောက်ယူ၏၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်ကိုကား အရိယ သစ္စ ဒဿန မင်္ဂလာ နိရောဓ အရိယသစ္စာ၌ ပြဆိုခဲ့လေပြီ၊ အရဟတ္တဖိုလ် သည်လည်း ငါးပါးသော လားရာ ဂတိမှငင်း, ဝါနတဏှာမှငင်း ထွက်မြောက် ကျွတ်လွတ်သော တရားဖြစ် သောကြောင့် နိဗ္ဗာန်အမည်ကိုရလေသည်။ ဤမင်္ဂလာ၌ နိဗ္ဗာန် အရ အရဟတ္တဖိုလ်ကိုသာ မိန့်ဆိုသဖြင့် အရိယ သစ္စဒဿန မင်္ဂလာ၌ သောတာပတ္တိမင်္ဂဖိုလ်, သကဒါဂါမိမင်္ဂဖိုလ်,အနာ

ဂါဠ်မဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ် တို့ဖြင့် အရိယသစ္စာလေးပါး တို့ကိုမြင်သည်ကိုဟောတော်မူသည်ဟုမှတ်ယူရပေမည်၊မဂ်ဉာဏ် လေးပါး, ဖိုလ်ဉာဏ်သုံးပါးတို့ဖြင့် အရိယသစ္စာလေးပါးတို့ကို မြင်ခဲ့သည်ကိုသာလျှင် ယူရမည့်အပြင် လောကီဝိသုဒ္ဓိ အခိုက် အတန့်၌ လောကီယ မဂ်ဉာဏ်ဖြင့် အရိယသစ္စာလေးပါးတို့ကို စမ္မာနုရူပအားဖြင့် မြင်ခြင်းကိုလည်း ထည့်သွင်း သိမ်းရုံး ယူရ ပေမည်၊ လောကီယမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို မြင်ခြင်း သည်လည်း ကောင်းမြတ်လှစွာသော မဂ်လာကြီးဖြစ်သည်ကို ဝမ်းမြောက်စွာသိကြရာသည်၊ သို့ဖြစ်၍ လောကီမဂ်ဉာဏ်တို့ဖြင့် အရိယသစ္စာလေးပါးတို့ကို သိမြင်ကြပြီးလျှင် လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ဖြင့် အရိယသစ္စာလေးပါးတို့ကို ဒိဋ္ဌ ထင်ထင် သိမြင်ကြလျက် အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းဖြင့်“နိဗ္ဗာနသစ္ဆိကရိယာ” မင်္ဂလာကို ပြည့်စုံစေကြရအောင် ဥပါဒါနက္ခန္ဓာ တည်း ဟူသော ဒုက္ခသစ္စာကို ဒုက္ခသစ္စာ အမှန်အစစ် ဖြစ်ကြောင်းကို ဉာဏ်၌ထင်မြင်အောင် အဖန်ဖန်အထပ်ထပ် သုံးသပ် ဆင်ခြင် ပွါးများအားထုတ်ကြ၍ ထိုဒုက္ခသစ္စာအမှန် ဥပါဒါနက္ခန္ဓာ အိမ်ကို တဘဝပြီး တဘဝ မငြီးငွေ့ မကြောက်မရွံ့ စေပဲ အမြဲ အသစ် အသစ် ဖန်တီး တည်ထောင် ဆောက်လုပ်၍ ပေးနေသော တဏှာ လောဘ တည်းဟူသော သမုဒယ သစ္စာ ဗိသုကာ (လက်သမား) ကို အမြစ် ပြတ်အောင် သုတ်သင် ရှင်းလင်း၍ တဏှာနှင့် ဒုက္ခတို့မှ လွတ်ကင်းရာ အမြဲ ငြိမ်း ချမ်းသာရာဖြစ်သော အသခ်တဓာတ် နိဗ္ဗာန်မြတ်သို့ ဆိုက်ရောက် ကြစေရန် ဝိပဿနာ ဘာဝနာကို မရမနေ ပွါးများ အားထုတ် အပ်လှပေသည်။

နိဗ္ဗာန်ကို လိုလားသော ပုဂ္ဂိုလ်တို့ကို အာရုံပြု၍ နိဗ္ဗာန်၏ သဘောကို အနည်းငယ်ဆက်ဦးအံ့။

ပုထုဇန်ဖြစ်သော ဗုဒ္ဓဘာသာဝင်တို့သည် များသောအားဖြင့် နိဗ္ဗာန်ကို တောင့်တကြကုန်၏၊ နိဗ္ဗာန်၏ သဘောတရားနှင့် နိဗ္ဗာန်၏ချမ်းသာကိုလည်း အလွန်သိလိုကြကုန်၏၊ သို့ကြောင့်လည်း ပိဋကစာတတ် ဆရာတော်ကြီးများ ထံသို့ ချဉ်းကပ်၍ နိဗ္ဗာန်၏သဘောတရားနှင့် ချမ်းသာပုံကို မေးလျှောက်ကြဘူးကုန်ပြီ၊ ဆရာတော်ကြီးများကလည်း အနည်းနည်း အဖုံဖုံ ပိဋကစာပေတို့ကို ကိုးကား၍ ဟောကြား ရေးသားတော်မူခဲ့ကြသည်မှာလည်း နိဗ္ဗာန်နှင့်စပ်လျဉ်းသော ကျမ်းစာ ကြီးငယ် ပေါင်းများစွာပင် ပေါ်ပေါက်ခဲ့ကြ၍ ကြည့်ရှု လေ့လာ ကြရသော်လည်း မိမိတို့၏ သဘောဉာဏ် မပေါက်ကြ၍ ကျေကျေ နပ်နပ်ကြီး သဘောကျသူကား ရှားပါး လှသည်ဟု ထင်မိပေသည်။

ပုထုဇန်တို့သည် နိဗ္ဗာန်ကို အနုမာနအနေဖြင့် မှန်းဆသိ, မှန်းဆမြင် လောက်သာ သိကြ, မြင်ကြ, ထင်ကြသည်ဖြစ်ရာ လန်ဒန်မြို့ကြီးသို့ ရောက်ဘူးသောပုဂ္ဂိုလ်က လန်ဒန်မြို့ကြီး၏ ကြီးကျယ်ပုံ, သားနားပုံ လန်ဒန် မြို့သူ မြို့သားတို့ နေထိုင် စားသောက်ပုံအလေ့အကျင့် တမျိုးတဖုံ ရှိကြပုံတို့ကို ပြောပြသောအခါ တဆင့်ကြားသိရသော ပုဂ္ဂိုလ်တို့၏ အသိအမြင်၌ လန်ဒန်မြို့သို့ရောက်ဘူးသောပုဂ္ဂိုလ်၏ အမြင်အသိမျိုးမဟုတ်ပဲ မိမိသိဘူး မြင်ဘူး တွေ့ကြုံဘူးသော ရန်ကုန်မြို့ကြီး မန္တလေး မြို့ကြီး တို့ကဲ့သို့သာလျှင် မှန်းဆ မြော်တွေးကာ ထင်ယောင် မြင်ယောင် ရှိကြပေလိမ့်မည်၊ ထို့အတူ နိဗ္ဗာန်၏ သဘော

ဘုရား နိဗ္ဗာန်၏ ချမ်းသာပုံကို နိဗ္ဗာန်ကို လက်ဆုတ် လက်ကိုင် ရမိသိရှိ ဉာဏ်မြင်ကိုယ်တွေ့ ဖြစ်တော်မူကြသော မြတ်စွာဘုရား နှင့်တကွ ရဟန္တာအရှင်များက ဟောကြားညွှန်ပြတော်မူသော်လည်း ဘုရားရှင် မိန့်မြွက်တော် မူသည့်အတိုင်း အဋ္ဌကထာ ဋီကာများက ဖွင့်ဆိုရေးသားတော် မူကြသော်လည်း ပုထုဇန်တို့မှာ မြင်နေကျ တွေ့နေကျ ခံစားနေကျ ဖြစ်သော တဏှာ လောဘဖြင့် သာယာ၍ ဝေဒနာဖြင့် ခံစားရသော လောကီ ချမ်းသာ ကာမချမ်းသာ တို့ကဲ့သို့သာလျှင် မှန်းဆ မြော်တွေး ထင်မြင် နေကြသည်၊ ကာမချမ်းသာမျိုး ဖြစ်သော နိဗ္ဗာန် ချမ်းသာကိုသာ လိုလားကြသည်၊ ကာမချမ်းသာမျိုးမှသာလျှင် ချမ်းသာအမှန်ဟု ထင်မြင်နေကြသည်၊ ဘုရားရဟန္တာမြတ်များ သိမြင်တော်မူသကဲ့သို့မူကား မြင်ကြ ထင်ကြသည် မဟုတ်ပေ။ ဤစာကို ရေးသားသော ပုဂ္ဂိုလ် ကိုယ်တိုင်လည်း ယနေ့အထိ နိဗ္ဗာန်ကို ကိုယ်တွေ့ဉာဏ်မြင်အနေအားဖြင့်မတွေ့ရ မသိမမြင်ရ သေးသောကြောင့် လန်ဒန်မြို့ကြီးသို့ ရောက်ဘူး မြင်ဘူးသော ပုဂ္ဂိုလ်၏ လန်ဒန်အမြင်အထင်ကဲ့သို့ နိဗ္ဗာန်ကို ရပြီးရောက်ပြီး ကိုယ်တွေ့ဉာဏ်မြင်ရှိသောအရိယာတို့၏အမြင်မျိုးကား မမြင်နိုင် မတွေ့နိုင်သည်သာလျှင် ဖြစ်ပေသည်၊ သို့ရာတွင် လန်ဒန်သို့ ရောက်ဘူးသူများ ရေးသော လန်ဒန်မြို့ အကြောင်း, လန်ဒန် ခရီးစဉ် စာအုပ်စာတမ်း များကို ဖတ်ရှုရသော ပုဂ္ဂိုလ်သည် လန်ဒန်သို့ ကိုယ်တိုင် မျက်မြင် မရောက်ဘူးသော်လည်း ထိုထို မှတ်တမ်းစာအုပ်ကို ဖတ်ရှုတွေ့မြင်ရသဖြင့် အနည်းငယ် ရိုးတိုး ရိပ်တိတ် မှန်းဆ၍ တစိတ်တဒေသအားဖြင့် သိမြင်ယော်ယမ်း မိသကဲ့သို့ နိဗ္ဗာန်မှတ်တမ်းများကို မဖတ်ဘူးသေးသော သူတို့ ထက်မူကား အတန်အသင့်ပို၍ မှန်းဆနိုင်ရုံသာလျှင်ရှိပေမည်။

ပုထုဇဉ်များအမြင်၌ ရှင်းလင်း၍ သဘောကျအောင် ရေးနိုင် လိမ့်မည် ဟူ၍၎င်း, ရှေးဆရာတော် ကြီးများထက် ပိုလွန်၍ ရေးသားနိုင်လိမ့်မည် ဟူ၍၎င်း တာဝန်မယူနိုင်ပေ။

ပုထုဇဉ်တို့သည် အစမထင်သော သံသရာတလျှောက်လုံးက လောကီ ချမ်းသာကို ကာမဘုံသား တို့၌ ကာမချမ်းသာကို သာလျှင် ချမ်းသာစစ် ချမ်းသာကောင်း ချမ်းသာကြီးဟုစွဲလမ်း ယူဆ ထင်မြင် မှတ်သား လာခဲ့ကြသော အစွဲအယူမှာ နာနေ ကြပြီ ဖြစ်သောကြောင့် ကာမ ချမ်းသာ၏ ဆန့်ကျင်ဘက်ဖြစ် သော နိဗ္ဗာန် ချမ်းသာကို ပြော၍ ကြားရ, စာဖတ်၍ သိရ သော်လည်း သဘောမကျနိုင် ဉာဏ်မသက်နိုင် ချမ်းသာဟူ၍ မထင်မြင်နိုင်၊ လိုချင်စရာ နှစ်သက်စရာ ဘေးရန်ကင်းရာ အလွန် ချမ်းသာရာဟူ၍ မယုံကြည်နိုင်အောင်ဖြစ်နေကြသည်၊ မမြင်ဘူး သော လန်ဒန်မြို့ကြီးကို မြင်ဘူးသော ရန်ကုန်မြို့ကြီး မန္တလေး မြို့ကြီးတို့ ကဲ့သို့သာ ထင်မြင် သဘောကျ နေသော သူကဲ့သို့ သန္တိသုခ, နိစ္စသုခ, ချမ်းသာအစစ်ဖြစ်သော, နိဗ္ဗာန်ချမ်းသာကို အမှန် ချေမ်းမှု မရှိသော ကာမချမ်းသာ, မမြဲသော ကာမ ချမ်းသာ, အစစ်အကောင်း မဟုတ်သော ကာမချမ်းသာ ကဲ့သို့ သာလျှင် သဘောပေါက်နေကြသည်၊ ကာမချမ်းသာ သဘော မျိုးသာ ဖြစ်ချင်ကြသည်၊ လန်ဒန်မြို့ ကြီးသည် ရန်ကုန်မြို့ကြီး မန္တလေးမြို့ကြီး တို့နှင့် မြို့သဘောချင်း တူညီတန်သမျှ တူညီ ပေလိမ့်ဦးမည်၊ ကာမချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာကားဆန့်ကျင် ဘက်ဖြစ်အောင် ခြားနားကြသည်၊ မတူညီအောင် ခြားနားကြ လေသည်၊....အပ္ပဋိဘာဂံ မဟာရာဇ နိဗ္ဗာနံ....မင်းကြီးနိဗ္ဗာန် သည် အတူမရှိဘူး ဟူ၍ အရှင်နာဂသေနထေရ် မိန့်တော်မူ ဘူးပြီ၊ ကာမချမ်းသာကိုသာလျှင် ချမ်းသာစစ် ချမ်းသာကောင်း

ဟူ၍ ထင်မြင်စွဲလမ်း ယူမှတ်နေကြသော ပုထုဇန်တို့၌ နိဗ္ဗာန် ချမ်းသာကိုသဘောကျဘို့မှာခဲယဉ်းလှပေသည်၊ အကြင်အကြင် ကာမဂုဏ်ကို ပယ်စွန့် နိုင် ၏။ တနည်း၊ အကြင် အကြင် ကာမဂုဏ်ကို လိုချင်သော တဏှာလောဘကို စွန့်ပယ်နိုင်၏၊ ထိုထိုကာမဂုဏ် ပယ်နိုင်ခြင်းနှင့် စပ်သော သန္တိသုခကို ရ၏၊ အကယ်၍ အပြည့်အစုံ ဖြစ်သော ချမ်းသာကို အလိုရှိမူကား အလုံးစုံသော ကာမဂုဏ်ကိုပယ်စွန့်ရာ၏ဟု ဟောတော်မူခဲ့ပြီ၊ အနုမာနဉာဏ်ဖြင့် မှန်းဆနိုင်သည်ဆိုသည်မှာလည်း သုတမယ ဉာဏ်, ဘာဝနာမယဉာဏ်ယှဉ်သောပုဂ္ဂိုလ်တို့ပင်သော်လည်း ကိလေသာခေါင်းပါး၍ ဉာဏ်မျက်စိ၌ ကိလေသာတိမ်သလာ အညစ်အကြေး အမြေးအယှက် အကွယ်အပိတ်နည်းသော အခါ၌သာလျှင် မှန်းဆ မြော်ခေါ်နိုင်ရာသည်။

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့်၊ (ဝါ) အမှန်အကန်အားဖြင့် ထင်ရှားရှိသည်ကား ကေန်ပင်တည်း၊.... "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ" ရဟန်းတို့ ဇာတိလက္ခဏာသို့ရောက်ခြင်းမရှိသော၊ (ဝါ) စ၍ဖြစ်ပေါ်ခြင်းမရှိသော, ဆက်လက်တိုးပွါးခြင်းမရှိသော, ဖြစ်ဖေါ်ဖြစ်ဖက်တရားတို့နှင့် တကွ ဖြစ်ခြင်းမရှိသော, အကြောင်းတရားတို့ကြောင့် ဖြစ်ခြင်း မရှိသော ထို အကြောင်းတရားတို့သည်ပင်လျှင် ပေါင်းစု၍ မပြုမပြင်အပ်သော နိဗ္ဗာန်ဟူသော လောကုတ္တရာ ပရမတ္ထ သဘောတရားသည် ထင်ရှားရှိပေသည်၊ အကယ်၍နိဗ္ဗာန်တရား မရှိလျှင် လောကီ, သင်္ခတနယ်, အနိစ္စနယ်, ဒုက္ခနယ်မှ လွတ်မြောက်ရာ အမြဲချမ်းရာသည်မရှိပဲ ဖြစ်ပေလိမ့်မည် ဟူ၍ ဗုဒ္ဓတိဝုတ်ပါဠိတော်၌ ဟောကြားတော်မူလျက်ရှိသည်။

နိဗ္ဗာန်ဆိုသည်မှာ ''နိ=မရှိသော။ ဝါန=မြေးယှက်တွယ်ကပ် တပ်မက် ဖွဲ့ချုပ်တတ်သော သဘောရှိသော တဏှာလောဘ။'' နိဝါန=နိဗ္ဗာန (ဝ ကို ဗပြု၊ ဗဒွေးဘော်ပြုသည်။) မြေးယှက်တွယ်ကပ် တပ်မက် ချုပ်ဖွဲ့တတ်သော တဏှာလောဘ ကင်းရာ ရှင်းရာ ကုန်ဆုံးရာ ချုပ်ပျောက်ရာ နိဗ္ဗာန်ကို ဆိုသည်။

တဏှာလောဘ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာခန်းခြောက်ရာသည် နိဗ္ဗာန်ပင်တည်း။ (ဤအချက်ကိုသတိပြု၍ မှတ်ထားရမည်။)

ဘန္တေ နာဂသေန နိရောဓော နိဗ္ဗာနန္တိ၊ အာမ မဟာရာဇ နိရောဓော နိဗ္ဗာနံ။ စသည်ဖြင့်.... အရှင်ဘုရား ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ပါလား။ မင်းကြီး ဟုတ်ပေသည်။ ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ပင်တည်း။ အဘယ်သို့ ချုပ်ငြိမ်း ခြင်းသည် နိဗ္ဗာန်ဖြစ်ပါသနည်း။ မင်းကြီး ခပ်သိမ်းသော ဗာလပုထုဇ္ဇန်တို့သည် စက္ခာယတနစသော အဇ္ဈတ္တိကာယတနခြောက်ပါး၊ ရူပါယတနစသော ဗာဟိရာယတနခြောက်ပါး၊ ဤအာယတန ၁၂ ပါးတို့၌ အလွန် လိုလားနှစ်သက်ကြ၏၊ အလွန် စွဲလမ်းပြောဆိုကြ၏၊ အလွန်သက်ဝင်ကြ၏၊ ယင်းသို့သော နှစ်သက်လိုလားခြင်း, စွဲလမ်းပြောဆိုခြင်း, သက်ဝင်ခြင်း ရေအယဉ်ဖြင့် စုံမျောနေကြ၏။ ဇာတိဘေး,ဇရာဘေး,မရဏဘေး,သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဘေးတို့မှ မလွတ်မြောက်နိုင်ကြပေ၊ အဇ္ဈတ္တိက ဗာဟိရာယတနတို့၌ သာယာနှစ်သက်မှု မရှိလျှင် တဏှာလောဘ ချုပ်ငြိမ်းလေ၏၊ တဏှာလောဘ ချုပ်ငြိမ်းလျှင် ဥပါဒါန်ချုပ်ငြိမ်း၏၊ ဥပါဒါန်ချုပ်ငြိမ်းလျှင်

ဘဝ ချုပ်ငြိမ်း၏၊ ဘဝ ချုပ်ငြိမ်းလျှင် ဇာတိ ချုပ်ငြိမ်း၏၊ ဇာတိချုပ်ငြိမ်းလျှင် ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသတို့ချုပ်ငြိမ်းကုန်၏၊ ယင်းသို့လျှင် ဒုက္ခစု ဒုက္ခစိုင်ကြီး ချုပ်ငြိမ်းလေတော့သည်၊ မင်းကြီး....ဤသို့သော ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန် ဖြစ်ပေသတည်းဟု ဖြေကြားတော်မူဘုးပြီ။

တဏှာ လောဘက လိုလား တောင့်တ ရှာမှီး နှစ်သက် မြတ်နိုး ခင်မင် စွဲလမ်းသမျှသော, နှစ်သက်အပ် တပ်မက်သာယာအပ် သမျှသော ရုပ်နာမ် ခန္ဓာတို့သည် ဇာတိဘေး ဇရာဘေး မရဏဘေး တို့ဖြင့် နှိပ်စက် အပ်သော ခန္ဓာတို့ ဖြစ်သောကြောင့် ဒုက္ခဓမ္မ တို့သာလျှင် ဖြစ်ကြလေသည်၊ဗြဟ္မာတို့၏ခန္ဓာ ဗြဟ္မာတို့၏ ချမ်းသာသည်လည်း ထိုဘေးဒုက္ခ တို့မှ မလွတ်ကြ၊နတ်တို့၏ခန္ဓာ နတ်တို့၏ချမ်းသာသည်လည်းထိုဘေး ထိုဘေးဒုက္ခတို့မှ မလွတ်ကြ၊ လူတို့၏ခန္ဓာ, လူတို့၏ချမ်းသာ သည်လည်း ထိုဘေးဒုက္ခတို့မှ မလွတ်ကြ။ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-ကြောင့်ကြ စိုးရိမ်ခြင်း, ငိုယိုရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းပြစွာ နှလုံးပူလောင်ခြင်း တို့မှ မလွတ်ကြပေ၊ ထိုထိုဘေးဒုက္ခတို့မှ မလွတ်မြောက်ကြမူ၍ တဝဲလည်လည် အပါယ်ဒုက္ခ,လူ့ဒုက္ခ,နတ်ဒုက္ခ, ဗြဟ္မာဒုက္ခ,တို့၌သာလျှင် အလဲအလှယ် ဒုက္ခအစဉ်မပြတ်ဖြစ်နေကြရခြင်းသည် ဘယ်သူ့ကြောင့်နည်းဟု တရားခံကို ရှာရမည်၊ ယင်းသို့ရှာဖွေသောအခါ အစစ်ဆုံးအမှန်ဆုံး ဒုက္ခဖြစ်ကြောင်း တရားခံသည် အခြားသူမဟုတ်၊ ထိုထိုများစွာသော ဒုက္ခတို့ကို ပင်လျှင် သုခအစစ် သုခအမှန် အနေနှင့် ထင်မြင်သော လိုချင် တပ်မက်သော တဏှာ လောဘကို တွေ့ရပေမည်၊ တဏှာ

လောဘကြောင့်သာလျှင် ဆင်းရဲမျိုးစုံကို ရရှိနေကြလေသည်၊ သားကိုအလိုရှိသူသည်သားကိုရ၏၊ သားကြောင့် ဒုက္ခပေါင်းများစွာကိုခံရ၏၊ နွားကိုအလိုရှိသူသည် နွားကိုရ၏၊ နွားကြောင့် ဒုက္ခပေါင်းများစွာကိုခံရ၏၊ သားကို,နွားကို ဘယ်သူက လိုချင်သနည်း၊ တဏှာ လောဘက လိုချင်သည်, လိုချင်၍ ရသည်၊ ရသောကြောင့် သားနှင့်စပ်သောဒုက္ခ, နွားနှင့်စပ်သော ဒုက္ခတို့ကိုခံကြရပေသည်၊ အခြား မည်သည့်လောကီပစ္စည်း လောကီချမ်းသာကိုမဆို အလိုရှိ၍ တောင့်တ ရှာမှီးသော သူသည် တောင့်တ ရှာမှီးချိန်မှစ၍ ရရှိပြီးသည်အထိ ထို ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ လက်ရှိတည်နေသမျှကာလပတ်လုံး ဒုက္ခကို ရကြလေသည်၊နတ်ပြဟ္မာခန္ဓာတို့သည်ဘာ့ကြောင့်ဒုက္ခအစုအပုံ ဖြစ်ကြရသနည်း၊ အကြောင်းရင်းမှာ မမြဲသောကြောင့်တည်း၊ အကယ်၍ တည်မြဲပါဘိမူကား ဝိပရိနာမဒုက္ခလည်း ဖြစ်ရန် မရှိ၊ ဒုက္ခဒုက္ခလည်း ဖြစ်ရန်မရှိပေ၊ ဝိပရိနာမဒုက္ခ,ဒုက္ခဒုက္ခတို့ မရှိကြပါမူ အသစ်ပြုပြင် ဖန်တီးရသော သင်္ခါရ ဒုက္ခကား အဘယ်မှာ ရှိတော့အံ့နည်း၊ သင်္ခါရဒုက္ခ မဖြစ်ပေါ်တော့ပြီ သို့ဖြစ်၍ ခန္ဓာ ရုပ် နာမ် ဟူသမျှတို့၏ ဒုက္ခ အစုအပုံတို့သာ ဖြစ်ရခြင်းသည် မမြဲကြသော ရုပ်နာမ်တို့ ဖြစ်ကြသောကြောင့် ဟူ၍ ဉာဏ်၌ ထင်မြင်ရာ၏၊ ယင်းဒုက္ခကို ရရှိနေကြခြင်းသည် ဒုက္ခအစစ်ကို သုခအစစ် အနေထင်၍ လိုချင် တပ်မက်သော တဏှာလောဘကြောင့် ရရှိနေကြသည်ဟူ၍ ဉာဏ်၌ ထင်မြင်ရာ၏၊ ထိုတဏှာ လောဘ၏ အမြဲကင်းရာ, အမြဲကုန်ရာ, အမြဲချုပ်ရာဖြစ်သော သဘောတရားသည် အမြဲချမ်းသာရာ, အမြဲငြိမ်းရော, အမှန် ချမ်းသာရာ, အစစ် ချမ်းသာရာ မုချ ဖြစ်မည် မဖြစ်မည်ကို ဆင်ခြင် ဉာဏ်ဖြင့် အနုမာန ဉာဏ်ဖြင့်

ဆင်ခြင်ကြည့်ရှုကြလေ၊ အနုမာန ဉာဏ်မျက်စိဖြင့် နိဗ္ဗာန်ကို ဝိုးတိုးဝါးတားမြင်ကြပေလိမ့်မည်။

ထို နိဗ္ဗာန် သည် ယခု ဘဝ၌ လက် ငင်း ရရှိ သော ပစ္စက္ခ နိဗ္ဗာန်, စုတိပြီး နောက်၌ ရရှိသော တမလွန် နိဗ္ဗာန် ဟူ၍ နှစ်မျိုးရှိ၏၊ သို့နှစ်မျိုး ကွဲပြားသော်လည်း သဘောလက္ခဏာ အားဖြင့်မူကား နိဗ္ဗာန်သည် တမျိုး တစားသာရှိ၏၊ အတိတ် အနာဂတ်စသော ကာလသည်လည်း နိဗ္ဗာန်၌ မရှိချေ၊ ပစ္စက္ခ နိဗ္ဗာန်ကို ကိလေသာနိဗ္ဗာန်-ကိလေသာတို့၏ငြိမ်းချုပ်ပျောက်သော နိဗ္ဗာန်ဟုဆိုသည်၊တမလွန်နိဗ္ဗာန်ကို ခန္ဓနိဗ္ဗာန်-သံသရာဘဝ တို့က ပြုလုပ်ခဲ့သော သင်္ခါရကမ်ကြောင့် နောက်ဆုံး ဘဝ၌ ရရှိဆဲဖြစ်သော အကျိုးဖြစ်သော ခန္ဓာဒုက္ခ အစိုင်အခဲ အစုအပေါင်း၏ ငြိမ်းပျောက်ကုန်ဆုံးရာ နိဗ္ဗာန်ဟုဆိုသည်၊ ထိုခန္ဓာ တည်းဟူသော ဒုက္ခ အစိုင် အခဲ အစု အပေါင်းကို လိုချင်တပ်မက်သောတဏှာလောဘနှင့်တကွသော ကိလေသာ အားလုံး ကုန်ဆုံး ချုပ်ငြိမ်းခဲ့ပြီ ဖြစ်သောကြောင့် ကိလေသာ တို့၏ အကျိုးတရားဖြစ်သော ဒုက္ခခန္ဓာတို့သည် စုတိ၏နောက်၌ အသစ်တဖန် ဖြစ်ပေါ်မှု ဇာတိသဘော မရှိတော့ပေ၊ ပွါးများ ဖြစ်ထွန်းခြင်း မရှိတော့ပေ၊ တစုံတရာသော အကြောင်းဖြင့် လည်း ပြုလုပ် အပ်တော့သည် မဟုတ်ပေ၊ တစုံတရာသော အကြောင်းသည်လည်း စီရင်ဖန်တီးမှု မရှိတော့ပေ၊ဤသို့သော သဘောတရားဖြစ်သော နိဗ္ဗာန်သည် ဧကန် အမှန်ရှိပေသည် ဟူ၍ ဘုရားရှင် ဟောတော်မူခဲ့ပေပြီ။

ယခုဘဝ၌ လက်ငင်းရရှိသောပစ္စက္ခနိဗ္ဗာန်ကို အနည်းငယ် ဆက်လက် ပြဆိုဦးအံ့၊ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းသည်

(၁) ကာယ သစ္ဆိကရဏ၊ (၂) ဉာဏ သစ္ဆိကရဏ ဟူ၍ ၂-မျိုးရှိ၏၊ (၁) နိဗ္ဗာန်ကို လိုလားသော ဆန္ဒရှိသောပုဂ္ဂိုလ်သည် ရကြောင်း တရားကို အားထုတ်၏၊ အားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ ညွတ်ယိမ်းကိုင်းရှိုင်း စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ ပရမတ္ထ သစ္စာ လေး ပါး ကို မဂ် နှင့် တ ကွ သော နာမကာယဖြင့် မျက်မှောက်ပြုခြင်း (တွေ့ထိ-သိရှိခြင်း) သည် ကာယ သ စ္ဆိ က ရ ဏ ဖြစ် ၏၊ (၂) ရရှိပြီးသော နိဗ္ဗာန်ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့်ကြည့်ရှုသိခြင်းသည် ဉာဏသ စ္ဆိကရဏ ဖြစ်၏။ ထို ၂-မျိုးသော သစ္ဆိကရဏတို့အနက်(၁)အစမထင်သော သံသရာ တလျှောက် လုံး မိမိ သန္တာန်၌ အမြဲ တမ်း ပူလောင်နှိပ်စက် လာခဲ့ကြသော ကိလေသာတို့၏ မဂ်ခဏ၌ ချုပ်ပျောက်ငြိမ်းခြင်းသည် ကာယသစ္ဆိကရဏတည်း၊ (၂) နာမကာယဖြင့် မျက်မှောက်ပြု(တွေ့ထိ-သိရှိ)ပြီးနောက်၊တဖန် မိမိသန္တာန်၌ ငြိမ်းဧ ချုပ်ပျောက် ပြီးသော ကိလေသာ တို့ကို ဆင်ခြင်သောအားဖြင့် ကြည့်ရှုသော အရိယာပုဂ္ဂိုလ်အား ဤမည်သောကိလေသာတို့သည် ငါ့သန္တာန်မှ ချုပ်ပျောက်ငြိမ်းဧကြလေပြီဟုသိရှိ၏၊ ယင်းသို့ သိရှိဆင်ခြင်ခြင်းသည် ဉာဏသစ္ဆိကရဏတည်း၊ ကာယသစ္ဆိကရဏသည် အဆုံးအပိုင်းအခြားမရှိသော ဝဋ်ဆင်းရဲဒုက္ခတို့ကို ကုန်ခန်းစေ၏၊ (ကာယသစ္ဆိကရဏ မဖြစ်လျှင် အရေအတွက်မရှိသော ခန္ဓာဒုက္ခတို့ကိုရရှိကြပေဦးမည်၊ ထိုခန္ဓာဒုက္ခတို့ကို ကာယသစ္ဆိကရဏဟူသော မဂ်က ပယ်ဖြတ် ရှင်းလင်းဖြတ်တောက်လိုက်၏။) ဉာဏသစ္ဆိကရဏသည် အရေအတွက် အပိုင်းအခြားမရှိသော နှစ်သက်ဝမ်းမြောက်ခြင်း တို့ကို ဖြစ်စေ၏၊ သောတာပန်သည် သောတာပန်အလျောက်ပယ်အပ်ပြီးသော ကိလေသာတို့ကို ကုန်ခန်း

စေပြီးနောက်,ပယ်အပ်ပြီးသည့်နောက် ဤမျှသောကိလေသာတို့ကို ပယ်သတ်အပ်လေပြီကို ဆင်ခြင်၍ ငြိမ်းချမ်းသာသော သန္တိသုခ ကြီးကို လက်ငင်း ရရှိ ခံစား ရ၏၊ သကဒါဂါမ်, အ နာ ဂါမ် တို့ သည် လည်း သ က ဒါ ဂါမ်, အ နာ ဂါမ် အလျောက် ပယ်အပ် ပြီးသော ကိလေသာ တို့ကို ကုန် ခန်း စေ ပြီး နောက်, ပယ် အပ် ပြီး သည့် နောက် ၌ ဤ မျှ သော ကိလေသာတို့ကို ပယ်အပ်လေပြီဟု ဆင်ခြင်၍ ငြိမ်းချမ်းသာသော သန္တိ သုခ ကြီး ကို လက် ငင်း ရရှိ ခံစား ရ၏၊ ရဟန္တာ အရှင် တို့မှာ မူကား အကြွင်း အကျန် မရှိသော ကိလေသာတို့ကို ငါပယ်သတ် အပ်လေပြီ၊ မဂ္ဂဗြဟ္မစရိယကို ငါကျင့်သုံး အပ်လေပြီ၊ ဒုက္ခခန္ဓာတို့ကို ဖြစ်ပေါ်စေတတ်သော ကိလေသာ တို့၏ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခခန္ဓာတို့သည် အသစ်တဖန် ဇာတိ အနေနှင့် ဖြစ်ပေါ်ရန်လည်း မရှိတော့ပြီ ဟူ၍ အလွန် ငြိမ်းချမ်းသာသော သန္တိသုခကြီးကို လက်ငင်း ရရှိခံစားတော်မူရလေတော့သည်။

ယင်းသို့လျှင်ပူလောင်စေတတ်သောကိလေသာတို့ ပပျောက် ချုပ်ငြိမ်း၍ ကာမဂုဏ်တို့၌ လိုချင်တပ်မက်မှု တဏှာလောဘ အပူမရှိခြင်း, အမျက်ထွက်ခြင်း, ပြစ်မှားခြင်း သဘောရှိသော ဒေါသအပူမရှိခြင်း, မာနဒိဋ္ဌိ စသော ကိလေသာတို့၏မရှိခြင်း, ချုပ်ငြိမ်းခြင်းဟူသောငြိမ်းမှု သန္တိသဘော သန္တိ သုခကြီးကို ရရှိခံစားလျက် စိတ်ကိုယ်နှောင့် သောက,ပရိဒေဝစသည်မရှိပဲ နေရခြင်းသည် ပင်လျှင် ယခုဘဝ၌ ရရှိသော ပစ္စက္ခ နိဗ္ဗာန် ဖြစ်လေသည်။

ဤပြဆိုခဲ့ပြီးသောပစ္စက္ခနိဗ္ဗာန်,တမလွန်နိဗ္ဗာန်ကို ရရှိခံစံ၍ အမြဲချမ်းသာလိုကြသော သူငါတို့သည် နိဗ္ဗာန်၏ဆန့်ကျင်ဘက်

ဒုက္ခကို ဖြစ်စေတတ်သော တဏှာ လောဘကို အလစ်မပေးပဲ အမြဲကြည့်၍ ရှင်းလင်းသုတ်သင် နိုင်ကြစေသတည်း။

---

## ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿ န ကမ္ပတိ

လောကဓမ်ရှစ်ပါးတို့တွင် တပါးပါးနှင့် တွေ့ကြုံ တိုက်ခိုက်သော အရဟတ္တ ဖလဋ္ဌာန် ဖြစ်သော ရဟန္တာ၏ စိတ်သည် တုန်လှုပ်ချောက်ချားမှု မရှိပေ၊ ယင်းသို့ တုန်လှုပ်ချောက်ချားမှု မရှိ ခြင်းသည် ပင်လျှင် ကောင်းမြတ်လှစွာသော မင်္ဂလာကြီး ဖြစ်သည်ဟု ဟောတော်မူသည်။

လောကဓမ်တို့နှင့် တွေ့ကြုံသောအခါ အဘယ်သူတို့သည် တုန်လှုပ်ကြသနည်း၊ အဘယ်သူတို့သည် မတုန်လှုပ်ကြသနည်း။

တုန် လှုပ် သော သူတို့ သည် အဘယ် ကြောင့် တုန်လှုပ်ကြသနည်း၊ မတုန် လှုပ် သော သူ တို့ သည် အ ဘယ့် ကြောင့် မတုန်လှုပ်ကြသနည်း။

ရူပကာယ၏ တုန်လှုပ်ခြင်း, နာမကာယဖြစ်သော စိတ်၏ တုန်လှုပ်ခြင်း၊ ဤနှစ်မျိုးတို့တွင် တုန်လှုပ်တတ်သော ပုဂ္ဂိုလ်တို့၌ အဘယ်ကာယ တုန်လှုပ်သနည်း၊ မတုန်လှုပ်တတ်သော ပုဂ္ဂိုလ်တို့၌ အဘယ်ကာယ မတုန်လှုပ်သနည်း။

လောကဓမ် တရားတို့နှင့် တွေ့ကြုံသော အခါ ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်တို့သည် တုန်လှုပ်ကြကုန်၏၊ အသေက္ခ ဖြစ်သော အရဟတ္တဖိုလ် ရဟန္တာပုဂ္ဂိုလ် တို့သည် တုန်လှုပ်မှုမရှိကြကုန်။

(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ (၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ (၃) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်၊ (၄) သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၊ (၅) အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ (၆) အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ် ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် သေက္ခပုဂ္ဂိုလ်တို့မည်ကုန်၏။

တုန်လှုပ် ကြသည်မှာ စင်စစ် အားဖြင့် လောဘ စသော ကိလေသာ တို့သည် လုံး၀ မကင်းရှင်းကြသေးပဲ သမာဓိအား နည်း ကြသော ကြောင့်ပင် ဖြစ် သည်၊ သမာဓိ အန အရင့်သို့ လိုက်၍ လောကဓမ်၏ ဒဏ်ကို ခံနိုင်ရည်ရှိကြသည် ဖြစ်ရာ၊ ပုထုဇန်ထက် သောတာပန်, သောတာပန်ထက် သကဒါဂါမ်, သကဒါဂါမ် ထက် အနာဂါမ်, အနာဂါမ် ထက် ရဟန္တာ အဆင့်ဆင့် ပို၍ပို၍ သည်းခံ နိုင်ကြသည်၊ တုန်လှုပ် ချောက်ချားမှုနည်းသည်ဟု ဆိုရပေမည်။

ပုထုဇန် တို့တွင် လည်း လောကီ မဂ္ဂင် ထိုက်သော သမ္မာသတိ, သမ္မာ၀ါယာမ, သမ္မာသမာဓိ တို့ အားရှိလျှင် ရှိသလောက် တုန်လှုပ်ချောက်ချားမှုနည်း၍ လောကဓမ်၏ဒဏ်ကို ခံနိုင်ရည် ရှိ ကြ ပေသည်၊ သို့ရာတွင် ခီဏာသဝ ဖြစ်တော်မူကြသော ဘုရား ရဟန္တာပုဂ္ဂိုလ်တို့ကဲ့သို့မူကား အပြည့်အစုံကြီး သည်းခံ နိုင် ကြ သည် မဟုတ်ချေ၊ အ ဘယ် ကြောင့် နည်း၊ တုန်လှုပ် ချောက်ချား ကြောင်း ဖြစ်သော လောဘ, ဒေါသ စသော ကိလေသာ အယုတ်တရားတို့သည် ပုထုဇန်သတ္တ၀ါတို့၏ သန္တာန်၌ မကုန်ခန်း မရှင်းလင်းကြသေးသောကြောင့် ဖြစ်၏၊ နိဗ္ဗာန်ခန်း၌ ပြဆိုခဲ့သည့်နည်းတူ သားကိုလိုချင်သော လောဘ ရှိသောသူသည် သားကိုရ၍ ထို သားသည် နာဖျားမကျန်း

ရှိသည် ဖြစ်စေ, တစုံတရာအန္တရာယ် နှင့် တွေ့ သည် ဖြစ်စေ, သားအတွက် တုန်လှုပ်ရ၏၊ ချောက်ချားရ၏၊ သား၌ အသက် တိုင်အောင် သော အန္တရာယ် နှင့် ကြုံတွေ့သော အခါ၌ကား အလွန့်အလွန် ပြင်းပြင်းထန်ထန် တုန်လှုပ်ချောက်ချား၍ မရပ် မတည်နိုင် ဖြစ်ကြရ၏၊ဒေါသ မကင်းရှင်း မကုန်ခန်းသေးသော သူသည် ဒေါသ အာဃာတကြောင့် ရန်သူရှိရ၏၊ မိမိကလည်း အခြားသူ၏ ရန်သူရန်ဖက်ဖြစ်ရ၏၊ ရန်သူရန်ဖက်ရှိသည်ဖြစ်၍ စိတ်နှစ်လုံးတည်ငြိမ်စွာ နေ ချမ်းချမ်း မနေဝံ့ မစားဝံ့ မသွားဝံ့ မလာဝံ့နှင့် တုန်လှုပ်ချောက်ချားကာ ကျီးကန်းတောင်းမှောက် တောမျောက်ပမာ ဂနာမငြိမ် ဇူနွေ့မရ တုန်လှုပ် ချောက်ချား လျက်နေရ၏၊ ကိလေသာထုထယ်အားကြီးသူဖြစ်လေ ကိုယ်စိတ် နှစ်ဖြာ တုန်လှုပ် ချောက်ချား လေဖြစ်၏၊ သို့ဖြစ်၍ ပုထုဇ္ဇန် သေက္ခတို့ တုန်လှုပ်ချောက်ချားကြသည်မှာ လောဘ, ဒေါသ စသော ကိလေသာတို့ မရှင်းမလင်း မကုန်မခန်းသောကြောင့် ဟုဆိုအပ်၏။

ရဟန္တာ ပုဂ္ဂိုလ်တို့ သည်ကား လောဘ ဒေါသ စသော ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ်ကင်းရှင်းချုပ်ပျောက် အောင် ဖြတ်တောက် ပယ်သတ် တော်မူကြပြီးဖြစ်၍ သားကို လည်း မလိုချင်၍သားကြောင့် တုန်လှုပ်ချောက်ချားမှုမရှိကြရ၊ နွားကိုလည်းမလိုချင်၍ နွားကြောင့်လည်း တုန်လှုပ်ချောက် ချားမှုမရှိကြရ၊ ဒေါသ ကင်းရှင်းတော် မူကြပြီး၍ ရန်သူလည်း ရှိတော် မမူကြ၊ သူတပါး၏ရန်သူလည်းဖြစ်တော်မမူကြ၊ ရန်သူ ဟူ၍ ထားသော စိတ်ရှိတော်မမူကြသောကြောင့်ရန်သူအတွက် တုန်လှုပ် ချောက်ချားမှုလည်း ဖြစ်တော် မမူကြရ၊ တည်ကြည်

ငြိမ်သက် ရတတ် မများရပဲ ချမ်းသာစွာ နေထိုင် သွားလာ ခြင်းဖြင့် သီတင်းသုံးတော်မူကြရပေသည်။

အရှင်ဘဒ္ဒိယ မထေရ်သည် အခါတပါး၌- အဟောသုခံ, အဟောသုခံ၊ အော်-ချမ်းသာလှပေစွ, အော်-ချမ်းသာလှပေစွ ....ဟူ၍ ဥဒါန်းကျူးတော်မူ၏၊ သို့ဥဒါန်း ကျူးသ်ကို ရဟန်းများကြား၍ ဘုရားထံတင်လျှောက်ကြ၏၊ ဘုရားရှင်ကရှေ့တော်သို့ ခေါ်စေလျက်ဘာ့ကြောင့် အဟောသုခံ....ဟု ဥဒါန်းကျူးသနည်းဟု မေးမြန်း တော်မူရာ၊ ဘုရား့ တပည့်တော် သည် လူ့ဘောင်၌ မင်းအဖြစ်နှင့်နေစဉ် အိပ်ဖန်စောင့် သက်တော်စောင့် ကိုယ်ရံတော် နန်းတော်စောင့် မြို့တော်စောင့် ပြည်တော်စောင့် ဖြစ်ကြသော အခြွေအရံ အစောင့်အရှောက် စစ်သည်ဗိုလ်ပါတို့ စောင့်ရှောက် နေကြပါလျက် စိတ်နှလုံးကို ဒုန်းဒုန်းချ၍ တည်တည်ငြိမ်ငြိမ်ကြီး အကြောက်အလန့်ကင်းပြီး မနေရဲခဲ့ပါ၊တုန်လှုပ်ချောက်ချားလျက်သာနေခဲ့ရပါသည်၊ယခုမူကား အစောင့်အရှောက်မရှိ၊ အကာအကွယ်မရှိ၊အဖေါ်သဟဲ မဲ့ပဲ သစ်တပင်ရင်း ဝါးတပင် အောက်၌ နေရသော်လည်း ဘေးမသိ ရန်မများ တုန်လှုပ် ချောက်ချားမှုမရှိ၊ ငြိမ်းချမ်းသာစွာ နေရပါ သောကြောင့် အဟောသုခံ, အဟောသုခံ.... ဟူ၍ ဥဒါန်းကျူးမိပါကြောင်းကို လျှောက်ထားသောဟူ၏၊ အရှင်ဘဒ္ဒိယ သန္တာန်၌ တုန်လှုပ် ချောက်ချားမှုမရှိ၊ သမာဓိမဏ္ဍိုင်၌တည်ခိုင်၍ သီတင်းသုံးနေနိုင်ဇတော်မူခြင်းသည် အခြားကြောင့်မဟုတ်၊ တုန်လှုပ် ချောက်ချား ကြောင်းဖြစ်သော အပူတရား အယုတ်တရား အာသဝေါ တရားတို့ ချုပ်ပျောက် ကင်းရှင်းသောကြောင့် ဖြစ်လေသည်။

ရူပကာယ၏ တုန်လှုပ်ခြင်း, နာမကာယ ဖြစ်သော စိတ်၏ တုန်လှုပ်ခြင်း နှစ်မျိုး ရှိသည်တွင် ပုထုဇန်တို့၌ နှစ်မျိုးလုံးပင် တုန်လှုပ်ကြ၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့၌ကား ရူပကာယ သာလျှင် တုန်လှုပ်တော်မူကြသည်၊ နာမကာယဖြစ်သောစိတ်တော်မှာ တုန်လှုပ်မှု မရှိကြကုန်။ တနည်းမှာ၊ ရဟန္တာပုဂ္ဂိုလ် တို့၌ ကာယိကဝေဒနာ- ကိုယ်၌ဖြစ်သောဝေဒနာကိုသာ ခံစားတော်မူကြသည်။မာနသိကဝေဒနာ-စိတ်တော်၌ဖြစ်သောဝေဒနာကို ခံစားတော်မမူကြပေ၊ ကာယိက ဝေဒနာကြောင့် ရူပကာယ တုန်လှုပ်တော်မူကြသည်၊ မာနသိက ဝေဒနာကို မခံစားသော ကြောင့် စိတ်တုန်လှုပ်မှု ရှိတော် မမူကြကုန်၊ ပုထုဇန် တို့သည် အဘယ့်ကြောင့် ကာယိက ဝေဒနာ,မာနသိကဝေဒနာ နှစ်မျိုး လုံးကို ခံစား၍ ကိုယ်ရော စိတ်ရော တုန်လှုပ် ကြသနည်းဆိုမူ, ပုထုဇန် တို့၏ စိတ်သည် ကိလေသာ ခေါင်းပါး အားနည်း အောင် ပွားများ လေ့လာမှု မရှိသောကြောင့် ကိုယ်ရော စိတ် ရော တုန်လှုပ်ကြသည်၊ ကိလေသာအားနည်းအောင် ပွားများ လေ့လာမှု မရှိသော ပုထုဇန် တို့၏ စိတ်သည် သုခ ဝေဒနာ ဖြစ်စေ, ဒုက္ခဝေဒနာဖြစ်စေ, တစုံတခုသော ဝေဒနာဖြစ်ပေါ် လာလျှင် ပေါ်ပေါက်လာသော ဝေဒနာသည် စိတ်ကို ဖေါက် ပြန် ပျက်စီးစေ၏၊ ဖေါက်ပြန် ပျက်စီးသောစိတ်သည် ကိုယ်ကို ရင်ပတ် ဖိနှိပ် မွှေနှောက် လှည့်ပတ်၏၊ ထိုအခါ၌ ပွားများ အပ်သော စိတ်မရှိသော ပုထုဇန်သည် လန့်ကြောက်၏၊ တုန် လှုပ်၏၊ အော်ဟစ်တတ်၏၊ သို့ကြောင့် ပုထုဇန်သည် ကိုယ်ရော စိတ်ပါ တုန်လှုပ် ချောက်ချားခြင်းဖြစ်လေသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် ပွားများအပ်သော စိတ်ရှိတော်မူ ကြကုန်၏၊ ယဉ်ကျေးအောင် ဆုံးမအပ်ပြီးသော စိတ်ရှိတော်မူ

ကြကုန်၏၊ ယဉ်ကျေးအောင် ဆုံးမအပ်ပြီးသော မြင်းသည် သခင်၏စကားကို လိုက်နာပြုလုပ်သကဲ့သို့၊ ထို့အတူ ရဟန္တာ ပုဂ္ဂိုလ်၏စိတ်သည် ယဉ်ကျေးပြီးဖြစ်၍ စိတ်ရှင်၏အလိုအတိုင်း ဖြစ်၏၊ ထားရာ၌တည်၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ဒုက္ခဝေဒနာ နှင့် တွေ့ထိသောအခါ အနိစ္စဟူ၍ မြဲစွာ နှလုံးသွင်းတော်မူ ကြ၏၊ သမာဓိတည်းဟူသော ချည်တိုင်၌ စိတ်ကို ခိုင်မြဲစွာ ချည်ထားအပ်သည်ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် တုန်လှုပ် ချောက်ချားမှုမရှိပဲ မပျံ့မလွင့် တည်ငြိမ်လျက်ရှိ၏၊ ဒုက္ခဝေဒနာကို သည်းခံတော်မူနိုင်၏၊သုခဝေဒနာနှင့်တွေ့ထိသောအခါ၌လည်း ထိုနည်းတူ အနိစ္စဟူ၍၎င်း, အနိစ္စဘေးကြောင့် ဒုက္ခဟူ၍၎င်း မြဲမြဲစွာ နှလုံးသွင်းတော်မူခြင်းဖြင့် အပြစ် အာဒီနဝ သဘော ဖြင့်သာ ရှုတော်မူကြ၏၊ သို့ကြောင့် စိတ်တော်သည် ဖေါက်ပြန်မှု တုန်လှုပ်မှု မငြိမ်သက်မှု မဖြစ်မူ၍ မပျံ့မလွင့် တည်ငြိမ်လျက် ရှိ၏၊ သုခဝေဒနာဖြစ်စေ, ဒုက္ခဝေဒနာဖြစ်စေ တစုံတရာသော ဝေဒနာ ဖြစ်ပေါ်လာသောအခါ ထိုဝေဒနာပျံ့နှံ့ခြင်းကြောင့် ရူပကာယသည်ကား တုန်လှုပ် ချောက်ချားခြင်းသို့ ရောက်ရ လေသည်၊ ဤသို့အားဖြင့် ပုထုဇန်တို့သည် လောကဓမ်တို့နှင့် တွေ့ကြုံသော အခါတို့၌ ကိုယ်ရော စိတ်ပါ တုန်လှုပ်ကြသည်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် မိမိတို့အစိုးမရသောရူပကာယသာလျှင် တုန်လှုပ်၍ စိတ်ဖြစ်သော နာမကာယသည်ကား တုန်လှုပ်ခြင်း မရှိကြကုန်ဟု မှတ်ကြရာသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် စိတ်ကို ယဉ်ကျေး စေနိုင်ပါလျက်, စိတ်ကို အစိုးရကြပါလျက် စိတ်၏ တည် မှီ ရာ ဖြစ်သော

ရူပကာယကို အာဘယ့်ကြောင့် မတုန်လှုပ်အောင် အစိုးတရ မစီမံနိုင်ပါသနည်း။

ကာယာနုဂတဓမ္မ- ကိုယ်သို့အစဉ်လိုက်တတ်သောသဘော တရားမျိုးတို့ကို ရဟန္တာနှင့်တကွသော သတ္တဝါတို့သည် အစိုး မရကြ၊ အရှင်သခင် မလုပ်နိုင်ကြ၊ မပြုပြင်နိုင်ကြပေ၊ ကာယာ နုဂတဓမ္မတို့သည် ဆယ်မျိုး ရှိကုန်၏၊ ဆယ်မျိုး ဟူသည်—

(၁) အဇ၊ (၂) အပု၊ (၃) အစာ ဆာလောင်ခြင်း၊ (၄) ရေ မွတ်သိပ်ခြင်း၊ (၅) ကျင်ကြီး၊ (၆) ကျင်ငယ်၊ (၇)ထိန,မိဒ္ဓ၊ (၈)အိုခြင်း၊ (၉)နာခြင်း၊ (၁၀)သေခြင်း တို့တည်း။

ဤဆယ်မျိုးသော ကာယာနုဂတဓမ္မတို့သည် သတ္တဝါတိုင်း တို့၌ ဘဝတိုင်း ဘဝတိုင်း ကိုယ်သို့ (ရူပကာယသို့) အစဉ် တစိုက်လိုက်၍ လည်နေကြကုန်၏၊ ထိုကာယာနုဂတဓမ္မဆယ်မျိုး တို့၌ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း အစိုးမရကြ၊ အရှင်သခင် မဖြစ်နိုင်ကြကုန်၊ ကာယာနုဂတဓမ္မဆယ်မျိုးတို့တွင် ထိန,မိဒ္ဓ တို့သည် အကုသိုလ်၏ အသင်းအပင်း နီဝရဏကိလေသာတို့ ဖြစ်ကြ၏၊ ၎င်း ထိန, မိဒ္ဓ တို့သည်ကား ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ပယ်ပြီးဖြစ်၍ မရှိကြချေ၊ ချုပ်ပျောက်သန့်ရှင်းပြီး ဖြစ်လေသည်၊ ထိန မိဒ္ဓ ဥဒ္ဒစ္စာနိ စတုတ္ထဉာဏ ဝဇ္ဈာ—ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာဉာဏဒဿနနိဒ္ဒေသ၌ ညွှန်ပြတော်မူသည်၊ ထိန,မိဒ္ဓတို့သည် စတုတ္ထမြောက် မဂ်ဉာဏ်ဖြင့် ပယ်အပ်သော နီဝရဏတို့တည်း၊ သို့ကြောင့် ပုထုဇန်တို့သန္တာန်၌ ဘဝတိုင်း လိုက်ပါသော ကာယာနုဂတဓမ္မဖြစ်သော်လည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ထိန, မိဒ္ဓ နီဝရဏတို့ ကင်းပြတ်

ချုပ်ပျောက်ပြီးသည်ကို သတိပြုကြရာသည်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ အခြားသော ကာယာနုပဿနာ တို့နှင့် တွေ့ထိ၍ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသောအခါ ကာယိကဝေဒနာကြောင့် ကာယစလန-ရူပကာယ တုန်လှုပ်မှု ရှိသည်ကိုသာ သိရှိမှတ်သားကြရမည်။

ဤသို့ဖြစ်သောကြောင့် အရိယာနှင့် တကွသော ပုထုဇန်တို့၌ ကာယိကဝေဒနာဖြစ်၍ ရူပကာယ တုန်လှုပ်ကြသည်၊ ပုထုဇန်တို့၌ ပွါးများအပ်သော ဘာဝနာ မရှိသောကြောင့် စိတ်ပါ တုန်လှုပ်ကြသည်၊ ရဟန္တာပုဂ္ဂိုလ်တို့၌ကား ပွါးများ အပ်သော ဘာဝနာ, ယဉ်ကျေးအောင် ဆုံးမအပ်ပြီးသော စိတ်ရှိတော်မူကြသောကြောင့် စိတ်တော်တုန်လှုပ်ချောက်ချားမှု မရှိကြကုန် ဟူ၍ ဆိုခဲ့သည်၊ စိတ်တော် တုန်လှုပ်ချောက်ချားမှု မရှိသည်ကို ရည်ညွှန်း၍ "နကမ္ပတိ"မင်္ဂလာကို ဟောတော်မူသတည်း။

အဟောသဝနာဝ ဗာလာနံ မင်္ဂလာမှစ၍ ဖြူဟုစင်ယမင်္ဂလာ တိုင်အောင် ၃၂-ပါးသော မင်္ဂလာတို့ကို အကြောင်းပစ္စည်း မင်္ဂလာတို့ဟူ၍ ဆိုသင့်၏၊ အရာအားလျော်စွာ အခါကာလ အားလျော်စွာ ၃၂-ပါးသော အကြောင်းပစ္စည်းမင်္ဂလာတို့ နှင့် ပြည့်စုံခဲ့သောပုဂ္ဂိုလ်သည် အရိယသစ္စဒဿန မင်္ဂလာနှင့် ပြည့်စုံ၍ သောတာပတ္တိမဂ်ဉာဏ်, သောတာပတ္တိ ဖိုလ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, သကဒါဂါမိ ဖိုလ်ဉာဏ်, အနာဂါမိ မဂ်ဉာဏ်, အနာဂါမိ ဖိုလ်ဉာဏ်, အရဟတ္တ မဂ်ဉာဏ်တို့ကို ရရှိလေတော့သည်၊ အရဟတ္တမဂ်ဉာဏ်ကိုရရှိပြီးသော သတ္တမ မြောက် အရိယာပုဂ္ဂိုလ် သည်လည်း အရဟတ္တမဂ်၏ အခြား မဲ့၌အရဟတ္တဖိုလ်ကို ရတော့သည်သာဖြစ်၏၊ နိဗ္ဗာနသစ္ဆိကိရိ

ယာ မင်္ဂလာကို ရရှိတော့သည်ဟု ဆိုလိုသည်၊ သို့ဖြစ်၍ အရိယသစ္စဒဿန မင်္ဂလာ၊ နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ တို့သည် အကျိုးတရား (ပစ္စယုပ္ပန်) ဖြစ်သော မင်္ဂလာတို့ ဟူ၍ ဆိုရပေမည်၊ တဖန် နိဗ္ဗာန သစ္ဆိကိရိယာ တည်းဟူသော အကြောင်းပစ္စည်း မင်္ဂလာနှင့် ပြည့်စုံခြင်းကြောင့် အရဟတ္တ ဖလဋ္ဌာန်ဖြစ်သော ရဟန္တာ၏ စိတ်တော်သည် လောကဓမ်တရားတို့နှင့် ထိခိုက် ကြုံကြိုက်သော်လည်း တုန်လှုပ် ချောက်ချားခြင်း မရှိ တည်ငြိမ် ခိုင်ခံ့ခြင်းစသော အကျိုးမင်္ဂလာ လေးပါးတို့ကို ရရှိပြန်လေသည်။

မင်္ဂလာ တရားတော်တို့သည် တပါးနှင့် တပါး အကျိုးအကြောင်း ဆက်လျက် လောကီ မင်္ဂလာ ၃၁ ပါး၊ လောကုတ္တရာ မင်္ဂလာ ၂ ပါး၊ လောကုတ္တရာအကျိုးမင်္ဂလာ ၄ ပါး၊ ပေါင်း ၃၈ ပါး ဖြစ်သည်ကို သတိပြု၍ မှတ်သားကြရမည်။

---

## ၃၆။ အသောကံ

လောကဓမ်တို့နှင့်တွေ့ဆုံ ကြုံကြိုက်သော ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ တုန်လှုပ် ချောက်ချားမှု မရှိသည် သာလျှင်မဟုတ်သေး၊ စိုးရိမ်ပူပန် ကြောင့်ကြခြင်းသည်လည်း မရှိချေ။

စိုးရိမ်သည် ကြောင့်ကြသည်ဆိုသည်မှာ သောကပင်ဖြစ်၏။ ထိုသောကသည် (၁) ဉာတိဗျသန - ဆွေမျိုးများ ပျက်စီးခြင်း၊ (၂) ဘောဂဗျသန-ဥစ္စာစည်းစိမ် ပျက်စီးခြင်း၊ (၃) ရောဂဗျသန-ရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊ (၄) သီလဗျသန-ကိုယ်ကျင့်သီလ ပျက်စီးခြင်း၊ (၅) ဒိဋ္ဌိဗျသန-အယူအမြင် ပျက်စီး

ခြင်း—ဟူဆိုအပ်သော ပျက်စီးခြင်း ငါးမျိုးတို့တွင် တမျိုးမျိုးနှင့်သော်၎င်း, နှစ်မျိုး သုံးမျိုးနှင့်သော်၎င်း ကြုံတွေ့ကြရသော အခါပုထုဇဉ်သတ္တဝါတို့၌ စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်း၊ သောက ဗျာပါရဖြစ်တတ်ကြပေသည်၊ စိတ်နှလုံး မချမ်း မသာခြင်းဖြစ်တတ်ကြသည်၊ ရဟန္တာပုဂ္ဂိုလ်တို့၌မူကား ထိုသို့သော စိုးရိမ်မှုကြောင့်ကြမှု သောက ဗျာပါရတို့ ဖြစ်ပေါ်ခြင်း မရှိတော့ချေ၊ အဘယ့်ကြောင့် မဖြစ်ကြ မပေါ်ပေါက်ကြသနည်း၊ သောက၏ တရားကိုယ်သည်ဒေါမနဿဖြစ်သည်၊ဒေါမနဿဝေဒနာသည် စိတ်နှလုံး မချမ်းသာခြင်း သဘောရှိ၍ စိတ်၌ယှဉ်သော နာမကာယကို ယဉ်ကျေး အောင် ဆုံးမ အပ်ပြီး သော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ စိတ်နှလုံး မသာယာမှု ဒေါမနဿဖြစ်ပေါ်နိုင်ခွင့်မရှိတော့ပေ၊ ကျောက်သားအတိပြီးသောကျောက်ဖျာပေါ်၌ စပါး ပြောင်း ပဲ စသော ဗီဇ မျိုးစေ့ တို့ ကျရောက်သော်လည်း အပင်ပေါက်ခြင်း, ကြီးပွါးဖြစ်ထွန်းခြင်းမရှိလေ တော့သကဲ့သို့ ကျောက်ဆိုင် ကျောက်တိုင်ကြီးကဲ့သို့ တည်ငြိမ်နိုင်ခံ့အောင် ပြုပြင် ဖန်တီး အပ်ပြီးသော ရဟန္တာတို့၏ စိတ်တော်သည်လည်း စိုးရိမ် ကြောင့်ကြ ဖွယ်ရာ အာရုံနှင့် တွေ့ကြုံထိခိုက်သော်လည်း စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်တော် မမူကြပေ၊ စိုးရိမ်ကြောင့်ကြ ပင်မျှား မပေါက် နိုင်ကြ၊ မကြီးပွါးနိုင်ကြတော့ပေ၊ နှစ်သက် မြတ်နိုး အပ်သော ဣဋ္ဌာရုံ ဖြစ်သော အာရုံငါးပါးတို့နှင့် တွေ့ကြုံသည်ဖြစ်စေ, မနှစ်သက် မမြတ်နိုး အပ်သော အနိဋ္ဌာရုံ ဖြစ်သော အာရုံငါးပါး တို့နှင့် တွေ့ကြုံသည်ဖြစ်စေ, ပြောင်းလွဲမှုမရှိ၊ သာယာမှုမရှိ၊ စိုးရိမ်ပင်ပန်းမှုမရှိပဲ၊ တည်ကြည် ဆေးစွာ သည်းခံ နိုင်ခြင်းသည် ပင်လျှင်ကောင်းကျိုးချမ်းသာမင်္ဂလာကြီးဖြစ်သော ကြောင့် အာသဝေါ

ကုန်ခန်းတော်မူပြီးသော ရဟန္တာအရှင်မြတ်တို့၌ အာသဝေါ ကုန်ခန်းခြင်း တည်းဟူသော အကြောင်းတရား၏ အကျိုး အာနိသံသ ဖြစ်သော "အသောက" မင်္ဂလာကို ရရှိတော်မူသည်ဟု ဟောကြားတော်မူလိုရင်းဖြစ်လေသည်။

---

## ၃၇။ ဝိရဇံ

လောကဓမ်တို့နှင့် တွေ့ဆုံကြုံကြိုက်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ စိုးရိမ်ကြောင့်ကြခြင်း, ပူပန်ခြင်း သာလျှင် ကင်းရှင်းတော်မူကြသည် မဟုတ်၊ အလုံးစုံသော ကိလေသာမြူ အညစ်အကြေးမှ လည်း ကင်းရှင်း သန့်စင်တော်မူကြလေသည်။

အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် လောကဓမ်တို့နှင့်တွေ့ကြုံတိုက်ဆိုင်မိကြသော်လည်း တုန်လှုပ်မှု မဖြစ်ပေ၊ စိုးရိမ်ကြောင့်ကြမှု မဖြစ်ပေ၊ အနုသယအနေနှင့် ကိန်းဝပ်လျက်ရှိသော ကိလေသာ ဟူသမျှတို့ကို ပယ်သတ်အပ်ပြီးသည် ဖြစ်၍ အသစ် အသစ်လောဘ, ဒေါသ, မာန, ဒိဋ္ဌိ စသော ကိလေသာ တို့သည်လည်း မဖြစ်ပေါ်တော့ပေ၊ ယင်းသို့လျှင် အသစ် အသစ် ကိလေသာတို့၏ မဖြစ်ခြင်း, ချုပ်ငြိမ်းခြင်း,ကင်းလွတ်ခြင်း "ဝိရဇ" သည်ပင် အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်ခြင်း၏ အကျိုးကျေးဇူးတို့ဖြစ်ကြသည်။

ဝိ=ကင်းသော၊ ရဇ=ကိလေသာမြူ၊ ဝိရဇ=ကင်းရှင်းသန့်စင်ပြီးသော ကိလေသာမြူ၊ ကိလေသာ တည်းဟူသော မြူဖုံ အညစ်အထေး ကြေးညှော် ကုန်ခန်း ချုပ်ပျောက် ကင်းလွတ်

စင်ကြယ်သော ကောင်ကျိုး မဂ်လာ ဟုဆိုသည်၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ သဏ္ဍာန်၌ ကိလေသာမှုသည်၊ အဘယ်သို့ ချုပ်ပျောက် ကင်းနိုင်ကြ လေသနည်း၊ အရိယာ ပုဂ္ဂိုလ်တို့သည် သောတာပတ္တိ မဂ်ကစ၍ ကိလေသာတို့ကို အဆင့်ဆင့် တရစ်တရစ်ပယ်သတ် ငြိမ်းစေခဲ့သောကြောင့် ဖြစ်သည်၊ ကိလေသာဆယ်ပါးတို့တွင်—

သောတာပတ္တိ မဂ်သည် (၁) ဒိဋ္ဌိ၊ (၂) ဝိစိကိစ္ဆာ တို့ကိုပယ်အပ်ကုန်၏၊ အနာဂါမိ မဂ်သည ဒေါသကို ပယ်အပ်၏၊ အရဟတ္တမဂ်သည် (၁) လောဘ၊ (၂) မောဟ၊ (၃) မာန၊ (၄) ထိနမိဒ္ဓ၊ (၅) ဉဒ္ဓစ္စ၊ (၆) အဟိရိက၊ (၇) အနောတပ္ပတို့ကို ပယ်သတ်အပ်ကုန်၏၊ သို့ကြောင့် ရဟန္တာအဖြစ်သို့ ဆိုက်ရောက် ပြီးသော အရိယာ ပုဂ္ဂိုလ်တို့ သဏ္ဍာန်၌ ကိလေသာအကျဉ်းဆယ်ပါး,အကျယ် ၁၅၀၀ တို့သည် အမြစ်ပြတ် ချုပ်ပျောက် ငြိမ်းကြကုန်ပြီ ဖြစ်ရကား ကိလေသာ ဖြစ်ကြောင်း လောကဓမ် အာရုံနှင့် ကြုံကြိုက် တွေ့ထိ ကြရသော်လည်း ကိလေသာမှု အပူ အလောင် အညစ်အကြေးတို့သည် တဖန်အသစ် ဖြစ်ပေါ်မှု မရှိသော မဂ်လာကြီးကို ရရှိတော် မူကြပေသည်။

(၄) မိဒ္ဓသည် ကိလေသာ ဆယ်ပါး၌ အပါအဝင် မဟုတ်သော်လည်း၊ နီဝရဏ ၆-ပါး၌ အပါအဝင်ဖြစ်၍ ထိန နှင့်တွဲလိုက်သည်။

မဂ်လေးပါး အဆင့်ဆင့် ပယ်ပုံများကို သိရှိ ထိုက်သည် ဖြစ်၍ ထုပ်ပြဦးမည်။

အကုသိုလ်စိတ် ၁၂ တို့တွင်—

သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတ သမ္ပယုတ် စိတ် ၄၊ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁၊ ပေါင်း အကုသိုလ် စိတ် ၅ ကို ပယ်သည်။

အနာဂါမိမဂ်သည် ဒေါသမူစိတ် ၂ ကိုပယ်သည်။

အရဟတ္တမဂ်သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄၊ ဥဒ္ဓစ္စ သဟဂုတ်စိတ် ၁၊ ပေါင်း ၅ ကိုပယ်သည်။

အကုသိုလ် ဖြစ်မြောက် ကြောင်း အကုသလ ကမ္မပထ ၁၀ တို့တွင်—

သောတာပတ္တိ မဂ်သည် (၁) ပါဏာတိပါတ၊ (၂) အဒိန္နာဒါန၊ (၃) ကာမေသုမိစ္ဆာစာရ၊ (၄) မုသာဝါဒ၊ (၅) မိစ္ဆာဒိဋ္ဌိတို့ကို ပယ်သည်။

အနာဂါမိမဂ်သည် (၁) ပိသုဏဝါစာ၊ (၂) ဖရုသဝါစာ၊ (၃) ဗျာပါဒတို့ကို ပယ်သည်။

အရဟတ္တမဂ်သည် (၁) သမ္ဖပ္ပလာပ၊ (၂) အဘိဇ္ဈာ တို့ကို ပယ်သည်။

နီဝရဏ ၆ ပါးတို့တွင်—

သောတာပတ္တိမဂ်သည် ဝိစိကိစ္ဆာ နီဝရဏကို ပယ်သည်။

အနာဂါမိမဂ်သည် (၁) ကာမစ္ဆန္ဒ နီဝရဏ၊ (၂) ဗျာပါဒနီဝရဏ၊ (၃) ကုက္ကုစ္စ နီဝရဏတို့ကို ပယ်သည်။

အရဟတ္တမဂ်သည် (၁) ထိနမိဒ္ဓ နီဝရဏ၊ (၂) ဥဒ္ဓစ္စ နီဝရဏတို့ကို ပယ်သည်။

အနုသယ ၇ ပါးတို့တွင်—

သောတာပတ္တိမဂ်သည် (၁) ဒိဋ္ဌာနုသယ၊ (၂) ဝိစိကိစ္ဆာနုသယတို့ကို ပယ်သည်။

အနာဂါမိမဂ်သည် (၁) ကာမရာဂါနုသယ၊ (၂) ပဋိဃာနုသယတို့ကို ပယ်သည်။

အရဟတ္တမဂ်သည် (၁) မာနာနုသယ၊ (၂) ဘဝရာဂါနုသယ၊ (၃) အဝိဇ္ဇာနုသယတို့ကို ပယ်သည်။

အာသဝ ၄ ပါးတို့တွင်—

သောတာပတ္တိမဂ်သည် ဒိဋ္ဌာသဝကို ပယ်သည်။

အနာဂါမိမဂ်သည် ကာမာသဝကို ပယ်သည်။

အရဟတ္တမဂ်သည် ဘဝါသဝ, အဝိဇ္ဇာသဝတို့ကိုပယ်သည်။

ဝိပလ္လာသ ၃ ပါးတို့တွင်—

အနိစ္စဖြစ်သော ရုပ် နာမ် ခန္ဓာတို့၌ နိစ္စဟူ၍ငင်း, အတ္တမဟုတ်သော ရုပ် နာမ် ခန္ဓာတို့၌ အတ္တ ဟူ၍ငင်း, သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတို့ ဖြစ်ကြသည်၊ ဒုက္ခဖြစ်သော ရုပ် နာမ် တို့၌ သုခဟူ၍ငင်း, မတင့်တယ်သော အသုဘ ရုပ်နာမ်ခန္ဓာတို့၌ သုဘဟူ၍ငင်း ဒိဋ္ဌိဝိပလ္လာသဖြစ်၏၊ ဤ ဆိုခဲ့ပြီးသော ဝိပလ္လာသ တို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏၊ အသုဘ၌သုဘဟူ၍ဖြစ်သော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ တို့ကို အနာဂါမိမဂ်သည် ပယ်အပ်ကုန်၏၊ ဒုက္ခ၌ သုခဟူ၍ဖြစ်သော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ တို့ကို အရဟတ္တမဂ်သည် ပယ်အပ်ကုန်၏၊ သကဒါဂါမိမဂ်သည် အကြွင်းမဲ့ ပယ် သတ် အပ် သော တရားတို့ မရှိကြ၊

ခေါင်းပါးရုံမျှသာ ခေါင်းပါးစေသည်၊ ခေါင်းပါးစေသည် ဆိုသည်မှာ သောတာပတ္တိမဂ် ပယ်၍ ကြွင်းကျန်သေးသော ကိလေသာ ထုထယ်တို့ကို ထုထဲရာမှ ပါးလွှာစေခြင်း, အားနည်းစေခြင်း ပင်တည်း။

၎င်းသို့လျှင် မဂ်လေးပါးတို့သည် ကိလေသာစသော အပူတရား,အယုတ်တရား,အပွါးတရား,အမြင်အထင်မှားစေသောတရား, အပိတ်အကာတရားတို့ကို အဆင့်ဆင့် တရစ်တရစ်အားဖြင့် ပယ်ခဲ့ရာ အရဟတ္တမဂ်သို့ ရောက်လျှင် ကိလေသာ အကြွင်းအကျန်, အပူတရား အကြွင်းအကျန်, အယုတ်တရား အကြွင်းအကျန်မရှိတော့ပြီဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ ကိလေသာမှုကင်းစင်သော "ဝိရဇ" မင်္ဂလာကြီးကို ရရှိသည်ကို ပြတော်မူသည်၊ ယင်းသို့ ကိလေသာ အကြွင်းမဲ့ကင်းစင်သန့်ရှင်းတော်မူကြသောကြောင့် လောက၌ အဂ္ဂဒက္ခိဏေယျ မဟာဒိဋ္ဌာ သဝပုဂ္ဂိုလ်မြတ်ကြီးများ အဖြစ်သို့ ရောက်တော်မူကြလေသတည်း။

## ၃၈။ ခေမံ

လောကဓမ်တို့နှင့် တွေ့ဆုံ ကြုံကြိုက်သော ရဟန္တာပုဂ္ဂိုလ်တို့သည် တုန်လှုပ်သော စိတ်နှလုံးတော် မရှိခြင်း, စိုးရိမ်ပူပန်ကြောင့်ကြမရှိခြင်း, ကိလေသာ မှုအညစ်အကြေးတို့မှ ကင်းစင်တော်မူခြင်းကို ရရှိတော် မူကြသောကြောင့် ယောဂလေးပါးတည်းဟူသော ဘေးအန္တရာယ်တို့မှ ကင်းလွတ်သော "ခေမ" မင်္ဂလာကြီးကိုလည်း ရရှိတော်မူကြလေသည်။

နကမ္ပတိမင်္ဂလာ, အသောကမင်္ဂလာ, ဝိရဇမင်္ဂလာ, ခေမမင်္ဂလာတို့သည် နိဗ္ဗာန သစ္ဆိကိရိယာ ဟူသော အကြောင်းမင်္ဂလာကြောင့် ရရှိသောအကျိုးမင်္ဂလာတို့ ဖြစ်သည်။

လောကဓမ်တို့နှင့်ကြုံကြိုက်တွေ့ထိသောအခါ အခြေမပျက်တည်မြဲနိုင်ခံ့ကြံ့ကြံ့ခံနိုင်သောဂုဏ်သည် အမှတ်မဲ့ကြားရသောအခါ၌ မလေးစား လောက်သော အရာ ဟူ၍ မှတ်ထင်ရသော်လည်း နက်နက် နဲနဲ ဆင်ခြင်စဉ်းစားသောအခါ အလွန်အရေးကြီး၍ အဘိုးတန်လှသော ဂုဏ်ကျေးဇူး အကျိုးတရားများဖြစ်လေသည်။

## လောကဓမ်ရှစ်ပါး

၁။ ပစ္စည်းလာဘ်, ဂုဏ်လာဘ်ကိုရခြင်း-လာဘ။
၂။ ပစ္စည်းလာဘ်, ဂုဏ်လာဘ်ကိုမရခြင်း-အလာဘ။
၃။ အခြံအရံ အကျော်အစော ရခြင်း-ယသ။
၄။ အခြံအရံ အကျော်အစော မရခြင်း-အယသ။
၅။ ကဲ့ရဲ့ခံရခြင်း-နိန္ဒာ။
၆။ ချီးမွမ်းခံရခြင်း-ပသံသာ။
၇။ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း-သုခ။
၈။ ကိုယ်စိတ် နှစ်ဖြာ ဆင်းရဲခြင်း-ဒုက္ခ။

ဤ လောကဓမ် ရှစ်ပါးတို့တွင် ကောင်းသော လောကဓမ် ၄-မျိုး, မကောင်းသောလောကဓမ် ၄-မျိုးရှိလေသည်၊ လောကဓမ်ဟူသည်မှာ (လောက=သတ္တဝါ၊ဓမ္မ=သဘော ဓမ္မတာ၊) သတ္တဝါတို့၌ ဖြစ်တတ် ကြုံတွေ့တတ်သော သဘော ဓမ္မတာ ဆိုလိုသည်၊ ထိုသဘော ဓမ္မတာ အစဉ် အလာသည် ရှစ်မျိုး ရှိသောကြောင့် လောကဓမ် ရှစ်ပါးဆိုသည်။ ရဟန္တာနှင့် တကွ

သော သတ္တဝါတို့သည် လောကဓံ ရှစ်ပါးတို့ အနက် တပါး ပါးနှင့် နှစ်စဉ်,လစဉ်,နေ့စဉ်,အချိန်စဉ် တွေ့လျက်, ကြုံလျက်, ဆုံစည်းလျက်, ထိခိုက်လျက် ရှိနေကြလေသည်၊ သို့တွေ့ကြုံ ထိခိုက်လျက် ရှိရာတွင် ရဟန္တာ အရှင်မြတ်တို့ သည်ကား ကောင်းသောလောကဓံနှင့်တွေ့ကြုံကြသည်ဖြစ်စေ, မကောင်း သော လောကဓံနှင့်တွေ့ကြုံကြသည်ဖြစ်စေ,ဖေါက်ပြန်ပြောင်း လဲသောစိတ် ရှိတော်မမူကြပေ၊ စိုးရိမ်ပူပန်မှု ရှိတော်မမူကြပေ၊ လောဘမြူကင်းစင်ပြီးဖြစ်၍ လောဘဖြစ်စရာ အာရုံနှင့် တွေ့ကြုံ သော်လည်း လောဘအသစ် ဖြစ်ပေါ်မှု ရှိတော်မမူ ကြပေ၊ ဒေါသမြူ ကင်းစင်ပြီးဖြစ်၍ ဒေါသဖြစ်စရာ အာရုံနှင့် တွေ့ကြုံ သော်လည်း ဒေါသတဖန် ဖြစ်ပေါ်မှု ရှိတော်မမူကြပေ၊ ကာမ ယောဂ ဘေးတို့မှ ကင်းစင်ပြီး ဖြစ်၍ ယောဂ ဖြစ်ပေါ်ခြင်း လည်းရှိတော်မမူကြပေ၊ ကောင်း မကောင်းသော လောကဓံ အာရုံတို့ကြောင့် တုန်လှုပ်ဖေါက်ပြန်မရှိခြင်း, စိုးရိမ်မှု မရှိခြင်း, ကိလေသာ မြူ ကင်းခြင်း, ယောဂ ဘေးတို့မှ ကင်းလွတ်ခြင်းတို့ ကြောင့်ပင်လျှင် ရဟန္တာတို့၌ တာဒိဂုဏ်ကို ရရှိတော် မူကြ ပေသည်၊ တာဒိဂုဏ်ရရှိ၍ ဖေါက်ပြန်မှု မဖြစ်ပေါ်ခြင်းသည် အလွန်အဘိုးတန်သော ကောင်းကျိုးချမ်းသာ မင်္ဂလာကြီးတဆူ ဖြစ်ချေသည်။

သေလော ယထာ ဧကဃနော၊
ဝါတေန န သမီရတိ။
ဧဝံ ရူပါ ရသာ သဒ္ဒါ၊
ဂန္ဓာ ဖဿာ စ ကေဝလာ။
ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊
န ပဝေဓေန္တိ တာဒိနော။ ။

ကေ႒ွနော၊ တခဲနက် ကျောက် သား အတိ ပြီး သော။ သေလော၊ ကျောက် တောင် သည်။ ဝါသေနာ၊ လေကြောင့်။ န သမီရတိယထာ၊ မတုန်လှုပ်သကဲ့သို့။ ဧဝံတထာ၊ ဤနည်းတူ။ တာဒိနော၊ တာဒိဂုဏ်ရှိတော်မူသော ရဟန္တာ အရှင်မြတ်၏။ စိတ္တာနိ၊ စိတ်တို့သည်။ ဣဋ္ဌာဝမ္မာစ၊ ဣဋ္ဌာရုံလည်းဖြစ်သော။ အနိဋ္ဌာဝမ္မာစ၊ အနိဋ္ဌာရုံလည်းဖြစ်သော။ ကေဝလာ၊ အလုံး စုံသော။ ရူပါစ၊ ကောင်း မကောင်းသော ရူပါရုံကြောင့်ငှင်း။ သဒ္ဒါစ၊ ကောင်းမကောင်းသော သဒ္ဒါရုံကြောင့်ငှင်း။ ဂန္ဓာစ၊ ကောင်း မကောင်းသော ဂန္ဓာရုံကြောင့်ငှင်း။ ဖဿာစ၊ ကောင်း မကောင်းသောဖောဋ္ဌဗ္ဗာရုံကြောင့်ငှင်း။ နပဝေဓေန္တိ၊ တုန်လှုပ် တော်မမူကြလေကုန်။

## လူသာမန်နှင့် လောကဓံ

ပုထုဇန်တို့နှင့် အောက်အရိယာတို့သည်ကား လောကဓံ၏ ဒဏ်ကို အပြည့်အစုံမခံနိုင်ကြချေ၊ ပုထုဇန်တို့သည် လောကဓံ တို့ နှင့် တွေ့ ကြုံ သော အခါ သာ၍ တုန် လှုပ် ဖေါက် ပြန် တတ်ကြကုန်၏၊ မကောင်းသော အလာဘ, အယသ, နိန္ဒာ, ဒုက္ခ လောကဓံတို့ နှင့် တွေ့ကြုံသော အခါ၌သာ ဖေါက်ပြန် တုန်လှုပ် ပူဆွေးဒုက္ခဖြစ်၍ လောကဓံ ဒဏ်ကို ခံကြရသည် မ ဟုတ်၊ ကောင်း သော လာ ဘ, ရ သ, ပသံသာ, သုခ, လောကဓံတို့နှင့် တွေ့ကြုံထိခိုက်သောအခါ၌လည်း ပုထုဇန် တို့၌ ဖေါက် ပြန် ကြ, တုန်လှုပ်ကြသည်သာ ဖြစ်ခလသည်၊ ပစ္စည်းဥစ္စာနည်းပါးဆင်းရဲ နွမ်းပါးစဉ်က လောဘ, ဒေါသ, မာနမကြီးလှသောသူသည် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာလာ သောအခါ၌ဖေါက်ပြန်၍ ရှေးကထက် လောဘ,ဒေါသ,မာန

တိုးပွါးတုန်လှုပ်တက်ကြွလာတတ်၏၊ ပညာဂုဏ်မရှိမီကထက် ပညာဂုဏ်ကို ရရှိသောအခါ၌ ဖေါက်ပြန်ပြောင်းလွဲ၍ ဒေါသ, မာန, စသည် တို့ တုန်လှုပ် တက်ကြွ ကြီးမား၍ လာ တတ်၏၊ အခြား အခြားသော လောကဓံကောင်တို့နှင့် တွေ့ကြုံသော အခါ၌လည်း ဖေါက်ပြန်ပြောင်းလွဲ တုန်လှုပ်လာတတ်၍ မငြိမ်ကြ မတည်တံ့ကြလေကုန်၊ ပင်ကိုယ် စိတ်နေ စိတ်ထား ပင်ကိုယ် အနေ အချိုး ပင်ကိုယ် အရှိကိုသာလျှင် ချီးမွမ်းသိုက်က ချီးမွမ်းလေ့ ရှိကြရာ၊ ချီးမွမ်း မြှောက်စားမှုကို မခံနိုင်၍ မာန် ထောင် တက်ကြွ ဖေါက်ပြန် သောကြောင့် ထိုသူသည် ပျက်စီး ခြင်းဘေးနှင့် တွေ့ရတတ်သည် ဖြစ်၍ ရဟန္တာဝင် မဟုတ်ကြ သေး စေကာမူ၊ လောကဓံ ဒဏ်ကို ရှုမြှောမပျက် သည်းခံနိုင် သမျှ သည်းခံကြအောင် သတိပြုသင့်ကြပေသည်။

ဒေဝဒတ်သည် မိမိ၌ရရှိသော ကောင်းသော လောကဓံ ဟု ဆိုရသော သီလဂုဏ်, လောကီ အဘိညာဏ်, လာဘဂုဏ် ကိုငင်း,မကောင်းသော လောကဓံဟုဆိုအပ်သောအလာဘ, အယသတို့၏ ဒဏ်ကိုငင်း,သည်းမခံနိုင်သောကြောင့် ဘုရားနှင့် အံတု ရန်ဖက်ပြု၍ သင်းခွဲ၍ ဘုရားရှင်၏ အသက်တော်ကို အန္တရာယ် ပြုလုပ်မိသည် အထိ ဖေါက်ပြန် ချောက်ချားပျက် စီးမှု အားကြီးသော အဖြစ်သို့ ရောက်ရလေသည်၊ ပဋာစာရီ သည် လူ့အဖြစ်၌ အလာဘ,အယသ ဒုက္ခလောကဓံ တို့၏ ဒဏ်ကြောင့် သွက်သွက်လည်အောင် တုန်လှုပ်ချောက်ချားခဲ့ရ သည်၊ ဤသို့လျှင် ပုထုဇန် တို့သည် လောကဓံနှင့် တွေ့လျှင် ဒဏ်ကိုမခံနိုင်ကြ၍ ဒုက္ခဖြစ်ကြသည်ကားများလှ၏၊ ပုထုဇန်နှင့် အမျှ ရှိသည်ဟု ဆို ရ ပေ မည်၊ ရဟန္တာ တို့မှာ ကား ထိုထို လောကဓံတို့၏ ဒဏ်ကို သည်းခံတော်မူနိုင်ကြ၍ ဖေါက်ပြန်

တုန်လှုပ်ခြင်းမရှိသဖြင့် ချမ်းသာတော်မူကြရခြင်း သည်ပင်လျှင် ကောင်းမြတ်သော မင်္ဂလာကြီး ဖြစ်လေသည်၊ ထိုမင်္ဂလာ မြတ်ကြီးကို သည်းခံနိုင်သော မင်္ဂလာနှင့်ပြည့်စုံအောင်အားထုတ် ကြရာသည်။

မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆယ်ဂါထာ တို့ဖြင့် "အသေဝနာစ ဗာလာနံ" စသည်ဖြင့် ၃၈-ပါးသော မင်္ဂလာတရားတော်, ကြီးပွါးကြောင်း မင်္ဂလာ တရားတို့ကို နတ်သားအား ဟောကြားတော်မူပြီး၍ ယခုအခါ ထိုမင်္ဂလာတရားတော်၏ဂုဏ်ကျေးဇူးကိုစကားအချုပ်အားဖြင့် ချီးကျူးထောမနာတော် မူလိုသည်ဖြစ်၍—

ဧတာဒိသာနိ ကတွာန....စသော နောက်ဆုံး ဂါထာကို မိန့်ဆို မြွက်ကြားတော် မူလေသည်၊ တနည်းဆိုလျှင် မင်္ဂလာ တရားတော်ကို မေးလျှောက်ရင်း နတ်သားက ဖြစ်စေ, တစုံ တယောက်သော ပုဂ္ဂိုလ်က ဖြစ်စေ,မြတ်စွာဘုရား ဟောကြား ညွှန်ပြတော် မူသော ဤ မင်္ဂလာ တရားတော်များကို မြတ်စွာ ဘုရားအား ကြည်ညိုယုံကြည်သဖြင့် လိုက်နာပြုလုပ်ကြပါလျှင် အဘယ်သို့သော ကောင်းကျိုးကျေးဇူး, အဘယ်သို့သော ဂုဏ် ထူးများကို ရပါမည်နည်းဟု မေးလျှောက်ခွင့် ရှိသောကြောင့် အကျိုးကျေးဇူးနှင့်ဂုဏ်ထူးကို တပါတည်း လက်ညှိုး ညွှန်တော် မူလို၍ "ဧတာဒိသာနိ ကတွာန" စသော အဆုံး ဂါထာကို မိန့်ဆိုဟောကြားတော်မူသည်ဟု မှတ်ရမည်။

ဧတာဒိသာနိ ကတွာန-ငါဘုရား ဟောကြားတော် မူခဲ့ ပြီးသော ၃၈-ပါးသော မင်္ဂလာတို့ကို ပုဂ္ဂိုလ်အား လျော်စွာ, ကာလအားလျော်စွာ လိုက်နာ ဆောင်ရွက်ကြရသော ပုဂ္ဂိုလ် တို့သည် လိုက်နာဆောင်ရွက်ကြရသောကြောင့်—

သဗ္ဗတ္ထ မပ္ပဋိဟတာ-ခန္ဓမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်တို့တွင် တစုံတရာသော မာရ်ကမှ မင်္ဂလာရှိသောပုဂ္ဂိုလ်ကို လွှမ်းမိုးကျော်နင်း အောင်နိုင်ခြင်းမရှိကြကုန်၊ မိမိကသာလျှင် ထိုထိုမာရ်တို့ကို လွှမ်းမိုးအောင်နိုင်ပေလိမ့်မည်၊ အောင်နိုင်ရုံသာလျှင် မဟုတ်တုံသေး။

သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ-ပစ္စုပ္ပန်ဘဝ တမလွန်ဘဝတို့၌၎င်း, ရပ်သော ကာလ, သွားသော ကာလ စသော ခပ်သိမ်းသော ကာလတို့၌၎င်း, ခပ်သိမ်းသော ဣရိယာပုထ်တို့၌၎င်း အမြဲနိစ္စ ကိုယ်စိတ်နှစ်ဖြာ လေ့ချမ်းသာခွင့်ကို ရရှိကြပေလိမ့်မည်၊ မင်္ဂလာတရားတော်ကို လိုက်နာပြုကျင့်ရုံမျှနှင့် အဘယ့်ကြောင့်ချမ်းသာကြီးပွါး ရမည်နည်း ဟု မေးခဲ့မူ လူမိုက်နှင့် ပေါင်းသင်းရောယှက်ဆက်ဆံသော ပုဂ္ဂိုလ်သည် မကောင်းမှု ဒုစရိုက်တို့ကို ကျော်ကျူးမှားယွင်းပြုလုပ်မိရာသည်၊ ထိုဒုစရိုက်ကြောင့် ရပ်သူရွာသားတို့က သော်လည်း ရိုက်နက်ပုတ်ခတ် ညှဉ်းဆဲကုန်ရာသည်၊ အစိုးရမင်းချားက သော်လည်း တရားဥပဒေ အရကြီးလေးသောအပြစ်ဒဏ်ကို ပေးကြရာသည်၊ အရိုက်အနှက်ကို ခံရသောကြောင့်၎င်း, မင်းပြစ် စိုးဒဏ် ခံရသောကြောင့်၎င်း, ကြီးစွာသော ကိုယ်ဆင်းရဲ ပင်ပန်းခြင်း, စိတ်ဆင်းရဲ ပင်ပန်းခြင်းသို့ရောက်ပေရာသည်၊ “အသေဝနာစ ဗာလာနံ” မင်္ဂလာကို ရိုသေ လေးစားစွာ လိုက်နာ၍ လူမိုက်နှင့် ပေါင်းသင်းဆက်ဆံခြင်းမှ ရှောင်ကြဉ်သော သူသည် အထက် အဆိုပါဆင်းရဲ ဒုက္ခအပေါင်းမှ ကင်းလွတ်၍ ချမ်းသာရွှင်လန်း မပန်းမပင် ကြည်လင် မြေစွာ လိုသားရာ ဆန္ဒ ရှိသည် အလျောက်လွတ်လွတ်လပ်လပ် နေနိုင်သည်၊ သွားနိုင်သည်၊ စားနိုင်သည်၊ အိပ်နိုင်သည်၊မိမိပြုလုပ်လိုသော သုစရိုက်မှန်သမျှကို ကြောင့်ကြ

ဗျာပါရမရှိ ပြုလုပ်နိုင်ပေသည်၊ ဤသို့စသောအကျိုးကျေးဇူးတွေ့ ဂုဏ်တွေကိုရရှိပေလိမ့်မည်ဟု မိန့်ဆိုတော်မူသည်၊အသေဝနာစ ဗာလာနံ မင်္ဂလာ တပါး၏ အကျိုး ကျေးဇူးသည် ပင်လျှင် ဖေါ်ပြ၍ မကုန်နိုင်အောင် နိဗ္ဗာန်ချမ်းသာအထိ အများအပြား ရရှိပေသည်ဖြစ်၍ ဆိုင်ရာဆိုင်ရာ မင်္ဂလာ တို့ကို အခါကာလ အားလျော်စွာ လိုက်နာပြုကျင့် ဆောင်ရွက်ကြပါ တပြီးကား မကောင်းကျိုး အမင်္ဂလာ ဝင်ရောက်ခွင့်မရှိလေအောင် အဆုံး မရှိသော ကောင်းကျိုးကျေးဇူး ဂုဏ်ထူးတို့ကို ရရှိပေလိမ့်မည်၊ သို့ဖြစ်၍—

တံ တေသံ မင်္ဂလ မုတ္တမံ-အချင်း နတ်သား····ထို ၃၈ ပါးသော မင်္ဂလာတရားတော်တို့သည် မင်္ဂလာတရားတော်ကို လိုက်နာ ပြုကျင့်သော ပုဂ္ဂိုလ်၏ ပစ္စုပ္ပန်, တမလွန်နှစ်တန် သော လောကချမ်းသာနှင့်တကွ မဂ်,ဖိုလ်,နိဗ္ဗာန် တိုင်အောင် ကြီးပွားကြောင်း,ချမ်းသာကြောင်း, ကောင်းမြတ်သော တရား တော်ဟူ၍ အသင်နတ်သားသည် နာယူမှတ်သား လေတော့ဟု ဟောတော်မူပြီးလျှင် မင်္ဂလသုတ္တန် ဒေသနာတော်ကို နိဂုံး မှတ်၍ အဆုံးသတ်တော်မူသတည်း။

မင်္ဂလသုတ္တန်ဒေသနာတော်အဆုံး၌ ကုဋေ တသိန်းသော နတ်တို့သည် အရဟတ္တဖိုလ်သို့ရောက်ကြ၏၊ သောတာပန်, သက ဒါဂါမိ, အနာဂါမိအဖြစ်သို့ ရောက်သော နတ်တို့သည်ကား အရေအတွက်မရှိ အသင်္ချေဖြစ်သည်ဟု အဋ္ဌကထာ၌ ထင်ရှား ပြတော်မူသည်။

ဤ ''မင်္ဂလသုတ်လက်စွဲ'' ကျမ်းကို ဖတ်ရှုကြားနာ ကြရ သော ပုဂ္ဂိုလ်သည်လည်း အရဟတ္တဖိုလ် တိုင်အောင်သော မင်္ဂလာတော်နှင့် ပြည့်စုံကြစေကုန်သတည်း။

## မင်္ဂလသုတ်လက်စွဲနိဂုံး

ပုညံ မိဒံ သမင်္ဂလံ၊
ဒက္ခိဏေယျဂ္ဂ ပစ္စယော။
ကပ္ပေသိတောဒိ သော ဇနော၊
မင်္ဂလော ဟောတု မင်္ဂလော။

(ပုညံ-ဥ်ညထက်က နိဂ္ဂဟိတ်ကို မဖျက်နှင့်။)

မေဝေါ၏။ သမင်္ဂလံ၊ မင်္ဂလာနှင့် တကွ ဖြစ်သော၊ ဣဒံ ပုညံ၊ မင်္ဂလသုတ် လက်စွဲကို ရေးသားရသော ဤကောင်းမှု စေတနာသည်။ ဒက္ခိဏေယျဂ္ဂ ပစ္စယော၊ အဂ္ဂဒက္ခိဏေယျ မဟာ ခိဏာသဝဖြစ်ကြောင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ကပ္ပေသိတော၊ ကပ္ပါပေါ်၌ တည်မှီ၍ နေသော။ သောဇ နောပိ၊ ထိုလူအပေါင်းသည်လည်း။ မင်္ဂလော၊ မကောင်းမှုကို ဖြတ်တောက် နိုင်သည်။ ဟောတု၊ ဖြစ်စေသတည်း။ မင်္ဂလော၊ ကြီးပွါး ချမ်းသာခြင်းသည်။ ဟောဘု၊ ဖြစ်စေသတည်း။

မြန်မာသက္ကရာဇ် ၁၃၁၀-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁၄ ရက်၊ စနေနေ့ နေမွန်းလွဲစက် ၄ နာရီအချိန် ပထမ အကြိမ် ပုံရိုက်ရန် ရေးသားပြီးသည်။

မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့ နေ့ ၁ နာရီ အချိန်၌ ဒုတိယ အကြိမ် ပုံရိုက်ရန် ဖြည့်စွက် ပြင်ဆင် ရေးသားပြီးသည်။

ရွှေဟင်္သာ တိုက်သစ်၊ စစ်ကိုင်းတောင်ရိုး

**အရှင်ပဏ္ဍိတာ ထေရ်။**

# မင်္ဂလသုတ္တန်ပါဠိတော်နှင့် မြန်မာပြန်

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မင်္ဂလသုတ္တန်ပရိတ်ပျိုး

ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတိံသဉ္စ မင်္ဂလံ။ ။
ဒေသိတံ ဒေဝ ဒေဝေန၊
သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမဟေ။ ။

## ပါဠိရောသော မြန်မာပြန်

သဒေဝကာ၊ နတ်နှင့် တကွသော လူတို့သည်။ ယံမင်္ဂလံ၊ အကြင် မင်္ဂလာတရားတော်ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ ပတ်လုံး။ စိန္တယိံသု၊ ကြံစည်ကြလေကုန်ပြီ။ စိန္တယန္တာပိ၊ ယင်းသို့ပင် ကြံစည်ကြကုန်သော်လည်း။ သောတ္ထာနံ၊ ချမ်းသာကြောင်းဖြစ်သော။ အဋ္ဌတိံသံ၊ ၃၈-ပါးရှိသော၊ မင်္ဂလံ၊ မင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကြပေကုန်။

သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွါးအကျိုးငှါ။ ဒေဝဒေဝေန၊ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။

သဗ္ဗပါပဝိနာသနံ၊ ခပ်သိမ်းသော မကောင်းမှုကို ပယ်ဖျောက် ဖျက်ဆီး တတ်သော။ တံ မင်္ဂလံ၊ ၃၈-ဖြာ ထိုမင်္ဂလာ တရားတော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ ဟေ၊ ရွတ်ဆိုသရဇ္ဈာယ်ကြပါကုန်အံ့။

မှတ်ချက်။ ။အထက်ပါ ပါဠိသည် ဘုရားဟော မဟုတ်သေး၊ မင်္ဂလသုတ်ကို စုပေါင်းညီညာစွာရွတ်ဆိုကြရန်ရှေးဆရာကြီးများ ထည့်ထားသော ပါဠိမျှသာ ဖြစ်သည်။

## မင်္ဂလသုတ္တန်နိဒါန်း

ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ၊ အထခေါ အည တရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

## ပါဠိရောသော မြန်မာပြန်

ဘန္တေ၊ အရှင်ဘုရား။ ဣဒံသုတ္တံ၊ ဤ မင်္ဂလသုတ္တန်ကို။ မေ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ ရှေ့တော်မှောက်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားရဘူးပါ၏။ ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ မြို့တော်၌။ အနာထ ပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊ အာရာမ်ဖြစ်သော။ ဇေတ

ဝနေ၊ ဇေတဝန် ကျောင်း တော်၌။ ဝိဟရတိ၊ သီတင်းသုံး နေတော်မူပါ၏။ အထခေါ၊ ထိုအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ် အဆင်းရှိသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ကုန်လွန်ပြီးသော ညဥ့်ဦးယာမ်ရှိသော။ ရတ္တိယာ၊ မဇ္ဈိမယာမ်သန်းခေါင်အခါ၌။ ကေဝလကပ္ပံဇေတဝနံ၊ ဇေတဝန်ကျောင်းတော် အ လုံး ကို။ ဩ ဘာ သေ တွာ၊ ထိန်လင်းစေ၍။ ယေန၊ အကြင် အရပ်၌။ ဘဂဝါ၊ မြတ် စွာ ဘုရား သည်။ အတ္ထိ၊ သီတင်းသုံးသဖြင့် ထင်ရှားရှိနေတော်မူ၏။ တေန၊ ထိုအရပ်သို့ ဥပသင်္ကမိ၊ ချဥ်းကပ်လေ၏။ ဥပသင်္ကမိတွာ၊ ချဥ်းကပ်ပြီး၍။ ဘ ဂ ဝ န္တံ၊ မြတ်စွာ ဘုရားကို။ အဘိဝါဒေတွာ၊ ရှိသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်လျော်သောတခုသောနေရာ၌။ အဋ္ဌာသိ၊ ရပ်လေပြီ။ ဧကမန္တံ၊ သင့်လျော်သော အရပ်၌။ ဌိတာခေါ၊ ရပ်နေပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ပါဠိ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ လျှောက်ထား တောင်းပန်လေ၏။

မှတ်ချက်။ ။ဤပါဠိတော်သည် သင်္ဂါယနာ တင်သော အခါက အရှင်မဟာ ကဿပ မေး၍ အရှင်အာနန္ဒာ ဖြေဆိုသော သာဝက ဘာသိတ ဝိဿဇ္ဇနာ ပါဠိတော်သာဖြစ်သည်။

## မင်္ဂလာ တ ရား တော င်း

ဗဟူဒေဝါ မနုဿာစ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာသောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။ ။

## ပါဠိရောသော မြန်မာပြန်

ဘန္တေ၊ မြတ်စွာဘုရား။ သောတ္ထာနံ၊ ချမ်းသာခြင်းကို။ အာကင်္ခမာနာ၊ လိုလားတောင့်တကြကုန်သော။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်ဗြဟ္မာတို့သည်၎င်း။ မနုဿာစ၊ လူတို့သည်၎င်း။ မင်္ဂလာနိ၊ မင်္ဂလာဟူသည်တို့ကို။ အစိန္တယုံ၊ ၁၂-နှစ်ပတ်လုံး ကြံစည်ကြပါကုန်ပြီ။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မင်္ဂလာတရားတော်ကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောကြားတော်မူပါ အရှင်ဘုရား။

မှတ်ချက်။ ။ဤပါဠိ ဂါထာသည် နတ်သားက တောင်းပန် လျှောက်ထားသော အဇ္ဈေသန ပါဠိ ဂါထာ ဖြစ်သည်။

### မင်္ဂလာတရားတော်

၁။ အသေဝနာစ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၂။ ပတိရူပ ဒေသဝါသောစ၊
ပုဗ္ဗေစ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိစ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၄။ မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၆။ အာရတီ ဝိရတီ ပါပါ၊
မဇ္ဇ ပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၇။ ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၈။ ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မ သာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိ ကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

၁၁။ ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ မုတ္တမံ။ ။

မင်္ဂလသုတ္တံ သမတ္တံ

မှတ်ချက်။ ။ဤပါဠိ ၁၁-ဂါထာ သည်သာ ဘုရားဟော မင်္ဂလာ တရားတော်များ ဖြစ်သည်။

---

## ပါဠိရောသော မြန်မာပြန်

၁။ ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ ပညာကင်းမဲ့ မိုက်မဲသော သူတို့ကို။ အသေဝနာစ၊ မဆည်းကပ်ခြင်းရင်း။ ပဏ္ဍိတာနံ၊ ချမ်းသာကို ဆောင်တတ်သော ပညာရှိသူတော်ကောင်းတို့ကို။ သေဝနာစ၊ ဆည်းကပ် ရခြင်းရင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ပူဇာစ၊ ပူဇော်ရခြင်းရင်း။ ဧတံ၊ ဤတရား သုံးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီမခြား ကြီးပွားကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ မိုက်မဲသော သူတို့ကို မပေါင်းသင်းခြင်း။

၂။ ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းခြင်း။
၃။ ပူဇော်သင့်သူတို့ကို ပူဇော်ခြင်း။

ဤသုံးပါးသည် ချီးမွမ်း အပ်၍ မြတ်သော ကောင်းကျိုးချမ်းသာရကြောင်း ကြီးပွါးကြောင်းမင်္ဂလာ တရားပေတည်း။

## ပါဠိရောသော မြန်မာပြန်

၂။ ပတိရူပ ဒေသဝါ သော စ၊ ချမ်း သား ရာ ရကြောင်း ကြီးပွား ကြောင်း အဘို့ သင့်တင့် လျော်ကပ်သော အရပ်၌ နေခြင်းငှင်း။ပုဗ္ဗေ၊ ရှေးအခါ၌။ကတပုညတာစ၊ ပြုစင်စွာပြုဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်ငှင်း။ အတ္တသမ္မာ ပဏိဓိစ၊ မိမိစိတ်ကို ကောင်းစွာထားခြင်းငှင်း။ ဇတံ၊ ဤတရားသုံးပါးသည်။ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ်လောကီ နှစ်လီ မခြား ကြီးပွားကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ သင့်တော် ကောင်းမြတ်သော အရပ်၌နေခြင်း။
၂။ ရှေးကကောင်းမှု ကောင်းလုပ်ကို ပြုခဲ့ဘူးခြင်း။
၃။ မိမိကိုယ်ကို ကောင်းစွာ ပြုပြင် တည်ထားခြင်း။

ဤသုံးပါးသည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုးချမ်းသာရကြောင်း ကြီးပွါးကြောင်း မင်္ဂလာတရားပေတည်း။

## ပါဠိရောသော မြန်မာပြန်

၃။ ဗဟုသစ္စဉ္စ၊ အကြားအမြင် များသောသူ၏ အဖြစ်ငှင်း။ သိပ္ပဉ္စ၊လက်မှုစက်မှုစသော အပြစ်ကင်းစင်သော အတတ်ပညာကိုသင်ကြားခြင်းငှင်း။သုသိက္ခိတော၊ကောင်းစွာသင်ကြား

အပ်သော။ ဝိနယောစ၊ ရဟန်းဝိနည်း၊ လူ့ဝိနည်းငှင်း။ သုဘာသိတာ၊ ကောင်းစွာပြောကြားအပ်သော။ ယာဝါစာ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ သာဝါစာစ၊ ထိုစကားငှင်း။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီ မခြား ကြီးပွား ကြောင်း တရား ပေတည်း။

## မြန်မာသက်သက်ပြန်

၁။ အကြားအမြင် ပညာများသောသူ ဖြစ်ခြင်း။
၂။ အပြစ် ကင်း သော စက် မှု လက် မှု အတတ်ကို သင်ခြင်း။
၃။ ဆိုင်ရာကျင့်ဝတ်ဝိနည်းကို ကောင်းစွာသင်ယူခြင်း။
၄။ အင်္ဂါ လေး ပါးရှိသော စကား ကောင်းကို ပြောဆိုခြင်း။

ဤလေးပါးသည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုးချမ်းသာရကြောင်း ကြီးပွါးကြောင်းမင်္ဂလာတရားပေတည်း။

## ပါဠိရောသော မြန်မာပြန်

၄။ မာတာပိတု၊ မိဘကို။ ဥပဋ္ဌာနံ၊ ပြုစုကျွေးမွေးရခြင်း ငှင်း။ ပုတ္တဒါရဿ၊ သားမယားကို။ သင်္ဂဟောစ၊ ထောက်ပံ့ကျွေးမွေးရခြင်းငှင်း။ အနာကုလာ၊ ချိုယွင်းမှုတည်းဟူသော နှောက်ကျုခြင်း မရှိသော။ ကမ္မန္တာစ၊ အလုပ်တို့ငှင်း။ ဧတံ၊ ဤတရား သုံးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ်လောကီ နှစ်လီမခြားကြီးပွားကြောင်းတရား ပေတည်း။

## မြန်မာသက်သက်ပြန်

၁။ မိဘတို့ကို လုပ်ကျွေး မွေးမြူခြင်း။
၂။ သားမယားတို့ကို ကျွေးမွေး ထောက်ပံ့ခြင်း။
၃။ သင့်တော်သော ကာလ, ဒေသ စသည် ချိုယွင်းမှု
တည်းဟူသောနောက်ကျခြင်းမရှိသော အလုပ်ကို
လုပ်ခြင်း။

ဤသုံးပါးသည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုးချမ်းသာရကြောင်း ကြီးပွားကြောင်း မင်္ဂလာတရားပေတည်း။

## ပါဠိရောလော မြန်မာပြန်

၅။ ဒါနဉ္စ၊ပေးလှူခြင်းငှင်း။ ဓမ္မစရိယာစ၊ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ပြုခြင်းငှင်း။ ဉာတကာနံ၊ ဆွေမျိုး တို့ကို။ သင်္ဂဟောစ၊ပေးကမ်းကြည့်ရှုချီးမြှောက်ခြင်းငှင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ သီလစောင့်ခြင်း, ဝေယျာဝစ္စဆောင်ရွက်ခြင်းတို့ငှင်း။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီမခြား ကြီးပွားကြောင်း တရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ ပေးကမ်း လှူဒါန်းခြင်း။
၂။ ကုသိုလ်ကမ္မပထ ဆယ်ပါးကို ပြုလုပ်ခြင်း။
၃။ ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း။
၄။ ဥပုသ်သီလစောင့်သုံးခြင်း, အမှုကြီးငယ် စသည်ကို
ဆောင်ရွက်ခြင်း။

ဤတရားလေးပါးသည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုး ချမ်းသာ ရကြောင်း ကြီးပွားကြောင်း မင်္ဂလာ တရား ပေတည်း။

## ပါဠိရောသော မြန်မာပြန်

၆။ ပါပါ၊ မကောင်းသောအလုပ်မှ။ အာရတီစ၊ စိတ်ဖြင့် သာလျှင် ဝေးစွာ ရှောင်ကြဉ်ခြင်းငှင်း၊ ဝိရတီစ၊ ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ် ခြင်းငှင်း။ မဇ္ဇပါနာ၊ မူးယစ် မေ့လျော့ကြောင်း ဖြစ်သော ယစ်မျိုး တို့ကို သောက်စား ခြင်းမှ။ သံယမောစ၊ စောင့်စည်းခြင်းငှင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ခြင်းငှင်း။ ဧတံ၊ ဤတရား လေးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ်လောကီ နှစ်လီမခြား ကြီးပွါးကြောင်း တရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ အကုသိုလ်မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း။
၂။ အကုသိုလ် မကောင်းမှုမှ ကိုယ် နှုတ် တို့ဖြင့် ရှောင်ကြဉ်ခြင်း။
၃။ ယစ်မျိုးတို့ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၄။ ကုသိုလ်ဟူသောကောင်းမှုတို့၌ မမေ့မလျော့ခြင်း။

ဤတရားလေးပါးသည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုး ချမ်းသာ ရကြောင်း ကြီးပွါးကြောင်း မင်္ဂလာ တရား ပေးတည်း။

## ပါဠိရောသော မြန်မာပြန်

၇။ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းရင်း။ နိဝါတောစ၊ နှိမ့်ချအပ်သော စိတ်မာန်ရှိခြင်းရင်း။ သန္တုဋ္ဌီစ၊ ရသမျှနှင့် မျှတရောင့်ရဲခြင်းရင်း။ကတညုတာစ၊တစုံတယောက်သော သူ သည် ပြု ဘူး သော ကျေး ဇူး ကို အ ဖန် တ လဲလဲ အောက်မေ့ဆင်ခြင် သိမြင်ခြင်းရင်း။ ကာလေန၊ လျောက်ပတ်သောအခါ၌။ ဓမ္မဿဝနံစ၊ သူတော်ကောင်း တို့၏ တရားစကားကို ကြားနာခြင်းရင်း။ ဧတံ၊ ဤတရား ငါးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ်လောကီ နှစ်လီမခြား ကြီးပွားကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ ရိုသေထိုက်သူကို ရိုသေခြင်း။
၂။ နှိမ့်ချရိုကျိုးသော စိတ်မာန်ရှိခြင်း။
၃။ ရသမျှနှင့် မျှတရောင့်ရဲခြင်း။
၄။ ပြုဘူးသော သူတပါး၏ ကျေးဇူးကို သိခြင်း။
၅။ လျောက်ပတ်သော အခါ၌ သူတော်ကောင်းတရား စကားကို ကြားနာခြင်း။

ဤငါးပါး သည် ချီးမွမ်းအပ်၍ မြတ်သော ကောင်းကျိုးချမ်းသာ ရကြောင်း ကြီးပွားကြောင်း မင်္ဂလာတရားပေ သည်း။

## ပါဠိရောသောမြန်မာပြန်

၈။ ခန္တီစ၊အရာရာ၌သည်းခံခြင်းရင်း။ သောဝစဿတာစ၊ ပြောဆို ဆုံးမလွယ်သော သူ၏အဖြစ်ရင်း။ သမဏာနံ၊ ငြိမ်းဧ အပ်သော ကိလေသာရှိ၍ မြတ် သော ရဟန်း တော် တို့ကို။

ဒဿနဥ္စ၊ ဖူးမြင်တွေ့ဆုံခြင်းငှင်း။ ကာလေန၊ လျောက်ပတ်သော အခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားသဘောကို ဆွေးနွေး မေးမြန်းခြင်းငှင်း။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီမခြား ကြီးပွား ကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ အရာရာ၌ သည်းခံခြင်း။

၂။ ဆုံးမလွယ်သောသူဖြစ်ခြင်း။

၃။ ကိလေသာ ငြိမ်းသော ရဟန်းတော်တို့ကို ဖူးမြင် တွေ့ဆုံခြင်း။

၄။ လျောက်ပတ်သောအခါ၌ တရားစကားကိုဆွေးနွေး မေးမြန်းခြင်း။

ဤ တ ရား လေး ပါး သ ည် ချီး မွမ်း အပ် ၍ မြတ် သော ကောင်း ကျိုး ချမ်း သာ ရကြောင်း ကြီး ပွား ကြောင်း မင်္ဂ လာ တရားပေတည်း။

## ပါဠိရောသော မြန်မာပြန်

၉။ တပေါစ၊ ဣန္ဒြိယသံဝရသီလ တည်းဟူသော သတိ, အကောသဇ္ဇ တည်းဟူသော ဝီရိယဟု ဆိုအပ်သော တပငှင်း။ ဗြဟ္မစရိယဥ္စ၊ မြတ်သော အကျင့်ငှင်း။ အရိယသစ္စာနံ၊ အရိယာတို့၏ သစ္စာလေးပါးတို့ကို။ ဒဿနဥ္စ၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် သိမြင်ခြင်းငှင်း။ နိဗ္ဗာန သစ္ဆိကိရိယာစ၊ အရဟတ္တ ဖိုလ်ကို မျက်မှောက် ပြုခြင်းငှင်း။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီ မခြား ကြီးပွားကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ သဘော်,ဝိဒိယ ဟူ[illegible]သော တ[illegible]ကြော်ရှိခြင်း။
၂။ ပြ[illegible]သောအကု[illegible]း။
၃။ အ[illegible]သောသစ္စာတို့ကို [illegible] ဖြင့်သိ ခြင်းခြင်း။
၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း။

ဤ တရား လေးပါးသည် ချီး မွမ်း အပ် ၍ မြတ် သော ကောင်း ကျိုး ချမ်း သာ ရကြောင်း ကြီးပွါးကြောင်း မင်္ဂလာ တရားပေတည်း။

## ပါဠိရော သော မြန်မာပြန်

၁၁။ လောက ဓမ္မေဟိ၊ လာဘ်ရမှု, မရမှု စသော လောကဓမ်ရှစ်ပါးတို့ နှင့်။ ဖုဋ္ဌဿ၊ ကြုံတွေ့သော။ ယဿ၊ အကြင် ရဟန္တာ၏။ စိတ္တံ၊ စိတ်တော်သည်။ နကမ္ပတိ၊ တုန်လှုပ်ချောက် ချားခြင်းမရှိ။ ဝိရဇံ၊ ကိလေသာမြူလည်းမရှိ။ ခေမံ၊ ယောဂ လေးပါးကုန်ငြိမ်းသည်၏ အဖြစ်ကြောင့် ကြောက်ရွံ့ခြင်းဘေး လည်းမရှိ။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်သိမခြား ကြီးပွါး ကြောင်းတရားပေတည်း။

## မြန်မာသက်သက်ပြန်

၁။ လာဘ်ရမှု မရမှုစသော လောက၏သဘောရှစ်မျိုး တို့နှင့် တွေ့ဆုံကြုံကြိုက်သောရဟန္တာ၏ စိတ်တော် သည် တုန်လှုပ်ချောက်ချားမရှိ၊

၂။ စိုးရိမ် ကြောင့်ကြ မရှိခြင်း၊
၃။ ရာဂစသော ကိလေသာမြူ မရှိခြင်း။
၄။ ကြောက်ရွံ့ထိတ်လန့်မှုဘေးမရှိခြင်း၊

ဤ တရား လေးပါးသည် ချီး မွမ်း အပ် ၍ မြတ် သော ကောင်းကျိုး ချမ်းသာ ရကြောင်း ကြီးပွါးကြောင်း မင်္ဂလာ တရားပေတည်း။

## ပါဠိရောသော မြန်မာပြန်

၁၁။ ဒေဝပုတ္တ၊ နတ်သား။ တောဒိသာနိ၊ ဤသို့သဘော ရှိကုန်သော ငါဘုရားသည် ဟောကြားအပ်ကုန်သော (၃၈) ပါးသောမင်္ဂလာတို့ကို။ ယေ၊ အကြင် နတ်လူတို့သည်။ကတွာန၊ လိုက်နာပြုကျင့်သည်ရှိသော်။ ဝါ၊ ပြုကျင့်ခြင်းကြောင့်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော မာရ်လေးပါးတို့တွင်။ ဧကေနာပိ၊ တပါးပါး သော မာရ်သည်လည်း။ မပ္ပရာဇိတာ၊ မိမိအား မအောင် အပ်ကုန်သည် ဖြစ်၍။ သဗ္ဗတ္ထ၊ ဘဝခပ်သိမ်း ဣရိယာပုထ် ခပ်သိမ်းတို့၌။ သောတ္ထိံ၊ ဘေးရန်ကင်း၍ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုမင်္ဂလာတရားသည်။ တေသံ၊ ထိုနတ်လူတို့၏။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ မြတ်သော။ မင်္ဂလံ၊ လောကုတ် လောကီ နှစ်လီ မခြား ကြီးပွါးကြောင်း တရား ပေတည်း။

## မြန်မာသက်သက်ပြန်

အချင်း နတ်သား.... ငါဘုရား ဟောကြားအပ်ကုန်သော ၃၈ ပါးသော မင်္ဂလာတို့ကို အကြင်နတ်လူတို့သည် လိုက်နာ ပြုလုပ်ကြသည်ရှိသော် မာရ်လေးပါးတို့မှ မရှုံးကြမူ၍ အလုံး

စုံသောဘဝ, အလုံးစုံသော ဣရိယာပုထ်တို့၌ပင်ချမ်းသာကြရ ကုန်၏၊ထိုမင်္ဂလာတရားတော်တို့သည် လိုက်နာပြုလုပ်ကြသော ထိုနတ်လူတို့၏ ကောင်းကျိုး ချမ်းသာ ရကြောင်း ကြီးပွား ကြောင်း မင်္ဂလာတရားဟူ၍ သင်မှတ်သားလေဟူ၍ မိန့်တော် မူသည်။

## မင်္ဂလသုတ္တန် ပါဠိတော်နှင့် မြန်မာပြန် ပြီး၏